
# City

MAGAZINE




## ရန်ကုန်မြို့တော် MEGA CITY အတွက်
## မေတ္တာရေကြည်တစ်ပေါက်

# City
## MAGAZINE
### 2021


**အယ်ဒီတာချုပ်**
ကိုရာဇာ

**အမှုဆောင်အရာရှိ**
စောလှဦး

**အယ်ဒီတာ**
ကိုစော(ပထဝီဝင်)

**စာပြင်**
သင်မိုးနီ၊ အောင်ကျော်

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
MOE-Z

**စာစီစာရိုက်**
မြတ်မြတ်၊ သျှင်မင်း

**ဓာတ်ပုံ**
စောသိန်းဝင်း(မြို့တော်သတင်း)

**ပန်းချီသရုပ်ဖော်**
အေးကျော်ထွာ၊ သက်မှူ၊ ဝင်းတင်

**ဖက်(စ်) ၀၁-၅၀၃၆၂၆**
Email: yangoncitynews@gmail.com

**ပုံနှိပ်ထုတ်ဝေသူ**
ဒေါက်တာ တိုးအောင်
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

**ပုံနှိပ်တိုက်**
မြို့တော်ပုံနှိပ်တိုက် မြ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

**ဖြန့်ချိရေး**
ကျော်မင်းထိုက်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇

**မြို့တော်မဂ္ဂဇင်း**
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

**တန်ဖိုး**
၂၂၅၀ ကျပ်

**အုပ်ရေ**
၂၀၀၀



# မြို့တော်ဝန်ဥယျောဇဉ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြူနီစီပါယ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီးတည်သော ရန်ကုန်သည် ၁၇၅၅ ခုနှစ်ဖြစ်ပြီး၊ ၁၈၅၂ ခုနှစ်၌ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့သော ရန်ကုန်ကို မြို့ပြပုံစံ စတင်တည်ခဲ့သည် ဆိုနိုင်ပါသည်။ ထိုစဉ်က မြူနီစီပါယ်မပေါ်ပေါက်သေးဘဲ Town Magistrate (မြို့ဝန်ကြီး)တစ်ဦးတည်းက စတင်အုပ်ချုပ်ကာ မြို့ပြအင်္ဂါများစတင်ထူထောင်ခဲ့ခြင်း ဖြစ် ပါသည်။ ၁၈၇၁ ခုနှစ်ရောက်မှသာ အိန္ဒိယလွှတ်တော်သို့ မြူနီစီပါယ်အက်ဥပဒေကြမ်း(၁၈၇၁)ကို စတင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ မြူနီစီပါယ်အက်ဥပဒေ(၁၈၇၄)ကို ၁၈၇၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၌ ပြဋ္ဌာန်း နိုင်ခဲ့ပြီး၊ ယင်းအက်ဥပဒေအရ "ရန်ကုန်မြူနီစီပါယ်အဖွဲ့" စတင်ပေါ်ထွန်းခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ယခုဆိုလျှင် ၁၄၇ နှစ် သက်တမ်းသို့ ရောက်ရှိလာခဲ့ပါသည်။

ယင်းအက်ဥပဒေမှာ ရန်ကုန်မြို့တစ်ခုတည်းအတွက်မဟုတ်ဘဲ ကိုလိုနီလက်အောက်ခံ မြို့ကြီးများရှိ မြူနီစီပါယ်အဖွဲ့အစည်းများကလည်း ကိုင်တွယ်ကျင့်သုံးခဲ့သည်။ ရန်ကုန်မြို့တစ်ခုတည်းအတွက် ကျင့်သုံးရန်ကိုမူ ၁၉၂၂ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (၁၂၈၄ ခု ဝါဆိုလဆုတ် ၆ရက်)တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး၊ ၁၉၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်။ အဘယ့်ကြောင့်ဆိုပါက တည်ဆဲဥပဒေများနှင့် မဆန့်ကျင်ပါက ဆက်လက်ကျင့်သုံးနိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိ၍ဖြစ်ပါသည်။ ဤအက်ဥပဒေကို စင်ကာပူနိုင်ငံက ၁၉၅၆ ခုနှစ်တွင်လေ့လာ၍ အတုယူရသော အက်ဥပဒေအဖြစ်လည်း ထင်ရှားခဲ့ပါသည်။

တဖန် City Magazine မြို့တော်မဂ္ဂဇင်းကို လေ့လာကြည့်သော် ၁၉၈၉ ခုနှစ်၊ ဧပြီလမှ စတင်ပုံနှိပ်ထုတ်ဝေခဲ့သဖြင့် ယခုဆိုလျှင် ၃၂ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ခေတ်နှင့်အညီ အရွယ်အစား၊ အပြင်အဆင်များ တိုးတက်ပြောင်းလဲထုတ်ဝေနိုင်သော ရသ/ သုတ မဂ္ဂဇင်းအဖြစ် ဂုဏ်ယူစွာရပ်တည်ခဲ့သောမဂ္ဂဇင်းဟုလည်း ဆိုနိုင်ပါသည်။

ခေတ်၏ အရွေ့အပြောင်းများအနက်၊ ရန်ကုန်မြို့နေလူထုအပါအဝင် လူအများသည် အလျင်အမြန်သိချင်သော၊ နားလည်ချင်သော ရေစီးကြောင်း၌ ရှိနေကြဆဲဖြစ်သည်။ သတင်းမီဒီယာတို့၏ လျှင်မြန်သော

ဆက်သွယ်ရေးလမ်းကြောင်းများသည်လည်း ကမ္ဘာ့ရွာကြီးအဖြစ် ဆက်သွယ်မှုကွန်ယက်များ ဖွဲ့နိုင်လာသော နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုရေစီးအဟုန်၌ အသစ်ဖြစ်ထွန်းနေကြသော ခေတ်ပေါ်ဆက်သွယ်ရေးနည်းပညာ၊ ပစ္စည်းအသုံးအဆောင်များကြောင့် စာဖတ်ပရိသတ်အများစုမှာ စာဖတ်ခြင်းသက်သက် အချိန်ပေးလိုခြင်းများ လျော့ပါးလာလျက်ရှိနေသည်။ လက်ကိုင်ဖုန်းများ၊ ပစ္စည်းအသုံးအဆောင်များကြောင့် (Mobile Devices) များ ပိုမိုအသုံးပြုလာကြရင်း၊ ခေတ်မီဆက်သွယ်ရေးစနစ် Internet Satellite ကွန်ယက်များက ကမ္ဘာ့ရွာအဖြစ် နေရာယူဖြစ်ခြိုကြက်မှုများကြောင့် ပုံနှိပ်စာပေအမျိုးအစားများကို လူအများစုက အချိန်ပေးဖတ်ရှုလိုမှုများ မသိမသာလျော့ပါးလာသော အချိန်အခါလည်းဖြစ်နေလေသည်။ မြန်မြန်သိချင်၊ မြန်မြန်ရှာကာ၊ မြန်မြန်ပို့နိုင်သော ကွန်ယက်များနှင့်ပွတ်တိုက်ကာ နည်းပညာများ အလျင်အမြန်သင်ယူတတ်မြောက်လိုသော အခြေအနေများက ရသပညာနှင့် တိုက်ရိုက်အချိုးကျနေသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာဆောင်၊ ပုံနှိပ်စာပေများ၏ ထုတ်လုပ်ဖြန့်ချိနိုင်မှုမှာ လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် City Magazine ကိုလည်း လစဉ်စနစ်မှ တစ်နှစ်လျှင်တစ်ကြိမ် နှစ်ပတ်လည်ထုတ်ဝေခြင်းသို့ ရွှေ့သွားခဲ့ခြင်းဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)အနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်းများနှင့် ဖြစ်ပေါ်တိုးတက်သောပုံရိပ်များကိုမူ အချိန်နှင့်တစ်ပြေးညီ Digital News, Facebook, Mobile Application မှတစ်ဆင့် News သတင်းအချက်အလက်များ၊ Media website https://www.ycdc.gov.mm နှင့် https://www.myotaw.news များမှ သတင်းအချက်အလက်များစွာတို့ကို တိုးတက်ဖြစ်ထွန်းမှုများအလိုက် ထုတ်လွှင့် အသိပေးခြင်းများကြောင့် မြို့တော်နေပြည်သူများနှင့် ရန်ကုန်မြို့တော်စည်ပင်တို့၏ နေ့စဉ်တဝသည် ရှင်သန်ဆက်သွယ်မှု ရှိနေသည်ဟု ဆိုနိုင်ပါသည်။

Municiple သည် လက်တင်ဘာသာ Munus တာဝန်ဟူသော ဝေါဟာရမှ ဆင်းသက်လာလျက် "မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသော အဖွဲ့အစည်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ လုပ်ငန်း/ စီမံကိန်းတစ်ခုဆောင်ရွက်လျှင် Three-'M' ဆိုသော Man, Money, Materials အဓိကလိုအပ်ချက်သုံးခုအနက် Money ငွေကြေးအသုံးစရိတ်မှာ မြူနီစီပါယ်လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုတို့ကို တိုက်ရိုက်ရရှိကြသည့် မြို့တော်နေပြည်သူတို့၏ အခွန်၊ အခဆိုင်ရာများ ပြေကြေစွာထမ်းဆောင်ခြင်းနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ ရန်ကုန်မြို့နေ မြို့လူထု၏ အခွန်အခစုစုပေါင်းရရှိငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို အင်္ဂလိပ်ဘာသာစကားနှင့်ဆိုသော် (Collective Expenditure) စုပေါင်းရင်းနှီးမှု သဘောတရားဖြင့် အပြန်အလှန်အကျိုးပြုနေသော ရလဒ်လည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြို့လူထု၏ ထမ်းဆောင်သော အခွန်၊ အခငွေကြေးမှာ မြူနီစီပါယ်လုပ်ငန်းများ၌အသုံးပြုရန် ရန်ပုံငွေများလည်းဖြစ်ပါသည်။ ဤသဘောတရားသည် မြန်မာနိုင်ငံတစ်ခုတည်း၌သာ သက်ရောက်ခြင်းမဟုတ်ဘဲ International Standard နိုင်ငံတကာ စံထားဆောင်ရွက်နေကြရသော မြူနီစီပါယ်အဖွဲ့အစည်းတိုင်း၏ ပြည်သူနှင့်အဖွဲ့အစည်းကြား အပြန်အလှန်အားဖြင့် အားပြုနေသော ရှင်သန်မှုလည်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်စိမ်းလန်းစိုပြည်ရေး၊ အားကစားကွင်း

များ၊ ပန်းဥယျာဉ်များတည်ဆောက်ရေး၊ လမ်းတံတားများဖောက်လုပ်ရေး၊ ရေမြောင်းများတည်ဆောက်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှုအန္တရာယ်များ ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကောင်းမွန်စေရေး၊ မြို့ပြအင်္ဂါရပ်များဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ ရေပေးဝေရေး၊ ရေအရင်းအမြစ် စဉ်ဆက်မပြတ်ရရှိရေး၊ စွန့်ပစ်ထားသော အညစ်အကြေး၊ မိလ္လာနှင့် အမှိုက်များ နေ့စဉ်သိမ်းဆည်းရေး၊ အညစ်အကြေးစွန့်ပစ်ပစ္စည်းများကို စွမ်းအင်ထုတ်လုပ်နိုင်ရေး၊ ပြန်လည်အသုံးပြု (Recycle) နိုင်ရေး၊ နေ့စဉ်စားသုံးမှုအတွက် ဈေးများ၊ အသားထုတ်လုပ်ရုံများ၊ လူဦးရေထူထပ်မှု လျှော့ချရေးများ၊ စက်ရုံ၊ အလုပ်ရုံများမှလည်းကောင်း၊ ဆေးရုံများမှလည်းကောင်း အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို စနစ်တကျသိမ်းဆည်းစွန့်ပစ်ရေး၊ နေ့စဉ်နှင့်အမျှ ရှောင်လွှဲမရသော သုသာန်လုပ်ငန်းများကို မြို့လူဦးရေနှင့် ချိန်ဆ၍ ခေတ်မီတိုးတက်စွာ ဆောင်ရွက်နိုင်ရေးလုပ်ငန်းများ အစရှိသော လူထုသို့တိုက်ရိုက်သက်ရောက် အကျိုးဖြစ်သော လုပ်ငန်းများမှာ မြူနီစီပယ်လုပ်ငန်းများဟု ခေါ်ရမည်ဖြစ်ပါသည်။ မိမိမြို့တော်ကို အစဉ်နုပျိုစေရန်အတွက် နိုင်ငံတကာမြို့တော်များနှင့် ညီအစ်မဖွဲ့စည်းကာ၊ နည်းပညာများ၊ လူထုအတွက် ပိုမိုအကျိုးသက်ရောက်မှုရှိစေသော ဝန်ဆောင်မှုနည်းစနစ်သစ်များကို ဆက်သွယ်ရယူကာနေရခြင်းဖြင့် ခရီးဆက်နေကြရခြင်းဟု ဆိုနိုင်ပါသည်။

ဤသို့သော မြို့ပြဖွံ့ဖြိုးမှု၊ မြို့တော်စိမ်းလန်းစိုပြည်သန့်ရှင်းမှုတို့ကို မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရစ်စေရန်ကဏ္ဍမှာ မဂ္ဂဇင်း၊ သတင်းစာတို့၏ အဓိကအခန်းကဏ္ဍများဟုလည်း ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ဤနှစ်ပတ်လည်မဂ္ဂဇင်းသည် ကော်မတီ၏ လုပ်ဆောင်ချက်များနှင့် မြို့တော်နေပြည်သူတို့က အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှုများဟူသော အစွန်းနှစ်ဖက်အား ဆက်သွယ်ပေးထားသော ဗဟုသုတတံတား တစ်စင်းလည်း ဖြစ်ပါသည်။ ရသနှင့်သုတတို့ကို ပေါင်းစပ်တင်ဆက်ခြင်း၊ လုပ်ဆောင်ထားရှိသမျှ အဓိကကျသော လုပ်ငန်းစဉ်များကို မဂ္ဂဇင်းမှတစ်ဆင့် အသိပေးနိုင်ခြင်း၊ မြို့တော်ကြီး၏ အရွေ့များအား နှစ်စဉ်အကဲဖြတ်သိရှိနိုင်စေခြင်းဟူသော အကျိုးရလဒ်များ ပေးစွမ်းနိုင်သောကြောင့် ယခုလိုဖြန့်ဝေထုတ်လုပ်ရခြင်းလည်း ဖြစ်ပါသည်။

ဤနှစ်ပတ်လည်မဂ္ဂဇင်းတွင် ပါဝင်သောအကြောင်းအရာများ သုတ/ ရသ စီးဆင်းမှုများမှတစ်ဆင့် ယခုအချိန်တွင် အသက်အရွယ်ကြီးငယ်မရွေး ဒုက္ခပေးနေသော ကိုဗစ်-၁၉ ကပ်ဆိုးကြီးကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေကြရသော မြို့နေပြည်သူများအတွက် တစ်စုံတစ်ရာအပန်းဖြေစရာ၊ ဗဟုသုတရစရာများ ရရှိမည်ဆိုပါက နှစ်ပတ်လည်မဂ္ဂဇင်းအဖြစ် ထုတ်ဝေရကျိုးနပ်ပါသည်။ City Magazine မြို့တော်မဂ္ဂဇင်း၏ ၃၂ နှစ်မြောက်နှင့် ၁၉၂၂ ရန်ကုန်မြူနီစီပယ်အက်ဥပဒေ နှစ် ၁၀၀ သက်တမ်းအကြိုအဖြစ် ၂၀၂၁-၂၂ နှစ်ပတ်လည်မဂ္ဂဇင်းအား နှစ်သက်စမ်းမြောက်စွာ ကြိုဆိုလိုက်ပါသည်။

ဦးဗိုလ်ငွေး
(ရန်ကုန်မြို့တော်ဝန်)



# City MAGAZINE CONTENTS


2 မြို့တော်ဝန်ဥစ္စာချက်စဉ်

## POEM

7 ပြည့်ဂုဏ်မြင့်လျက်သမိုင်းဆင့်လျက် မင်းသွေ့မှူယ်(ဂီတကုန်း)
8 အမေ့ကျောက်ပျဉ် မောင်စိမ်းနောင်(လယ်ဝေး)
9 ဝမ်းစာ ပုလောစိုးနိုင်သာ
10 စေတနာအလှ နေခင်(ပေါက်ခေါင်း)
32 ယန္တရား နှင့် အတွင်းအား ကျော်ဟောမင်
40 မုန်တာပြောရင်သစ္စာ မောင်မိုးကျိုင်(သစ္စာမြေ)
68 လှိုင်းလူးလေ့ပမာ မင်းမောင်မြယ်(မှန်ဥာဏ်)
104 စိုးယွန်းဝသန် တောင်တွင်းမောင်သင်းကျော်
112 ယနေ့ စက်မှုလယ်ယာ တမာသင်းနိုင်(စက်မှုလယ်ယာ)
152 လူကုန်ကူးမှုတိုက်ဖျက်ဖို့ ပူးပေါင်းပါဝင်ကြပါစို့ မောင်လွှမ်းရည်(ရွှေတောင်)

## CARTOON

19 ကျော်ကိုကို 20 ဇော်လှသစ်
21 အောင်အောင်ထွေး 22 မောင်တင်ယု
23 လွမ်းမောင် 24 ကိုငယ် 31 ရဲဝင်းနိုင်
39 ကိုခေတ် 103 ဖက်တီ 1111 ရန်ကြီးအောင်

## COVER STORY

11 ရန်ကုန်မြို့တော် MEGA CITY အတွက် မေတ္တာရေကြည်တစ်ပေါက် စောသိန်းဝင်း(မြို့တော်သတင်း)

## RELIGION

33 တည်နေရာဝိသေသဖြင့် ရေလယ်မှသည် မြို့လယ်တွင်ရှိနေသည့် ဆူးလေစေတီတော်) မောင်မြတ်မွန်(ဆူးလေ)
69 သိပ္ပံနည်းကျ မြတ်ဗုဒ္ဓ အဆုံးအမ သာကီဝင်း

## ARTICLE

15 မြို့တော်တစ်ခွင် ကြည်လင်သန့်ရှင်း မင်္ဂလာနံနက်ခင်း မျိုးမြန်မာ
25 ရွှေရန်ကုန်ရဲ့မြို့တော်ခန်းမ မေသက်လှိုင်(မြို့တော်စည်ပင်)
41 ခေတ်အဆက်ဆက် မြို့တော်စည်ပင် ပုံကိုင်ရှင်(မြို့တော်ဝန်)များ အောင်သာကျော်
53 ၁၉၆၀ပြည့်နှစ် တရားမအသေးအဖွဲ့လျှောက်လွှာ (၈၃) အား ကြားနာ၍ချမှတ်ခဲ့သော မြူနီစီပါယ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်စီရင်ချက် မြို့လင်း


ဗိုလ်ယာသမိုင်းတစ်ခေတ်မှာ အောင်မြင်သော ဥာနေ့သတင်းစာ









62 မီဒီယာသမိုင်းတစ်ခေတ်မှာ အောင်မြင်သော
ညှနေသတင်းစာ — မြတ်စိုး(လှိုင်)

85 ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးစီမံကိန်းနှင့်
အနာဂတ်မျှော်မှန်းချက်
— ဒေါ်တင်တင်ကြည်(မြို့ပြစီမံကိန်းဌာန)

123 မှိန်ဖျော့လာသော ရန်ကုန်မြို့ရဲ့ စာအုပ်ဆိုင်များ
— မောယယ်လ်အောင်

145 အညာနေပူလေပူမြေပူမှုတွင်
အနုပညာပန်းဖြူဖြူလေးများ
စိုက်ခဲ့ကြသူ(၂)ဦး — အောင်စွမ်း

153 ဒိုင်အောက်စင်အန္တရာယ်နှင့်
စွန့်ပစ်အမှိုက်ပြဿနာ
— ဒေါက်တာဟန်စိုးမင်း




## ဒိုင်အောက်စင်အန္တရာယ်နှင့် စွန့်ပစ်အမှိုက်ပြဿနာ



## SHORT STORY


73 စိတ်မြင်ကွင်း — မောင်ခင်သာ(မြင့်)

105 အစွမ်းထက်တဲ့ ရုပ်အင်္ကျီတစ်ထည် — ချမ်းမြအောင်

113 ဦးမာယာလို့ ခေါ်ပါရစေ — သန်းဝင်းထွန်း(ဓနု)

135 ကျေ့ရှုံစီးဆင်းသောမြစ်များ၊ လူများ — မေဖွန်အေး

157 အိုင်တန်ချောင်းမြစ်တို့သည် — မိုးကျော်စိုး(မကွေး)


## ESSAY


57 ကျွန်တော် ဒုတိယရန်ကုန်မြို့တော်သား — မင်းချမ်းမွန်

79 အမှန်တရားအတွက် မေးခွန်းထုတ်ခဲ့လိုက်ရတဲ့
မှတ်တမ်းကလေး — မောင်သာစိုး(ပြည်)

91 လမ်းမများထက်ကသန့်ရှင်းသော
လိမ္မော်ရောင်အတွေးစများ — နီသင်အောင်ကျော်မိုး


## TRANSLATION


97 တတိယအရွယ်၏ ဒုတိယဝေဒနာ — မောင်သီဟ

129 အိသိယိုးပီးယားကာလွ — ဘနင်း(မြန်မာပြန်)


## HEALTH


81 ကိုဗစ်-၁၉ တတိယလှိုင်းတွင်
ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း
— ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

139 ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာ
— ဒေါက်တာကောင်းစံ


## LONG STORY


162 မေတ္တာလျှမ်းသော ဖြတ်ဝိုင်းလေး — ကိုဇော်(ပထဝီဝင်)

# ပြည်ဂုဏ်မြင့်လျက် သမိုင်းဆင့်လျက်

ကျေးလက်နဲ့ မြို့ပြ
အချိုးကျ တစ်ပြေးညီ...
မနေးအမြန် ဘက်စုံတိုး
ဖွံ့ဖြိုးဖို့ရည်...။
မြို့အင်္ဂါရပ်နဲ့ ခေတ်မီမီ
အလှဝေစည် တင့်ဆန်း
ပြည့်တာဝန် ပြည်သူ့အကျိုးတွက်
နိုးကြားစွာ ရှေ့လုပ်ငန်းစဉ်နဲ့
တို့စည်ပင် ရှိန်ဟုန်မြင့်
ဝင့်လျက် ပြည်အဝန်း....။

မြို့သာယာ လှပရေး
လမ်း ဈေးနဲ့ ပန်းဥယျာဉ်...
စိမ်းလန်းစေ ပျိုးထောင်ကြ
ကတ္တာစုံလင်...။
အဟောင်းတွေ ပြုပြင်
အသစ်ထွင် တည်ဆောက်...
ကျေးလက်နဲ့ မြို့ဆက်သွယ်
ကူးသန်းလွယ် ချောမွေ့သွားစေဖို့
လမ်းတံတားတွေ စဉ်ပြည့်ဆည်း
ခရီးတွင်ပေါက်...။


ရေစီးရေလာ ကောင်းမွန်ရေး
မြောင်းသွယ်ပေး ချိန်ခါမှန်...
ရေပေးဝေ ဖုလုံပြည့်
စွမ်းပြည့်စီမံ...။
အမှိုက်သရိုက် ကင်းစင်ရန်
စည်းစနစ်မှန် ရှင်းလင်းသွား....
မပျက် လုပ်းနှင်
စက်စွမ်းအင် ယန္တရားနဲ့
မြင့်မားစေ မျှော်ရည်မှန်း
ကြိုးပမ်းနေတကား...။

စိမ်းလန်းဝေဆာ စိုပြည်ရေး
အလေးထား ဖော်ဆောင်ကာ...
များပြည်သူ ရှင်ကြည်မွေ့
ချမ်းမြေ့စေရာ....။
ကလေးကစားကွင်းနဲ့
မြေယာရှုခင်း ပန်းမျိုးစုံစွာ
ရှုလေရာ လှမြင်ကွင်း...
ရပ်ပိုင်းရော စိတ်ပိုင်းပါ
လန်းဆန်းစွာ နှပျိုမျစ်စေဖို့
ဝန်းကျင်သစ်တွေ ဖန်တီးပြု
ရှေးရှုလာကင်း...။

ကျွန်းမာ သန့်ရှင်းရေး
ဦးစားပေး ဖော်ဆောင်ကာ...
နည်းလမ်းမှန် စည်းကမ်းတကျ
မြို့ပြဝီစွာ...။
အရိပ်ရ ပျိုးသစ်ပင်နဲ့
ပန်းလှပင် ဝေဝေဆာ
လမ်း ဝဲယာ မြို့ရွာတိုင်း...
လှမ်းတက်ချိ
ထမ်းရွက်ညီ အားမာန်သစ်တွေနဲ့
ပြည်ချစ်သူတွေ ပူးပေါင်းပါဝင်ကာဖြင့်
တို့စည်ပင် ပြည့်ဂုဏ်မြင့်
ဆင့်လျက်သမိုင်း....။ ။

မင်းသွေးနွယ်(ကီးကုန်း)






# အမေ့ကျောက်ပျဉ်

အမေအစ်မ ၊ ညီနှမတို့
ကာလရှည်ကြာ ၊ သုံးစွဲလာမင့်
ခုခါထိလျှင် ၊ ကောင်းဆဲပင်တည့်
ကျောက်ပျဉ်ကလေး ခပ်အိုအို။

သနပ်ခါးမှ၊ နှစ်သက်လှ၍
ဘဝတာလုံး၊ စွဲမြဲသုံးလည်း
မှန်းသည်မရှိ၊ ပြုံးပီတိနှင့်
နှုအိပါးပြင်၊ ခြယ်လိမ်းပြင်သော်
ယဉ်မှုမလော့၊ အစဉ်တွေ့မို့
မေ့မရလေ၊ လွမ်းဆွတ်ချေသည်
အမေချစ်သော ကျောက်ပျဉ်လေး။

အမေ့အမွေ၊ ခွဲကြွေချေတော့
စိန်ရွှေငွေထက်၊ ပိုနှစ်သက်မို့
ဆက်ခံခွင့်ကို၊ အစ်မဆိုလည်း
လိုချင်ပါလှ၊ ချစ်နှမက
လက်ရပိုင်ချင်၊ ချွဲနွဲ့လျှင်သော်
ကြည်ရွှင်ပြုံးစ၊ ခွင့်ပြုရသည်
ရခဲ့အမွေ ကျောက်ပျဉ်လေး။
နှမငယ်ထွေး ခုတိုင်သွေး။

သည်ကျောက်ပျဉ်မှာ ၊ တစ်ခါခါလျှင်
ဆုံလာသုံးဦး၊ အပြိုင်လူးကြ
ကြည်နူးလှဖွယ်၊ ဆေးမပြယ်သည့်
ငယ်စဉ်ကာလ ဟိုတုန်းက။

သည်ကျောက်ပျဉ်မှာ၊ တို့ငယ်ခါက
ဘယ်ညာနှစ်ဘက်၊ အမေ့လက်နှင့်
ပါးကွက်ကလေး၊ လိမ်းခြယ်ပေးခဲ့
တွေးတိုင်းလွမ်းရ တသသ။

အမေ့အိမ်ကို၊ ရောက်ပြီဆိုမူ
ဖိုဟောင်းကျောက်ပျဉ်၊ ဦးစွာမြင်လျှက်
ငယ်စဉ်ကာလ၊ မေ့မရခဲ့
ထိုမှဆက်ကာ၊ မြင်မိပါသည်
စဉ်လာမည်။ မြန်မာမျိုးတို့
ရိုးစဉ်မပျက်၊ ကမ်းဆင့်ဆက်သည့်
နှစ်သက်ဖွယ်ပေ၊ ကောင်းအမွေလျှင်
တည်နေခုတိုင် ရှိသည်ကို။
နောင်ရှည်ကြာထိ မြဲစေလို။

မောင်စိမ်းနောင်(လယ်ဝေး)

# ဝမ်းစာ


နှိုင်းစရာ စကားအနုစိပ်ဖွဲ့တွေနဲ့
'ဈိုင်းအစာ ငါးဖြစ်သတဲ့' ရယ်လို့
ထားရစ်ခဲ့ ရှေးပုံပြင်။

ခါတစ်ပါးမှာလ
ငါသွားရာ ချောင်းတစ်ကွေ့မှာဖြင့်
ကြုံတွေ့လာ အဖြစ်ဆန်းပါကလား
ကမ်းစပ် တစ်နေရာ၌
အစာရှာ တစ်ကောင်ဈိုင်းရယ်က
ရေလှိုင်းအောက် အသာလျှိုလို့
တံငါလို ငါးကိုဖမ်း
နှုတ်ခမ်းပေါ်တင်။

ရင်မချိလေဘူ
မြင်မိစဉ် ငါးကိုသနားပါလို့
စဉ်းစားကာ ကယ်မ ချင်လည်း
တစ်ဖက်တွင် ဈိုင်းကိုကြည့်ပြန်တော့
သူ့၏အစာ သူရှာစားတာပဲ
တရားတယ်လို့ စိတ်မှာဖြင့်
မှန်တယ်ပင် ဆိုရမလား။

ဪ...ပဟေဠိအသွင်
အဖြေညှိလျှင် အမှန်ရှာပေါ့
ကြုံဆကာ တွေးနေခိုက်မှာပဲ
သမုဒ္ဒရာ ဝမ်းတစ်ထွာခိုက်ရယ်က
ဆာလိုက်တာ သတိဝင်တော့
အသိတွင် တခြားမတွေးနိုင်ဘူ
'ငါးကလေးကို ရေမှာဖမ်း
ကမ်းစပ်မှာ ဗိုင်းကိုထောင်'
နေအရောင် မှောင်မကျခင်ပဲ
လှေဦးကို အသာလှည့်
ပြန်ခဲ့တကား။

ပုလောစိုးနိုင်သက



# စေတနာအလှ



ရုပ်အဆင်း၊ လှပခြင်းနှင့်
ကျော့ရှင်းသပ်ရပ်၊ နေထိုင်တတ်၍
လက်ဆတ်မွှေးပျံ့၊ ခေတ်ရနံ့ဖြင့်
သန့်စင်းမြ ရုပ်အလှ။

သာယာချိုပြုံး၊ စကားလုံးနှင့်
သုံးနှုန်းမှု့သီ၊ ခွန်းတုံ့ချိုသော်
ပီတိနှလုံး၊ ရွှင်မဆုံးသည့်
အမုန်းကွာကျ စကားအလှ။

စကားအလှ၊ ရုပ်အလှတို့
မည်မျှဆိုစေ၊ လှပချေလည်း
မသေချာရင်မှု၊ ထွက်အန်ကျသော
ဖြူလွှမေတ္တာ၊ 'စေတနာ' သည့်
သာလွန်စံနှုန်း၊ အလှဆုံးဟု
ဘုန်းမြတ်တော်ဝင်၊ တင်စားချင်၏။

'စေတနာကောင်း၊ ကံပါကောင်း' ဟု
ကျိုးကြောင်းဖော်ဘိ၊ အဆိုရှိသည့်
မည်သည့်နေရာ၊ ရောက်စေကာမူ
ဘယ်မှာလုပ်ငန်း၊ ကျရာထမ်းလည်း
ဝမ်းပန်းတသာ၊ စေတနာနှင့်
မေတ္တာပေါင်းစပ်၊ ထားရှိအပ်ပြီး
မြင့်မြတ်ဖြူစင်၊ ဆောင်ရွက်လျှင်မူ
ရင်ဝယ်ငြိမ်းအေး ရွှင်လန်းရ။
ကောင်းကျိုးခံစား စေတနာအလှ။ ။

နေရင်(ပေါက်ခေါင်း)





# ရန်ကုန်မြို့တော် MEGA CITY အတွက် မေတ္တာရေကြည်တစ်ပေါက်

စောသိန်းဝင်း(မြို့တော်သတင်း)



**"ရေကိုမဖြုန်း ချွေတာသုံး အကျိုးရှိလှဆုံး"** ဆောင်ပုဒ်သည် လူ့ပတ်ဝန်းကျင်တွင် နေထိုင်သူအားလုံး သတိပြုလိုက်နာရမည့် ဆောင်ပုဒ်ဖြစ်သည်။ လူတွေ အသက်ရှင်နေထိုင်နိုင်ဖို့ **ရေကြည်ရာ မြက်နုရာ** နေရာများကို ရှာဖွေနေထိုင်ရင်း ကြီးမားကျယ်ပြန့်သော မြို့ပြကြီးတစ်ခုအဖြစ် ရောက်ရှိလာချိန်မှာ နေ့စဉ်သောက်သုံးရေလိုအပ်မှုသည် နှစ်စဉ်မြင့်မားလျက်ရှိရာ ယင်းလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန်အတွက် မြို့ပြတာဝန်ရှိသူတွေက ခေတ်မီနည်းပညာမျိုးစုံဖြင့် ရှာဖွေဖြည့်တင်းပေးလျက်ရှိသည်ကို မိမိတို့၏ပြည်သူများအနေဖြင့် သတိပြုသင့်ကြောင်း ဆိုချင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် လျှောက်လှမ်းရောက်ရှိဖို့ဆိုလျှင် သောက်သုံးရေလိုအပ်ချက်သည် အရေးကြီးသည်ကို အစဉ်သတိပြု ဖန်တီးကြံဆနေရမည်ဖြစ်သည်။ နိုင်ငံတကာ မြို့ကြီးများတွင် ရေအရင်းအမြစ်များရှာဖွေရန် လွယ်ကူသော နိုင်ငံများရှိသလို ခနငွေကြေးပြည့်စုံပြီး ရေအရင်းမြစ်များ ရှာဖွေရန်ခက်ခဲသောနိုင်ငံများလည်းရှိသဖြင့်



သောက်သုံးရေအတွက် နီးစပ်ရာနိုင်ငံများထံမှ အမှီသဟဲ ပြုနေရသောသတင်းများကို ပြည်သူများ သိရှိနေကြမည်ဖြစ်သည်။

သောက်သုံးရေရရှိရန် အခက်အခဲပေါင်းမြောက်မြားစွာ ရင်ဆိုင်နေရသော မြို့ကြီးတစ်မြို့နှင့် အိမ်နီးချင်းနိုင်ငံအပေါ် မှီခိုနေသော နိုင်ငံတစ်ခုအကြောင်းကို အလျဉ်းသင့်၍ တင်ပြချင်ပါသည်။ အာရပ်ပြည်ထောင်စုအရှေ့အလယ်ပိုင်းရှိ "ဒူဘိုင်း" မြို့ကြီးသည် ယခင်နှစ် ရာစုပေါင်းများစွာက ရေနံသူဌေးနိုင်ငံအဖြစ် လူအများ သိကြသော်လည်း ရေအရင်းအမြစ် ရှားပါးမှုကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုမရှိသဖြင့် နိုင်ငံတကာရှိ ကမ္ဘာလှည့်ခရီးသွား ပြည်သူများ သွားရောက်လည်ပတ်ရန် စိတ်ဝင်စားမှုနည်းပါးသော နိုင်ငံလည်းဖြစ်ခဲ့ရသည်။

ယနေ့ ဒူဘိုင်းမြို့သည် ကမ္ဘာ့အဖွံ့ဖြိုးဆုံး အတိုးတက်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်းသည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်က ဘူမိဗေဒပညာရှင်တစ်ဦးက ဒူဘိုင်းမြို့နှင့် မိုင်၅၀ကျော်ဝေးကွာသော သဲကန္တာရအောက် မီတာ ၄၀ အနက်တွင် ရှိသည့် ရေအရင်းအမြစ်ကို ရှာဖွေတွေ့ရှိမှုကြောင့် ယနေ့ဒူဘိုင်းမြို့ကြီးသည် "**အရှင်မွေး နေ့ချင်းကြီး**"ဆိုသလို စီးပွားရေးခေတ်မီအဆောက်အဦများ၊ မီတာ ၂၀၀ ကျော် မြင့်မားသည့် မိုးမျှော်ခေတ်မီတိုက် ၂၀၀ ကျော်ဖြင့် ရပ်တည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ကမ္ဘာလှည့်ခရီးသွားပြည်သူများ၏ အသည်းနှလုံးဖြစ်ရုံမက၊ ကမ္ဘာလှည့်ခရီးသွားများ အနားယူအပန်းဖြေနိုင်ရန် စိမ်းလန်းသောနေရာများကို သဲကန္တာရအတွင်း စိုက်ပျိုးရေများ သွယ်တန်းပြီး သစ်ပင်ပန်းမန် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

အလားတူ မိမိတို့၏ အာဆီယံ (၁၀) နိုင်ငံအနက် စင်ကာပူကျွန်းနိုင်ငံ မြို့တော်စင်ကာပူမြို့သည်လည်း ပင်လယ်ရေငန်များ ပတ်ချာလည်ဝိုင်းရံထားခြင်းကြောင့် ရေချိုရရှိရန်ခက်ခဲသည့်အတွက် မလေးရှားနိုင်ငံအပေါ်မှီခိုနေရသောနိုင်ငံဖြစ်သည်။ စင်ကာပူလူဦးရေနှင့် ရန်ကုန်လူဦးရေသည် သိပ်မကွာခြားသော်လည်း ရန်ကုန်လူဦးရေ ငါးသန်းကျော်အတွက် နေ့စဉ်ရေဂါလန်သန်း ၂၂၀ ကို ပေးဝေနိုင်ရန် ဆယ်စုနှစ်သုံးစုခန့် ကြိုးစားအားထုတ်ခဲ့သည်။ စင်ကာပူနိုင်ငံ၌မူ နေ့စဉ် ရေဂါလန်သန်း ၆၀၀ကျော် ဖြန့်ဝေလျက်ရှိသည်ကို အားကျမိသည်။ အကောင်အထည်ဖော်နေသော ယနေ့ လှိုင်မြစ်ရေတင်အပါအဝင် မြစ်ရေတင်စီမံကိန်းများသည် ၂၀၄၀ပြည့်နှစ်ရောက်ရှိချိန်တွင် ရန်ကုန်မြို့လူဦးရေ ၁၀ သန်း Mega City ရောက်ရှိချိန်ကို မျှော်မှန်းကာ ရန်ကုန်မြို့၏ ခြေလှမ်းသစ်များဟု ဆိုရမည်ဖြစ်သည်။



လှိုင်မြစ်–လှော်ကားရေအားဖြည့် စီမံကိန်းလုပ်ငန်းများ စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု၊ စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းမြစ်)နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ရှိ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်အလုပ်သမားများ ပူးပေါင်းရေးအဖွဲ့များက စီမံကိန်းလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီပြီးစီးအောင်မြင်နိုင်ရေးအတွက် စိတ်အားထက်သန်စွာ ကြိုးပမ်းအားထုတ်မှုများကြောင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလထက်စောစွာ ပြီးစီးနိုင်ရုံမျှမက ၂၀၂၂ ခုနှစ် မတ်လတွင် လှော်ကားရေလှောင်ကန်အတွင်းသို့ ရေဂါလန်သန်း၆၀ကို ရေအားဖြည့်ပေးနိုင်တော့မည်ဖြစ်ကြောင်း နေ့စဉ်ထုတ် မြို့တော်သတင်းစာမှသိရသည့်အတွက် ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် ဝမ်းသာဂုဏ်ယူရမည်ဖြစ်သည်။

လှိုင်မြစ်–လှော်ကားရေအားဖြည့် စီမံကိန်းကို အချိန်တိုကာလအတွင်း များပြားလှသော အခက်အခဲများကြားက အောင်မြင်ပြီးမြောက်အောင် စနစ်တကျဖြင့် စေတနာထားဆောင်ရွက်ပေးကြသော အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများအား လေးစားတန်ဖိုးထား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ကတည်းက အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) သည် အနာဂတ်တွင်

တိုးပွားလာမည့် ရန်ကုန်မြို့လူနေထိုင်မှုအတွက် ကြိုတင်မျှော်မှန်းပြီး လှိုင်မြစ်ရေတင်မှ မြို့ရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှေ့ပြေး ရေအရည်အသွေးဆန်းစစ်မှုလုပ်ငန်းများကို စတင်ခဲ့ကြောင်း သိရသည်။

ထိုအချိန်က အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် လှိုင်မြစ်ရေတင်စီမံကိန်းမှ မြို့နေလူထုအတွက် သောက်သုံးရေအဖြစ် သုံးစွဲနိုင်မှု ရှိမရှိ အခြေအနေများအား ရှေ့ပြေးရေအရည်အသွေးဆန်းစစ်မှုလုပ်ငန်းကို အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) အရာရှိ ဒေါ်လီလီတင်အား တာဝန်ပေးဆောင်ရွက်စေနိုင်မှုကို ပြန်၍ သတိရမိပါသည်။

**ရေအရင်းအမြစ်သစ်များ ရှာဖွေခြင်း**

လှိုင်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်မြို့၏တောင်ဘက် ၂၈ မိုင်တွင် တည်ရှိပြီး ဧရာဝတီတိုင်းမှ စီးဆင်းလာသော ပန်းလှိုင်မြစ်သည် ကုဏ္ဍိုဝမြစ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်မြစ်ကိုဆက်သွယ်ထားသည့်အတွက် လှိုင်မြစ်ရေတင်စီမံကိန်းဖြစ်လာခြင်းဖြစ်သည်။ လှိုင်မြစ်အတွင်း ရေငန်ဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရန်အတွက်လည်း ရေထိန်းတံခါးများကို တည်ဆောက်ပေးထားပြီး ရေအရည်အသွေး ဆန်းစစ်မှုများကို နွေ၊ မိုး၊ ဆောင်း သုံးရာသီတွင် ပင်လယ်ဒီရေတက်ချိန်နှင့် ပင်လယ်ဒီရေပြန်ကျချိန်တို့တွင် ရေနမူနာများကို နေ့စဉ်သုံးကြိမ် သွားရောက်ယူပြီး ရေအရည်အသွေးစစ်ဆေးပေးသော ဓာတ်ခွဲခန်းသို့ပို့ဆောင်ပေးကာ ပြည်သူများ သောက်သုံးရန် သင့်မသင့်ကို နေ့စဉ်ဆောင်ရွက်ခဲ့ရကြောင်းကို ယခု အငြိမ်းစားအရာရှိ ဒေါ်လီလီတင်၏ ပြောစကားကို ပြန်၍ အမှတ်ရမိပါသည်။

ထိုအချိန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရေအရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းမရှိသေးရာ ရေအရည်အသွေးစစ်ဆေးနိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ဓာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးရသဖြင့် အနာဂတ်မြစ်ရေတင်စီမံကိန်း အထောက်အကူပြုနိုင်ရန်အတွက် ရေအကျိုးဆယ်ပါးသည် ဆုမတောင်းဘဲနဲ့ လိုအင်ဆန္ဒများပြည့်နိုင်ကြောင်းကို ထိုအချိန်က အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး၏ မိန့်မှာဆိုဆုံးမမှုစကားသည် ယနေ့အထိ မိမိ၏ နှလုံးသားထဲ၌စွဲထင်လျက်ရှိကာ ပင်ပန်းမှုများ ကွယ်ပျောက်ခဲ့ရကြောင်း ၎င်းက ပြန်လည်ပြောကြားသည်။

ရန်ကုန်မြို့သည် ၁၉၅၀ ပြည့်နှစ်အထိ ၃၃စတုရန်းမိုင်ခန့်သာရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ခန့်မှန်းတွက်ချက်မှုအရ စတုရန်းမိုင် ၃၀၀ ကျော်ရှိလာသဖြင့် လူနေထိုင်မှု ၅ သန်းကျော်ရှိလာသည့်အတွက် လူတစ်ဦးချင်းအတွက် နေ့စဉ်သောက်သုံးရေဂါလန် ၄၀ ခန့် ပေးဝေနိုင်ရန် မြို့တော်စည်ပင်တာဝန်ရှိသူများက မျှော်မှန်းတွက်ချက်မှုများ ရှိခဲ့သော်လည်း လက်ရှိတွင် ရေဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ဆဲနှင့် ရေအရင်းအမြစ်သစ်များကို တိုးချဲ့ရှာဖွေနေဆဲဖြစ်သည်။

ပိုမိုကျယ်ပြန့်လာသော ရန်ကုန်မြို့ ဧရိယာနှင့် တိုးတက်များပြားလာသော မြို့နေလူထုအတွက် သောက်သုံးရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရန် လဂွန်းပြင်၊ ကုဏ္ဍိုဝ၊ တိုးမြစ်နှင့် လှိုင်မြစ်ရေတင်ရေအားဖြည့်တင်းစီမံကိန်းများပြီးစီးချိန် ၂၀၄၀





ပြည့်နှစ်တွင် တစ်နေ့လျှင် ရေဂါလန်သန်း ၇၀၀ ထိ ဖြန့်ဝေပေးနိုင်ရန် စီမံကိန်းဆောင်ရွက်လျက်ရှိသည်။

ယခုဆောင်ရွက်နေသောလှိုင်မြစ်–လော်ကားရေအားဖြည့် စီမံကိန်းသည် ရန်ကုန်မြို့လူထုကို သောက်သုံးရေ တိုးချဲ့ပေးနိုင်ရန်အတွက်ဆောင်ရွက်နေသော စီမံကိန်းတစ်ခုဖြစ်သည်။ နေ့စဉ်ဖြန့်ဝေလျက်ရှိသော လော်ကားရေလှောင်ကန် ရေသိုလှောင်မှုပမာဏ မလျော့ကျစေရန်အတွက် မှော်ဘီမြို့နယ် ကန်ကလေး လျှပ်စစ် မြစ်ရေတင်စခန်းမှ PS1 နှင့် PS2 တို့မှ လှိုင်မြစ်ရေကိုရယူပြီး ဖူးကြီးရေလှောင်ကန်မှ လော်ကားရေလှောင်ကန်သို့ ရေဖြည့်တင်းလျက်ရှိသည့် အချင်း ၆၀ လက်မရှိ သံကူကွန်ကရစ် ရေပို့ပိုက်လိုင်းသို့ ၁၆၀၀ မမ HDPE ရေပိုက်ကိုချိတ်ဆက်၍ လော်ကားရေလှောင်ကန်သို့ နေ့စဉ် ရေဂါလန် သန်း ၆၀ ပို့လွှတ်ပေးမည့် စီမံကိန်းဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၂၁ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လကုန်ပြီးစီးရန် လျာထားခဲ့သော်လည်း၊ မတ်လတွင် ရေအားဖြည့်တင်းပေးနိုင်ရန်အတွက် စီမံကိန်းလုပ်ငန်းများကို ဖေဖော်ဝါရီလအတွင်းပြီးစီးရန် စီမံကိန်းတာဝန်ရှိသူများ ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြေအကျယ်အဝန်း စတုရန်းပေ ငါးသိန်းကျော် ၁၀ ပေ အနက်ရှိ မြေသားအကြို အနည်ထိုင်ကန်လုပ်ငန်းပြီးစီး၍ ၁၆၀၀ မမ HDPE ပိုက်ဆက်သွယ်ခြင်းလုပ်ငန်း၊ ရေတွန်းစက်ရုံ၊ ရေယူအဆောက်အဦ၊ ရေယူဂိတ်တံခါးများ တည်ဆောက်ခြင်းပြီးစီးနေပြီဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဆောင်ရွက်နေသော လှိုင်မြစ်ဘေး ကန်ကလေး လျှပ်စစ်မြစ်ရေတင်ရေယူ အဆောက်အဦမှ မြေသားမြောင်းအရှည်လုပ်ငန်းမှာ ပင်မရေငြိမ်ကန်ပြုပြင်ခြင်း၊ မြောင်းခွဲများ၊ ကားလမ်းကူးတံတား၊ တိုက်ရိုက်ရေထုတ်ပေါက်၊ ရေဆိုးထုတ် အဆောက်အဦ၊ ရေထိန်း အဆောက်အဦ၊ မြေသားများ ကွန်ကရစ်ဖြင့်ပြုလုပ်ခြင်းလုပ်ငန်း၊ တူးမြောင်းဖောက်ရာတွင် မြေပိုင်ရှင်များကို ကရုဏာကြေးပေးခြင်း၊ မြစ်ရေတင်ပိုက်လိုင်းများဆက်သွယ်တန်းခြင်းလုပ်ငန်းများ၊ လှိုင်မြစ်ရေတင်လုပ်ငန်းတစ်ခုလုံး လည်ပတ်နိုင်ရန် လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းနှင့် ဓာတ်အားခွဲရုံများဖြစ်သော ရေတွန်းစက်ရုံ ဓာတ်အားလိုင်းနှင့် ကန်ကလေး လျှပ်စစ်မြစ်ရေတင် မြေအောက်လျှပ်စစ်လုပ်ငန်းများသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ ပြီးစီးတော့မည် ဖြစ်သည်။ ယခုစီမံကိန်းသည် အချိန်တိုအတွင်း အခက်အခဲများကြားမှ အောင်မြင်အောင် စနစ်တကျဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီမံကိန်းလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းကြောင့် ၂၀၂၂ ခုနှစ် မတ်လတွင် လှိုင်မြစ်ရေတင်စီမံကိန်းမှ နေ့စဉ် ရေဂါလန် သန်း၆၀ကို လော်ကားရေလှောင်ကန်အတွင်းသို့ဆက်သွယ်ပို့လွှတ်နိုင်တော့မည်ဖြစ်ရာ မြို့တော်နေ ပြည်သူများ၏ကိုယ်စား ဝမ်းမြောက်ဂုဏ်ယူရပါသည်။

အစဉ်စီးဆင်းနေမည့် လှိုင်မြစ်၏ရေကြည်တစ်ပေါက်သည် ၂၀၂၂ ခုနှစ် မတ်လတွင် ရန်ကုန်မြို့လူထုသို့ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းကြည်လင်သော သောက်သုံးရေအဖြစ် ရရှိသုံးစွဲနိုင်တော့မည်ကို ကြိုဆိုပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**စောသိန်းဝင်း(မြို့တော်သတင်း)**





# မြို့တော်တစ်ခွင် ကြည်လင်သန့်ရှင်း မင်္ဂလာနံ့နက်ခင်း

ဆောင်းပါး-မျိုးမြင့်မာ

ဓာတ်ပုံ-စောသိန်းဝင်း(မြို့တော်သတင်း)




ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ လက်ရှိဌာနကြီး ၁၇ ခုတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် အဓိကလုပ်ငန်းကဏ္ဍကြီးနှစ်ခုကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိသည်။

ပထမလုပ်ငန်းကဏ္ဍမှာ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဒုတိယလုပ်ငန်းကဏ္ဍမှာ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များ သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများဖြစ်သည်။

ရန်ကုန်မြို့တော်ကြီး၏ မြေထု၊ ရေထု၊ လေထု အဆိုပါသုံးခုကို သန့်ရှင်းအောင်ဆောင်ရွက်ရာတွင် **လေထုညစ်ညမ်းမှုကို** လေထုတိုင်းတာသည့်စက်များဖြင့် တိုင်းတာဆောင်ရွက်ပေးလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရန်ကုန်မြို့တော်၏ လေထုသည် သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိ မရှိ တိုင်းတာခြင်းဖြစ်သည်။ ယင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

**ရေထုညစ်ညမ်းမှု** ကိုလည်း စဉ်ဆက်မပြတ် တိုင်းတာလျက်ရှိသည်။ စက်မှုဇုန်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လူနေရပ်ကွက်များက

စွန့်ပစ်စီးဆင်းလာသည့် ရေဆိုး၊ ရေပုပ်များသည် မြစ်ချောင်းများအတွင်း စီးဝင်လျက်ရှိရာ ယင်းကဲ့သို့ စီးဝင်လာသည့် ရေထု၏ညစ်ညမ်းမှုကိုလည်း တိုင်းတာကာ ရေနေသတ္တဝါများ သေကြေပျက်စီးမှုမဖြစ်ပေါ်စေရန် လိုအပ်သည့်ကာကွယ်ပြုပြင်မှု (Treatment) များ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အထူးသဖြင့် စက်ရုံများက စွန့်ပစ်လိုက်သည့် အညစ်အကြေးနှင့် ရေပုပ်ရေဆိုးများသည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စွန့်ပစ်ရမည်ဖြစ်ရာ သတ်မှတ်ထားသည့် ဥပဒေနှင့်ညီညွှတ်စေရန် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**မြေထုညစ်ညစ်မှု** ကို ကာကွယ်ရာတွင်လည်း အမှိုက်စွန့်ပစ်ခြင်းကို အဓိကထိန်းသိမ်းကာကွယ်ခြင်းဖြစ်သည်။

အမှိုက်များစွန့်ပစ်ကြရာတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ရှောင်ကျဉ်ကာ စည်းကမ်းတကျစွန့်ပစ်ကြရန် လိုအပ်သည်။

စည်းကမ်းမဲ့စွန့်ပစ်လိုက်သည့် အမှိုက်များသည် ယင်းလမ်းဘေးရေမြောင်းများမှတစ်ဆင့် ချောင်းများ၊ မြစ်များထဲသို့ စီးဝင်မျောပါသွားရာ မြောင်းပိတ်၊ ချောင်းပိတ်ရာမှ လမ်းမကြီးငယ်အသွယ်သွယ်တွင် ရေကြီးရေလျှံပြဿနာများ ဖြစ်ပေါ်လာစေသည်။

ထို့ကြောင့် မြေထုညစ်ညမ်းမှု ထိန်းသိမ်းရေးအနေဖြင့် မြို့တော်စည်ပင် ဝန်ထမ်းများက နေ့စဉ်မပြတ် အမှိုက်များသိမ်းဆည်းပေးနေခြင်းဖြစ်သည်။

အမှိုက်များသိမ်းဆည်းခြင်းနှင့်အတူ ပလက်ဖောင်းများရှိ ရေစီးဆင်းရာ အပေါက်များတွင် ပိတ်ဆို့နေတတ်သည့် ခဲ၊ သဲ၊ အမှိုက်သရိုက်များကိုပါ အမြဲရှင်းလင်းပေးပါမှ ရေစီးရေလာကောင်းမွန်ကာ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးငယ်အသွယ်သွယ် ပျက်စီးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုအခါတွင် တစ်နေ့တခြား တိုးတက်လာသော မြို့ပြ





> စည်းကမ်းမဲ့စွန့်ပစ်လိုက်သည့် အမှိုက်များသည်
> ယင်းလမ်းဘေးရေမြောင်းများမှတစ်ဆင့်
> ချောင်းများ၊ မြစ်များထဲသို့ စီးဝင်မျောပါသွားရာ
> မြောင်းပိတ်၊ ချောင်းပိတ်ရာမှ
> လမ်းမကြီးငယ် အသွယ်သွယ်တွင်
> ရေကြီးရေလျှံပြဿနာများ
> ဖြစ်ပေါ်လာစေသည်။

ဖွံ့ဖြိုးမှုနှင့်အတူ မြို့တော်ကြီးတွင် လူနေမှုထုထပ်များပြားလာလျက်ရှိရာ နေ့စဉ်စားသုံးရာမှ စွန့်ပစ်သည့်အမှိုက်များ၊ စီးပွားရေးအမှိုက်များ၊ ဟိုတယ်၊ မိုတယ်များမှအမှိုက်များ၊ စက်မှုဇုန်များက ထွက်ရှိလာသည့် အမှိုက်များ၊ ဆေးရုံ၊ ဆေးခန်းများက အမှိုက်များကို Door to Door စနစ်ဖြင့် အိမ်ရှေ့များအရောက် အချိန်မှန်လိုက်လံသိမ်းဆည်းပေးလျက်ရှိသော်လည်း ထိုစနစ်ကို မဆောင်ရွက်နိုင်သေးသည့် နေရာများတွင် မြို့တော်စည်ပင်က သတ်မှတ်ထားသည့် အမှိုက်ပုံးနှင့် အမှိုက်ကန်များသို့ ပြည်သူများက စည်းကမ်းတကျလာရောက်စွန့်ပစ်ကြရန် လိုအပ်ပေသည်။

ထိုသို့ စွန့်ပစ်ပေးမှသာ မြို့တော်စည်ပင် အမှိုက်သယ်ယာဉ်များက အလွယ်တကူ ပုံမှန်လာရောက်သိမ်းဆည်းပေးနိုင်မည်ဖြစ်သည်။

ပုံမှန်အားဖြင့် ယင်းစနစ်များဖြင့် သိမ်းဆည်းပေးလျက်ရှိသည့် အမှိုက်များမှာ မီးဖိုချောင်ထွက်အမှိုက်ကိုသာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မီးဖိုချောင်ထွက်မှအပ အခြားအမှိုက်အမျိုးအစားများဖြစ်ကြသည့် ထုထည်ကြီးမားသည့်အမှိုက်များနှင့် မြေများရှင်းလင်းရာမှ ထွက်ပေါ်လာသည့် အမှိုက်များကိုမူ On Call စနစ်ဖြင့် ဆက်သွယ်

လာပါက ခရိုင်က အမှိုက်သိမ်းယာဉ်များ စေလွှတ်ပေးကာ သိမ်းဆည်းပေးလျက်ရှိသည်။

အမှိုက်ပမာဏအလိုက် တန်ချိန်ပေါ်တွင်မူတည်ကာ သတ်မှတ်သိမ်းဆည်းခနှုန်းများဖြင့် သိမ်းဆည်းပေးခြင်းဖြစ်သည်။

နောက်ထပ် အမှိုက်တစ်မျိုးမှာ ဆေးရုံ၊ ဆေးခန်းများက ထွက်ရှိလာသည့် အမှိုက်များဖြစ်သည်။

အဆိုပါအမှိုက်များကိုမူ နိုင်ငံတကာမှာကဲ့သို့ Bar Code စနစ်ဖြင့် သိမ်းဆည်းပေးရန် ဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။ ယင်းစနစ်မှာ နိုင်ငံတကာတွင် အသုံးပြုနေသည့်စနစ်ဖြစ်သည်။ ယင်းစနစ်ကို အိမ်နီးချင်းထိုင်းနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိပြီး၊ အမှိုက်စတင် စွန့်ပစ်သည်မှ မီးရှို့ပြီးစီးသွားသည်အထိ ကွင်းဆက်တစ်လျှောက် ကွန်ပျူတာဆော့ဝဲလ်စနစ်ဖြင့် ထိန်းကျောင်းပေးထား၍ အမှိုက်စွန့်ပစ်လိုက်သူသည် မိမိ၏စွန့်ပစ်အမှိုက်ကို မီးရှို့ဖျက်ဆီး ပြီး မပြီးအထိ သိရှိနိုင်သော ခေတ်မီစနစ်တစ်ခုဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးအတွက် ၂ တန်မှ ၁၂ တန်ယာဉ်အထိ အမှိုက်သယ်ယာဉ်အစီးပေါင်း ၇၀၀ ခန့်ဖြင့် ခရိုင်လေးခုတွင် နေ့စဉ် အမှိုက်သိမ်းဆည်းပေးလျက်ရှိသည်။

ဝန်ထမ်းအင်အားမှာလည်း အောက်ခြေဝန်ထမ်း၊ အမှိုက်လှည်း၊ အမှိုက်သိမ်း၊ ကားတင်၊ ကားမောင်း အမှိုက်ပုံမှအစ သုသာန်လုပ်ငန်းအထိ ဝန်ထမ်းအင်အား ၄၈၀၀ ခန့်ဖြင့် နေ့စဉ် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လက်ရှိ ရန်ကုန်မြို့တော်နေ လူဦးရေခုနစ်သန်းကျော် ရှစ်သန်းခန့်ကို အဆိုပါအင်အားဖြင့် တာဝန်ယူဆောင်ရွက်ပေးနေရခြင်းဖြစ်၍ လူဦးရေနှင့် ဝန်ထမ်းအင်အား အချိုးချကြည့်လျှင် သန့်ရှင်းရေးဝန်ထမ်းတစ်ဦးသည် ပြည်သူပေါင်း ၁၇၀၀ ခန့်ကို နေ့စဉ် ဝန်ဆောင်မှုပေးနေရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် **"လူတစ်ဦး စည်းကမ်းပျက်လျှင် လူ ၁၀၀၀ အမှိုက်သိမ်း၍မနိုင်။ လူ ၁၀၀၀ စည်းကမ်းရှိလျှင် လူတစ်ဦးဖြင့် အမှိုက်သိမ်းဆည်းပေးနိုင်သည်"** ဟူသော အဆိုတစ်ခု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ်ခန့်ကစ၍ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသို့ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့မှ ထွက်ရှိလာသည့် အမှိုက်များကို စွန့်ပစ်ခဲ့သည်။ တစ်ရက်လျှင် အမှိုက်တန် ၁၅၀၀ မှ ၁၆၀၀ ခန့်အထိရှိသည်ဆို၏။ (ယခုဆိုလျှင် ထိုထက်များလာနိုင်သည်–စကားချပ်)

ယင်းသို့ စွန့်ပစ်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမှိုက်ပုံတွင်း အပူချိန်မြင့်တက်လာမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထို့နောက်ပိုင်း UN Habitat နှင့် မြို့တော်စည်ပင်တို့ပူးပေါင်းကာ မီးလောင်မှုထိန်းသိမ်းရေးစနစ်ဖြင့် ကာကွယ်နိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်၊ မေနှင့် ဇွန်တွင် အပူချိန် ၃၅၊ ၄၀ ဆဲလ်စီးယပ်ခန့်အထိ မြင့်တက်ချိန်၌ပင် မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ထားနိုင်ခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်မှ အမှိုက်များကိုမူ ဒဂုံမြို့သစ်ရှိ ထားဝယ်ချောင်အမှိုက်ပုံသို့ တစ်ရက်လျှင် တန်ချိန် ၁၁၀၀ မှ ၁၂၀၀ ခန့်အထိ စွန့်ပစ်လျက်ရှိကြောင်း သိရသည်။

အမှိုက်ပုံကြီးများကြောင့် နိုင်ငံတကာတွင် မြေထု၊ လေထု၊ ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေရာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး



ကော်မတီအနေဖြင့် ညစ်ညမ်းမှုအနည်းဆုံး ဖြစ်နိုင်သမျှဖြစ်စေရန် ကြိုတင်ကာကွယ်တားဆီးလျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီး ထာဝစဉ်စိမ်းလန်း၊ သာယာလှပရေး အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီ အဆက်ဆက်က ယင်းကဲ့သို့ လက်ဆင့်ကမ်းဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသစ်ကို ဥက္ကဋ္ဌမြို့တော်ဝန် ဦးဗိုလ်ဌေး(ယခု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် အတွင်းရေးမှူး ဦးညွန့်ဖေတို့ဦးဆောင်ကာ ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး၊ ကော်မတီဝင်များအဖြစ် ဒေါက်တာဇော်ဝင်း၊ ဒေါက်တာဌေးစန်း၊ ဦးအောင်နိုင်တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့တော်ကြီး ခေတ်မီသာယာလှပရေးအတွက် "စိမ်းလန်းသာယာ သန့်ရှင်းလှပရေး လုပ်ငန်းကော်မတီ" ကို ရန်ကုန်မြို့တော်စည်ပင်နှင့် အခြားဌာနဆိုင်ရာများပါ ပူးပေါင်းဖွဲ့စည်းကာ နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၃-၉-၂၀၂၁ ရက်တွင် "ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့၍ ယင်းဥပဒေနှင့်အညီ ယခင်က ဌာန ၂၀ ကို ယခုအခါ ဌာန ၁၇ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများထိရောက်မြန်ဆန်စွာ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

> **မြို့တော်ကြီးမှ နေ့စဉ်ထွက်ရှိလာသည့်**
> **အမှိုက်များကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ**
> **(အချို့မှာ ည ၁၀ နာရီအထိဟု သိရသည်)**
> **စဉ်ဆက်မပြတ် သိမ်းဆည်းပေးနေသည်။**
> **မြို့တော်ဝန်နှင့် တာဝန်ရှိသူများကိုယ်တိုင်**
> **မြို့တော်စည်ပင်လုပ်ငန်းအားလုံးကို**
> **နေ့စဉ်ကွင်းဆင်းစစ်ဆေးကြီးကြပ်ပေးနေသဖြင့်...**

မြို့တော်ကြီးမှ နေ့စဉ်ထွက်ရှိလာသည့် အမှိုက်များကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ (အချို့မှာ ည ၁၀ နာရီအထိဟု သိရသည်) စဉ်ဆက်မပြတ် သိမ်းဆည်းပေးနေသည်။ မြို့တော်ဝန်နှင့် တာဝန်ရှိသူများကိုယ်တိုင် မြို့တော်စည်ပင်လုပ်ငန်းအားလုံးကို နေ့စဉ်ကွင်းဆင်းစစ်ဆေးကြီးကြပ်ပေးနေသဖြင့်၊ ယခုအခါ ရန်ကုန်မြို့တော်ကြီးတစ်ခွင် "စိမ်းလန်းသာယာသန့်ရှင်းလှပ"နေကာ မြို့တော်သူ မြို့တော်သားများ စိတ်ကြည်လင်ကျန်းမာပျော်ရွှင်စွာ လှုပ်ရှားသွားလာနေထိုင်ကြသည့် မြင်ကွင်းများသည်ပင် မင်္ဂလာတစ်ပါးဖြစ်ပေသည်။

**မျိုးမြန်မာ**



# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON




ကျုပ်က အလကားနေ မြည်တွန် တောက်တီး နေတတ်တဲ့ မိန်းမမျိုးဆိုရင် မယူချင်ဘူးဗျာ..
အဲဒါဆိုရင်တော့, စကား မပြောတတ်တဲ့, မိန်းမမျိုးကို ရှာပြီး ယူလိုက်ပေါ့ဗျ .....



# ရွှေရန်ကုန်ရဲ့ မြို့တော်ခန်းမ

မေသက်လှိုင်(မြို့တော်စည်ပင်)

"မြို့တော်သာရေး နာရေးကိစ္စများ၊ ဈေးဟောင်းအဆောက်အအုံ ရွှေရန်ကုန်ရဲ့ မြို့တော်ခန်းမ"

ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံကို ၁၉၂၈ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး သမိုင်းခေတ်အဆက်ဆက် မြူနီစီပါယ်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ ရုံးစိုက်ရာ အဆောက်အအုံတစ်ခုဖြစ်ခဲ့သည်။ စတင်ဆောက်လုပ်ချိန်မှ ယနေ့အချိန်အထိ ရန်ကုန်မြို့တော်၏ စည်ပင်သာယာရေးရာကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် နေရာလည်းဖြစ်သည်။

ဤမြို့တော်ခန်းမကြီးသည် ရန်ကုန်မြို့တော်၏ အသည်းနှလုံးဖြစ်ပြီး မြို့လယ်မှာ ခမ်းနားထည်ဝါဝင့်ကြွားစွာ တည်ရှိနေသည့် မြို့ပြအမွေအနှစ် သမိုင်းဝင်အဆောက်အအုံကြီးပင်ဖြစ်ပါသည်။



### တည်နေရာ

ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံသည် ရန်ကုန်မြို့တော်၏ ဗဟိုစီးပွားရေးဇုန် ဖြစ်သော ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၂၀/၄၅၀) တွင် တည်ရှိသည်။ အဆောက်အအုံ၏ တောင်ဘက်တွင်ရှိသော မဟာဗန္ဓုလလမ်းကိုမျက်နှာမူ၍ ဆောက်လုပ်ထားပြီး အရှေ့ဘက်တွင် မဟာဗန္ဓုလပန်းခြံလမ်း၊ အနောက်ဘက်တွင် ဆူးလေဘုရားလမ်းနှင့် မြောက်ဘက်တွင် စည်ပင်လမ်းတို့တည်ရှိသည်။

### မြေနေရာအကျယ်အဝန်းနှင့်ပိုင်ဆိုင်မှု

ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံသည် မြေတိုင်းရပ်ကွက် အမှတ် ၁၃ အီး-၂၊ မြေဧရိယာ ၃.၀၅ ဧကပေါ်တွင် တည်ရှိပြီး မြေအမည်ပေါက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြစ်ပါသည်။

### မြို့တော်ခန်းမအနီးပတ်ဝန်းကျင်ရှိ အထင်ကရနေရာနှင့် ဆက်စပ်မြို့ပြ အမွေအနှစ်အဆောက်အအုံများ

မြို့တော်ခန်းမအနီးပတ်ဝန်းကျင်တွင် ရှေးဟောင်းသမိုင်းဝင် ဆူးလေစေတီတော်၊ ဝိတိုရိယပန်းခြံ(ယခုမဟာဗန္ဓုလပန်းခြံ)၊ လွတ်လပ်ရေးကျောက်တိုင်၊ ဗမာ့ဧမ္မာနွေလခရစ် ယာန်ဘုရားကျောင်း၊ ဗဟိုတရားရုံးချုပ် (ယခု ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)၊ ဘန်ဂါလီ စွန္နီဂျာမေဗလီဝတ်ကျောင်းတော်၊ ရန်ကုန်ဗဟိုမီးသတ် (ယခု-ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့)၊ Burmese Favourite Co. မြန်မာအဆွေကုမ္ပဏီ မြန်မာကုန်တိုက်ကြီး အဆောက်အဦနှင့် Rowe and Companyအဆောက်အဦ(ယခု ဇရောဝတီဘဏ်ရုံးချုပ်) စသည့် အထင်ကရမြို့ပြအမွေအနှစ် အဆောက်အအုံများ တည်ရှိပါသည်။

### မြို့တော်ခန်းမ အဆောက်အအုံတည်ဆောက်ခဲ့မှုသမိုင်း

၁၈၇၄ ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းသည့် မြူနီစီပါယ်ကော်မတီဥက္ကဋ္ဌသည် ရန်ကုန်ရာဇဝတ်သူကြီးဖြစ်သဖြင့် ၎င်း၏ရုံးတွင် မြူနီစီပါယ်ရုံးကိုဖွင့်လှစ်ခဲ့သည်။ ၁၈၈၆ ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့တွင် ယခုဘဏ်လမ်း (ယခင် ရှက်ဖရက်လမ်း Shafrag Street) တောင်ဘက် နှစ်ထပ်တိုက် ရှိပြီးအဆောက်အအုံကို ထိုစဉ်က ကျပ်ငွေ(၁)သိန်းဖြင့်ဝယ်ယူ၍ လုပ်ငန်းများပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် မြန်မာပြည်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဦးဘဆော(ဘကြီးဘဆော) ခေါင်းဆောင်သော ၂၁ ဦးပါတီနှင့် ဦးချစ်လှိုင် (ဝံသာနု)ခေါင်းဆောင်သော မျိုးချစ်ပါတီတို့ ကွဲလွဲနေချိန်တွင် ဦးဘဆောမှ "မြို့တော် ခန်းမ"တည်ဆောက်ရန်သင့်ကြောင်း တင်ပြချက်အရ ၉-၁၀-၁၉၂၈ ရက်နေ့တွင်ကျင်းပသော မြူနီစီပါယ်ကော်မတီအစည်း အဝေးတွင် "မြို့တော်ခန်းမ"ကို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းဆုံးဖြတ်ချက်အရ ယခုလက်ရှိနေရာ ကော့ပိုရေးရှင်းလမ်း (ယခုစည်ပင်လမ်း)ဘက်သို့ မျက်နှာပြု၍...ဆူးလေဘုရားလမ်းနှင့် ဘားလမ်း(ယခုမဟာဗန္ဓုလပန်းခြံလမ်း)ကြားတွင် ကလပ်



အင်ဂရိတ်ကုမ္ပဏီ (Clark & Greig Company) ကန်ထရိုက်ယူ ဆောက်လုပ်သည်။ အင်ဂျင်နီယာမှာ မစ္စတာဘာရေးဖြစ်ပြီး၊ ဌာနဝန်ထမ်း မဟုတ်ဟုသိရသည်။ မစ္စတာဘာရေး တင်ပြသည့်ပုံစံမှာ မြန်မာမှုအနုပညာလက်ရာများ မပါရှိသဖြင့် စတင်လုပ်ဆောင်ပြီး တစ်ပတ်ခန့်အကြာတွင် မြန်မာတို့ ဝိုင်းဝန်းကန့်ကွက်ကြသောကြောင့် မြူနီစီပါယ် ကော်ပိုရေးရှင်းတွင် ဆောက်လုပ်ရေးအင်ဂျင်နီယာဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးတင် (ဗိသုကာ)အား မြန်မာ့အနုပညာနှင့် အနုပညာဟန်များပါဝင်သော မြို့တော်ခန်းမပုံစံတစ်ခုအား အရန်အဖြစ်ရေးဆွဲရန် ဝိုင်းဝန်းတိုက်တွန်း အားပေးခဲ့ကြသဖြင့် ဦးတင်နှင့် ၎င်း၏ယောက်ဖဖြစ်သူ ဦးသိန်းမောင်၊ တပည့်ဖြစ်သူ ဦးရိုင်း(အငြိမ်းစား ဒုဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း၏ဖခင်)တို့သည် မြန်မာဟန်ပန်များ ပါဝင်သော ပုံစံရရှိရေး လေ့လာရေးခရီးအဖြစ် ပုဂံမြို့ရှိ အုတ်ဖြင့်ပြုလုပ်သော ဘုရားနှင့် အဆောက်အအုံများအား လေ့လာမှုပြုခြင်း၊ နမူနာပုံစံများအဖြစ် ဓာတ်ပုံပေါင်း ၂၀၀ကျော် ရိုက်ကူးခြင်းပြုကာ လေ့လာခဲ့သည်။ ထိုအချိန်က မြန်မာ့ဟန်ပန်ပါသော အဆောက်အအုံများမှာ ပုဂံတွင်သာရှိနေသဖြင့် ပုဂံလက်ရာများ မှီငြမ်းနိုင်ရန် နှစ်ကြိမ်တိုင် သွားရောက်လေ့လာခဲ့ပြီးမှ ဤမြို့တော်ခန်းမပုံစံကို ရေးဆွဲ၍ ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခဲ့သည်။



**မြန်မာ့ဟန်ပန်ပါသော အဆောက်အအုံများမှာ**

**ပုဂံတွင်သာရှိနေသဖြင့် ပုဂံလက်ရာများ မှီငြမ်းနိုင်ရန်**

**နှစ်ကြိမ်တိုင် သွားရောက်လေ့လာခဲ့ပြီးမှ**

**ဤမြို့တော်ခန်းမပုံစံကို ရေးဆွဲ၍**

**ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခဲ့သည်**

၁၉၃၀ ပြည့်နှစ်တွင် မြောက်ဘက်ခန်းမကြီးနှင့် မြူနီစီပါယ်ကော်မတီ အစည်းအဝေးခန်းမကြီးတို့ပါဝင်တည်ဆောက်ခဲ့သည်။ ၁၉၂၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ၁၁ နှစ်ကြာ တည်ဆောက်ခဲ့ပြီး မြန်မာကျပ်ငွေ ၃၂ သိန်းခန့် ကုန်ကျခဲ့သည်။ ၁၉၃၄ မှ ၁၉၃၉ ခုနှစ်အထိ မြို့တော်ခန်းမအပါအဝင် အဆောက်အအုံတစ်ခုလုံးကို အောက်ပါအတိုင်း အဆင့်ဆင့်ဆောက်လုပ်ခဲ့ကြသည်-

(က) ၁၉၃၄-၃၅ ဆူးလေဘုရားဘက် မျက်နှာမူနေသော အနောက်ဘက်ခန်းမကြီး

(ခ) ၁၉၃၆-၃၇ မြို့တော်ခန်းမ

(ဂ) ၁၉၃၈-၃၉ မဟာဗန္ဓုလပန်းခြံလမ်း (ယခင်ဘားလမ်း)ဘက် မျက်နှာမူနေသော အရှေ့ဘက် ခန်းမဆောင်

(ဃ) ၁၉၃၉ ကျန်ရှိနေသော အနောက်ဘက်ခန်းမဆောင် မြို့တော်ခန်းမ တောင်ဘက်ခန်းမဆောင်နှင့် အရှေ့ဘက်ခန်းမဆောင်

**အဆောက်အအုံအကျယ်အဝန်း၊ ဖွဲ့စည်းမှုနှင့်ပုံသဏ္ဌာန်**

ရန်ကုန်မြို့တော်ခန်းမ၊ အဆောက်အအုံသည် ၄ထပ်အုတ်တိုက်အမျိုးအစား ဖြစ်သည်။ အဆောက်အအုံ၏ အရွယ်အစားမှာ အလျား ၃၉၆ ပေနှင့် အနံ ၂၆၀ ပေ အမြင့် ၆၀ပေ ရှိသည်။ အဆောက်အအုံ၏ ကြမ်းခင်းဧရိယာမှာ မြေညီထပ်တွင် ၆၅၆၄၀ စတုရန်းပေ၊ ပထမထပ်တွင် ၆၇၅၅၀ စတုရန်းပေ၊ ဒုတိယထပ်တွင် ၅၈၀၂၀ စတုရန်းပေနှင့် တတိယထပ်တွင် ၄၈၅၀၀ စတုရန်းပေဖြစ်သည်။ အုတ်မြစ်အနိုင်အမာချ၍ ကိုလိုနီခေတ်ဟိုတယ်ပုံစံ၊ အရှေ့တိုင်းရှိ ဗိသုကာလက်ရာများ၊ သာသနာ့အဆောက်အအုံများတွင်တွေ့ရတတ်သော ပြာသဒ်ပုံစံအမိုးများ၊ အထပ်မြင့်အမိုးတိုင်များတွင် ပန်းဆွဲအနုစိတ်လက်ရာများသာမက၊ စတုတ္ထထပ် သစ်သားပန်းရံတွင် ဗုဒ္ဓအမွေအနှစ် အထိမ်းအမှတ်ကြာပန်းပွင့်ပုံ အရှေ့မျက်နှာစာရှိ လေသာဆောင်အလယ်တွင် ဥဒေါင်းရုပ်၊ ဝင်ပေါက်၏ တစ်ဖက်တစ်ချက်စီ၌ နဂါးရုပ် စသည်ဖြင့် အရှေ့တိုင်းနှင့် အနောက်တိုင်းပေါင်းစပ်ထားသည့် ဗိသုကာလက်ရာများကို တွေ့ရပါသည်။

**ရန်ကုန်မြို့တော်ခန်းမအား ယခင်က အင်္ဂလိပ်အခေါ်အဝေါ်အားဖြင့် Town Hall ဟုခေါ်ဆိုခဲ့ပြီး မြို့တော်ခန်းမပထမထပ်ရှိ ခန်းမကြီးတွင် ရှင်ပြုအလှူ မင်္ဂလာဧည့်ခံပွဲတို့ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် လာရောက်ကျင်းပကြသည်။ ထို့ပြင် ရန်ကုန်မြို့တော်၏ အထိမ်းအမှတ်ပွဲများကိုလည်း အမြဲကျင်းပလျက်ရှိပါသည်။**

အခြားတစ်ဖက်တွင် သုံးထပ် Arcade ဒီဇိုင်းသည့် ဘုံဘော၏ ကိုလိုနီခေတ်လက်ရာအများအပြားကို တွေ့ရှိရသည်။ အဆောက်အအုံ၏ မျက်နှာစာအရှေ့ဘက်တွင် ကားရပ်နားရန်နေရာရှိပြီး အဆောက်အအုံအလယ်တွင် ပန်းခြံနှင့်ကစားကွင်းရှိပါသည်။

**ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံတွင် ဖွင့်လှစ်ခဲ့သည့် ရုံးများ၊ ဌာနများ**

ရန်ကုန်မြို့တော်ခန်းမအား ယခင်က အင်္ဂလိပ်အခေါ်အဝေါ်အားဖြင့် Town Hall ဟုခေါ်ဆိုခဲ့ပြီး မြို့တော်ခန်းမပထမထပ်ရှိ ခန်းမကြီးတွင် ရှင်ပြုအလှူ မင်္ဂလာ ဧည့်ခံပွဲတို့ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် လာရောက်ကျင်းပကြသည်။ ထို့ပြင် ရန်ကုန်မြို့တော်၏ အထိမ်းအမှတ်ပွဲများကိုလည်း အမြဲကျင်းပလျက်ရှိပါသည်။ ရန်ကုန်မြို့တော်ခန်းမတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဌာနများအပြင် အခြားပြင်ပဌာနများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ ရုံးများဖွင့်လှစ်ဆောင်ရွက်ခဲ့ကြသည်။ ရန်ကုန်မြို့တော်ခန်းမတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့ သည့် အခြားပြင်ပဌာနများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) Barnard Library (နောင်တွင် အမျိုးသားစာကြည့်တိုက်)
(ခ) ကျန်းမာရေးဓာတ်ခွဲခန်း
(ဂ) စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
(ဃ) ဖူးကြီးရေပေးဝေရေးစီမံကိန်းရုံး
(င) မြို့များရေပေးရေးစီမံကိန်းရုံး
(စ) ရန်ကုန်တိုင်းစီမံကိန်းရုံး
(ဆ) ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူးရုံး
(ဇ) ရန်ကုန်တိုင်းဒေသပါတီကော်မတီ
(ဈ) ရန်ကုန်တိုင်းပြည်သူ့ကောင်စီ
(ည) ရန်ကုန်တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့
(ဋ) ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး
(ဌ) မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး (ရန်ကုန်အနောက်ပိုင်း)
(ဍ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
(ဎ) အမှတ်(၄)စစ်ဒေသမှူးရုံး
(ဏ) ရန်ကုန်တိုင်းကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီရုံး
(တ) မြို့တော်အသံလွှင့်ဌာန (City FM)





**အဆောက်အအုံအား အဆင့်ဆင့်အသုံးပြုခဲ့မှု**

ရန်ကုန်မြို့တော်ခန်းမအဆောက်အအုံ စတင်ဆောက်လုပ်ခဲ့ချိန်မှ ၁၉၃၄ ခုနှစ်အထိ ရန်ကုန်မြူနီစီပါယ်ကော်မတီ ဥက္ကဋ္ဌမှ ရုံးထိုင်၍ မြူနီစီပါယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဥက္ကဋ္ဌဆိုသည့် စကားရပ်အစား မြို့တော်ဝန်ဟု အစားထိုးခေါ်ဝေါ်ခဲ့သဖြင့် ၁၉၃၄ခုနှစ်မှစ၍ မြို့တော်ဝန်အဆက်ဆက် ရုံးထိုင်ကာ မြူနီစီပါယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြူနီစီပါယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ဟု အစားထိုးခေါ်ဝေါ်စေခဲ့ပြီး ၁၉၇၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၁၃)၊ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေပုဒ်မ(၁၉)ပါ ပြဋ္ဌာန်းချက်အရ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌကို(မြို့တော်ဝန်)အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။

ရန်ကုန်မြို့သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် ပြုပြင်မွမ်းမံ၊ တိုးချဲ့မှုများလိုအပ်ကြောင်း သုံးသပ်ကာ စည်ပင်သာယာရေး ဥပဒေ (၁၉၈၄)ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေ၏ ဖွဲ့စည်းခြင်း၊ အခန်း(၂) အပိုဒ်ခွဲ (၃)အရ နိုင်ငံတော်ကောင်စီက " ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ "အား သီးခြားကော်မတီအဖြစ် ဖွဲ့စည်းရန် ဆုံးဖြတ်လျက် ၁၉၈၅ ခုနှစ် ၊ မတ်လ ၁၂ ရက်ပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/ ၈၅)ဖြင့် ထုတ်ပြန်ကာ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့" ကို "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ"ဟု သီးခြားကော်မတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ကော်မတီဥက္ကဋ္ဌကို (မြို့တော်ဝန်)အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သဖြင့် ရန်ကုန်မြို့တော်ခန်းမအဆောက်အအုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရုံးစိုက်ရာ အဆောက်အအုံ ဖြစ်လာခဲ့သည်။

၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို စတင်တာဝန်ယူသည့်အချိန်၌ ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံတွင် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အမှတ်(၄) စစ်ဒေသမှူးတို့ရုံးစိုက်၍ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အမှတ်(၄) စစ်ဒေသမှူးရုံးတို့ မြို့တော်ခန်းမမှ ပြောင်းရွှေ့သွားခဲ့သဖြင့် ယနေ့အချိန်အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဥက္ကဋ္ဌ (မြို့တော်ဝန်)၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက မြို့တော်ခန်းမတွင်ရုံးစိုက်ပြီး စည်ပင်သာယာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါသည်။

ရန်ကုန်သည်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည်လည်းကောင်း၊ ရန်ကုန်မြို့နေလူထုသည်လည်းကောင်း ပြောင်းလဲနေသော ခေတ်၏ရေစီးကြောင်းတွင် လူမှုဘဝတည်ဆောက်ရေးနှင့် နေ့စဉ်ဖြတ်သန်းကြုံတွေ့နေရသော စားဝတ်နေရေး၊ သွားလာလှုပ်ရှားနိုင်ရေးတည်းဟူသောကိစ္စများနှင့် ဆက်စပ်ပတ်သက်နေသည်။ မြို့နေလူထု သွားလာနေထိုင်နိုင်ရေးအတွက် နေ့စဉ် အမှိုက်၊ မိလ္လာ၊ မြို့များအတွင်းရှိလမ်းများ၊ ရေမြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေပေးဝေရေးလုပ်ငန်းများ၊ ဈေးများ၊ ညပိုင်းလျှပ်စစ်မီးလင်းရေးကိစ္စများ၊ အိုးပိုင်အိမ်ပိုင်

## သမိုင်းဝင် ရှေးဟောင်းမြို့တော်ခန်းမအဆောက်အအုံ၏ သမိုင်းဖြစ်စဉ်မှတ်တမ်းကို လေ့လာခြင်းအားဖြင့် မြန်မာဗိသုကာ အင်ဂျင်နီယာ ဗိသုကာစည်သူဦးတင်၏ကြိုးပမ်းအားထုတ်မှု အနောက်တိုင်းနှင့် အရှေ့တိုင်းဗိသုကာလက်ရာတို့ပေါင်းစပ်ကာ တည်ဆောက်ထားသည့်.....

မရှိသူများ၏အတည်တကျနေထိုင်နိုင်ရေး၊ မြို့တွင်းတံတားများ၊ လမ်းများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်မှုကို စစ်ဆေးခြင်း စသည့်လုပ်ငန်းတို့ကို ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေကြရသည်။

ရန်ကုန်သည် နိုင်ငံတကာ ဝင်/ထွက်သွားလာသော နေရာဖြစ်သည်။ နိုင်ငံ၏စီးပွားရေးနှင့် မြို့ပြဖွံ့ဖြိုးမှုတွင် ရန်ကုန်သည် အချက်အချာကျ၍ အလုပ်အကိုင်အခွင့်အလမ်းများပြားပြီး ခေတ်မီစီးပွားရေးလုပ်ငန်းများ ပိုမိုထွန်းကားလာ၍ လူနေမှုအဆင့်အတန်း မြင့်မားလာမှု၊ ကျန်းမာရေးစောင့်ရှောက်နိုင်မှုများ ပိုမိုကောင်းမွန်လာပြီး၊ ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးစနစ် တွင်ကျယ်လာမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး၊ သန့်ရှင်းသာယာလှပကာ နေချင်စဖွယ်ရန်ကုန်မြို့တော်ဖြစ်ရေးအတွက် ဌာနအသီးသီးရှိ ဝန်ထမ်းများက အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။

ရန်ကုန်ရွှေမြို့တော်၏ ကျက်သရေဆောင် မြို့တော်ခန်းမ အဆောက်အအုံကြီးသည် နောက်ခံသမိုင်း အကြောင်းအရာများစွာရှိသည့် မြန်မာနိုင်ငံ၏ မြို့ပြအမွေအနှစ်အဆောက်အဦးတစ်ခု ဖြစ်ခြင်းကြောင့် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ပထမဦးဆုံး မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား (Blue Plaque)ကို မြို့ပြခန်းမရှေ့၌ တပ်ဆင်ခဲ့သည်။

သမိုင်းဝင်၊ ရှေးဟောင်းမြို့တော်ခန်းမအဆောက်အအုံ၏ သမိုင်းဖြစ်စဉ်မှတ်တမ်းကို လေ့လာခြင်းအားဖြင့် မြန်မာဗိသုကာ အင်ဂျင်နီယာ ဗိသုကာစည်သူဦးတင်၏ကြိုးပမ်းအားထုတ်မှု၊ အနောက်တိုင်းနှင့် အရှေ့တိုင်းဗိသုကာလက်ရာတို့ပေါင်းစပ်ကာ တည်ဆောက်ထားသည့် ရှေးမှုအနုပညာလက်ရာများဖြင့် လှပထည်ဝါ၊ ခန့်ညားစွာ၊ တည်ဆောက်ခဲ့မှုတို့ကို တွေ့မြင်နိုင်ပါသည်။ မြန်မာတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းသမိုင်းဝင် မြို့ပြအမွေအနှစ် အဆောက်အအုံကြီးကို အစဉ်ပြုပြင်၊ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း ဆန္ဒပြုလိုက်ပါသည်။

ရည်ညွှန်း –

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသမိုင်း၊ သောင်းဇေဦး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ ဖြစ်စဉ်သမိုင်း၊ အထွေထွေဦးစီးဌာန

၁၉၂၂ခုနှစ်၊ မြန်မာနိုင်ငံတော် အက်ဥပဒေအမှတ်၆၊ ၁၉၂၂ခုနှစ် ရန်ကုန်မြို့မ မြူနီစီပါယ်အက်ဥပဒေ၊ ၁၉၆၃

အနာဂတ်ရန်ကုန် ၂၀၄၀ YCDC

မေသက်လှိုင်(မြို့တော်စည်ပင်)



# CITY CARTOON





# ယန္တရား နှင့် အတွင်းအား

လူ့စွမ်းအား အရင်းအမြစ်
မျိုးဆက်သစ် ကြံ့ခိုင်မှာ
လေ့ကျင့်ကာ မွမ်းမံမှ
ပြုစုခါခါ၊
စားကောင်းတို့ ပုံပမာ
မီးနှာနှာ ခါခါကျွေး
ဒေါင်ဒေါင်မြည် ပြည့်ရင်သွေး
ပြည်ထောင်စု အနာဂတ်အရေး
ဝန်ထမ်းကောင်းမွေး။

'စား' 'ဝတ်' 'နေ' 'လူမှုရေး'
နွေးထွေးတဲ့ စေတနာ
စီမံကာ စဉ်ကွင်းကဲ
ခန့်ခွဲဝန်တာ၊
ပြည်သူ့ 'သက်' 'စည်းစိမ်' 'အိမ်ရာ'
လုံခြုံစွာ ကွယ်ကာတား
ဖွံ့ဖြိုးသာ ဒေသမခြား
သွက်လက်စွာ အစဉ်လှုပ်ရှား
နိုင်ငံ့ယန္တရား။

ယန္တရား အစဉ်လှုပ်ရှားဖို့
လုပ်အားက အခရာ
ကျရာမှာ တစ်ဖက်တစ်လမ်း
ရွက်ထမ်းဝင်ပါ၊
နိုင်ငံနှင့် ပြည်သူ့တွက်တာ
နှီးနွှယ်ကာ လုပ်ခွင်ဝန်း
နိုင်ငံ့ဝန် ပြည့်ဝန်ထမ်း
ကျွမ်းကျင်ရာ မနိုတမ်း
ပြည်သူ့ဝန်ထမ်း။

ကျော်စောဟန်



# တည်နေရာဝိသေသဖြင့် ရေလယ်မှသည် မြို့လယ်တွင်ရှိနေသည့် ဆူးလေစေတီတော်

**မောင်ဖြတ်မွန်(ဆူးလေ)**



"ရုံးတက် ရုံးဆင်း လူပေင်းတို့ မြို့တွင်းဖြတ်၍ ဆူးလေရှေ့ဆီ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်လည်း တစ်ခေါက်တလေ မဖူးရေချိ၊ ဆူးလေစေတီ မွေသရိုက်ို"ဟု ကာပ်ကျော်စေတီဖြစ်နေရုံကို စာဖွဲ့ထားခြင်း ဖြစ်သည်။ ရန်ကုန်မြို့လယ် မြို့နယ်များ၏ အလယ်ဗဟို 'ဆူးလေရင်ပြင်' (Sule Square)တွင် အဖူးမြော်ခံ တည်ရှိနေသည်ကား လယာပြင် ယဥ်ကျေးမှု ဗိမာန်ကြီးပမာဖြစ်သည့် 'ဆူးလေစေတီတော်မြတ်'ပင် ဖြစ်ပေသည်။


**ဆူးလေစေတီ၊ မွေသရီ**

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်နှင့် သိရိဓမ္မာသောကမင်းကြီးတို့တိုင်ပင်၍ မြန်မာပြည်အပါ အဝင် ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသနာတော်

## သာသနာတော်နှစ် ၂၃၈ တွင် သုရဲကောင်းအမတ်ကြီး အသုတ်က ဆံတော် ၂ ဆူ၊ ဓာတ်တော် ၂ ဆူကို ဌာပနာ၍ ရေပတ်လည်ဝိုင်းနေသော ဂဝံကုန်းမူထက်တွင် ရှစ်မြှောင့်ထောင့်ချိုးပုံစံ စေတီတော်ကို တည်ထားသည်။ မူလဘွဲ့မည်မှာ "ကျိုက်အသုတ်" ဟု ခေါ်တွင်ရာမှ ဆူးလေစေတီတော်မြတ်အမည်သို့.......

ပြန့်ပွားရေးအတွက် သီရိဓမ္မာသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒအမှူးရှိသော ရဟန္တာများအား စေလွှတ်တော်မူရာတွင် အရှင်သောဏ၊ အရှင်သုဓိတအပါအဝင် ရဟန္တာရှစ်ပါး ပင့်ဆောင်တော်မူလာကြသည့် 'ဆံတော်ဓာတ်တော်မြတ်' များကို သန်လျင်ဒေသ ဘောဂသေနမင်းကြီးအား ပေးအပ်တော်မူလေသည်။ ဘောဂသေနမင်းကြီးက အမတ်ကြီးများအား ဆံတော်နှင့် ဓာတ်တော်များကို ခွဲဝေပေးပြီး အနာဂတ်သာသနာ ထွန်းလင်းစေရန် စေတီတော်များ တည်ထားကိုးကွယ်စေသည်။ သာသနာတော်နှစ် ၂၃၈ တွင် သုရဲကောင်းအမတ်ကြီး အသုတ်က ဆံတော် ၂ ဆူ၊ ဓာတ်တော် ၂ ဆူကို ဌာပနာ၍ ရေပတ်လည်ဝိုင်းနေသော ဂဝံကုန်းမူထက်တွင် ရှစ်မြှောင့်ထောင့်ချိုးပုံစံ စေတီတော်ကို တည်ထားသည်။ မူလဘွဲ့မည်မှာ 'ကျိုက်အသုတ်' ဟု ခေါ်တွင်ရာမှ ဆူးလေစေတီတော်မြတ်အမည်သို့ ပြောင်းလဲလာလေသည်။

ဆူးလေစေတီတော်ပုံသဏ္ဌာန်သည် အောက်ခြေဖိနပ်၊ ပန်းတင်ခုံနှင့် ပစ္စယံတို့မှသည် အထက်ကြာမှောက်အထိ ရှစ်မြှောင့်ထောင့်ချိုးဖြစ်သည်။ အောက်ခြေကို စက်ဝန်းသဏ္ဌာန်ပြု၍ ရှစ်မြှောင့်ထောင့်များထည့်ထားပြီး ပစ္စယံသုံးဆင့်နှင့် ကြာဝန်းသုံးရပ်ပါဝင်ဖွဲ့စည်းထားသည်။ ခေါင်းလောင်းသပိတ်တော်ကို တစ်တွဲတည်းပြုလုပ်ထား၍ အထက်နှုတ်ခမ်းစွန်းများ ကောက်နေဟန်ရှိနေသည်။ ခေါင်းလောင်းအထက်ဝိုင်းရှိ ရင်စည်းအထက်၌ 'မကာန်းကွက်'ပုံသဏ္ဌာန်ဆောင်သည့် ရှမ်းထီးပုံသဏ္ဌာန် ထုဆစ်ထားသော ထီးသုံးလက်ထပ်ဆင့်ထားပြီး ထီးသုံးလက်အထက်ဝိုင်းတွင် 'စကြာပုံ' ဖော်ထားသည်။ ဖောင်းရစ်များမှာလည်း ရှစ်မြှောင့်ထောင့်ချိုးပင်ဖြစ်၍ အထက်တွင် ဖောင်းရစ်ကြီး ၃ ခု၊ အလယ်တွင် ဖောင်းရစ် ၂ ခုနှင့် အခြေခံဖောင်းရစ် ၄ ခု၊ စုစုပေါင်း ဖောင်းရစ် ၉ ခု ပါရှိသည်။ ဖောင်းရစ်များအထက်တွင် 'ကြာနှ၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်'တို့ ရှိကြ၏။ 'ရွှဲ' တပ်ဆင်ထားပုံမှာလည်း အခြားစေတီများနှင့်မတူဘဲ တစ်မူထူးခြား၏။ ရွှဲနှစ်ဆင့်ဖြင့် တင့်တယ်သပ္ပာယ်အချိုးအဆစ်ပြေပြစ်မှုကို ဖြစ်စေသည်။ ကြာနှသည် စေတီတော်ကို အထက်သို့ချူးစေပြီး အောက်သို့ ရှစ်မြှောင့်ချိုးကား၍ ဆင်း





စေမှုကို အကူးအပြောင်းပြုပေးသည့် နေရာဖြစ်သည်။ ငှက်ပျောဖူးသည်လည်း အခြားစေတီများကဲ့သို့မဟုတ်ဘဲ ရှစ်မြှောင့်ပုံအချိုးနှင့် ပြေပြစ်လျောက်ညီအောင် ရှစ်မြှောင့်အသွင်ရှိ၏။ စေတီတော်ကြီး၏ အထွတ်ဖြစ်သည့် ထီးတော်ကြီးသည် ဘုံခုနစ်ဆင့်ရှိသည်။ ၁၉၇၅ ခုနှစ်က တင်လှူခဲ့ခြင်းဖြစ်သည်။ ရွှေချိန် (၄၂၃) ပိဿာနှင့် ကြေးနီပိဿာချိန် (၁၈၉၁၇) ပါဝင်သည်။ ထီးတော်အထက်တွင် ရွှေဘီးဖွန်းကြီး၊ ငှက်မြတ်နား၊ ရွှေဘီးဖွန်းလေးနှင့် စိန်ဖူးတော်တို့ဖြင့် တည်ထားကိုးကွယ်ထားလေသည်။

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်မှုကို ၁၉၈၉ ခုနှစ်တွင် ဆောင်ရွက်ရင်း ခေတ်မီအင်ဂျင်နီယာနည်းအတတ်ပညာဖြင့် တိုင်းတာချက်အရ–

(၁) ကားလမ်းမြေညီ (လူသားစင်္ကြံ)မှ ၁၆၂ ပေ။
စိန်ဖူးတော်အထိ ဉာဏ်တော်အမြင့်

(၂) ရင်ပြင်တော်မှ စိန်ဖူးတော်အထိ ၁၅၁ ပေ။
ဉာဏ်တော်အမြင့်

(၃) ကားလမ်းမြေညီမှ ရင်ပြင်တော် ၁၁ ပေ။
(ကုန်းတော်အထိ)

(လွှတ်လပ်ရေးကျောက်တိုင်အမြင့်မှာ ၁၅၅ ပေဖြစ်သည်)

ဆူးလေစေတီတော် ကုန်းမူပတ်လည် အကျယ်အဝန်းမှာ (ဆိုင်ခန်းများအပါအဝင်) ၂ ဒသမ ၈၁ ဧကဖြစ်ကာ ရင်ပြင်တော် အကျယ်အဝန်းသည် တောင်နှင့်မြောက် ၂၁၂ ပေနှင့် အရှေ့နှင့်အနောက် ရင်ပြင်တော်အကျယ်အဝန်းမှာ ၁၇၅ ပေ ဖြစ်ပေသည်။ မြို့လယ်စေတီတော်ကြီးအား လယ်မြေဧက ၄၀ ကို သိုက်တူးကန်ကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းမှ ထူးခြားစွာ လှူဒါန်းထားလေသည်။

**မြတ်ဆူးလေ၏ဝိသေသ ၁၁ ဖြာ**

လူသားတို့အား လောင်မြိုက်နေသည့် (၁၁)မီးငြိမ်းစေသည့် ဝိသေသ (၁၁)ဖြာသည် မြတ်ဆူးလေတွင် ထူးခြားစွာတည်ရှိနေပေသည်။ ယင်းဝိသေသများကား–

**၁ တည်နေရာဝိသေသ**

သမိုင်းကြောင်းအရ ရေပတ်လည်ဝိုင်းနေသည့် ရေလယ်ဘုရားဖြစ်ခဲ့လင့်ကစား မျက်မှောက်ကာလတွင်မူ မြို့လယ်အချက်အချာ ယာဉ်ကြောထူထပ်လှပစွာသော ကုန်းမူထက်က ဆူးလေစေတီတော်မြတ် ဖြစ်နေလေပြီ။

**၂ ပုံသဏ္ဌာန်ဝိသေသ**

ရှစ်မြှောင့်ထုချွန်သဏ္ဌာန်ဖြင့် ထင်ရှားသော ထုပါများတွင် ဆူးလေထုပါသည် အထင်ရှားဆုံးဖြစ်သည်။ ဆူးလေဘုရား ပုံသဏ္ဌာန်သည် ရန်ကုန်မြို့ရှိ ဘုရားများအနက် တစ်မူထူးခြားလှ၏။ အောက်ခြေမှစ၍ ချာရားသီးပိန္နဲတိုင်သို့တိုင်အောင်ပင် 'ရှစ်မြှောင့်'

ထောင့်ချိုးများသာဖြစ်သည်။ ပုံသဏ္ဍာန်ရှစ်မြှောင့်ဖြင့် တည်ထားကိုးကွယ်ခြင်းမှာ အရပ်ရှစ်မျက်နှာ၏ ပူဇော်ရာနှင့် မဂ္ဂင်ရှစ်ပါးကို ရည်မှန်း၍ တည်ထားခြင်းဖြစ်သည်။

### ၃ ခေါင်းလောင်းသပိတ်တော်မှ စကြာဝိသေသ

ဆူးလေစေတီတော်၏ ခေါင်းလောင်းသပိတ်တော်အထက်တွင် 'ခမာ–ထိုင်း' (မွန်ခမာ) လက်ရာအငွေ့အသက်ဖြစ်သည့် (အရပ်အခေါ်) 'ရှမ်းထီးပုံစံ' ဝိသေသထူးခြားစွာ ပါဝင်တည်ရှိနေလေသည်။ ထီးသုံးလက်ဆင့်ထားသည့် ပုံစံသည် 'ရတနာသုံးပါး' ဂုဏ်သိန်ကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ ထိုထူးခြားသည့် ပန်းတော့လက်ရာ ကနုတ်ပန်းအား 'ဧဂါပကအဖွဲ့'၏ အသိမ်းအမှတ်တံဆိပ်အဖြစ် အသုံးပြုထားသည်။

### ၄ ရွှေဦးစွန်းကြီး / ရွှေဦးစွန်းလေးဝိသေသ

စေတီတော်များတွင် ထည့်သွင်းတပ်ဆင်ရမြဲဖြစ်သည့် 'နှန်းလေးဘုံ'အစား ရွှေဦးစွန်းကြီး၊ ရွှေဦးစွန်းလေးတို့ကို ထီးတော်အထက် ငှက်မြတ်နားအောက်တွင် ရွှေဦးစွန်းကြီးကိုလည်းကောင်း၊ ငှက်မြတ်နားအထက် စိန်ဖူးတော်အောက်တွင် ရွှေဦးစွန်းလေးကိုလည်းကောင်း ဝိသေသထူးခြားစွာ တပ်ဆင်ထားသည်။

### ၅ လျှေင်ဒဏ်မခံရခြင်းဝိသေသ

ရန်ကုန်မြို့၏ 'တံခွန်'ဖြစ်သည့် မြတ်ဘုရားရွှေတိဂုံနှင့် စွန်းဘုရား (ကျိုက်ဖေးအံ့)အမည်ရသည့် ဗိုလ်တထောင်စေတီတော်တို့သည် လျှေင်ဒဏ်ကို သမိုင်းကြောင်းတစ်လျှောက်တွင် ကြိမ်ဖန်များစွာ ခံစားခဲ့ရသည်။ မြတ်ဆူးလေမှာမူ ဂဝံကုန်းမူလယ်ထက်တွင် တည်ရှိနေသော်လည်း မှတ်တမ်းများအရ 'လျှေင်ဒဏ်' တစ်ကြိမ်တစ်ခါမျှ မခံခဲ့ရဖူးပေ။ လေမုန်တိုင်းဒဏ်ကြောင့် ထီးတော်ဝန်ရိုးတိုင် ကျိုးခဲ့ရခြင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း အနောက်ဘက်မုခ်ဖုံးဒဏ် 'ခံ'ခဲ့ရခြင်းများသာ ရှိခဲ့လေသည်။

### ၆ မုခ်ဦးခြင်္သေ့မရှိသည့်ဝိသေသ

ခြင်္သေ့ရုပ်တုကို အစောင့်အရှောက်အနေဖြင့်သာမက ယဉ်ကျေးမှုအနုပညာလက်ရာ ဖော်ညွှန်းချက်အနေဖြင့် ဘုရား/ စေတီများ၏ မုခ်ဦးတွင် ထားရှိခြင်းဖြစ်သည်။ ဆူးလေစေတီတော်၏ ခရစ် ၁၉၃၈ ခုနှစ် ဓာတ်ပုံမှတ်တမ်းအရ တောင်ဘက်အာရုံခံ တန်ဆောင်းရှေ့တွင် ခြင်္သေ့ရုပ်တုရှိခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်တွင် မုခ်ဦးတန်ဆောင်း ဆောက်လိုက်သဖြင့် ခြင်္သေ့ရုပ်တု ပျောက်ကွယ်သွားခဲ့ရကာ မျက်မှောက်ကာလတွင် ခြင်္သေ့အစောင့်အရှောက် အလျှင်းမရှိသည့် မြို့လယ်မြို့နယ်များ၏ 'အလယ်ဗဟို'ရှိ စေတီတော်ကြီးဖြစ်၍နေပေပြီ။

### ၇ ဝတ္ထုကံမြေပြသနာကင်းခြင်းဝိသေသ

မြန်မာနိုင်ငံသည် ကိုလိုနီအဖြစ် နှံနှစ်ခဲ့ရသောကြောင့် ဘုရား/ စေတီများတွင် ဝတ္ထုကမြေပြဿနာများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ကို နယ်ချဲ့တို့က နှစ်ပေါင်းများစွာ သိမ်းပိုက်ထားသကဲ့သို့ ရင်ပြင်တော်ပေါ်၌ပင် 'စစ်သချိုင်း' ပြုလုပ်ခဲ့ကြသည်။ ဗိုလ်တထောင်စေတီတော်တွင်



**ဆူးလေစေတီတော်သည် အလောင်းဘုရား**
**ရန်ကုန်မြို့ကွက်တွင် ရေပတ်လည်ဝိုင်းနေသည့်**
**"ဂဝံကုန်းမူ"ထက်မှ "ရေလယ်ဘုရား" ဖြစ်ခဲ့၍**
**သစ်သားတံတားဖြင့် သွားရောက်ဖူးမြော်ခဲ့ကြရသည်။**

လည်း ရင်ပြင်တော်ပေါ်တွင် စစ်သချိုင်းပြုလုပ်ခံခဲ့ရသကဲ့သို့ ရေဝန် (Port Commissioner) နှင့် ဝတ္တကမြေပိုင်ဆိုင်ရေး အငြင်းပွားမှုမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးမှသာ ပြီးပြတ်ခဲ့သည်။ ဆူးလေစေတီတော်မှာမူ ရေပတ်လည်ဝိုင်းနေသော ဂဝံကုန်းမူထက်တွင် တည်ရှိနေခြင်းကြောင့် ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲကာလတွင် နယ်ချဲ့တပ်နှင့်ပါလာသော နိုင်ငံရေးအရာရှိ Major Canning အုပ်ချုပ်သည့် တပ်ရင်းတစ်ရင်း ယာယီတပ်စွဲခဲ့ခြင်းသာရှိခဲ့သည်။ ရင်ပြင်တော်ပေါ်တွင် စစ်သချိုင်းပြုလုပ်ခံရခြင်းမရှိဘဲ Major Canning အားလည်း Cantoment ပန်းခြံကို အပိုင်စားပေးလိုက်၍ Canning Island ဟုပင် အမည်တွင်ခဲ့ဖူးသည်။ ယခု ဦးဥတ္တမပန်းခြံ (ကန်တိုမင်၊ ကန်တော်မင်္ဂလာပန်းခြံ)နေရာပင်ဖြစ်သည်။


**၈ ဝတ္တကလယ်မြေဝိသေသ**

ရတနာသုံးပါးအား ရည်မှန်းပူဇော်ထားခြင်းကို ဝတ္တက/ဝတ္တုကံဟု သုံးနှုန်းသည်။ (ကံကျေးချခြင်း (Feudalism) နှင့် များစွာခြားနားသည်။)

ဆူးလေစေတီတော်၏ လှူဒါန်းငွေစာရင်းတွင် ဝတ္တုကံလယ်မြေဧက (၄၀)မှ ငှားရမ်းခငွေပါ ပါဝင်နေသည်။ ရတနာသုံးပါးအားရည်မှန်း၍ လယ်မြေဧက (၄၀)အား လှူဒါန်းထားသူများမှာ ဦးသာညွန့်+ဒေါ်နုက် သိုက်တူးကန်ကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ ဖြစ်လေသည်။

**၉ တောင်ဘက်မုခ်ဦးဝိသေသ**

ဆူးလေစေတီတော်သည် အလောင်းဘုရား ရန်ကုန်မြို့ကွက်



တွင် ရေပတ်လည်ဝိုင်းနေသည့် 'ဂဝံကုန်းမူ'ထက်မှ 'ရေလယ်ဘုရား' ဖြစ်ခဲ့၍ သစ်သားတံတားဖြင့် သွားရောက်ဖူးမြော်ခဲ့ကြရသည်။ နယ်ချဲ့တို့၏ မြို့ကွက်တွင် မြို့လယ်အချက်အချာဖြစ်လာခဲ့သော်လည်း မုခ်ဦးလေးသွယ် တစ်ပြိုင်တည်း ပေါ်ပေါက်ခဲ့သည်မဟုတ်ပေ။ ၁၉၂၀ ပြည့်နှစ်အထိ မုခ်ဦးတန်ဆောင်းဟူ၍ မရှိသေးဘဲ ခရစ် ၁၉၂၈ ခုနှစ်ကျမှသာ မြောက်ဘက်မြေပြင့်တွင် မြောက်ဘက်မုခ်ဦးတန်ဆောင်း စတင်တည်ရှိလာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ခရစ် ၁၉၄၈ ခုနှစ်တွင် အနောက်ဘက်မုခ်ဦးတန်ဆောင်းများ ပေါ်ထွန်းလာခဲ့သည်။ တောင်ဘက်မုခ်ဦးတွင် ခရစ် ၁၉၃၈ ခုနှစ်က ခြသေ့ရုပ်တုရှိခဲ့ဖူးသော်လည်း မုခ်ဦးတန်ဆောင်းတည်ဆောက်လိုက်ပါက ယာဉ်သွားလမ်း ကျဉ်းကျပ်သွားမည်ဟူသော အကြောင်းပြချက်ဖြင့် ကိုလိုနီခေတ်က ဆောက်လုပ်ခွင့်မပြုခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ပြည့်နှစ်သို့ ရောက်တော့မှသာ ပြည်ထောင်စုအစိုးရ (ပထစ)က မြေအကျယ်အဝန်းမျက်နှာစာ ၆၂ ပေ အနံ ၂၅ ပေကို ခွင့်ပြုသဖြင့် မြန်မာနိုင်ငံ ဆန်စက်များပိုင်ရှင်(များပုံ) ဦးဘသင်မိသားစုက တောင်ဘက်မုခ်ဦးတန်ဆောင်းကို ငွေကျပ်တစ်သိန်းနှစ်သောင်း အကုန်အကျခံ၍ လေးထောင့်ပုံစံသံပတ္တလန်ဒိုင်လုံးကြီးများဖြင့် ဝိသေသထူးစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ တောင်ဘက်မုခ်ဦးအဝင်ဝတွင် တပ်ဆင်ထားသော 'တံကဲ'မှာလည်း မြတ်ဆူးလေတွင် လက်ရာအမြောက်ဆုံး အမွမ်းအပြောက်များပါဝင်သည့် ရွှေသားအစစ်ဖြင့် ရွှေချထားသော ရွှေတံကဲကြီးပင်ဖြစ်ပေသည်။

**၁၀ ရန်ကုန်မြို့တွင် လျှပ်စစ်မီးပန်းအကြွယ်ဝဆုံး ဝိသေသ**

ရန်ကုန်မြို့တွင် စစ်ကြိုခေတ်က လျှပ်စစ်မီးပေါ်ခါစဖြစ်သည့်ပြင် လျှပ်စစ်ဓာတ်အားကို အကြောက်တရားကြောင့် 'သုံးစွဲရကောင်းမှန်း မသိကြသေး၍ ထိုခေတ် စာရေးဆရာများက လျှပ်စစ်မီးပန်းတို့ဖြင့် ညဘက်တွင် ထိန်ထိန်ညီးခဲ့ပုံကို ထင်ဟပ်ကာ ရန်ကုန်မြို့တွင် 'ည'ဟူ၍ မရှိပေဟုပင် စာဖွဲ့ခဲ့ကြသည်။ ဆူးလေစေတီတော်သမိုင်း (အမြုတေ) စာအုပ်ကြီးကိုရေးသားသူ အရှင်တိလောကာဘိဝံသ ဆရာတော်ကလည်း ရန်ကုန်တွင် 'မီးပန်း'

အကြွယ်ဝဆုံး စေတီတော် ခေါင်းစဉ်ဖြင့် ပဏ္ဏာတင်ထားသည်မှာ "ဆူးလေစေတီတော်၌ ထူးခြားချက်တစ်ခုမှာ ညဘက်တွင် လျှပ်စစ်ဓာတ်မီးတို့ဖြင့် ဘာသာဝင်တို့၏ သဒ္ဓါရွှေမိုးကို တသွင်သွင်တိုးစေပေသည်။ ရိုးရိုးဖန်သီးများ မဟုတ်ကြတော့ဘဲ နှစ်ပေ၊ လေးပေ၊ ငါးပေခန့်ရှည်လျားသော ဖန်ချောင်းများ ခေတ်စားလာသဖြင့် ဖန်ချောင်းများဖြင့် တင့်တယ်နေကြရုံမျှမက ဘဏ္ဍာတော်တိုက်အတွင်းမှာကား ထိုခေတ်မီ ဓာတ်မီးချောင်းတို့ဖြင့် ဝေဆာလျက်ရှိတော့၏။ ဘဏ္ဍာတော်တိုက်ဟုခေါ်ခဲ့သည့် ဂေါပကရုံးခန်းတွင် ၅ ပေ မီးချောင်းများ တပ်ဆင်ထားသည်ကို ၁၉၈၃–၈၄ ခုနှစ်က မျက်မြင်တွေ့ရှိခဲ့ဖူးလေသည်။

### ၁၁ ဘက်စုံမွမ်းမံတည်ဆောက်ရေးအစဝိသေသ

၁၉၈၉ ခုနှစ်မှစတင်ကာ ရန်ကုန်မြို့ကြီး၏ အဆောက်အအုံပုံစံများ ပြောင်းလဲတိုးတက်လာခဲ့သည်။ ဘက်စုံမွမ်းမံတည်ဆောက်ရေး (Renovation) ဝေါဟာရလည်း ခေတ်စားလာသည်။ ရန်ကုန်မြို့ကြီး၏ ဘက်စုံမွမ်းမံတည်ဆောက်ရေးကို ရန်ကုန်မြို့လယ် မြို့နယ်အချက်အချာတွင် တည်ရှိနေသည့် မြတ်ဆူးလေမှစတင်ဆောင်ရွက်ခဲ့သောကြောင့် ဘက်စုံမွမ်းမံတည်ဆောက်ရေးအစ မြတ်ဆူးလေကဟု ဆိုစမှတ်ပြုကြသည်။ ဂဝံကုန်းမှုကား နံရံထိန်း (Retaining-wall) တည်ဆောက်ခြင်း၊ ရင်ပြင်တော်ပတ်လည်တွင် စေတီတော်အား ဦးနိမ့်ချသည့်ပုံစံဖြင့် အဆောက်အအုံများ ဝန်းရံတည်ဆောက်ခြင်းနှင့် ယာဉ်ကြောပတ်လည်ဝိုင်းနေ၍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဘုရားဖူးနိုင်ရန် ကားလမ်းခုံးကျော် မဂ္ဂင်တံတားနှင့် မင်္ဂလာတံတားနှစ်စင်းကို ရင်ပြင်တော်အနောက်တောင်ဘက်နှင့် အနောက်ဘက်တို့တွင် တည်ဆောက်ပေးထားရာ တံတားတစ်စင်း တန်ဖိုးမှာ ကျပ် (၁၀)သိန်းစီဖြစ်လေသည်။ ထို့ကြောင့်ပင် ဆူးလေစေတီတော်ကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းအဆောက်အအုံတည်ရာ စုန်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးထားခြင်းသည်ကား သမိုင်းဝင်ဆူးလေစေတီတော်မြတ်၏ 'မဟာဝိသေသ'ပင် ဖြစ်ပါပေသည်။

> ရင်ပြင်တော်ပတ်လည်တွင် စေတီတော်အား
> ဦးနိမ့်ချသည့်ပုံစံဖြင့် အဆောက်အအုံများဝန်းရံ
> တည်ဆောက်ခြင်းနှင့် ယာဉ်ကြောပတ်လည်ဝိုင်းနေ၍
> ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဘုရားဖူးနိုင်ရန်
> ကားလမ်းခုံးကျော် မဂ္ဂင်တံတားနှင့်
> မင်္ဂလာတံတားနှစ်စင်းကို

မေတ္တာမွန်ဖြင့်
မောင်မြတ်မွန်(ဆူးလေ)


**ရည်ညွှန်း**

၁။ ဆူးလေစေတီတော်သမိုင်း(အမြုတေ)အရှင်တိလောကဉာဏ
၂။ မြို့တော်ရန်ကုန်စာစောင် အမှတ်(၅)၊ ၁၉၈၉ ခုနှစ်၊
၃။ ဆူးလေစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်မှုမှတ်တမ်း (၁၉၉၀ ပြည့်နှစ်)



# CITY CARTOON






# မှန်တာပြောရင်သစ္စာ

- အပြစ်ရှာပြောနေသမျှ
  မေတ္တာမနောအလှမဟုတ်။
- အမှန်းပွားရစ်နေသမျှ
  နှလုံးသားအချစ်အစစ်မဟုတ်။
- ရန်ဆောင် ဒေါပွနေသမှုလည်း
  အကြိမ်အောင်သောကဖြစ်နေရမှာပဲ။
- သူ့အက်ကရိုတဲ့ ရုပ်လကျွတာ
  ကိုယ့်အက်ကရိုတဲ့ ရုပ်လကျွတာ
  မှန်ကန်စွာ...(မှန်ထဲမှာပြန်ကြည့်)
  သဘောအစစ်တရားလား
  မနောအညစ်အမှားလား
  (ပြောဖြစ်တဲ့စကားများ ပြန်စဉ်းစား)
  မသတိရောရစ်ရည်နဲ့
  အတည်လာလုပ်နေသမျှ
  (ဟော့...ဒီမှာ)
  ဘယ်သောကာလမှ
  နစ်ဖက်စလုံးရဲ့မျက်နှာ
  ညီညာလာမယ်မထင်ဘူး
  ကြည်သာလာမယ်မမြင်ဘူး.....။ ။

မောင်မိုးလှိုင်(သစ္စာမြေ)

# ခေတ်အဆက်ဆက် မြို့တော်စည်ပင် ပုံကိုင်ရှင်(မြို့တော်ဝန်)များ











**အောင်သာကျော်**

မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့တွင် အင်္ဂလိပ်– မြန်မာ နယ်ချဲ့စစ်ပွဲများ သုံးကြိမ်ဆင်နွှဲခဲ့ရ သည်။

၁၈၂၄ ခုနှစ် ပထမစစ်ပွဲအပြီး၌ ရခိုင်ပြည်နယ်၊ ၁၈၅၂ ခုနှစ် ဒုတိယစစ်ပွဲအပြီး၌ ရန်ကုန်အပါအဝင် မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်ခံလိုက်ရသည်။

ရန်ကုန်မြို့သည် သရေခေတ္တရာကောင်းစားချိန်က ဥက္ကလာပအမည်ဖြင့် တည်ရှိခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ မဇ္ဈိမဒေသသို့ ရောက်ရှိစဉ် မြတ်စွာဘုရားရှင်ထံတော်မှ ပင့်ဆောင်လာသည့် ဆံတော်မြတ်ရှစ်ဆူကို ထည့်သွင်းဌာပနာကာ ဥက္ကလာပမင်းကြီးနှင့် ပြည်သူပြည်သားများက သိင်္ဂုတ္တရကုန်းတော်တွင် စေတီတော်တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်သည်။

ဆံတော်မြတ်များနှင့်အတူ ကကုသန် မြတ်စွာဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံ မြတ်စွာဘုရားရှင်၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရားရှင်၏ ရေသနုတ်သင်္ကန်းတော်တို့ကိုပါ ထည့်သွင်းဌာပနာခဲ့ကြသည်ဟုဆိုသည်။

ရန်ကုန်မြို့တည်နေရာဒေသ၏ ရှေးအကျဆုံးအမည်မှာ "ဥက္ကလာပ"ဖြစ်ပြီး ထိုစဉ်က ရှင်ဘုရင်မှာလည်း ဥက္ကလာပမင်းကြီးဖြစ်ကြောင်း တွေ့ရှိရသည်။

ရန်ကုန်မြို့အမည်သည် အေဒီ ၁၃ ရာစုတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးတည် ထားမှုကို အကြောင်းပြုကာ **"ကုန်းသုံးခု အထွတ်တွင်တင်ရှိသော ဘုရားရှာ"** ဟု အမည်ရသော **"တြိကုမ္ဘနာဂရရွှာ"** ဟု ခေါ်ဆိုခဲ့ကြောင်းလည်း တွေ့ရှိရသည်။

**တြိကုမ္ဘ**မှ 'တိဂုံ'၊ 'ဒိဂုံ'၊ 'ဒဂုံ'ဟူ၍ တဖြည်းဖြည်းရွေ့လျားလာဟန်ရှိသည်ဟုလည်း အဆိုရှိသည်။



ထိုသို့ 'ဒဂုံ'ဟု အမည်တွင်ခဲ့ရာမှ ကုန်းဘောင်ခေတ်တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ရန်အပေါင်း ကုန်စင်အောင်မြင်ခြင်းကို အထိမ်းအမှတ်ပြုကာ ခရစ်နှစ် ၁၇၅၅ ခုနှစ်၊ မေ ၂ရက်၊ မြန်မာသက္ကရာဇ် ၁၁၁၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် ကြာသပတေးနေ့၌ **"ဒဂုံ"**မှ **"ရန်ကုန်"**ဟူ၍ ပြောင်းလဲခေါ်တွင်စေပြီး၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းမြို့အဖြစ် စတင်တည်ထောင်ခဲ့ပြန်၍၊ ယခုကျရောက်သည့် ၂၀၁၂ ခုနှစ်၊ မေလ ၂ ရက်တွင် ရန်ကုန်မြို့တော်ကြီး၏ မြို့တည်သက်တမ်းမှာ ၂၆၆ နှစ်တိတိ ပြည့်မြောက်ခဲ့ပေပြီ။



၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်–မြန်မာ စစ်ပွဲမတိုင်မီက ရန်ကုန်မြို့သည် မြို့သစ်နှင့် မြို့ဟောင်းဟူ၍ ရှိခဲ့သည်။


အလောင်းမင်းတရားကြီး တည်ခဲ့သော ပထမရန်ကုန်မြို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး၊ သာယာဝတီမင်းလက်ထက် ဒုတိယရန်ကုန်မြို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်တွင်တည်ရှိသည်။

၁၈၅၂ခုနှစ် စစ်ပွဲမတိုင်မီ အလောင်းမင်းတရားကြီး တည်ခဲ့သည့် ပထမမြို့ဟောင်းသည် ရာနှုန်းပြည့်နီးပါး ပျက်စီးသွားခဲ့ပြီး၊ သာယာဝတီမင်းတည် ဒုတိယမြို့သစ် ရန်ကုန်မှာ မြို့လူထုနေထိုင်ရန်ထက် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ရန်ရှိလာပါက ကာကွယ်ရန်တည်ဆောက်ခဲ့ခြင်းဖြစ်၍၊ စစ်ဖြစ်၍ တိုက်ခိုက်ခံရသောအခါ လူနေအဆောက်အဦးများစွာ ပျက်စီးသွားကာ လုံခြုံမှုကင်းမဲ့ခဲ့ရသည်ဟု ဆိုသည်။

ထို့နောက် ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးတွင် ဗြိတိသျှအင်ဂျင်နီယာအဖွဲ့က ရန်ကုန်မြို့ကို ပြန်လည်တည်ဆောက်ရာတွင် လူဦးရေ ၃၆၀၀၀ ခန့် နေထိုင်နိုင်ရန် ရည်မှန်း၍ စတုဂံပုံစံကျမြို့အဖြစ် ရေးဆွဲပုံဖော် တည်ဆောက်ခဲ့သည်။

ရန်ကုန်မြစ်တွင်း ဒီရေအတက်အကျနှင့် ရေအောက်မိလ္လာမြောင်းများမှ မိလ္လာစွန့်ပစ်ရန်ပုံစံ၊ လမ်းမကြီး၊ လမ်းမငယ်နှင့် လမ်းသွယ်တို့ကို အကျယ်၊ အလတ်၊ အသေး စနစ်တကျပုံစံချကာ အလုံးစုံပျက်စီးသွားသော ရန်ကုန်မြို့မြေပြင်တွင် ဘတ်ဂျက်ခွင့်ပြုချက်အပေါ် မူတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သောက်သုံးရန် ရေတွင်းများ အချိုးကျ တူးပေးကာ၊ လူနေရပ်ကွက်များ၌ ရေချိုးခန်းများပါ တည်ဆောက်ပေးခဲ့သည် ဆို၏။



Major R. C. EVANSON, I.S.C.
*President, 1874-1881*



Mr. G. M. S. CARTER
*President, 1889-1894*



Mr. W. T. HALL, B.A., LL.B., I.C.S.
*President, 1894-1895, 1895-1896, 1896-1897*



Lt. Col. C. A. CRESSWELL, I.S.C.
*President, 1893*




Mr. H. L. EALES, I.C.S.
*President, 1896, 1897-1899*



Mr. H. L. TILLY
*President, 1899*



Mr. W. H. A. St. JOHN LEEDS, I.C.S.
*President, 1899-1903, 1905-1904*



Mr. M. LAURIE, M.V.O., I.C.S.
*President, 1903, 1904-1910*



Mr. W. H. L. CABELL, I.C.S.
*President, 1911-1913, 1915-1917*

မိုးကာလတွင် အနိမ့်ပိုင်းရပ်ကွက်များ၌ ရေနစ်မြုပ်လွှမ်းမိုးမှု မရှိစေရန် ရန်ကုန်မြို့၏အရှေ့မှအနောက်သို့ ၂၅ ပေ အကျယ် တူးမြောင်းကြီးများ ဖော်ထုတ်ထားသည်ကို ယနေ့တိုင်တွေ့ရှိနိုင်ကြမည်ဖြစ်သည်။

ထိုကာလသည် ပဒေသရာဇ်လက်အောက်ခံ "ရန်ကုန်" (သို့) "ဒဂုံ"မှ ကိုလိုနီလက်အောက်ခံ "ရန်ကုန်မြို့"၏ အခြေအနေဖြစ်၍ မြူနီစီပါယ် ကော်မတီ/ အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။

၁၈၅၂ ခုနှစ် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဗော်မရှင်နာမင်းကြီး ကာပွတိန်ဖယ်ရာသည် ရန်ကုန်တွင်ရုံးထိုင်ကာ "ဗြိတိသျှမြန်မာနိုင်ငံ"ဟု ခေါ်တွင်စေပြီး အုပ်ချုပ်စေခဲ့သည်ဆို၏။

ထို့နောက် ၎င်းအား "ဆာဘွဲ့"ချီးမြှင့်လျက် ကော်မရှင်နာမင်းကြီးချုပ်(မဟာမင်းကြီး)အဖြစ် ဆက်လက်ခန့်ထားအုပ်ချုပ် စခဲ့သည်ဟု သိရသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲအပြီးတွင်မူ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ကာ အုပ်ချုပ်မှုအရလည်း မြန်မာပြည်သည် ဗြိတိသျှလက်အောက်ခံ အိန္ဒိယနိုင်ငံ၏ နယ်ကြီးတစ်ခုအဖြစ်သတ်မှတ်ကာ စီမံအုပ်ချုပ်ခဲ့လေသည်။

သို့သော် ရန်ကုန်မြို့သည် ပဒေသရာဇ်စနစ် ပျက်သုဉ်းပြီးနောက်တွင် ကမ္ဘာ့ပထဝီဝင် နိုင်ငံရေးထဲသို့ ရောက်ရှိသွားကာ မြို့ပြထူထောင်မှု အတွေ့အကြုံသစ်များ ပေါ်ထွန်းလာမှုနှင့်အတူ မြို့နေလူထုသည်လည်း မျက်စိပွင့်၊ နားပွင့်အဆင့် စတင်ရရှိလာခဲ့သည်။

ရန်ကုန်မြင်ကွင်းသည် မြို့ပြအသွင်



Mr. GAVIN SCOTT, M.A., C.I.E., I.C.S.
President, 1913, 1917-1920, 1921-1922
Commissioner 1922-1930



Dr. BA YIN
President, 1924



SIR LEE AH YAIN, Barrister-at-Law
President, 1925

ပိုမိုဆန့်လာကာ လူဦးရေလည်း တိုးပွားလာပြီး စည်ကားလာခဲ့သည်။

အလောင်းမင်းတရားကြီး စတင်တည်ထောင်ပေးခဲ့သည့် ရန်ကုန်ဆိပ်ကမ်းသည်လည်း နိုင်ငံတကာဆိပ်ကမ်းအသွင်ရောက်ရှိလာသည်။ ပင်လယ်ကူးသင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားသင်္ဘောများ ဝင်ထွက်သွားလာမှု များပြားလာသည်။

ရန်ကုန်မြို့သည်လည်း ကိုလိုနီတို့၏စီးပွားရေးအချက်အခြာနေရာဖြစ်လာသည်။

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သော အုပ်ချုပ်မှုနှင့် အခွန်အခကောက်ခံမှုတို့အတွက် မြူနီစီပါယ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်လာတော့သည်။

မြူနီစီပါယ် (Municipal) ဆိုသည်မှာ "A City,town,etc.having its own incorporate government for local affairs of or having to do with city, town etc.or its local government" ဟု အဘိဓာန်တွင် ဖွင့်ဆိုထားချက်အရ– "မြို့တော်/မြို့ စသည်တို့၏ ဒေသဆိုင်ရာ အထွေထွေအရပ်ရပ်သော စည်ပင်သာယာရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရသည့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့" ဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။

ထို့ကြောင့် မြူနီစီပါယ်သည် မြို့နေပြည်သူလူထု၏ သန့်ရှင်းရေး၊ ကျန်းမာရေး၊ ရေ၊ မီးရရှိရေး၊ နေထိုင်မှုစနစ်ကျနရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ကောင်းမွန်စေရေး စသည့်လူမှုကိစ္စအဝဝကို ကိုလိုနီခေတ်မှ ယနေ့တိုင် တာဝန်ယူဆောင်ရွက်ပေးနေသော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ဟု ဆိုလျှင် မှားမည်မထင်ပေ။



Mr. E. M. PATAIL, Barrister-at-Law
President, 1926



Mr. C. H. CAMPAGNAC, M.B.E., Barrister-at-Law
President, 1927



Mr. M. M. OHN GHINE
President, 1928



Captain R. B. RUSHALL M.B.E.
*President, 1930*



U THEIN MAUNG, M.A., LL.B.
*President, 1931*



Dr. R. S. DUGAL
*President, 1933*



Mr. J. K. MUNSHI, Barrister-at-Law
*Mayor, 1934*



U KYAW ZAN
*Mayor, 1935*



Mr. M. M. RAFI, Barrister-at-Law
*President, 1929*
*Mayor, 1936*

ထို့ကြောင့် ကိုလိုနီခေတ် ၁၈၇၄ ခုနှစ်တွင် ပထမဆုံးသော "ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ(၁၈၇၄)"ကိုပြဋ္ဌာန်းကာ ယင်းဥပဒေအရ ရန်ကုန်မြူနီစီပါယ် ကော်မတီကိုလည်း စတင်ဖွဲ့စည်းကာ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ကပ္ပတိန်အီဗာဆင် (Capt.R.C Evason) ကို တာဝန်ပေးအပ်သည်။

ရန်ကုန်မြူနီစီပါယ်ဥက္ကဋ္ဌ၊ ကပ္ပတိန်အီဗာဆင်သည် (၁-၈-၁၈၇၄ မှ ၄-၄-၁၈၇၅)အထိ ပထမဆုံးဥက္ကဋ္ဌ (ယခုအခေါ် မြို့တော်ဝန်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဥက္ကဋ္ဌအဆင့်ဆင့် ပြောင်းလဲခဲ့ရာ မစ္စတာဂါဗင်စကော့တ်(Mr.Gavin Scott) သည် မြူနီစီပါယ်ကော်မတီကာလတွင် ၃၉ ဦးမြောက် ဥက္ကဋ္ဌအဖြစ် (၃၀-၃-၁၉၂၁) မှ (၂၀-၁၂-၁၉၂၂) အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြူနီစီပါယ်ကော်မတီမှ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းအဖြစ် အမည်ပြောင်းလဲပြီးချိန်တွင်လည်း ပထမဆုံးသော မြူနီစီပါယ်မင်းကြီး (ယခုအခေါ် မြို့တော်ဝန်)အဖြစ် ၁၆-၃-၁၉၂၃ ရက်အထိ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရသည်။

ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်းကာလတွင် မြန်မာလူမျိုးများထဲမှ ပထမဆုံးသော ဥက္ကဋ္ဌအဖြစ် ဒေါက်တာဘရင်သည် ၈-၁-၁၉၂၄ မှ ၃၁-၁၂-၁၉၂၄ အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ ယင်းကော်ပိုရေးရှင်း၏ မြန်မာလူမျိုးထဲမှ ပထမဆုံးသော မြူနီစီပါယ်မင်းကြီးအဖြစ် ဦးဆက်က ၁၃-၃-၁၉၂၅ မှ ၂၁-၁၂-၁၉၂၅ အထိ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။



Dr. A. M. MURRAY
President, 1922
Mayor, 1937



U BA GLAY
Mayor, 1938







ဦးခကျော်မင်း
၁၉၆၀-၆၃ ခုနှစ်



ဗိုလ်မှူးကြီးလှထွန်း
၁၉၆၃-၆၉ ခုနှစ်

ထို့နောက် ရန်ကုန်မြို့စီပါယ်ကော်ပိုရေးရှင်းသည် ၁-၄-၁၉၂၁ မှ ၁၉၆၉ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ရာ မြို့စီပါယ်မင်းကြီး (သို့) ဥက္ကဋ္ဌ (သို့) မြို့တော်ဝန်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူပေါင်း ၄၉ ဦးအထိ ရှိခဲ့သည်။

ရန်ကုန်မြို့စီပါယ်ကော်ပိုရေးရှင်းတွင် (လွတ်လပ်ရေးမရမီကာလ) မြို့တော်ဝန် အခေါ်အဝေါ်ဖြင့် ပထမဆုံးတာဝန်ထမ်းဆောင်သွားသူမှာ Mr.J.K.Munshi ဖြစ်ပြီး ၉-၁-၁၉၃၄ မှ ၃၁-၁၂-၁၉၃၄ အထိ တာဝန်ထမ်းဆောင်သွားသည်။

၎င်း၏နောက်တွင် ရန်ကုန်မြို့စီပါယ်ကော်ပိုရေးရှင်း၌ ပထမဆုံးသော မြန်မာအမျိုးသား မြို့တော်ဝန်မှာ ဦးကျော်ဇံ ဖြစ်ပြီး ၈-၁-၁၉၃၅ မှ ၃၁-၁၂-၁၉၃၅ အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့စီပါယ်ကော်ပိုရေးရှင်းကာလ၏ နောက်ဆုံးမြို့တော်ဝန်အဖြစ် ဗိုလ်မှူးကြီးလှထွန်းက ၁၉၆၃ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့စီပါယ်ကော်ပိုရေးရှင်းကို ရန်ကုန်မြို့စီပါယ်ကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် မြို့တော်ဝန်များအဖြစ် ဗိုလ်မှူးကြီး မျိုးအောင်က ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိလည်းကောင်း၊ ဦးသိန်းဝင်းက ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိလည်းကောင်း တာဝန်ယူခဲ့ကြသည်။

ထို့နောက် ရန်ကုန်မြို့စီပါယ်ကော်မတီကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ရာတွင် မြို့တော်ဝန်များအဖြစ် ဦးသိန်းအောင်က

၁၉၇၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်က ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိလည်းကောင်း၊ ဦးကျော်သိန်းက ၁၉၈၅ ခုနှစ်တွင်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ကြသည်။

ထို့နောက် ၁-၄-၁၉၈၅ မှ ယနေ့အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (Yangon City Development Committee) (YCDC) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်အဖြစ် ဗိုလ်မှူးကြီး သူရတင်ဖေက ၁-၄-၁၉၈၅ မှ ၁၅-၈-၁၉၈၆ အထိ တာဝန်ယူ





ဦးသိန်းဝင်း
၁၉၇၂-၇၇ ခုနှစ်



ဦးသိန်းအောင်
၁၉၇၇ - ခုနှစ်



ဦးဖန်းအောင်
၁၉၈၈ - ခုနှစ်



ဗိုလ်မှူးကြီး ကိုလေး
၁၉၈၈ - ၂၀၀၃ ခုနှစ်



ဦးလှမြင့်
၂၀၁၁ ခုနှစ်မှ ၂၀၁၆ အထိ



ဗိုလ်မှူးချုပ်အောင်သိန်းလင်း
၂၀၀၃ - ၂၀၁၁ ခုနှစ်

ခဲ့ပြီး ယခုလက်ရှိ မြို့တော်ဝန် ဦးဖိုလ်ဆွေ သည် ၁၁-၂-၂၀၁၂ မှ ယနေ့အထိ တာဝန်ယူ ဆောင်ရွက်နေဆဲဖြစ်သည်။

ကိုလိုနီခေတ် ရန်ကုန်မြို့အတွက် မြူနီစီပါယ်အက်ဥပဒေ စတင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည့် ၁၈၇၄ ခုနှစ်မှစ၍ ရေတွက်လျှင် ယနေ့ ၂၀၁၂ ခုနှစ်အထိ မြူနီစီပါယ်အက်ဥပဒေ(သို့မဟုတ်) လက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၃-၉-၂၀၁၃ ရက်စွဲဖြင့်ထုတ်ပြန်သည့် ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသည့် ကာလအထိ ၁၄၇ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း ဥက္ကဋ္ဌ(သို့) မြူနီစီပါယ်မင်းကြီး(သို့) မြို့တော်ဝန် စသည်ဖြင့် မြို့တော်ဝန်ပေါင်း ၁၀၂ ဦးအထိ ရှိခဲ့ပြီဖြစ်သည်။

ယခင်က "ဒဂုံမြို့"ဟုခေါ်သည့် "ရန်ကုန်မြို့"ကလေးတွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလ ၁၈၂၄ ခုနှစ်က လူဦးရေ သုံးသောင်းခန့်သာရှိခဲ့ပြီး၊ ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် လူဦးရေ သုံးသောင်းကျော်သာ နေထိုင်ရန် ခန့်မှန်းတည်ဆောက်ခဲ့သော ရန်ကုန်မြို့



ဦးမောင်မောင်စိုး
၁-၄-၂၀၁၁ မှ ၃၀-၁-၂၀၁၂



ဦးဖိုလ်ဆွေ
၁၁-၂-၂၀၁၂ မှ ယနေ့အထိ

သစ်သည်၊ အေဒီ ၁၉ ရာစုအလယ်မှ ယခု ၂၁ ရာစုအလွန် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့တော်ကြီး ဖြစ်လာခဲ့ပြီး ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့သစ်များ အပါအဝင် လူဦးရေ ခုနစ်သန်းကျော် ယနေ့နေထိုင်လျက်ရှိနေသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဖိုလ်ဆွေ (ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညိုညိုနှင့် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များဖြစ်ကြသော ဒေါက်တာဇော်ဝင်း၊ ဒေါက်တာငွေစန်းနှင့် ဦးအောင်နိုင်တို့ ဦးဆောင်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် **"နှစ် ၂၀၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့တော်သည် ငြိမ်းချမ်းသာယာလှပသော မြို့တော်၊ စိမ်းလန်းစိုပြေသော ရွှေရောင်မြေဖြစ်စေရမည်"**ဟူသော ချမှတ်ထားသည့် ရည်မှန်းချက် အောင်မြင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏ ပဲ့ကိုင်ရှင် "မြို့တော်ဝန်"၏ ဦးဆောင်မှုနှင့်အတူ ဆက်လက်ရှေးရှုဆောင်ရွက်နေဦးမည်သာ။ ။

အောင်သာကျော်




# ရန်ကုန်မြို့တော်ဝန်များ

| စဉ် | အမည် | ကာလ | | ရာထူး | ဌာန |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| ၁ | Capt.R.C. Evason | ၁-၈-၁၈၇၄ | ၄-၄-၁၈၇၅ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂ | L. Mciver | ၅-၄-၁၈၇၅ | ၁၉-၆-၁၈၇၆ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၃ | Capt.C.H.E. Adamson | ၂၀-၆-၁၈၇၆ | ၁၀-၂-၁၈၇၇ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၄ | Capt. R.C.Evason | ၁၁-၂-၁၈၇၇ | ၁၀-၉-၁၈၈၁ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၅ | Major M.C.Poole | ၁၁-၉-၁၈၈၁ | ၂၂-၃-၁၈၈၂ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၆ | K.G.Burne | ၂၃-၃-၁၈၈၂ | ၂၇-၆-၁၈၈၂ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၇ | Major M.C.Poole | ၂၈-၆-၁၈၈၂ | ၂၀-၂-၁၈၈၃ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၈ | S.Hare | ၂၂-၂-၁၈၈၃ | ၁၁-၇-၁၈၈၃ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၉ | Lt.Col.H.R.Spearman | ၁၂-၇-၁၈၈၃ | ၁၁-၁-၁၈၈၄ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၀ | Capt.C.H.E.Adamson | ၁၂-၁-၁၈၈၄ | ၇-၁၂-၁၈၈၅ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၁ | J.Thompson | ၈-၁၂-၁၈၈၅ | ၁၁-၁-၁၈၈၆ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၂ | Lt.Col.H.R.Spearman | ၁၂-၁-၁၈၈၆ | ၂၉-၂-၁၈၈၈ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၃ | D.Norton | ၁-၃-၁၈၈၈ | ၇-၂-၁၈၉၁ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၄ | Major R.C.Temple | ၁၈-၂-၁၈၉၁ | ၈-၈-၁၈၉၂ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၅ | J.M.Macrea | ၉-၈-၁၈၉၂ | ၂၃-၁၂-၁၈၉၂ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၆ | Major R.C.Temple | ၂၄-၁၂-၁၈၉၂ | ၁၈-၁၂-၁၈၉၃ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၇ | G.M.S.Carter | ၁၉-၁၂-၁၈၉၃ | ၁၈-၁-၁၈၉၄ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၈ | Major R.C.Temple | ၁၉-၁-၁၈၉၄ | ၃-၃-၁၈၉၄ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၁၉ | W.T. Hall | ၄-၃-၁၈၉၄ | ၁၈-၇-၁၈၉၅ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၀ | Lt.Col.C.A.Cresswell | ၁၉-၇-၁၈၉၅ | ၃၀-၁၂-၁၈၉၅ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၁ | W.T. Hall | ၃၁-၁၂-၁၈၉၅ | ၁၀-၄-၁၈၉၆ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၂ | H.L.Eales | ၁၁-၄-၁၈၉၆ | ၁၃-၁၂-၁၈၉၆ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၃ | W.T. Hall | ၁၄-၁၂-၁၈၉၆ | ၁၂-၁၄-၁၈၉၇ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၄ | H.L.Eales | ၁၃-၄-၁၈၉၇ | ၃၀-၃-၁၈၉၉ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၅ | H.L. Tilly | ၃၁-၃-၁၈၉၉ | ၂၂-၇-၁၈၉၉ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၆ | H.L.Eales | ၂၃-၇-၁၈၉၉ | ၉-၈-၁၈၉၉ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၇ | W.H.A.St.John Leeds | ၁၀-၈-၁၈၉၉ | ၂၈-၅-၁၉၀၃ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၈ | M.Laurie | ၂၉-၅-၁၉၀၃ | ၁၉-၉-၁၉၀၃ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၂၉ | W.H.A.St.John Leeds | ၂၀-၉-၁၉၀၃ | ၂၂-၃-၁၉၀၄ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |
| ၃၀ | M.Laurie | ၂၃-၃-၁၉၀၄ | ၁၅-၃-၁၉၀၆ | ဥက္ကဋ္ဌ | ရန်ကုန်မြို့နီစီပါယ်ကော်မတီ |

| | | | | | |
|---|---|---|---|---|---|
| ၃၁ | G.W.Dawson | ၁၆-၃-၁၉၀၆ | ၁၅-၉-၁၉၀၆ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၂ | M.Laurie | ၁၆-၉-၁၉၀၆ | ၁၀-၅-၁၉၁၀ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၃ | G.W.Dawson | ၁၇-၅-၁၉၁၀ | ၂၅-၁-၁၉၁၁ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၄ | W.H.L.Cabell | ၄-၂-၁၉၁၁ | ၁၈-၃-၁၉၁၃ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၅ | Gavin Scott | ၁၉-၃-၁၉၁၃ | ၁-၁၂-၁၉၁၃ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၆ | W.H.L.Cabell | ၂-၁၂-၁၉၁၃ | ၈-၁-၁၉၁၇ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၇ | Gavin Scott | ၉-၁-၁၉၁၇ | ၃၁-၃-၁၉၂၀ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၈ | J.E Houldey | ၁-၄-၁၉၂၀ | ၃၁-၃-၁၉၂၁ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၃၉ | Gavin Scott | ၃၁-၃-၁၉၂၁ | ၂၀-၁၂-၁၉၂၂ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၄၀ | Gavin Scott | ၁-၄-၁၉၂၁ | ၁၆-၃-၁၉၂၃ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၁ | P.P. Ginwala | ၂၁-၁၂-၁၉၂၂ | ၃-၇-၁၉၂၃ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၂ | C.C.Cameron | ၁၈-၃-၁၉၂၃ | ၁၆-၅-၁၉၂၃ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၃ | Dr.Alan M.Murray | ၄-၇-၁၉၂၃ | ၃၁-၁၂-၁၉၂၃ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၄ | Gavin Scott | ၁၇-၅-၁၉၂၃ | ၁၂-၃-၁၉၂၅ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၅ | ဒေါက်တာဘရင် | ၈-၁-၁၉၂၄ | ၃၁-၁၂-၁၉၂၄ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၆ | ဦးဆက် | ၁၃-၃-၁၉၂၅ | ၂၁-၁၂-၁၉၂၅ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၇ | L.Ah Yain | ၆-၁-၁၉၂၅ | ၃၁-၁၂-၁၉၂၅ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၈ | Gavin Scott | ၂၂-၁၂-၁၉၂၅ | ၁၈-၁-၁၉၂၉ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၄၉ | E.M.Patail | ၅-၁-၁၉၂၆ | ၃၁-၁၂-၁၉၂၆ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၀ | ဦးဆက် | ၁၉-၁-၁၉၂၉ | ၁၄-၁၀-၁၉၂၉ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၁ | C.H.Campagnac | ၄-၁-၁၉၂၇ | ၃၁-၁၂-၁၉၂၇ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၂ | Gavin Scott | ၁၅-၁၀-၁၉၂၉ | ၁၄-၁၁-၁၉၃၀ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၃ | ဦးမောင်မောင်အုန်းခိုင် | ၆-၁-၁၉၂၈ | ၃၁-၁၂-၁၉၂၈ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၄ | ဦးဆက် | ၁၅-၄-၁၉၃၀ | ၇-၃-၁၉၃၃ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၅ | M.M.Rafi | ၈-၁-၁၉၂၉ | ၃၁-၁၂-၁၉၂၉ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၆ | C.C.Cameron | ၈-၃-၁၉၃၃ | ၁၄-၅-၁၉၃၃ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |

| | | | | | |
|---|---|---|---|---|---|
| ၅၇ | Capt.R.B.Rushall | ၇-၁-၁၉၃၀ | ၃၁-၁၂-၁၉၃၀ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၈ | ဦးဆက် | ၁၅-၅-၁၉၃၃ | ၂၂-၄-၁၉၃၅ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၅၉ | ဦးသိန်းမောင် | ၆-၁-၁၉၃၁ | ၃၁-၁၂-၁၉၃၁ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၀ | C.C.Cameron | ၂၃-၄-၁၉၃၅ | ၆-၁၂-၁၉၃၅ | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၁ | ဦးပေါ်ထွန်း | ၅-၁-၁၉၃၂ | ၃၁-၁၂-၁၉၃၂ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၂ | ဦးဆက် | ၇-၁၂-၁၉၃၅ | | မြူနီစီပါယ် မင်းကြီး | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၃ | Dr.R.S.Dugal | ၆-၁-၁၉၃၃ | ၃၁-၁၂-၁၉၃၃ | ဥက္ကဋ္ဌ | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၄ | J.K.Munshi | ၉-၁-၁၉၃၄ | ၃၁-၁၂-၁၉၃၄ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၅ | ဦးကျော်ဖံ | ၈-၁-၁၉၃၅ | ၃၁-၁၂-၁၉၃၅ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၆ | M.M.Rafi | ၇-၁-၁၉၃၆ | ၃၁-၁၂-၁၉၃၆ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၇ | Dr.Alan Murray | ၅-၁-၁၉၃၇ | ၃၁-၁၂-၁၉၃၇ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၈ | ဦးဘကလေး | ၄-၁-၁၉၃၈ | ၃၁-၁၂-၁၉၃၈ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၆၉ | ဦးဘဝင်း | ၁၉၃၉ | ၁၉၄၀ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၀ | M. Aawzan | ၁၉၄၀ | ၁၉၄၁ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၁ | ဦးသင်းမောင် | ၁၉၄၁ | ၁၉၄၂ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၂ | ဦးဆက် | ၁၉၄၂ | ၁၉၄၃ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၃ | ဦးကျော်ဖံ | ၁၉၄၄ | ၁၉၄၅ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၄ | ဦးစိုးညွန့် | ၁၉၄၅ | ၁၉၄၇ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၅ | ဦးထွန်းအုန်း | ၁၉၄၇ | ၁၉၄၉ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၆ | ဦးထွန်းတင် | ၁၉၄၉ | ၁၉၅၀ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၇ | ဦးသိမ်းမောင် | ၁၉၅၀ | ၁၉၅၁ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၈ | ဦးဘစိုး | ၁၉၅၁ | ၁၉၅၂ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၇၉ | ဦးထွန်းတင် | ၁၉၅၂ | ၁၉၅၃ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၀ | ဦးထွန်း | ၁၉၅၃ | ၁၉၅၄ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၁ | ဦးဘညွန့် | ၁၉၅၄ | ၁၉၅၅ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၂ | ဦးစိန်ဖေ | ၁၉၅၅ | ၁၉၅၆ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၃ | ဦးမောင်မောင် | ၁၉၅၆ | ၁၉၅၇ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၄ | ဦးလှမောင် | ၁၉၅၇ | - | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |

| | | | | | |
|---|---|---|---|---|---|
| ၈၅ | ဦးလှမောင် | ၁၉၅၇ | ၁၉၅၈ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၆ | ဗိုလ်မှူးကြီးထွန်းစိန် | ၁၉၅၈ | ၁၉၆၀ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၇ | ဦးကျော်မင်း | ၁၉၆၀ | ၁၉၆၃ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၈ | ဗိုလ်မှူးကြီးလှဘုန်း | ၁၉၆၃ | ၁၉၆၉ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း |
| ၈၉ | ဗိုလ်မှူးကြီးမျိုးအောင် | ၁၉၆၉ | ၁၉၇၂ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၉၀ | ဦးသိန်းဝင်း | ၁၉၇၂ | ၁၉၇၇ | မြို့တော်ဝန် | ရန်ကုန်မြူနီစီပါယ်ကော်မတီ |
| ၉၁ | ဦးသိန်းအောင် | ၁၉၇၇ | ၁၉၇၈ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ |
| ၉၂ | ဒုတိယဗိုလ်မှူးကြီးကျော်မြင့် | ၁၉၇၈ | ၁၉၈၅ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ |
| ၉၃ | ဦးကျော်သိန်း | ၁၉၈၅ | - | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ |
| ၉၄ | ဗိုလ်မှူးကြီးသူရတင်ဖေ | ၁-၄-၁၉၈၅ | ၁၅-၈-၁၉၈၆ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၅ | ဦးကြည်ညွန့် | ၁၆-၈-၁၉၈၆ | ၃၀-၁၂-၁၉၈၆ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၆ | ဗိုလ်မှူးကြီးအောင်ခင် | ၃၁-၁၂-၁၉၈၆ | ၁၀-၁၁-၁၉၈၈ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၇ | ဒုတိယဗိုလ်မှူးကြီးပန်းအောင် | ၁၂-၁၁-၁၉၈၈ | ၆-၁၂-၁၉၈၈ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၈ | ဗိုလ်မှူးကြီးကိုလေး | ၇-၁၂-၁၉၈၈ | ၂၅-၈-၂၀၀၃ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၉ | ဗိုလ်မှူးချုပ်အောင်သိန်းလင်း | ၂၆-၈-၂၀၀၃ | ၃၁-၃-၂၀၁၁ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၁၀၀ | ဦးလှမြင့် | ၁-၄-၂၀၁၁ | ၃၁-၃-၂၀၁၆ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၁၀၁ | ဦးမောင်မောင်စိုး | ၁-၄-၂၀၁၆ | ၃၁-၁-၂၀၂၁ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၁၀၂ | ဦးဗိုလ်ဌေး | ၁၁-၂-၂၀၂၁ | ယနေ့အထိ | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |



## ၁၉၆၀ပြည့်နှစ် တရားမ အသေးအဖွဲ့လျှောက်လွှာ (၈၃) အား ကြားနာ၍ချမှတ်ခဲ့သော

# မြူနီစီပါယ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်စီရင်ချက်

မြူလင်း

၁၉၆၀ ပြည့်နှစ်သည် အိမ်စောင့်အစိုးရကာလဖြစ်သည်။ လွှတ်တော်၌ ကာကွယ်ရေးဦးစီးချုပ်အား ဝန်ကြီးချုပ်အဖြစ် တာဝန်လွှဲပေး၍၊ ရန်ကုန်မြူနီစီပါယ်အဖွဲ့ကို ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၈(၁)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒီမိုကရေစီဒေသသန္တရဝန်ကြီးဌာနက (၂၉-၁၁-၁၉၅၈) နေ့စွဲပါ စာအမှတ် ၁၆၁-၃၃(ဂ)၅၈ဖြင့် ရန်ကုန်မြူနီစီပါယ်အဖွဲ့အဖြစ်မှ ရုပ်သိမ်းခဲ့သည်။ ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ(၁၉၂၂)သည် အက်ဥပဒေပုဒ်မများထဲ၌ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းပြဋ္ဌာန်းထားသော အက်ဥပဒေမျိုးဖြစ်သဖြင့် ယင်းအဖွဲ့မရှိသော်လည်း၊ ခန့်အပ်ထားသော မြူနီစီပါယ်မင်းကြီးသည် ယင်းအဖွဲ့၏ အာဏာနှင့် အလုပ်ဝတ္တရားများကို ယင်းအက်ဥပဒေပုဒ်မ ၂၂၈(၃)အရ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားလေသည်။

အဆိုပါ အာဏာနှင့် အလုပ်ဝတ္တရားများကို မြူနီစီပါယ်မင်းကြီး ဦးထွန်းအုန်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းအပေါ်၊ ထိုသို့ ဆောင်ရွက်ခြင်းမှာ ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၈(၃)အရ အခွင့်အာဏာမရှိဘဲ တရားမဝင်သော အမိန့်

များ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းတရားမဝင်သော အမိန့်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ် ရုံးတော်က ပယ်ဖျက်ပေးပါရန်နှင့် ယင်းအက်ဥပဒေပုဒ်မ ၂၂၈(၁)အရ ရန်ကုန်မြူနီစီပါယ် ရွေးကောက်ပွဲကို အဆောတလျင် ပြုလုပ်ပေးပါရန်၊ ဤရုံးတော်မှ အမိန့်တစ်ရပ် ချမှတ်ပေးပါမည့်အကြောင်းအား၊ မိမိကိုယ်ကိုယ် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက နိုင်ငံတော်သမ္မတအမိန့်ဖြင့် ဖျက်သိမ်းလိုက်သော မြူနီစီပါယ်အဖွဲ့၏ မြူနီစီပါယ်လူကြီးဟောင်းဖြစ်ကြောင်း ကျမ်းသစ္စာကျမ်းကျိန်လွှာ ကျိန်ဆိုကာ၊ ၁၉၆၀ ပြည့်နှစ် တရားမ အသေးအဖွဲ့လျှောက်လွှာဖြင့် ရုံးတော်အား ဦးတိုက်လျှောက်ထားသော အမှုဟောင်းတစ်ခုရှိခဲ့ပါသည်။

ယင်းအမှု၏ စီရင်ချက်ကို နောက်ဆုံး၌ ထင်ရှားသိသာရန် ဖော်ပြပေးပါမည်။ ဤသို့ အမှုတရားတဘောင်ဖြစ်ရခြင်းအကြောင်းရင်းနှင့် ဥပဒေအရ လုပ်ဆောင်ခြင်းတို့၏ ဝိရောဓိများမှာ နှစ်ပေါင်း ၆၁ နှစ် ကြာခဲ့ပြီဖြစ်သော်လည်း၊ ဥပဒေနှင့်အညီ ရန်ကုန်မြူနီစီပါယ်အဖွဲ့သည် တရားစွဲဆိုခြင်း၊ တရားစွဲဆိုခံခြင်းဆိုသော ဥပဒေ၏ လာရှိသည့်အတိုင်း ဆောင်ရွက်ကြပုံကို ဗဟုသုတရစေချင်ပါသည်။

အကြမ်းဖျဉ်းပုံဖော်ရသော် တရားမအသေးအဖွဲ့မှု လျှောက်ထားသူသည် သူ၏ ကျမ်းကျိန်ချက်အရ မြူနီစီပါယ်လူကြီးဟောင်း ရဲဘော်ဖေတင်ဟုဖော်ပြပြီး လျှောက်ထားခံရသူမှာ နှစ်ဦးဖြစ်ပါသည်။ နံပါတ် ၁ မှာ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဌာန ဝန်ကြီးဖြစ်ပြီး နံပါတ် ၂ မှာ ရန်ကုန်မြူနီစီပါယ်မင်းကြီးတို့ဖြစ်ကြပါသည်။

လျှောက်ထားချက်၏ လိုရင်းမှာ–

မြူနီစီပါယ်မင်းကြီး ဦးထွန်းအုန်သည် ရန်ကုန်မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၂၂၈(၃)အရ အခွင့်အာဏာမရှိဘဲ ယင်းပုဒ်မ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းအား (သို့) ကျင့်သုံး၍ ထုတ်ပြန်ခဲ့သော အမိန့် ဤရုံးတော်မှ ပယ်ဖျက်ပေးပါရန်နှင့် ယင်းပုဒ်မ ၂၂၈ (၁) အရ မြူနီစီပါယ်မင်းကြီး ဆောင်ရွက်ပေးရန်ရှိသော ရန်ကုန်မြူနီစီပါယ် ရွေးကောက်ပွဲအား အဆောတလျင်ပြုလုပ်ပေးရန် ဤရုံးတော်မှ အမိန့်ချမှတ်ပေးပါရန်ဟူ၍ ကျမ်းကျိန်လွှာတင်သွင်းလျှောက်တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။

ရုံးတော်သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းကို အတိအကျလိုက်နာကြောင်း ဖော်ပြပါအချက်များကြောင့် သိရှိရပါသည်။

(ဤနေရာ၌ နှစ်ဖက်ရှင်းလင်းကြရာတွင် မှီးငြမ်းအဆိုပြုသော ၁၉၂၂ ခုနှစ် ရန်ကုန်မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၂၈(၁) နှင့် ပုဒ်မ ၂၂၈(၃)တို့၏ ပုဒ်ရင်းစာသားများကို ဖော်ပြခြင်းဖြင့် ပိုမိုရှင်းလင်းစွာ နားလည်နိုင်လိမ့်မည် ထင်ပါသည်။)

**ပုဒ်မ ၂၂၈(၁)** ။ ကော်ပေါ်ရေးရှန်အသင်းမှာ ယခု အက်ဥပဒေအရဖြစ်စေ၊ တည်ဆဲအခြားဥပဒေ တစ်စုံတစ်ရာအရဖြစ်စေ၊ အပ်နှင်းသည့် အလုပ်ဝတ္တရားတစ်စုံတစ်ရာအရ ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဆောင်မရွက်နိုင်ကြောင်းနှင့်ဖြစ်စေ၊ မဆောင်မရွက် ဆက်လက်၍ လစ်ဟင်းပျက်ကွက်နေကြောင်းနှင့်ဖြစ်စေ ၎င်းအသင်းရရှိသည့် အခွင့်အာဏာများထက် ပိုမိုဆောင်ရွက်ကြောင်းနှင့်ဖြစ်စေ၊ ၎င်း အခွင့်အာဏာများကို အလွဲပြုလုပ်ကြောင်းနှင့်ဖြစ်စေ၊ တိုင်တန်းလျှောက်ထားချက်ရ၍သော်လည်းကောင်း၊ အခြားနည်းသော်လည်းကောင်း၊ မည်သည့်အခါမဆို နိုင်ငံအစိုးရမင်းတို့မှာ သိသာထင်မြင်သည့်အခါ အမိန့်ထုတ်ဆင့်၍၊ ၎င်းအခါ၌ ကော်ပေါ်ရေးရှန်အသင်းတွင် ပါဝင်သူ အရပ်ရပ်လူကြီးများကို နိုင်ငံအစိုးရမင်းတို့ ချိန်းချက်သတ်မှတ်သည့်နေ့ကစ၍ ရာထူးမှထွက်ကြစေရန်၊ ၎င်းပြင် ဆိုခဲ့သည့်နေ့ရက်မှာ ပုဒ်မ(၈)အနက် အဓိပ္ပာယ်အရ ရာထူးမှထွက်ကြရမည့်နေ့ ဖြစ်ဘိသကဲ့သို့၊ သက်ဆိုင်သမျှ ယခုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူကြီးရွေးကောက်ပွဲကြီးများပြုလုပ်ရန် ဆင့်ဆိုခွင့်ရသည်။ ဆိုခဲ့သည့် အမိန့်မျိုးများကို ၎င်းတို့ကို မည်သည့်အကြောင်းကြောင့် ထုတ်ဆင့်ရကြောင်းများနှင့်တကွ အမိန့်တော်ပြန်တမ်းတွင် ထုတ်ပြန်ကြော်ငြာရမည်။

> **အမှုတရားတဘောင်ဖြစ်ရခြင်းအကြောင်းရင်းနှင့်**
> **ဥပဒေအရလုပ်ဆောင်ခြင်းတို့၏ဝိရောဓိများမှာ**
> **နှစ်ပေါင်း၆၁နှစ်ကြာခဲ့ပြီဖြစ်သော်လည်း၊**
> **ဥပဒေနှင့်အညီရန်ကုန်မြူနီစီပါယ်အဖွဲ့သည်**
> **တရားစွဲဆိုခြင်း။တရားစွဲဆိုခံခြင်းဆိုသောဥပဒေ၏**
> **လာရှိသည့်အတိုင်းဆောင်ရွက်ကြပုံကို...**

ဖော်ပြပါ ပြဋ္ဌာန်းချက်၌ ပုဒ်မ(၈)ဟု ပါရှိသောကြောင့် ပုဒ်မ(၈)ကို ဖော်ပြလိုက်ပါသည်–

**ပုဒ်မ(၈)** ။ ဆိုခဲ့သည့်အတိုင်း ဖွဲ့စည်းထားသည့် ကော်ပေါ်ရေးရှန်အသင်းဝင် လူကြီးအရပ်ရပ်တို့မှာ ၎င်းလူကြီးတို့ကို ရွေးကောက်ခန့်ထားသည့် နေ့ရက် နောက်ကျရောက်သည့် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရာထူးလက်ရှိဖြစ်စေရမည့်ပြင်၊ ၎င်းလူကြီးတို့ ရာထူးလက်ရှိဖြစ်ပြီးနောက် ယခု အက်ဥပဒေတွင် ရာထူးမှ နုတ်ထွက်ရန် နေ့ရက်ဟု ရည်ညွှန်းထားရှိသည့် ၃နှစ်ပြည့်ကုန်ပြီးသည့် ဇန်နဝါရီလ ၁ ရက်နေ့ မွန်းတည့်အချိန်တွင် ရာထူးမှ နုတ်ထွက်ကြ

ရမည်။

အဆိုပါ ပုဒ်မ(၈)ကို ဖော်ပြခြင်းဖြင့် ပုဒ်မ ၂၂၈(၁)အရ ကော်ပေါ်ရေးရှန်အသင်းဝင် လူကြီးများ ရာထူးမှနုတ်ထွက်ရန် အမိန့် ဆင့်ဆိုချိန်နှင့် ပုဒ်မ(၈)ပါ ရာထူးမှနုတ်ထွက်ရန် သတ်မှတ်ထား သော ဇန်နဝါရီလ ၁ ရက်နေ့အား လွှမ်းမိုး၍ မည်သည့်အချိန်မှာ မဆို အစိုးရမင်းက ရာထူးမှနုတ်ထွက်ရန် ဆင့်ဆိုသောနေ့ရက် သည် ပုဒ်မ(၈)ပါ ရာထူးမှ နုတ်ထွက်ရမည့်နေ့ ဖြစ်ဘိသကဲ့သို့ဟူ ၍ ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။ အစိုးရမင်းများက နုတ်ထွက်ရန် ဆင့်ဆိုသော မည်သည့်နေ့ရက်၌မဆို အတည်ဖြစ်ကြောင်း ပုဒ်မ ၂၂၈(၁)က ပြဋ္ဌာန်းခြင်းဟု ရှင်းလင်းစွာသိရှိနိုင်လာပါသည်။

ယခု ရဲဘော်ဖေတင် တင်သွင်းသော တရားမအသေးအဖွဲ့ လျှောက်လွှာတွင် အကျုံးဝင်နေသော နောက်ပုဒ်မတစ်ခုမှာ ပုဒ်မ ၂၂၈(၃) ဖြစ်ပါသည်။

**ပုဒ်မ ၂၂၈(၃)** ။ ကော်ပိုရေးရှန်အသင်းတွင်ပါဝင်သော လူကြီးအရပ်ရပ်မှာ အပိုဒ်(၁)အရ အမိန့်တစ်ခုံတစ်ရာ ထုတ်ဆင့် သည့် နေ့ရက်မှစ၍ ရာထူးမှထွက်ကြစေရမည်။ ၎င်းနေ့ရက်မှစ၍ အပိုဒ်(၂)အရ အသင်းဝင်လူကြီးသစ်များ၏အမည်ကို ကြော်ငြာ သည့် နေ့ရက်တိုင်၊ ကော်ပိုရေးရှန်အသင်းဆိုင်ရာ အရပ်ရပ်အခွင့် အာဏာနှင့် အလုပ်ဝတ္တရားများကို မြူနီစီပါယ်ဝန်ကြီး (မြူနီစီပါယ် မင်းကြီး)က ဆောင်ရွက်ရမည်။

အထက်ဖော်ပြပါ ရန်ကုန်မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၂၂၈(၃)သည် ကော်ပေါ်ရေးရှန်အသင်းဆိုင်ရာ အရပ်ရပ်အခွင့် အာဏာနှင့် အလုပ်ဝတ္တရားများသည် မြူနီစီပါယ်မင်းကြီး တစ်ဦး တည်းက လက်ခံ၍ ဆောင်ရွက်စီမံပိုင်ခွင့်ပြုလိုက်သော ပုဒ်မ ပြဋ္ဌာန်းချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုကဲ့သို့ အက်ဥပဒေပုဒ်မများကို ဖော်ပြလိုက်ခြင်းဖြင့် ၁၉၆၀ ပြည့်နှစ် တရားမအသေးအဖွဲ့လျှောက်လွှာအပေါ် စီရင်ချက် ချခဲ့သော အခြေအနေအား ရှင်းလင်းစွာသဘောပေါက်နိုင်လိမ့်မည် ဟု ယူဆပါသည်။

ရဲဘော်ဖေတင်သည် လျှောက်လွှာ၌ ပုဒ်မ ၂၂၈(၁)အရ မြူနီစီပါယ်ရွေးကောက်ပွဲကျင်းပရန် တာဝန်ရှိသော မြူနီစီပါယ် မင်းကြီး ဦးထွန်းအုန်းသည် ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက် ကာ ငါးလကြာသည့်တိုင် ရွေးကောက်ပွဲကျင်းပပေးရန်ကို မဆောင် ရွက်ခြင်းဟူ၍ ဖော်ပြထားပါသည်။ တဖန် မင်းကြီးသည် သူ့ကိုယ် သူ ပျမ်းမျှလစာဖြင့် ခွင့်သုံးလနှင့် ရက် ၂၀ ပေးခြင်းကိုလည်း ကောင်း၊ မင်းကြီး၏ ၂၂၈ ပုဒ်မခွဲ(၃)အရ ဗိုလ်မှူးကြီး ထွန်းစိန် အား မြူနီစီပါယ်မင်းကြီးအဖြစ် ခန့်အပ်ခြင်းကိုလည်းကောင်း၊ တဖန် ခွင့်ရက်စေ့သည့်အခါ၌ မင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်က ဦးထွန်းအုန်းအား မြူနီစီပါယ်မင်းကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း ကိုလည်းကောင်း၊ တဖန် မြူနီစီပါယ်မင်းကြီး ဗိုလ်မှူးကြီး ထွန်း စိန်ကပင် ဦးကျော်မင်းအား (၃၀–၄–၁၉၆၀)နေ့ မွန်းလွဲပိုင်းမှ အစ ပြုကာ မြူနီစီပါယ်မင်းကြီးအဖြစ် ခန့်အပ်လိုက်ခြင်းတို့ကိုလည်း ကောင်း ဖော်ပြ၍ ယင်းအမိန့်တို့မှာ ပုဒ်မ ၂၂၈(၃)အရ အခွင့် အာဏာမရှိဘဲ အမိန့်ချမှတ်ခဲ့ခြင်းများဟု ထပ်မံဖော်ပြပါသည်။

ရဲဘော်ဖေတင်သည် သူ၏ ကျမ်းကျိန်လွှာကိုတင်လျက် ၁၉၆၀ ပြည့်နှစ် တရားမအသေးအဖွဲ့လျှောက်လွှာအမှတ် (၈၃) အားဖြင့် တင်သွင်းအမှုစွဲဆိုခဲ့ခြင်း ဖြစ်ပါသည်။ စွဲဆိုမှုကို ကျမ်း ကျိန်လွှာ၏ အမှတ်စဉ်(၉)၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်–

(၉) အထက်ပါအကြောင်းအရာများကြောင့်လည်းကောင်း၊ တရားမဝင် အာဏာအလွဲသုံးစားခါ ချမှတ်ထားသော အမိန့်များ(မင်းကြီးအဆင့်ဆင့် ခွင့်ပြုမိန့်၊ ခန့်အပ်မိန့် များကိုဆိုလို(စာရေးသူ)ကို ဤရုံးတော်မှ ပယ်ဖျက်ပေး ရန်နှင့် ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၂၈(၁) အရ၊ ရန်ကုန်မြူနီစီပါယ်ရွေးကောက်ပွဲကို အဆောတလျင် လုပ်ပေးပါရန်နှင့် ဤရုံးတော်က အမိန့်တစ်ရပ် ချမှတ်ပေးပါရန် တောင်းဆိုပါသည်– ဟု ဖော်ပြပါရှိ ခဲ့ပါသည်။

ရုံးတော်သည် နှစ်ဖက်ရှေ့နေများတို့၏ လျှောက်ထားချက်



ဦးလှမောင်(ရွှေနေ) ၁၉၅၇–၅၈ ခုနှစ်

များကို ဥပဒေနှင့်အညီ ကြားနာပြီး၊ လုပ်ထုံးလုပ်နည်းများအတိုင်း စဉ်းစားသုံးသပ်ကာ ၁၉၆၀ပြည့်နှစ် တရားမအသေးအဖွဲ့လျှောက်လွှာ အမှတ်(၈၃)အပေါ်တွင် နောက်ဆက်တွဲ (၃-ဈ)ဖြင့် အမှုတွဲတွင် စီရင်ချက်ချမှတ်ခြင်းအား ၁၉၆၀ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။ မေလတွင် စတင်ခဲ့သောအမှုမှ ဩဂုတ်လရောက်မှပင် ဆုံးခန်းတိုင်ခဲ့ခြင်းဟု ဆိုနိုင်ပါသည်။

စီရင်ချက်အပြည့်အစုံကို ရှည်လျားမည်စိုးသဖြင့် ဖော်ပြခြင်းမပြုတော့ဘဲ၊ စီရင်ချက်ထဲရှိ တရားသူကြီးမင်းတို့၏ သုံးသပ်ချက်များကို မှတ်သားဖွယ်ဗဟုသုတအဖြစ် ကောက်နုတ်ဖော်ပြပြီး နိဂုံးချုပ်မည်ဖြစ်ပါသည်။

မြူနီစီပါယ်မင်းကြီး ဦးထွန်းအုန်းက မိမိကိုယ်ကိုယ် ခွင့်ပေးခြင်း၊ မင်းကြီးအသစ်ခန့်အပ်ခြင်း၊ မင်းကြီးအသစ်ကလည်း အစိုးရမင်းများ၏ တာဝန်ပေးချိန် ကုန်ဆုံးသောအခါ ထပ်မံ၍ မင်းကြီးအသစ်ကို ထပ်မံခန့်အပ်ခြင်းတို့ကို ဆောင်ရွက်မှုများကို စီရင်ချက်၌ အစီအစဉ်အတိုင်း ရေးသားဖော်ပြခဲ့ပါသည်။ ထို့နောက် ယင်းအချက်ကို အပိုဒ်သစ်ခွဲ၍ အောက်ပါအတိုင်း ဖော်ပြပါသည်-

ဤကဲ့သို့ ထူးထူးဆန်းဆန်းပြုလုပ်ခဲ့ရခြင်းမှာ မြူနီစီပါယ်မင်းကြီးတစ်ဦးကို အစိုးရအနေနှင့် အခွင့်လည်းမပေးနိုင်၊ ခန့်အပ်ခြင်းလည်း မပြုနိုင်ခြင်းကြောင့်ဖြစ်သည်။ အစိုးရ လုပ်သင့်သည်ဆိုသောအချက်ကို ရုံးတော်က စဉ်းစားရန်မလို၊ အဘယ်ကြောင့်ဆိုသော် ဤရုံးတော်၏တာဝန်မှာ ဦးထွန်းအုန်းနှင့် ဗိုလ်မှူးကြီးထွန်းစိန်တို့ ချမှတ်ခဲ့သော အမိန့်များကို အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်သင့်သည်-မသင့်သည်ဟူသော ပြဿနာကိုသာ ဆုံးဖြတ်ရန်ဖြစ်သည်။ အခြေအနေအရ မြူနီစီပါယ်အဖွဲ့ဝင်ဟူ၍လည်း မရှိသည့်အခါ၌ အဖွဲ့၏အာဏာနှင့် ဝတ္တရားများမှာ အမှုထမ်းနေသော မင်းကြီး၌သာ ပုဒ်မ ၂၈(၃) အရ တည်ရှိနေ၍ မင်းကြီးနှင့် အစိုးရ နားလည်မှုယူပြီး အစိုးရ၏ ညွှန်ကြားချက်အရ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ (ရဲဘော်ဖေတင်၏ အခွင့်အာဏာကို အလွဲသုံးခြင်းဟု စွပ်စွဲချက်မှာ မဟုတ်မှန်ကြောင်း၊ ဖော်ပြရှင်းလင်းချက်ဖြစ်ပါသည်-စာရေးသူ)


ဗိုလ်မှူးကြီး ထွန်းစိန်

မြူနီစီပါယ်မင်းကြီး၏ ရှေ့နေကြီး လျှောက်ထားချက်များကို စီရင်ချက်၌ ဆက်လက်ဖော်ပြခဲ့ပါသည်။ ဆိုလိုရင်းအချက်မှာ အိမ်စောင့်အစိုးရကာလ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ရန်ရှိသော မဲစာရင်းနှင့် ပါလီမန်ရွေးကောက်ပွဲနှင့် မြူနီစီပါယ်ရွေးကောက်ပွဲကျင်းပရန်အချိန် တိုက်ဆိုင်မှုတို့ကို ကျိုးကြောင်းဖော်ပြကာ ယခုလက်ရှိမင်းကြီး (ဗိုလ်မှူးကြီးထွန်းစိန် ခန့်အပ်ခဲ့သော မြူ/မင်းကြီး ဦးကျော်မင်း)သည် ရွေးကောက်ပွဲပြုလုပ်နိုင်ရန် စိုင်းပြင်းနေကြောင်း- စသည်တို့ကို ဖော်ပြခဲ့ပါသည်။ ရုံးတော်က-

ဤလျှောက်လဲချက်များမှာ များစွာစဉ်းစားထိုက်သော လျှောက်လဲချက်များဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလလောက်က အခြားမြို့များမှာကဲ့သို့ ရန်ကုန်မြို့မှာလည်း ရွေးကောက်ပွဲ မလုပ်နိုင်ခဲ့သည်မှာ လုံလောက်သော အကြောင်းပြချက်များ ရှိကောင်းရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာပြည်၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့ကြီးတွင် မြူနီစီပါယ်အဖွဲ့ဟူ၍ မရှိသည်မှာ ၂ နှစ်နီးပါး ရှိနေပြီဖြစ်၍ ယခုလက်ရှိ မင်းကြီးသည် ကျင်းပရမည်ဖြစ်သော ရွေးကောက်ပွဲ အမြန်ဖြစ်မြောက်စေရန် ဆက်လက်ကြိုးပမ်းသင့်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ပုဒ်မ ၂၈(၁) အရ ရွေးကောက်ပွဲဖြစ်မြောက်စေရန် မပြဋ္ဌာန်းရသေးသည့် ညွှန်ကြားချက်ကို ပြဋ္ဌာန်းသင့်ကြောင်း ဤရုံးတော်ကဖော်ပြပြီး လျှောက်လွှာကို စရိတ်မရှိပယ်လိုက်သည်ဟူ၍ တရားဝန်ကြီး (တရားသူကြီး) ဦးအောင်သာကျော်၊ ဦးဘိုကြီးနှင့် နိုင်ငံတော်တရားဝန်ကြီးချုပ် (နိုင်ငံတော်တရားသူကြီးချုပ်) ဦးမြင့်သိန်းတို့က လက်မှတ်ရေးထိုးကာ စီရင်ချက်ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြဋ္ဌာန်းပြီးသော အက်ဥပဒေ၏ အကျိုးသက်ရောက်ပုံနှင့် တရားစီရင်ရေးအဖွဲ့၏ ဥပဒေနှင့်အညီ စီရင်ချက်ချပုံတို့မှာ မှတ်သားဖွယ်ဗဟုသုတနှင့် ပြည့်စုံနေကြောင်း ရေးသားဖော်ပြအပ်ပါသည်။

မြူလင်း



# ကျွန်တော် တတိယရန်ကုန်မြို့ဇာတ်သား

ပင်းချမ်းမှုန်



နေ့အသစ်ကို
တံခါးနှစ်ချပ်လိုဆွဲဖွင့်ပြီး
အိမ်ရှေ့က
ဗုဒ္ဓသရဏံပန်း နမ်းချင်
နေထွက်ရာအရပ်ဘက်မျက်နှာလှည့်
ငှက်တေးနဲ့ ခြေလှမ်းစချင်တယ်..

ကျွန်တော် နေ့တစ်နေ့ရဲ့ ခြေလှမ်းကို စတင်ချင်သည့်ဆန္ဒအပေါ် ရေးမိသည့် ကဗျာတစ်ပုဒ်၏ အစပါ။ ကဗျာ၏ခေါင်းစဉ်ကို "နေကြာပန်းလို မိုးလင်းဖို့"ဟု ပေးထားမိခဲ့ပါသည်။ ကြာတော့ကြာခဲ့ပါပြီ။ ၂၀၁၇၊ အောက်တိုဘာ၊ ရွက်နုဝေမဂ္ဂဇင်း၌ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

တကယ်တော့ မိမိဘဝကို အခြေခံထားသည့် ရန်ကုန်လူနေမှုဖြစ်စဉ်ကို တစေ့တစောင်း ငုံ့ကြည့်ထားတာလို့လည်း ဆိုနိုင်သည်။ တကယ်ပါ။ တရားရှုမှတ်ချိန်နဲ့ ငွေနောက်ပြေးလိုက်ချိန်ဟာ ဘယ်လိုတူနိုင်ပါ့မလဲ။ အပူရှိန်ရဲ့ လက်ဖဝါးပေါ်ဖြတ်ပြီး ဘယ်အရေးအကြောင်းနဲ့ နေ့တစ်နေ့ကို ပွတ်သပ်ရမလဲ တွေးမိသည်။ ကားလှလှပေါ်က နှုတ်ခမ်းနီနီ အမွှေးပွပွခွေးကလေးကို ငေးကြည့်



အပျော်ကိုယ်စီနဲ့ ရယ်ရယ်မောမောတွေကို ငေးကြည့်သည်။ ပြီးတော့ မှတ်တိုင်မှာရပ်နေတဲ့ ဘတ်စ်ကားလို ကိုယ့်ရေစီးရေလာကို ကိုယ်တွေးကြည့်သည်။ ဒီနှစ်ခဲရေ.... မင်းဘယ်အထိ ဆက်ရွေ့နေဦးမှာလဲ....ဟု စိတ်ထဲ တိုးဖွဖွလေးမေးကြည့်မိသည်။ တကယ်တော့ ရက်ရာဇာနဲ့ပိုဝေးရာ ထွက်ပြေးနေတဲ့အရသာအကြောင်း မတွေးချင်တော့တာ အမှန်ပါ။

ကျွန်တော်...မြို့တော်ရဲ့နေ့တစ်နေ့အား
တရားတော်ရဲ့ ခြေရင်းမှာ
နေကြာပန်းလို မိုးလင်းချင်ပါသည်။

○ ○ ○

ရန်ကုန်ဟာ ဘယ်နှမြို့ရှိသလဲ...

ဤသို့ ကျွန်တော်တွေးကြည့်နေမိစဉ်မှာပဲ...ကမ္ဘာကျော် နယူးယောက်မြို့ကြီးကတော့ သုံးကိုယ်ခွဲအလား သူ့မှာ သုံးမြို့တိတိရှိကြောင်း မီးထွန်းညှိပြခဲ့တာကို သတိရမိ၏။ ပထမ နယူးယောက်မြို့ကတော့ ဤမြို့မှာမွေးသည့် လူသားဟူသမျှတို့ကို ညွှန်းဆိုသည်။ သူတို့သည် နယူးယောက်မြို့ကို ဘာဘာညာညာ ဆင်ခြင်ခြင်းမပြုတော့ဘဲ ငြိမ်သက်စွာလက်ခံသည်။ မြို့ကြီး၏ ကြီးမားသောအရွယ်အစားနှင့် ဝရုန်းသုန်းကားဖြစ်တည်နေမှုကိုလည်း သဘာဝပဲလေဟု အေးဆေးသက်သာစွာ ခံယူကြသူတွေ ဖြစ်ကြသည်။

ဒုတိယနယူးယောက်မြို့ကတော့ မြို့တော်၏ဝန်းကျင် ဆင်ခြေဖုံးတစ်နေရာရာမှ လာရောက်ပြီး အသက်မွေးဝမ်းကျောင်းမှုပြုသူတွေကို ညွှန်းဆိုသည်။ သူတို့သည် ဒုတိယမြို့တော်တွင်းသို့ နံနက်ပိုင်းတွင် ကျိုင်းကောင်တွေပမာ ဝင်ရောက်လာကြကာ၊ မြို့တော်အား တစ်နေကုန် စုပ်ယူဝါးမြိုပြီး ညအမှောင်ရောက်သည်နှင့် မြို့တော်ကြီး၏ ထွေးထုတ်ခြင်းကို ခံကြရသူတွေ ဖြစ်ကြသည်။

တတိယနယူးယောက်မြို့ကတော့ အရပ်တစ်ပါး၌ မွေးဖွားပြီး မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်း တစ်ခုခုကို ရှာဖွေရန်အတွက် ဒုတိယနယူးယောက်မြို့တော်သို့ ရောက်လာကြသူတွေပဲ ဖြစ်ကြသည်။

ဤသို့ဖြင့် နယူးယောက်မြို့ကြီး သုံးမြို့သည် မိမိတို့ဝင်ရိုးပေါ်တွင် မိမိတို့ နိုင်မာစွာရပ်တည်ပြီး စည်ပင်စွာ ကခုန်လျက်ရှိကြသည်။ ဤသို့ တုန်ခါနေသော နယူးယောက်မြို့ကြီးသုံးမြို့အနက် တတိယနယူးယောက်မြို့သည် အမြင့်မြတ်ဆုံးဖြစ်သည်ဟု အဆိုပါ "နယူးယောက်"အက်ဆေးကို ရေးသားသူ အီးဘီဝှိုက်က ပြောခဲ့တာကို အမှတ်ရနေမိပါသည်။

ဤသို့ဆိုလျှင်———ကျွန်တော် စဉ်းစားကြည့်မိသည်။

ကျွန်တော်တို့ရန်ကုန်ကော ဘယ်နှမြို့ရှိနိုင်ပါသနည်း။

နယူးယောက်လိုပဲ ခိုလာကြသူတို့၏ ရည်ရွယ်ချက်သွေးအမျိုးအစားကိုကြည့်ပြီး သုံးမျိုးသုံးစား ခွဲခြားနိုင်ကောင်းသည်ထင်ပါ၏။ ကျွန်တော်၏ အတ္တနောပတီဟုလည်း ဆိုနိုင်ပါသည်။ ပထမရန်ကုန်က ရန်ကုန်မှာ အခြေချ ချက်မြှုပ်မွေးဖွားလာကြသူများ။ ဒုတိယရန်ကုန်က မြို့တော်၏ ဝန်းကျင်ဆင်ခြေဖုံးတွေမှာ နေထိုင်ပြီး မြို့တော်ထဲ တစ်နေ့တာသွားရောက် ဝမ်းစာရှာကြသူများ။ တတိယရန်ကုန်က နီးနီးဝေးဝေး တစ်ရပ်တစ်ကျေး မွေးဖွားရာဇာတိမြေမှ ရန်ကုန်သို့ ခွန့်ခွန့်စားစားလာရောက်ကြပြီး ကြီးပွားရာကြီးပွားကြောင်း ရှာကြသူများပဲ ဖြစ်ကြပါသည်။

ဒီလိုခွဲခြားမည်ဆိုပါက....မိတ်ဆွေကော အဘယ်သို့သော ရန်ကုန်မြို့သားလဲ။

ကျွန်တော်ကတော့ ရှင်းသည်။ မွန်ပြည်နယ် သံလွင်မြေမှ ဆန်တက်ကာ ရန်

ကုန်သို့ ခိုဝင်လာသူဆိုတော့....တတိယ ရန်ကုန်မြို့တော်သားပဲဖြစ်၏။ ပြန်တွေးကြည့်လျှင် မိခင်ရန်ကုန်မြို့တော်သည် သူ၏ရင်ခွင်သို့ ခိုဝင်လာကြသူတို့ကို အယုတ် အလတ် အမြတ်မရွေး၊ ဆင်းရဲချမ်းသာ လူမျိုးဘာသာမရွေး နွေးထွေးစွာကြိုဆိုလက်ခံသည့်ထုံးကို နှလုံးမူတာ သေချာပါသည်။ သို့သော် ကျွန်တော့်ကိုကား ရန်ကုန်မွေးစားသား မြို့တော်သားကြီးအချို့က ကြည်ဖြူစွာလက်မခံဘဲ အကြောက်အကန် ငြင်းဆန်ခဲ့တာမျိုးနှင့် ကြုံခဲ့ရ၏။

ထိုစဉ်က ကျွန်တော် ဝန်ထမ်းတစ်ဦးဆိုတော့...ဝန်ထမ်းစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ တွေ့ဆုံမေတ္တာရပ်ခံတာပါပဲ။ ပုဂ္ဂိုလ်ကြီးက မလိုလား။ စကားကြီး စကားကျယ်တွေနှင့် စာအုပ်ကြီးအတိုင်း ဖလှတ်တိုက်ပယ်ချခဲ့ရာ ကျွန်တော် ပြင်းထန်စွာ ဒဏ်ရာရခဲ့၏။ ညစ်ပတ်သော စိတ်ဓာတ်နှင့် လာဘ်မျှော်ဉာဉ်ပါ အရာရှိဆိုး၏ ကြိုးနီစနစ်ကြောင့်ပါပဲ။ နောက်ဆုံးတော့လည်း ရိုးသားသော မိုးနတ်ဒေဝီကြီးတစ်ပါးနှင့်ကြုံဆုံကာ စာနာစိတ်ဖြင့် ကူညီပေးခဲ့သဖြင့် တစ်ပြားတစ်ချပ်မျှမကုန်ဘဲ ရန်ကုန်သို့ လွယ်ကူစွာပြောင်းရွှေ့ခွင့်ရခဲ့တာ ဒီတစ်သက် မေ့နိုင်စွမ်းမည်မဟုတ်ပါ။

**လူတစ်ဦး၏ဘဝတစ်ခုကို လုံးဝပြောင်းလဲသွားဖို့ လုံလောက်သောအချိန်ဟု ဆိုနိုင်၏။ သို့သော် ကျွန်တော်မြို့တော်ကြီးထံမှ ဘာတွေများ ယက်သဲ့ကျင်ယူရရှိခဲ့ပါသလဲ။**

ဤသို့ဖြင့် အလောင်းမင်းတရားကြီးဦးအောင်ဇေယျက ရန်အပေါင်းတို့ ကုန်စင်ပြီဟူသောသဘောဖြင့် 'ရန်ကုန်'ဟု ကမ္ပည်းမော်ကွန်းထိုးခဲ့သော ရန်ကုန်မြေသို့ ကျွန်တော် ခြေချခွင့်ရခဲ့ပါသည်။

သို့သော်...ကျွန်တော့်အဖို့တော့ ရန်တွေက မကုန်။ လှိုင်းဖုံဖုံ ဝိုင်းအုံကြသည်သို့ပါတကား။

○ ○ ○

အခုဆို....ဘာလိုလိုနှင့်....

ကျွန်တော် တတိယရန်ကုန်မြို့တော်သားအဖြစ် ခိုဝင်ခြေချခဲ့တာ နှစ်ပေါင်းသုံးဆယ်ပင် သီစွန်းခဲ့ပါလေပြီ။ ဆယ်စုနှစ်သုံးခုကျော်ဆိုတော့ နည်းနည်းနောနော အချိန်ကာလတွေ မဟုတ်တော့ပါ။ လူတစ်ဦး၏ ဘဝတစ်ခုကို လုံးဝပြောင်းလဲသွားဖို့ လုံလောက်သောအချိန်ဟု ဆိုနိုင်၏။ သို့သော် ကျွန်တော် မြို့တော်ကြီးထံမှ ဘာတွေများ ယက်သဲ့ကျင်ယူရရှိခဲ့ပါသလဲ။ မြွေနှင့် လှေကားကွက်ထဲကလို လှေကားနှင့် ဘယ်နှခါကြုံကြိုက်မိပြီး၊ မြွေဆိုးနှင့် ဘယ်နှကြိမ် တိုးတိုက်ခြင်းခံခဲ့သလဲ။ ပြောရလျှင် ကံတရားက ကျွန်တော့်ဘက်မှာမရှိဘဲ အလည်လွန်နေတတ်၏။ အဆိုးလောကရာသီဥတုခါးခါးအောက်မှာသာ ဖားတစ်ကောင်လို ပြားပြားမှောက်ခဲ့ရတာတွေချည်း



ဖြစ်သည်။

ဒါတွေကလည်း ဘယ်သူမပြု မိမိမှုတွေပဲဟု ဆိုနိုင်ပါသည်။ ဤသို့ပဲ ဖြေဆည်ယူခဲ့ပါသည်။

ကျွန်တော့်၏ ပုဂ္ဂလိကယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်မှု၊ အသက်ရှုပုံနှင့် သက်ဆိုင်ပါသည်။ အမှန်တရားကို အလေးမထား၊ သိက္ခာကို ရိက္ခာဖြင့် လဲလှယ်ရောင်းစားနေသော ခေတ်လမ်းခရီးတွင် လက်ဖျားငွေသီးချင်လျှင် ဘာမှုမခက်ပါ။ မျက်နှာပြောင်ဖို့ အရှက်မရှိဖို့ပဲ လိုပါသည်။ ကျွန်တော်က အရှက်နှင့်လူလုပ်သော၊ မတရားမှုကိုဆန့်ကျင်ပြီး၊ အမှန်တရားကိုမြတ်နိုးသော စာပေသမားပီပီ၊ ကိုယ့်ထမင်းကိုယ်စားပြီး တိုင်းပြည်ချစ်နေသူဆိုတော့လည်း အခက်သား။ အကြင်နာမာနတရားဖြင့် မည်သူ့ကိုမျှ မြေနိမ့်ရာ လှံမစိုက်ချင်။ မစာမနာ မဆက်ဆံခဲ့ပါ။

ဒါက မိမိရွေးချယ်ခဲ့သော လမ်းဖြစ်သည့်အလျောက် လက်ဖဝါးပေါ် ရွှေလာငွေလာပင် မပေါက်ခဲ့ပါချေ။ ကျေနပ်ပါသည်။ ရတာလေးနှင့် ဝအောင်စား၊ ရှိတာလေးနှင့် လှအောင်ဝတ်၊ အာဇီဝဖြူဖြူနှင့် လူပီသပြီး အမိပွာယ်ရှိသောလူအဖြစ် ရန်ကုန်မြေတွင် နေချင်သည်။ ရန်ကုန်မြေတွင် သေချင်သည်။

ရန်ကုန်မြေတွင်လည်း အခမ္မလေပြင်းတို့ လွင့်စဉ်ပြီး ဓမ္မလေညင်းတို့ဖြင့် ထာဝရသင်းဆွတ်ပျံ့မွှေးစေချင်ပါသည်။

○ ○ ○

ကျွန်တော်တို့ ကဗျာဆရာအများစုကတော့ ရန်ကုန်ကို စိတ်ဝင်စားကြသည်။ ဇာမရှိ့ဘဲ ဇာဖွဲ့ခဲ့ကြသည်။ ကဗျာဆရာကိုရွှေဆိုလျှင် "ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ"ကို ရေးသားပြီး ၂၀၁၆ ခုနှစ် အမျိုးသားစာပေဆုပင် ရခဲ့တာအထင်အရှား။ သူ၏ စာပေဆုရစာအုပ်ထဲက ၂၀၁၅ မတိုင်မီကတည်းက ရေးခဲ့သည့် ကဗျာစာသားများ၏ ထက်ရှပုံက ကြောက်ခမန်းလိလိ။ ကျွန်တော့်ရင်ထဲ ငြိစွဲကျန်ရစ်ခဲ့တာအချို့ကို အနည်းငယ်ဖော်ပြပါရစေ။

ရန်ကုန်ဟာ ငွေးတဆွဲတဲ့ အသားတုံးလို အပိုင်းပိုင်း အတစ်တစ်ပဲ။ အသားသည်ရဲ့ စဉ်းတီတုံးပေါ်မှာ ရန်ကုန်ဟာ အခုန်နေတယ်၊ လူလူချင်း အမဲလိုက်တာလည်း ရန်ကုန်ပဲ၊ လူလူချင်း အစာခွံ့တာလည်း ရန်ကုန်ပဲ။ ရန်ကုန်ကို အသစ်မပေးနဲ့။ ရန်ကုန်ဟာ ခေတ်မီတယ်ဆိုပဲ၊ ရန်ကုန်ဟာ ခေတ်ကျော်တယ်၊ ခေတ်လွန်တယ်ဆိုပဲ။ ကြည့်.....၊ ရန်ကုန်ဟာ စကတ်အတိုကို ထပ်ပြီးခွဲထားတော့ ရင်လေးပေမယ့် ငေးမိတယ်။

ဒါ့အပြင်...ရန်ကုန်ဟာ အိမ်မရှိတဲ့ လူတွေ များလာတယ်။ လူမရှိတဲ့အိမ်တွေ များများလာတယ်။ ကားလမ်းပေါ် ကားတွေ မဆံ့တော့သလို၊ ရောင်းလို့ရတာ အကုန်ရောင်းပြီး၊ စားလို့ရတာ အကုန်စားတဲ့ စီမံကိန်းမှာ ရန်ကုန်ဟာ မျက်လှည့်ဆရာရဲ့ဖုံပေါ်က ဖုန်တွေလို တုန်ခါနေရှာပေါ့။

ဒါတွေက ကဗျာဆရာကိုရွှေ၏ ဒီကနေ့ ရန်ကုန်မြင်ကွင်းမဟုတ်ပါ။ လွန်လေပြီးသော ခြောက်နှစ်ကျော်က သူ့အမြင် သူ့အတွေးတွေပဲ ဖြစ်ပါသည်။

ဟိုဘက်ခေတ်က ရန်ကုန်ပေါ့။

○ ○ ○

ကျွန်တော် ယခုအက်ဆေးကို ရေးနေစဉ်မှာတော့....

ရန်ကုန်၌ မိုးအေးအေးတွေ ရွာဖွဲ့ရွာသွန်းနေဆဲ...။ သို့ဖြင့် မိုးစက်ပွင့်မှုန်မှုန်တွေကို ငေးကြည့်ရင်း....ကျွန်တော် လွန်ခဲ့သော ၂၀၁၄ စက်တင်ဘာလကတည်းက ရေးသားဖော်ပြခဲ့သော ကဗျာတစ်ပုဒ်ကို ပြေး၍ သတိရလိုက်မိပါသည်။ ဤသို့ပါ။

ဘီလူးခေါင်းဆောင်းထားတဲ့ မုတ်သုံမင်းသား၊ ငွေမြားနဲ့ပစ်ခွင်းတဲ့ စစ်တလင်းအောက်မှာ၊ ရန်ကုန်ဟာ မှောက်ရက်၊ စင်းစင်းကြီး လဲသေပြီလို့ထင်ကြ၊ ပူစရာမရှိ ပူနေကြတယ်။

မသေပါဘူး၊ ရန်ကုန်ဟာ မသေပါဘူး၊ အရေထူနေပါပြီ။ ဖျံတွေသာ ရေနစ်ပြီး သေချင်သေမယ်၊ ရန်ကုန်ဟာ ဘယ်တော့မှ ရေနစ်မသေဘူး။ ရန်ကုန်ဟာ ရေကူးတတ်တယ်၊ မော်တော်ကားတွေနဲ့ အပြိုင်ကူးတယ်၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးတွေနဲ့ အပြိုင်ကူးတယ်။ ကလေးများနဲ့အတူ ပျော်ပျော်ပါးပါး။ ဒီလို ကူးလာ





တာ ဘာယ်လောက်ကြာပြီလဲ။

ရန်ကုန်ဟာ အိုးဆားဇစ်၊ ရန်ကုန်ဟာ ပေါလော၊ မမောပန်းဘူး၊ အမော မဖောက်ဘူး။ လေဘာယ်လောက်ပြူးပြူး၊ မိုး ဘာယ်လောက်ရွာရွာ၊ ကိုင်ဇာရဲ့ မိုးရွာရင် ရေချိုးမယ်သီချင်း ချိုချိုမြိန်မြိန် အော်ဆိုဆဲ၊ ရေထဲမှာ ပျော်ပါတယ်။ ရေထဲမှာ အေးအေး ဆေးဆေး၊ ကျန်းမာရေး မချူချာ၊ အဖျား အနာမရှိ၊ ဒါကြောင့်…မေခလာကို ဘာလို့ မျှော်နေမလဲ၊ မေခလာ အလိုမရှိ၊ အသေ အချာ အလိုမရှိ။ အဗ္ဗာဟိ အဗ္ဗာနော နာ ဆော၊ မိမိကိုယ်သာ ကိုးကွယ်ရာလို့ ဘုရား ဟောရှိသားပဲ။

ဆိုတော့…မိုးကြိုက်သလောက်ရွာပါ၊ ရေကြိုက်သလောက်ကြီးပါ၊ ရေကြိုက်သလောက် လျှံပါ၊ ခံနိုင်ရည်အပြည့်နဲ့ ရန်ကုန်က စိန်ခေါ်တယ်။ ရန်ကုန်ဟာ ဇာတ်လိုက်၊ ရန်ကုန်ဟာ ချန်ပီယံ၊ ရေကူးချန်ပီယံ၊ အာရှစံချိန်တင်ထားတဲ့ အာဂချန်ပီယံ…။

ကဗျာက ဒါပါပဲ။

မိုး ဝေါခနဲ့ရွာချလိုက်သည်နှင့် လမ်းမတွေပေါ် ရေတာလဟောလျှံလာ၊ မျှောလာတတ်သည့် ရန်ကုန်၏အဖြစ်ကို အားမလိုအားမရဖြင့် ခံစားရေးဖွဲ့ခဲ့ခြင်းသာ ဖြစ်ပါသည်။ ကိုလိုနီခေတ် ရန်ကုန်ကို စတင်တည်ဆောက်စဉ်ကတည်းက ရေဆိုးတွေ ထုတ်ဖို့ မြေအောက်လိုဏ်ခေါင်း ရေမြောင်းကြီးတွေရှိပါလျက် အဘာယ်ကြောင့် အခုရေမျှောရေလျှံ ဖြစ်နေရတာလဲ။ အဲဒါကို တို့ထိလိုရင်းဖြစ်ပါသည်။

ကိုလိုနီခေတ်ဟု သုံးနှုန်းမိသဖြင့် ထိုခေတ်က ရန်ကုန်ကိုတည်ဆောက်ရာမှ လက်ရာအမြောက်ဆုံးနှင့် အကောင်းဆုံးဟု ကျွန်တော်ယူဆခဲ့သော မြို့တော်စည်ပင် အဆောက်အဦးနှင့် နောင် လွှတ်လပ်ရေးရပြီးမှ ဆောက်ခဲ့သော မဟာဗန္ဓုလပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်ကြီးကလည်း ကျွန်တော့်အာရုံထဲ ထိုးဖောက်ဝင်ရောက်လာပြန်လေသည်။

ပြောရလျှင်…လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က မြူနီစီပယ်အုပ်ချုပ်ရေးမှူးရုံး၊ နောင် မြန်မာဗိသုကာပညာရှင် စည်သူ ဦးတင်က အနောက်တိုင်းသွင်းဟန်နှင့် ပေါင်းစပ်ကာ ယနေ့ ကျွန်တော်တို့မြင်တွေ့နေရသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး အဆောက်အဦးကြီးကို တည်ဆောက်ခဲ့တာ ဂုဏ်ယူဖွယ်အလွန်ကောင်းပါသည်။ အဘာယ်မျှ ခေတ်မီလှပအချိုးကျလိုက်ပါသလဲ။ အဲဒီနေရာသို့ ရောက်သွားလေတိုင်း မည်သူမဆို ထိုဆွတ်ဆွတ်ဖြူ မြန်မာမှုဟန် အဆောက်အဦးပုံကို သမင်လည်ပြန်ကြည့်ခဲ့ရသူတွေချည်း။

ကျွန်တော်ကိုယ်တိုင်ပင် ထိုပတ်ဝန်းကျင်တစ်ဝိုက်…မိုးတိုက်လှနီးပါး ခေတ်သစ်ဟန် အဆောက်အဦးများထက်စာလျှင် ဤရှေးရှေးရ လှပခန့်ညားသော မြို့တော်ခန်းမကို တုမမီနိုင်ဟု ယခုတိုင် ခံစားမှတ်ယူနေဆဲ…။ ဤမျှအထိ မြို့တော်၏အသည်းနှလုံးနှင့် ပဓာပြုတင်စားလောက်သည့် ထိုအဆောက်အဦးကို စွဲခဲ့ပါသည်။

သူ့အရှေ့တည့်တည့်မှာ ရောမ လွတ်လပ်ရေးကျောက်တိုင်၊ လက်ဝဲဘက်မှာ ရွှေရောင်ဖြာဝေ မြတ်ဆူလေးဘုရား။ အဘာယ်မျှ ပဏာရလှပ၊ ကြက်သရေ မင်္ဂလာရှိလိုက်ပါသလဲ။

အဲဒါ…ရန်ကုန်ပဲဖြစ်ပါသည်။

○ ○ ○

ကျွန်တော်…
ရန်ကုန်မှာပျော်ပါတယ်
တစ်ခါတလေ မပျော်ဘူး
ရယ်သံတွေနဲ့ မောသံတွေနဲ့
အာဇာနည်ဗိမာန်နဲ့ ရွှေတိဂုံဘုရားနဲ့
ခိုးကျောင်းတံတားကြီးတွေနဲ့
ကားတွေက တဝေါဝေါနဲ့
ဇာတ်လိုက်တွေ ပေါသလောက်၊
လူကြမ်းတွေလည်း များတယ်
အားလုံး သုတ်သီးသုတ်ပျာနဲ့
ပြေးပြေးလွှားလွှား၊ သွားသွားလာလာ
တစ်နေကုန် ရှေ့ရှုရ
မိုးမရွာရင် တအားပူတာပဲ
သုံးရာသီလုံး မိုးရွာစေချင်ပါတယ်…။

မည်သို့ဆိုစေ…

ကျွန်တော် တတိယရန်ကုန်မြို့တော်သားဖြစ်ရတာ ဂုဏ်ယူပါသည်။ ရန်ကုန်မှာ ပျော်ပါသည်။

**မင်းချမ်းမွန်**



မြို့တော်သတင်း၏ ပထမဆုံး အယ်ဒီတာချုပ်
လမ်းမတော် တင်မောင်လတ်



မြို့တော်သတင်း စတင်ဖြန့်ချိထုတ်ဝေသည့်အခါ မြို့တော်ဝန်ကြီး ဦးကိုလေးနှင့် စာနယ်ဇင်းသမားများ ဖူးမြော်ကြည့်ရှုစဉ်



ဦးစင်မောင်မြ (အယ်ဒီတာချုပ်-ဟောင်း)

# မီဒီယာသမိုင်းတစ်ခေတ်မှာ အောင်မြင်သော ညနေသတင်းစာ

ဆောင်းပါး-မြတ်စိုး(ရှိုင်)　　ဓာတ်ပုံ-စောသိန်းဝင်း(မြို့တော်သတင်း)




## မီဒီယာအကြောင်းအလဲခေတ်ဦး

ဆယ်စုနှစ်သုံးစုဆိုသည့်မှာ ဘာမျှ မကြာလိုက်ပါ။

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် စတင်ဖရီးနှင့်ခဲ့သော မြို့တော်သတင်းစာသည် နှစ်ပေါင်း ၃၀ အကြာ ယခုအခါတွင် ဖရီးအတော်ပေါက်ခဲ့ပါပြီ။

ထိုကာလအတွင်း မြို့တော်သတင်းသည် လူ့သမိုင်း (သို့) နိုင်ငံ့သမိုင်းကို အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အတက်အဆင်း၊ အလင်းအမှောင် ရောင်စုံပန်းချီကားချပ်များသဖွယ် ဆေးရောင်ခြယ်ကာ မှတ်တမ်းတင်ပေးနိုင်ခဲ့ပါသည်။

မြို့တော်သတင်း စတင်ခဲ့ချိန်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့ တာဝန်စတင်ချိန်ကာလလည်းပင် ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်သစ်အစပျိုးချိန်လည်းဖြစ်သည်။ စနစ်၏ ခြေလှမ်းသစ်နှင့်အတူ နိုင်ငံတော်အတွင်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် အားယူဆောင်ရွက်နေချိန်လည်းဖြစ်သည်။

ခေတ်စနစ်နှင့်အညီ မီဒီယာအပြောင်းအလဲ၏ခေတ်ဦး လည်းဖြစ်သည်။

## တစ်စောင်တည်းသော ညနေသတင်းစာ

ထိုကာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သတင်းစာ(ညနေပိုင်းထုတ်)ကို ထုတ်ဝေရန် ပြင်ဆင်နေကြောင်း သတင်းကောင်းတစ်ခု ထွက်ပေါ်လာသည်။

ထိုစဉ်က စာနယ်ဇင်းမှန်သမျှ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ စာပေစိစစ်ရေးဦးစီးဌာနနှင့် ဆက်ဆံကြရသည်။

မြို့တော်သတင်းစာ၏ ထူးခြားချက်မှာ စာပေစိစစ်ရေးသို့ တင်ပြရန်မလိုသည့်ပြင်၊ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ သတင်းလွတ်လပ်ခွင့်ဖြင့် ရေးသားထုတ်ဝေခွင့်ပြုထားသည့် တစ်စောင်တည်းသော ညနေခင်းသတင်းစာလည်းဖြစ်၍ ပြည်သူအများ စိတ်ဝင်စားကာ အားပေးဖတ်ရှုကြသည်။

ညနေရုံးဆင်းချိန်ဆိုလျှင် ရန်ကုန်မြို့တွင်း အချက်အချာကျသည့် ဘတ်စ်ကားဂိတ်များ၊ မီးရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်အသီးသီးတွင် သတင်းစာလက်ဖွေ့အရောင်းသမားများက တစ်နေ့တာထူးခြားဖြစ်စဉ်သတင်းများကို အော်ဟစ်ဖြန့်ချိရောင်းချနေကြပြီဖြစ်သည်။

## မြို့တော်သတင်းပိုင်းတော်သားများ

မြို့တော်သတင်းကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူမည့်သူမှာ ဝါရင့်မြို့နယ်သတင်းထောက်ကြီး ဆရာတင်မောင်လတ်(လမ်းမတော်)ဟု သိလိုက်ရ၍ ၎င်းထံအမြန်သွားရောက်ဆက်သွယ်သည်။

ကျွန်တော်သည်လည်း သူနှင့်ခေတ်ပြိုင် လှိုင်မြို့နယ်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်၍ သူက ဝမ်းသာအားရ ကြိုဆိုသည်။

ဒါတင်မက ရန်ကုန်မြို့တွင်း မြို့နယ်များအပါအဝင် တိုင်းဒေသကြီးအတွင်း လေးခရိုင်ကို နှစ်ခရိုင်စီခွဲကာ အယ်ဒီတာချုပ်၏ ရေးဖော်(သတင်းထောက်)နှစ်ဦးဖြစ်သည့် သာကေတမြို့နယ်သတင်းထောက်ကြီး ဦးတင်ဝင်းကို အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်၊ လှိုင်မြို့နယ် သတင်းထောက်ဖြစ်သည့် ကျွန်တော့်ကို




မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်သတင်းများ တာဝန်ယူရေးသားပေးကြရန် ခွဲဝေတာဝန်ပေးသည်။

ထိုကာလက မြို့တော်သတင်းစာတွင် အယ်ဒီတာချုပ် ဦးတင်မောင်လတ်(တင်မောင်လတ်–လမ်းမတော်)၊ အမှုဆောင်အယ်ဒီတာနှစ်ဦးမှာ ဦးစိုးမြင့်(မော်ကျွန်းစိုးမြင့်)၊ ဦးခင်မောင်ဖြူ(ခင်မောင်ဖြူ)၊ ဓာတ်ပုံသတင်းထောက်ချုပ် ဦးထွန်းရွှေ(ဓာတ်ပုံ ဥက္ကလာထွန်းရွှေ)နှင့် ဓာတ်ပုံသတင်းထောက် ဦးစောသိန်းဝင်း(စောသိန်းဝင်း–မြို့တော်သတင်း)တို့သာ ရှိကြသေးသည်။ သတင်းများရေးသားရန် တိုက်ပိုင်သတင်းထောက်နှင့်သတင်းထောက်ချုပ်တို့လုံးဝမရှိသေးပါ။

ပြင်ပ(မြို့နယ်သတင်းထောက်)သတင်းထောက်များအဖြစ် ဦးအောင်စိန်(၀၀၁)၊ ဦးတင်ဝင်း(သာကေတ)(၀၀၂)၊ ဦးမောင်မောင်ဘုန်းမြင့်(ဗဟန်း) (၀၀၃)၊ ဦးမြတ်စိုး(မြတ်စိုး–လှိုင်) (၀၀၄)၊ ဦးမြတ်မိုး(ရုပ်ရှင်) (၀၀၅) စသည်ဖြင့် သတင်းထောက်အမှတ်များ အစဉ်


**မြို့တော်သတင်းစာ၏ ထူးခြားချက်မှာ စာပေစိစစ်ရေးသို့ တင်ပြရန်မလိုသည့်ပြင်၊
စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ သတင်းလွတ်လပ်ခွင့်ဖြင့်
ရေးသားထုတ်ဝေခွင့်ပြုထားသည့်
တစ်စောင်တည်းသော ညနေခင်းသတင်းစာလည်းဖြစ်၍ ...**



အယ်ဒီတာချုပ် ဦးစိန်ဝင်း



သတင်းထောက်ချုပ် (ဦး) မြတ်စိုး(လှိုင်)
ယခု- မီဒီယာအကြံပေး



သတင်းထောက်ချုပ်(ဦး) စောသိန်းဝင်း(မြို့တော်သတင်း)
ယခု- သတင်းထောက်ချုပ်(အကြံပေး)

လိုက်ပေးကာ ခန့်ထားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင်မှ အယ်ဒီတာဌာနတွင် ဦးဝင်းကြည်(ယခင်ပါတီရေးရာစာစောင်)နှင့် ဦးအောင်သန်းစိန်(ကြေးမုံအယ်ဒီတာ-ငြိမ်း)တို့ ထပ်မံရောက်ရှိလာကြပြီး၊ ကျွန်တော်နှင့် မောင်မောင်ဘုန်းမြင့်တို့နှစ်ဦးလည်း တိုက်ပိုင်သတင်းထောက်နှင့် ဓာတ်ပုံသတင်းထောက်များအဖြစ် ရောက်ရှိလာကြသည်။

သတင်းစာအတွက် Layout Design ကို ကွန်ပျူတာဖြင့် အသုံးမပြုသေးဘဲ စာစီစာရိုက် DTP အတွက်သာ ကွန်ပျူတာစာစီပြုလုပ်ပြီး ဆရာမော်ကျွန်းစိုးမြင့်နှင့် ဆရာဦးခင်မောင်ဖြူတို့က ဖြတ်ညှပ်ကပ်ပြုလုပ်ကာ စာမျက်နှာဖွဲ့ခြင်း၊ ဒီဇိုင်းအလှဆင်ခြင်းတို့ ဆောင်ရွက်ကြသည်။ ခဲစာလုံးစာစီမှ ကွန်ပျူတာစာစီအဆင့် ပြောင်းနိုင်ရုံသာရှိသေးသည်။

ယခု နှစ် ၃၀ အကြာမှာတော့ ခေတ်နှင့်အညီ ကွန်ပျူတာမှ ဖလင်အဆင့် (C to F) အဆင့်ကိုပင်ကျော်ကာ ကွန်ပျူတာမှ ပလိတ် (C to P) အဆင့်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

မြို့တော်သတင်းစာတိုက်၏ ပထမဆုံးတည်နေရာသည် ဆူးလေဘုရားလမ်း၊ မြဝတီမဂ္ဂဇင်းတိုက်(ယခု ထရိတ်ဒါးဟိုတယ်နေရာ)တွင်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းတိုက်၏ အယ်ဒီတာချုပ် ဦးသိန်းစိန်(နောင်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး-ငြိမ်း)ကလည်း အနီးကပ် ပံ့ပိုးကူညီပေးသည်။

ထိုစဉ်က ရန်ကုန်မြို့တော်ကြီးအတွင်း တစ်နေ့တာအဖြစ်အပျက်သတင်းထူး၊ သတင်းဦးများကို မလွတ်တမ်းဖော်ပြနိုင်ခဲ့၍ ပြည်သူများကြားတွင် အသိအမှတ်ပြုခံရကာ "ရုတ်ရုတ်မလုပ်နဲ့၊ မြို့တော်ထဲပါသွားမယ်"ဟူသည့် အမည်ကောင်းတစ်ခုပင် ရရှိကျော်ကြားခဲ့သည်။

ထိုကာလက ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံကို သတင်း၊ ဆောင်းပါး၊ ကာတွန်းတို့ဖြင့် စေ့စေ့ဆားဆား မျက်ခြည်မပြတ် ထင်ဟပ်ဖော်ပြခဲ့ကြသည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း တိုက်ပိုင်သတင်းထောက်မှ သတင်းထောက်ချုပ်တာဝန်အထိ ကျွန်တော် တာဝန်ယူခဲ့ပြီး၊ အခြားတိုက်ပိုင် ဓာတ်ပုံသတင်းထောက်များနှင့်တွဲကာ သတင်းနှင့် ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရနေမိသည်။

မြို့တော်စည်ပင်ပိုင် သိမ်ကြီးဈေး(ဒီရုံ) ဈေးသစ်ကြီးကို တည်ဆောက်ပြီးစီးချိန်တွင် မြို့တော်သတင်းစာတိုက် ယင်းဈေးသစ်ကြီးသို့ ရွှေ့ပြောင်းကြရသည်။

စူဠလီပ်ကို ရေထဲလွှတ်လိုက်သည့်ပမာ မြို့လယ်ကောင် ဈေးသစ်ကြီးတွင် သတင်းစာရောက်ရှိသွား၍ သတင်းထောက်များ အဖို့ နေ့စဉ်လူစည်ကားရာ သတင်းပင်လယ်ကြီးထဲတွင် စိတ်ကြိုက်ကူးခတ်လှုပ်ရှားရင်း ပျော်မွေ့နေကြတော့သည်။

လူ့သတင်း လူချင်းဆောင်ကာ တစ်နေ့တာ သတင်းဦး၊ သတင်းထူးများကို သတင်းစာတိုက်ကြီးက အလွယ်တကူ ရလုတ်တိုက်မိနေတော့သည်။

သတင်းစာဝေါဟာရအရ "မီးလောင်၊ လေတိုက်၊ ဓားပြ ရိုက်" သတင်းများသည် လူအများစိတ်ဝင်စားကြသည့်သတင်းများ ဖြစ်ကြသည်။

ယင်းဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် မှုခင်းသတင်းများ၊ ထူးခြားဖြစ်စဉ်များ၊ လေမုန်တိုင်း၊ ရေကြီး၊ မီးလောင်၊ မီးတောင်ပေါက်ကွဲ၊ ကားမှောက်၊ ရထားမှောက်၊ လေယာဉ်ပျက်စသည်....စသည်တို့ကို လူအများစိတ်ဝင်စားကြခြင်းဖြစ်သည်။

သတ္တိရစ္ဆာပေါင်းများစွာထဲက သတင်းတချို့ကို ယနေ့



ဦးမြင့်သိန်း (မီဒီယာအကြံပေး)



ဓာတ်ပုံသတင်းထောက်ချုပ် ဥက္ကဋ္ဌဦးထွန်းရွှေ



ဌာနခွဲမှူး (အယ်ဒီတာ) ဦးညီမြိုးဝေ

တိုင် မှတ်မှတ်ထင်ထင်ရှိနေဆဲပင်ဖြစ်သည်။

## သတင်းဦး သတင်းထူးများ

ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းက ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားမှ အီလက်ထရောနစ်ပစ္စည်းအဟောင်းများ တရားမဝင် တင်ဆောင်လာကာ၊ အကောက်ခွန်ရှောင်သည့်သဘောဖြင့် ရန်ကုန် တစ်ဖက်ကမ်းတွင် ယင်းပစ္စည်းများကို ညဘက် ခိုးယူသယ်ဆောင်စဉ် ဖမ်းဆီးရမိလိုက်သည့်သတင်းကို တာဝန်သိ သတင်းပေးသူတစ်ဦးက မြို့တော်သတင်းစာသို့ နံနက်စောစော သတင်းပေးပို့ခဲ့သဖြင့် ထိုစဉ်က နိုင်ငံပိုင်သတင်းစာတိုက်များထက် စောစီးစွာ သတင်းဖော်ပြပေးနိုင်ခဲ့သည်ကို ယနေ့တိုင် သတိရနေမိသည်။



တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်လွင်

ထိုနေ့အတွက် သတင်းဦး သတင်းထူး မရှိသေး၍ အယ်ဒီတာချုပ်နှင့် သတင်းထောက်အဖွဲ့ အကြံအိုက်နေစဉ် ထိုသတင်းမှာ "ရေတော်တုန်း ရေတွင်းထဲကျ" သွားသည့် သတင်းတစ်ပုဒ်ပင်ဖြစ် သည်။

မြို့တော်သတင်းစာ လူသိများအောင်မြင်ခဲ့ခြင်းတွင် သတင်းစာလက်ဖွေ့သမားကလေးများ၏ ကျေးဇူးတရားလည်း မကင်းပေ။ သူတို့ခမျာ သတင်းဦး၊ သတင်းထူးများကို အနံ့ခံပေးရင်း အော်စရာ (သူတို့အခေါ် 'အော်ချက်')များကို ဝိုင်းဝန်းရှာဖွေပေးကြသည်။ တစ်နည်းအားဖြင့် မြို့တော်သတင်း၏ ကျေးဇူးရှင်များလည်း ဖြစ်ကြသည်။

တစ်ခါက မနက်စောစောသတင်းစာတိုက်အဝမှာ လက်ဖွေ့သမားလေးတစ်ဦးက စက်ဘီးဖြင့် ကျုန်တော်တို့အလာကိုစောင့်နေကာ တွေ့လျှင်တွေ့ချင်း "ဆရာရေ-ဒီနေ့အတွက်တော့ 'အော်ချက်' ရပြီ"ဟုဆိုကာ ပူပူနွေးနွေးဖြစ်ပျက်သွားသော လသာလမ်း လူသတ်မှုတစ်ခု သတင်းအစတစ်ခုကို ပြောပြသဖြင့် လသာလမ်းမှ အဘိုးအိုတစ်ဦးအား လူငယ်တစ်ဦးက ဓားမြှောင်ဖြင့် ပစ်သတ်သွားသည့်သတင်းကို ထိုနေ့က ဦးဦးဖျားဖျား ဖော်ပြနိုင်ခဲ့ပါသည်။

ထိုမှုမှာ မြို့တော်သတင်းစာက ဖော်ပြလိုက်သော သက်သေခံပစ္စည်း ကျည်ဆန်ခွံမှ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံကို ရက်ပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့သည်။

အလားတူပင် ပြည်သူတို့၏ သတင်းပေးချက်အရ လသာမြို့နယ်မှ လူမမယ် အိမ်ဖော်မိန်းကလေးတစ်ဦးကို အိမ်ရှင်အရာရှိအမျိုးသမီးတစ်ဦးက လူမဆန်စွာ ညှင်းပန်းနှိပ်စက်သဖြင့် အစာရေ

**မြို့တော်သတင်းစာ လူသိများအောင်မြင်ခဲ့ခြင်းတွင် သတင်းစာလက်ဖွေ့သမားကလေးများ၏ ကျေးဇူးတရားလည်း မကင်းပေ။ သူတို့ခမျာ သတင်းဦး၊ သတင်းထူးများကို အနံ့ခံပေးရင်း အော်စရာ (သူတို့အခေါ် "အော်ချက်")များကို ဝိုင်းဝန်းရှာဖွေပေးကြသည်။ တစ်နည်းအားဖြင့် မြို့တော်သတင်း၏ ကျေးဇူးရှင်များလည်းဖြစ်ကြသည်။**

စာပြတ်ကာ သေဆုံးခဲ့ရသည့် ရင်နာဖွယ် သတင်းတစ်ပုဒ်ကိုလည်း လူသားချင်းစာနာမှုဖြင့် အချိန်မီဖော်ထုတ်တင်ပြနိုင်ခဲ့ကြပါသည်။

**ဆေးပညာစွမ်းဝတား ထတင်းများ**

မြို့တော်သတင်းစာ၏ စာမျက်နှာများပေါ်၌ သမိုင်းတွင်ကျန်ရစ်ခဲ့သည့် ဆေးလောကထူးခြားချက်သတင်းအချို့ကိုလည်း အမှတ်ရနေဆဲဖြစ်ပါသည်။



တာဝန်ခံအယ်ဒီတာ ဦးစောရွှေ

**အေးအေးငြိမ်း၊ အိအိငြိမ်း**

အေးအေးငြိမ်း၊ အိအိငြိမ်း ရင်ချင်းဆက်အမြွှာညီအစ်မ၊ ရန်ကုန်ကလေးဆေးရုံကြီးသို့ရောက်ရှိလာသည်မှ မြန်မာဆရာဝန်ကြီးများက အောင်မြင်စွာခွဲစိတ်ပြီးသည်အထိ (ခွဲစိတ်နေစဉ်သတင်းများပါ)၊ နေ့စဉ်မပြတ် ပြည်သူသို့ တင်ဆက်ပေးနိုင်ခဲ့ပါသည်။

ကြားဖြတ်ထူးခြားဖြစ်စဉ်မှာ ၎င်းတို့အား ခွဲစိတ်ရန်ပြင်ဆင်နေစဉ် ရက်အတွင်း၌ပင် လှည်းကူးမြို့နယ် ရဲမွန်ရွာမှ ခက်ခက်နှင့်နိုင်နိုင်ဆိုသည့် ရင်ချင်းဆက်အမြွှာညီအစ်မကို မမျှော်လင့်ဘဲ ထပ်မံမွေးဖွားခဲ့ပြီး၊ ကလေးဆေးရုံကြီးသို့ ရောက်ရှိလာကာ အခြေအနေအရ အေးအေးငြိမ်း၊ အိအိငြိမ်းတို့ထက် ရက်စောပြီး ခွဲစိတ်လိုက်ရသည့် သတင်းကိုပါ မြို့တော်သတင်းက ထူးခြားစွာတင်ပြနိုင်ခဲ့ပါသည်။

သို့သော် ကံဆိုးစွာဖြင့် အဆိုပါ ခက်ခက်၊ နိုင်နိုင်တို့၏ ခွဲစိတ်မှုမှာ အသက်မရှင်ခဲ့သော်လည်း မူလကတည်းက ခွဲစိတ်ရန်ပြင်ဆင်နေသည့် အေးအေးငြိမ်း၊ အိအိငြိမ်းတို့အတွက် အောင်မြင်မှုရရန် အကြိုသင်ခန်းစာယူစရာ၊ ပြင်ဆင်စရာများရလိုက်သဖြင့်– "ခြေသြင်...လှူကြကြမ္မာဆိုသည်မှာ ဆန်းပေစွ" ဟု သံဝေဂရခဲ့ကြပါသည်။

အလားတူပင် တနင်္သာရီတိုင်းဒေသကြီး၊ တုန်းဗျော့ရွာမှ မောင်မှူဆာ၏ ပေါင်ချိန် ၁၄၀ ခန့် အလေးချိန်ရှိနေသည့် ကပ္ပာယ်အိတ်ကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ်ဖြတ်တောက်ဖယ်ရှားပေးနိုင်ခဲ့သည့် သတင်းထူးတစ်ပုဒ်နှင့် ဦးခေါင်းထဲတွင် မွေးကတည်းက ရေအိတ်ကြီးပါလာကာ ဦးခေါင်းနှစ်လုံးကဲ့သို့ဖြစ်ပေါ်နေသည့် မောင်ထူးထူးကျော်အား ဆရာဝန်ကြီးဒေါက်တာစောဆိုင်မွန်သာနှင့်အဖွဲ့က ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့သည့်သတင်းများကို နေ့စဉ်ရက်ဆက် တင်ပြပေးနိုင်ခဲ့၍ ပြည်သူများ စောင့်စားဖတ်ရှုအားပေးခဲ့ကြသည်။

**တည်ဆောက်ပြုပြင် မြို့တော်တခွင်**

မြို့တော်သတင်းစာ စတင်ထုတ်ဝေသည့်ကာလတွင် တည်ဆောက်ပြုပြင် မြန်ပြည်တခွင် စီမံကိန်းကြီးများစွာကို နိုင်ငံတဝန်းအကောင်အထည်ဖော်နေချိန်ဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးသည် ထိုစဉ်က နိုင်ငံတော်၏ မြို့တော်ကြီးဖြစ်သည်နှင့်အညီ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံနှင့် ဒဂုံမြို့သစ်ကြီးများ၊ စက်မှုဇုန်သစ်ကြီးများ၊ အင်းစိန်မြို့နယ်တွင် မြို့တော်ဂေါက်ကွင်းသစ်ကြီး တည်ဆောက်ခြင်း၊ မြေနီကုန်း၊ တာမွေ၊ ၃၈ လမ်းဈေး၊ ညောင်ပင်လေးဈေး၊ သိမ်ဈေး စသည့် ပလာဇာဈေးသစ်ကြီးများ။

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံကြီးများ၊ ဘုရင့်နောင်ကားပစ္စည်းဈေးသစ်ကြီးများ။ ရန်ကုန်သန်လျင်တံတားသစ်ကြီး၊ ရန်ကုန်လှိုင်သာယာ လှိုင်မြစ်ကူးတံတားသစ်ကြီးများ။

ထို့ပြင် ထရိတ်ဒါးဟိုတယ်ကြီးနှင့် ဆာကူရာတာဝါသစ်ကြီး။ စသည့်မြင်ကွင်းသစ်၊ အဆောက်အအုံသစ်ကြီးများ၊ နေ့စဉ်ရက်ဆက် အစီအရီပေါ်လာခဲ့ရာ မြို့တော်ဝန်ကြီး၏ ခရီးစဉ်နှင့်အတူ ကျွန်တော်တို့မြို့တော်သတင်းအဖွဲ့သားများကလည်း ထပ်ချပ်မကွာ လိုက်ပါကာ သတင်းများရေးသားတင်ဆက်ခဲ့ကြသည်။

နိုင်ငံတော်အဆင့် ကြီးမားသောပွဲတော်ကြီးများတွင် မြန်မာ့ရိုးရာ လှေသဘင်ပွဲတော်၊ မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော်၊ Visit Myanmar Year(1996) မြန်မာ့ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတော်အဆင့် ပွဲတော်ကြီးများကို





လည်း သတင်းမှတ်တမ်းများ တင်ဆက်ပေးခဲ့ကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးမြို့မ ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသနှင့် အကျိုးတော်ဆောင်ချုပ် ဆရာတော်ကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးနှစ်ပါးတို့၏ အန္တိမအင်္ဂါကျဉ်းပန အခမ်းအနားကြီးများကို တက်ရောက်သတင်းရယူကာ ထူးခြားစွာ ကြုံတွေ့ဖူးမြော်ပူဇော်ခွင့် ရရှိခဲ့ကြခြင်းမှာလည်း မြို့တော်သတင်း၏ သမိုင်းဝင် မှတ်တမ်းများဖြစ်ခဲ့သည်။

ထို့ပြင် ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရေး အမျိုးသားညီလာခံကြီးသို့ မြို့တော်သတင်းအဖွဲ့ တက်ရောက်သတင်းရယူခွင့်ရရှိခဲ့ခြင်းမှာလည်း အမှတ်တရမှတ်တမ်းတစ်ခု ဖြစ်ခဲ့သည်။

မြို့တော်သတင်း၏ ခရီးအစတွင် ထူးချွန်သည့်သတင်းထောက်များကို နှစ်ပတ်လည်အခမ်းအနားတွင် ဆုချီးမြှင့်ခြင်း အစဉ်အလာလည်းရှိခဲ့သည်။

ယင်းအစီအစဉ်အရ ပြင်ပသတင်းထောက်များထဲမှ ဦးမြတ်မိုးအား ၁၉၉၂ ခုနှစ် ပထမအကြိမ် နှစ်ပတ်လည်အခမ်းအနားတွင် မြို့တော်ဝန် ဦးကိုလေးက ဆုချီးမြှင့်ပြီး တိုက်ပိုင်သတင်းထောက်များထဲက သတင်းထောက် ဦးစောသိန်းဝင်း(မြို့တော်သတင်း) အား ၂၀၁၁ ခုနှစ်၊ ၂၀ နှစ်ပြည့် အခမ်းအနားတွင် သတင်း ထူးချွန်ဆုကို မြို့တော်ဝန်ကြီး ဦးလှမြင့်က ပေးအပ်ချီးမြှင့်သည့်ပြင် သတင်းထောက်ချုပ်ရာထူးကိုပါ တိုးမြှင့်ပေးအပ်လိုက်သည်။

## ထူးခြားထိုက်ဝံ့ဖြစ်စဉ်ထုံးရစ်

ယခုကျရောက်နေသည့် ၂၀၂၁ ခုနှစ်သည် ရန်ကုန်မြို့တော်ကြီးအတွက် အလွန်ထူးခြားသည့် သမိုင်းဖြစ်စဉ်ကြီး သုံးခုနှင့်လည်း ကြုံကြိုက်နေသည်ဟု ဆိုချင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး (ယခု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေတို့ ဦးဆောင်ကာ ပြန်လည်ဖွဲ့စည်းပေးပြီးနောက် ၂၀၂၁ ခုနှစ် မေ ၁ ရက်၊ ကမ္ဘာ့အလုပ်သမားနေ့မှစတင်ကာ၊ မြို့တော်သတင်းစာ ပုံနှိပ်မီဒီယာကိုလည်း ညနေပိုင်းထုတ် သတင်းစာအဖြစ် ပြန်လည်ထုတ်ဝေခဲ့သည်။



ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသစ် စတင်ချိန်နှင့် ရန်ကုန်မြို့တည်သက်တမ်း ၂၆၆ နှစ်ပြည့်နှင့် ကြုံကြိုက်နေခြင်းမှာလည်း ပထမဆုံးထူးခြားချက်ဖြစ်သည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ခရစ်နှစ် ၁၇၅၅ ခုနှစ်၊ မေ ၂ရက်တွင် ယခင်က "ဒဂုံ"ဟူသည့် မြို့ငယ်ကလေးကို ရန်အပေါင်းကုန်စင်သွားသည့် နိမိတ်ကောင်းယူကာ "ဒဂုံ"မှ "ရန်ကုန်"ဟု အမည်ပြောင်းလဲမှည့်ခေါ်ခဲ့ ရာ ယခု ၂၀၂၁ ခုနှစ်၊ မေလ ၂ရက်တွင် မြို့တည်သက် ၂၆၆ နှစ်ပြည့်မြောက်ခဲ့ ခြင်းဖြစ်သည်။

ဒုတိယထူးခြားဖြစ်စဉ်မှာ ခရစ်နှစ် ၁၈၇၄ ခုနှစ်က စတင်ပြဋ္ဌာန်းကာ ယင်းဥပဒေအရ မြူနီစီပါယ်ကော်မတီ (ယခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖြစ် တရွေ့ရွေ့ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်–စာရေးသူ) ပေါ်ပေါက်ခဲ့ရာ ယခု ၂၀၂၁ ခုနှစ် ဆိုလျှင် သက်တမ်း ၁၄၇ နှစ် ပြည့်မြောက်သည့်နှစ်နှင့် ကြုံကြိုက်နေခြင်းဖြစ်ပါသည်။

တတိယထူးခြားဖြစ်စဉ်မှာ မိခင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် စတင်မွေးဖွားထူထောင်ပေးလိုက်သော မြို့တော်သတင်းစာ (City News)ညနေသတင်းစာသည် မူလပုံနှိပ်မီဒီယာမှ အွန်လိုင်းမီဒီယာသို့လည်းကောင်း ထိုမှတစ်ဖန် ယခု ပုံနှိပ်ရော၊ အွန်လိုင်းပါ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ရာ ယခု ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်ဆိုလျှင် နှစ် ၃၀ တင်းတင်းပြည့်ကာ ပုလဲရတုကာလ ဆင်နွှဲချိန်အထိ အောင်မြင်သောသတင်းမီဒီယာတစ်ခုအဖြစ် ရပ်တည်နေနိုင်ခြင်းပင် ဖြစ်ပေသည်။

သမိုင်းရေအလျဉ်ကား အစဉ်စီးဆင်းနေ၏။

ယနေ့သတင်းများသည် မနက်ဖြန် သမိုင်းများဖြစ်သွားကြသဖြင့် မြို့တော်သတင်းစာသည် ယခုကျရောက်ဆဲ ပုလဲရတုသဘင်မှသည် နောင်အခါတွင် မင်္ဂလာရှိသော ရတုပေါင်းများစွာ ဆက်လက်ဆင်နွှဲနေဦးမည်ဟု ယုံကြည်လျက်......။ ။

မြတ်စိုး(လှိုင်)

ဓာတ်ပုံ–စောသိန်းဝင်း(မြို့တော်သတင်း)

# လှိုင်းလူးလှေပမာ

၁။ လောကမှာ 'အယူ'သုံးပါး
'လူသုံးစား'ရှိပါသည်။
'လု၊ လူ၊ လူး' ကွဲ့
ထူးတဲ့နာမည်။
တစ်ဖြာ တစ်လီ...
မသာမကြည် ညစ်ညိုး
'စား၊ ဝတ်၊ နေ' ဤသုံးခု
'လု'တဲ့ အမျိုး။

၂။ ကောင်းမှုနှင့် မကောင်းမှု
'နှစ်ခု နှစ်လီ' ရှိပါသည်။
'ကုသိုလ်ဆောင်' 'အကုသိုလ်ရှောင်ရှား'
မှောင်အားခွင်းသည်။
'ကုသလံဓါ အကုသလံဓါ'
'ဓာနန္တိတ် မနေသော'....ဟု
'ဗုဒ္ဓေါ ဘာဂဝါ'မည်...
မှော်ရည် တိုက်ကျွေး။
ဉာဏ်သည့်ဂုဏ် 'ယုံကြည်မှု'
'လူ' နာမည်မွေး။
တရားမွေ့ကျွန် လက်ခံပြု
'လူ'ဟု ခေါ်သေး။


၃။ ငါးဖြာတဲ့ ဇောအာရုံ။
နောက်ကာမဂုဏ် 'တဏှာရူး'
'လူး' လွန့် ဆန့် စုန်။
မြူးကွန့် မြန်တုံ....
မာန်ဟုန်မြင့် လွင့်မူး။
သူထက်ငါ
'လု'ယက်တာ အနေကျူး
အဲဒါ 'လူ' မဟုတ်တဲ့
အယုတ်တမာ 'လူး'။

၄။ 'ဩဃ' တဲ့ လေးသီမှာ
တပြေးညီစွာ ကူးနေခဲ့။
လော၊ ဒေါ၊ မော ရေယာဉ်ကြော
မျော နစ် နေပြီ။

၅။ ဩဃလေးဖြာ ဂယက်ကြမ်း
ရမ္မက်လမ်း ဝေလည်။
တစ်ဖက်ကမ်းကွေ့ဆီ အသိမရောက်
မှောက်မည့် အခြေတည်။
'လှိုင်းလူးလှေ' တစ်သွယ်ညီ...
'အပါယ်'ဆီ နစ်ကာကျ။
ကာမဂုဏ် ထုံကာကျူး
'လု၊ လူး' တဲ့ဖျူ။  ။

မင်းမောင်နွယ်(မွန်ဌာနီ)





# သိပ္ပံနည်းကျ မြတ်ဗုဒ္ဓ အဆုံးအမ



သာကီဝင်း

အရင်ဆုံး 'ပညာ' ဆိုတဲ့ ဝေါဟာရလေးကို လေ့လာကြည့်ရအောင်။ 'ပညာ' ဆိုတာ မှန်ကန်တဲ့သဘောကို ထိုးသွင်းထင်းလင်းစွာ သိမြင်တဲ့သဘောဖြစ်တယ်။ 'အဝိဇ္ဇာ' လို့ ခေါ်တဲ့ 'မောဟ'နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ 'မောဟ'က အမှန်သဘောကို မပေါ်လွင်အောင် အမှောင်ချထားတာနဲ့ တူတယ်။ 'ပညာ' က 'မောဟ'ရဲ့ အမိုက်မှောင်ကို ဖယ်ရှားပြီး အမှန်သဘောကို ပေါ်လွင်အောင် မီးမောင်းထိုးပြတဲ့ အလင်းရောင်နဲ့တူတယ်။ ဒါကြောင့် ပညာကို ဝိဇ္ဇာ၊ အမောဟ၊ ဉာဏ၊ ဝိမံသလို့လဲ ခေါ်ကြတယ်။

အမှန်ကိုသိတဲ့ အသိတွေမှာ သညာသိ၊ ဝိညာဏ်သိ၊ ပညာသိလို့ သုံးမျိုးခွဲခြားပါတယ်။ 'သညာသိ' ကတော့ ကလေးသူငယ်များ ရွှေကိုသိတဲ့ အသိနဲ့တူတယ်။ ရွှေဆိုတာ အရောင်ရှိတယ်။ ပုံသဏ္ဍာန်က ကြီး(ဝါ) ကွင်း (ဝါ) အတုံး

စသဖြင့် အပေါ်ယံပဲ သိတာပါ။ 'ဝိညာဏ်သိ' ကတော့ လူကြီးက ရွှေကိုသိတဲ့အသိနဲ့ တူတယ်။ အရောင်၊ ပုံသဏ္ဍာန်အပြင် ရွှေဟာ တန်ဖိုးကြီးတဲ့ ရတနာတစ်မျိုးလို့ နားလည်တယ်။ 'ပညာသိ'ကတော့ ပန်းတိမ်ကရွှေကိုသိတဲ့ အသိမျိုးဖြစ်တယ်။ အရောင်၊ ပုံသဏ္ဍာန်နဲ့ တန်ဖိုးရှိရတနာအပြင် အရည်အသွေးအားဖြင့် ၁၄ ပဲရည်လား၊ ၁၆ ပဲရည်လား၊ အချိန်ဘယ်လောက်ရှိသလဲ၊ တန်ဖိုးဘယ်လောက်ဆိုတာအထိ တိတိကျကျ ကွဲကွဲပြားပြားသိနိုင်တယ်။

ဒါကြောင့် ဉာဏ်ပညာနဲ့ ပြည့်စုံဖို့ဆိုရင် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးရှိ/ မရှိ ခွဲခြားနိုင်ရမယ်။ မိမိကိုယ်တိုင် စေ့စေ့စပ်စပ်၊ တိတိကျကျ၊ စူးစူးစမ်းစမ်း၊ ကွဲကွဲပြားပြား ဝေဖန်ပိုင်းခြားနိုင်ရတယ်။ သူများပြောတိုင်း သူများပါးစပ်ဖျားမှာ မပြီးရဘူး။ သူများယောင်လို့ ယောင်ရတယ်။ အမှောင်တောင်မှန်း မြောက်မှန်းမသိ မဖြစ်ရအောင် ကိုယ်တိုင်စမ်းသပ်လေ့လာပြီး အမှန်ကိုဖော်ထုတ်နိုင်ရမယ်။

'ပညာ'က စပ်စုဝေဖန် ဆန်းစစ်တဲ့ သဘောရှိတော့ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး မထင်မှဲမြင်၊ ဂရုမစိုက်တဲ့ ပညာလွန်တဲ့ သဘောတွေလဲ ဖြစ်တတ်ပါတယ်။ ပညာလွန်ရင် 'သဒ္ဓါ'နဲ့ ထိန်းပါတဲ့၊ အကုသိုလ်အမှုတွေမှာ မောဟက ဦးစီးဦးဆောင်ဖြစ်ပြီး ကုသိုလ်ရေးတွေမှာတော့ 'သဒ္ဓါ'နဲ့ ထိန်းပါတဲ့၊ အကုသိုလ်အမှုတွေမှာ မောဟက ဦးစီးဦးဆောင်ဖြစ်ပြီး ကုသိုလ်ရေးတွေမှာတော့ 'သဒ္ဓါ'က ရှေ့ဆောင်ရှေ့ရွက်ပြုတယ်။ ကြည်လင်နေတဲ့ ရေကန်မှာ ငါး၊ ပုစွန်တွေကို ကောင်းစွာမြင်နေရသလို ကြည်လင်နေတဲ့စိတ်က ရတနာသုံးပါး၊ဆရာသမား၊ ကံ–ကံ၏ အကျိုးစသည်အပေါ်မှာ သဘောမှန်ကိုသိပြီး ယုံကြည်မှုကို ဖြစ်စေတယ်။ လက်မရှိတဲ့



သူဟာ တောင်ပေါ်မှာတွေ့တဲ့ ကျောက်သံပတ္တမြားတွေကို မကောက်ယူနိုင်သလို ယုံကြည်မှု သဒ္ဓါမရှိရင် သာသနာနဲ့ကြုံလဲ ကုသိုလ်ကို ဖြည့်ဆီးခွင့်မရဘူး။ ဒါကြောင့် သဒ္ဓါဟာ လက်နဲ့တူတယ်။ လောကမှာ လူ့ဥစ္စာ အမြတ်ဆုံးသည် 'သဒ္ဓါ'လို့ မြတ်ဘုရား ဟောတော်မူပါတယ်။

သို့သော် 'သဒ္ဓါ'ရဲ့ သဘောက ဘာနဲ့ကြုံကြုံ ယုံချင်တဲ့သဘောရှိလို့ ကိုးကွယ်မှုမှားတာတို့ လူလိမ်နဲ့တွေ့တာတို့ဖြစ တတ်ပြန်တယ်။ 'သဒ္ဓါ'လွန်တော့ တဏှာကျွံတယ်တဲ့၊ သဒ္ဓါလွန်တာကို ပညာနဲ့ ညှိရပါတယ်။ 'ပညာ'က ဘာမဆို ဖြီးဖြီးရောခွင့်မပြုဘူး။ စပ်စုစုံစမ်းတဲ့သဘောရှိတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးက ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ရောင်းသူအပြောကောင်းလို့ တောင်းပြီး အတင်းဝယ်ချင်နေတဲ့ မိန်းမနဲ့ ဘာမဆိုအလိုမကြီး၊ စနည်းနာပြီးမှ ဝယ်လိုတဲ့ လင်ယောကျ်ားပမာ အသွင်မတူသော်လည်း ရှေ့သွားနောက်လိုက် အရောက်ဆိုက်ဖို့ အယုံနဲ့ အသိ ဆက်ညှိရပါတယ်တဲ့၊ သဒ္ဓါလွန်တော့ ကွန့်၊ ပညာလွန်တော့ ဆွံ့တတ်ပါတယ်။

ဘာသာရေးမှာဖြစ်စေ၊ လူမှုရေး စီးပွားရေး၊ ပညာရေးတွေမှာဖြစ်စေ သဒ္ဓါ၊ ပညာအခြေခံရယုံနဲ့မပြီး၊ 'ဝီရိယ'ဆိုတဲ့ ကြိုးပမ်းအားထုတ်မှုကလဲ လိုပြန်တယ်။ "ဝီရိယပြည့်စုံသူအား မပြီးစီးမအောင်မြင်တဲ့ကိစ္စဆိုတာ မရှိရာ" တဲ့၊ ဘုရားလောင်းဇနကကဲ့သို့ ပျင်းရိခြင်းမရှိ၊ ဆုတ်နစ်ခြင်းမဖြစ်ဘဲ နောက်မဆုတ်သောဇွဲဖြင့် ကြိုးစားရမှာဖြစ်ပါတယ်။ သို့သော် လိုအပ်တာထက် ပိုပြန်ရင်လည်း 'ဝီရိယလွန်တော့ ဥဒ္ဓစ္စ ဖြစ်' ဆိုသလို စိတ်ဓာတ်တက်ကြွမှုတွေများနေရင် ပျံ့လွင့်မှု၊ မငြိမ်သက်မှုတွေဖြစ်တတ်လို့ ဝီရိယလွန်ရင် သမာဓိနဲ့ ထိန်းရပြန်တယ်။ 'သမာဓိ'ကတော့ အာရုံတစ်ခုတည်းမှာ စိတ်တည်တံ့တဲ့သဘောဖြစ်တယ်။ သမာဓိမတည်ရင် အာရုံတစ်ခုမှ အမှား အမှန်၊ အဆိုးအကောင်း၊ မဆုံးဖြတ်နိုင်ဘူး။ တည်ကြည်မှု သမာဓိရှိသူသာ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်တယ်။ ရေဟာ မကြည်လင်ဘဲ နောက်ကျိနေရင် ရေအောက်မှာရှိတဲ့ ခဲ၊ သဲ စသည်ကို မမြင်နိုင်သလိုပဲ စာကျက်နေတဲ့ ကျောင်းသူတစ်ယောက်ဟာ စာထဲစိတ်မရောက်ဘဲ တခြားအာရုံတွေမှာ ပျံ့လွင့်ပူပန်နေရင် အချိန်တွေသာ ကုန်သွားမယ်။ စာကတော့ ခေါင်းထဲမရောက်ပါဘူး။

ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ စာကျက်ရာမှာ Concentration (စိတ်ဝင်စားမှု)ကောင်းပြီး စာရလွယ်အောင်၊ ပူပန်မှုတွေလျော့အောင် သမာဓိဟာ ဈာန်၊ မဂ်ဖိုလ်ရဖို့ထိ အကျိုးပြုပါတယ်။ သမာဓိဟာ ပညာရဲ့ နီးသောအကြောင်း ဖြစ်ပါသတဲ့၊ တစ်ခါ သမာဓိလွန်ပြန်ရင်ဘဲ ထိနမိဒ္ဓလို့ ခေါ်တဲ့ ငိုက်မြည်းထိုင်းမှိုင်းမှုတို့ ဖြစ်စေလို့ ထိနမိဒ္ဓကိုနိုင်တဲ့ ဝီရိယနဲ့ ဝဝပုပုလေးလေးပင်ပင် မိန်းမ၊ ခနီးမောင်နှံနဲ့ ပမာတူပါတယ်တဲ့၊ ယောကျ်ားက မြန်မြန်ရောက်ချင်လို့ လောဆော်သလို မိန်းမကလဲ ဖြည်းဖြည်းဆေးဆေး နားနားနေနေသွားဖို့ ဈေးဆစ်ပါတယ်။ ညှိနှိုင်းတိုင်ပင်ပြီးမှ လိုရာခရီးရောက်ကြရပါတယ်။

အဲဒီလို သဒ္ဓါနဲ့ပညာ၊ ဝီရိယနဲ့

သမာဓိ ဆောင်ချိန်ညှိပေးနေတာကတော့ ပိုတယ်လို့ မရှိတဲ့ 'သတိ' ကဖြစ်ပါတယ်။ 'သတိမရှု ဂူမမြင်၊ သတိမူတော့ မြူတောင်မြင်တယ်' ဆိုသလို သတိမထားရင် ကိုယ့်ရှေ့မှာရှိတဲ့ ဂူကြီးကိုတောင် မမြင်တတ်ပါဘူး။ သတိက ဘာရုံမှာမြဲနေအောင် ဆောင်ရွက်ပါတယ်။ 'သတိ'ဟာ တံခါးစောင့်နဲ့ တူပါတယ်တဲ့။ မြို့ထဲကို လူဆိုးသူခိုးတွေ မဝင်နိုင်အောင် စောင့်ကြပ်တားဆီးသလို အကုသိုလ်တရားတွေ မဝင်လာအောင် တားဆီးလို့ ဒွါရခြောက်ပေါက် (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်)မှာ ဝင်လာသမျှ အာရုံကို မလွတ်တမ်းမှတ်သိနိုင်တယ်။ မဟာ သတိပဋ္ဌာန်လို့ဆိုတဲ့ သတိကို ပဓာနထားတဲ့ ရှုမှတ်မှုဟာ နိဗ္ဗာန်ကိုသွားဖို့ တစ်ကြောင်းတည်းသောလမ်းဖြစ်တယ်။ တခြားနည်းလမ်းမရှိဘူးတဲ့၊ ဒါကြောင့် မြတ်ဘုရားက ပရိနိဗ္ဗာန် စံဝင်ခါနီးအချိန်ထိတောင် မမေ့မလျော့ မပျော့ဆတဲ့ သတိဖြင့် သိက္ခာသုံးပါးကိုပြီးစီးဖို့ သားတပည့်များကို မှာကြားခဲ့ပါတယ်။

သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ သတိဆိုတဲ့ တရားငါးပါးကို အစုံတရဖြစ်အောင် ကြိုးစားမယ်။ အင်အားသတ္တိတွေကောင်းပြီး ဗိုလ်ထိုက်အောင်ကြိုးစားမယ်ဆိုရင် မဂ်ရကြောင်း အသင်းအပင်းများ (ဗောဓိပက္ခိယတရား ၃၇ ပါး)မှာ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါးအနေနဲ့ ပါဝင်ကြပါတယ်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာလဲ လိုအပ်သလို အသုံးချနိုင်ပါတယ်။

ငါ့မှာ ပညာလွန်နေသလား၊ သဒ္ဓါလွန်နေသလား၊ သတိတရားနဲ့ ဆန်းစစ်ပြီးလို တိုးဖိုလျှော့လုပ်ရပါမယ်။ ဝီရိယလွန်နေသလား၊ လိုနေသလား၊ သမာဓိ များနေလား၊ နည်းနေလားဆိုတာလဲ သတိနဲ့ ထိန်းချုပ်ရမှာ ဖြစ်ပါတယ်။ သားတို့ သမီးတို့ ပညာရေးမှာလဲ ဆရာသမားတွေရဲ့ စေတနာ၊ အရည်အချင်း၊ ဘာသာရပ်တွေရဲ့ အဆင့်အတန်းတွေကို ယုံကြည်ရမယ်။ ယုံမှကြည်တယ်တဲ့။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေ ငါထိုး ပဂိုးရောက်ရောက်ဆိုပြီး မထင်မှဲ့မြင် အပြုအမူတွေ မလုပ်ရဘူး။ ဆရာ/ ဆရာမတွေ အားကိုးရုံသာမက ကိုယ်တိုင်ကြိုးစားအားထုတ်မှု ဝီရိယရှိရမယ်၊ လိုချင်စိတ်နဲ့ ဝီရိယတွေများပြီး နေ့မအိပ်၊ ညမအိပ် စိတ်ပူပန်ပုံ့လွင့်နေရင်လဲ သတိအကူယူပြီး စိတ်တည်ငြိမ်မှု သမာဓိနဲ့ ထိန်းရမယ်။ သမာဓိတွေများပြီး ပျင်းရိထိုင်းမှိုင်း ငိုက်မြည်းနေရင်လဲ ဝီရိယလေး ပြန်တင်ရမှာပေါ့။ ဗိုလ် ၅ ပါးနဲ့ ကြိုးစားရင် မအောင်မြင်ဘူးဆိုတာ မရှိဘူး။ ဗိုလ် ၅ ပါးလုံး အားပါမှ ညီမှ အထက်တက်နိုင်မှာပါ။ ဗိုလ်တစ်ခုကောင်း၊ နှစ်ခုကောင်းနဲ့တော့ မရဘူးနော်။

သို့သော်လဲ စိတ်ကောင်းရှိဖို့ ပထမဆိုသလို ကောင်းတဲ့နေရာ ဟုတ်မှန်တဲ့ကိစ္စတွေမှာအသုံးချဖို့ လိုပါတယ်။ မကောင်းတဲ့ကိစ္စ မှားယွင်းတဲ့နေရာမှာ အသုံးချမိရင်တော့ တော်သလောက် မကောင်းတဲ့ ယုတ်မာတဲ့နေရာမှာ ဧတဒဂ်ရသွားပါလိမ့်မယ်။ ဗုဒ္ဓ အဘိဓမ္မာမှာ ရုပ်တွေ စိတ်တွေကို အမျိုးမျိုး ဓာတ်ခွဲပြထားပါတယ်။ ရုပ်ကို ဓာတ်ခွဲရာမှာ သိပ္ပံထက်သာတယ်လို့ ပြောနိုင်ပါတယ်။ (ဥပမာပေးရန်) ကောင်းတာလုပ်တဲ့နေရာမှာ ဘယ်လိုစိတ်တွေနဲ့ လုပ်ရင် ဘယ်လောက်ထိ အကျိုးများတယ်၊ နည်းတယ်။ မကောင်းတဲ့ အကုသိုလ်အမှုတွေမှာ ဘယ်လိုစိတ်တွေနဲ့လုပ်ရင် ဘယ်လောက်ထိ အပြစ်များတယ်။ ပေါ့တယ်ဆိုတာတွေကို ယှဉ်ပြထားပါတယ်။

ဥပမာ မကောင်းတဲ့ အကုသိုလ်အမှုမှာ ဝမ်းမြောက်ဝမ်းသာစိတ်နဲ့လုပ်တယ်။ မကောင်းတာလုပ်လို့ အပြစ်မရှိဘူး။ အပြစ်ရှိတယ်ဆိုတာ မယုံတဲ့အယူဝါဒနဲ့ ယှဉ်မယ်။ သူတစ်ပါး မတိုက်တွန်းဘဲ ကိုယ်တိုင် စိတ်ပါလက်ပါနဲ့ လုပ်တယ်ဆိုရင် အပြစ်အကြီးဆုံးဖြစ်တယ်။ (နှိုင်းယှဉ် ရှင်းပြရန်) ကုသိုလ်ကိစ္စတွေမှာလဲ ဝမ်း မြောက်ဝမ်းသာ ပြုလုပ်တယ်။ ဉာဏ်နဲ့ယှဉ်လုပ်တယ်။ သူတစ်ပါး တိုက်တွန်းစရာမလို ဘဲ အသိစိတ်နဲ့ အားတက်သရောလုပ်တယ်ဆိုရင် သုံးယောက်ပေါင်း လောင်းကျော်ဆိုသလို ကြီးမားတဲ့အကျိုးကိုရပါတယ်။ (မဟာဒုက် ဥပမာ– ဒိဋ္ဌ ဓမ္မဝေဒနီယကံ (ပထမဇော)၊ ဉာဏ်ယှဉ်/ မယှဉ်၊ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်)

သိပ္ပံပညာထွန်းကားလာတဲ့ခေတ်မှာ အရာရာ သိပ္ပံပေတံနဲ့ တိုင်းလာကြတယ်။ သိပ္ပံသဘောတရားနဲ့ကိုက်ညီတဲ့ ဘာသာဟာ ဗုဒ္ဓဘာသာဖြစ်တယ်လို့ သိမြင်လာကြပြီး စိတ်ဝင်စားလာကြတယ်။ စာတွေ့လက်တွေ့ လေ့လာနိုင်တာ မြန်မာပြည်မှာသာ





ဖြစ်တယ်လို့ နားလည်လာကြပြီး မြန်မာပြည်ထိလာပြီး အနှစ်သာရကို ရှာဖွေနေကြပါပြီ။ ဗုဒ္ဓဘာသာဝင်မြန်မာတွေဟာ ဗုဒ္ဓဘာသာကို ခြေခြေမြစ်မြစ် သိနားလည်ဖို့ ရှင်းပြနိုင်ဖို့ လက်တွေ့ကျင့်သုံးကြဖို့ လိုအပ်လာပါပြီ။ မိရိုးဖလာ ဗုဒ္ဓဘာသာကနေ "ပညာဗုဒ္ဓ ဘာသာဝင်"တွေဖြစ်အောင် ကြာဖက်အောက်က ဖားတွေမဖြစ်ကြဖို့ တိုက်တွန်း လိုပါတယ်။ ကမ္ဘာမှာ မြန်မာဟောလို့ ဝင့်ကြွားနိုင်တာ အဘိဓမ္မာနဲ့ ဝိပဿနာပါ။

လူတစ်ယောက်ဟာ ကောင်းတဲ့စိတ်ရှိတယ်။ မကောင်းတဲ့စိတ်ရှိတယ်ဆိုတာက လဲ ပုံသေသတ်မှတ်လို့မရပါဘူး။ မကောင်းတဲ့ စိတ်ရှိရာက ကောင်းတဲ့စိတ်လေးဖြစ်ဖို့ဟာ ဟိုဘက်ဒီဘက် လှည့်သလောက်တောင် မကြာပါဘူး။ ရုပ်ကို ပြုပြင်တာကမှ ကြာပါတယ်။ စိတ်ကိုလှအောင် ပြုပြင်ဖို့ နမူနာယူစရာအနေနဲ့ ခုနစ်နှစ်သားကိုရင်ပဏ္ဍိတလေးကို ဥပမာပေးချင်ပါတယ်။

ကဿပမြတ်စွာဘုရားလက်ထက်က နာမည်ကြီး သူဆင်းရဲ မဟာဒုက်ဟာ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ရှင်သာရိပုတ္တရာကြီးရဲ့ တပည့်ငယ်လေး ခုနစ်နှစ်သား ကိုရင်ပဏ္ဍိတ ဖြစ်လာပါတယ်။ ရှင်သာရိပုတ္တရာ မထေရ်ကြီးက ဆွမ်းခံကြွတိုင်း ကိုရင်လေးကို ခေါ်သွားပါတယ်။ တစ်နေ့တော့ လမ်းမှာ ရေမြောင်းတစ်ခုတွေ့လို့ မေးပါတယ်။ မထေရ်ကြီးက ရေမြောင်းနဲ့ ရေသွယ်ပြီး လိုရာပို့ကာ စိုက်ပျိုးရေးစသည် လုပ်ကြတာလို့ ဖြေပါတယ်။ ဆက်လျှောက်တော့ မြားတံကို မီးကင်ပြီး ဖြောင့်နေတဲ့ လေးသမားရယ်၊ သစ်သားကို ရွေပြီး လှည်းဘီးလုပ်နေတဲ့ လက်သမားကို တွေ့လို့ မေးပြန်တယ်။ လိုအပ်သလို ပြုပြင်အသုံးချရတာတွေ ရှင်းပြပါတယ်။ ကိုရင်လေးက စဉ်းစားတယ်။ သက်မဲ့ဖြစ်တဲ့ ပစ္စည်းတွေတောင် လိုအပ်သလို ပြုပြင်အသုံးချနိုင်သေးရင် သက်ရှိဖြစ်တဲ့ မိမိစိတ်ကို ပြုပြင်ယူပြီး တရားဘာဝနာ အားထုတ်ရင်ရမှာပဲလို့ တွေးမိပြီး မထေရ်ကြီးဆီ ခွင့်တောင်းတယ်။

မထေရ်ကြီးခွင့်ပြုချက်နဲ့ ကျောင်းပြန် တံခါးပိတ်ပြီး တရားအားထုတ်လိုက်တာ ဆွမ်းစားချိန်ကုန်ခါနီးမှာ အောက်မဂ်အောက်ဖိုလ် ၃ ပါး (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဆင့်ဆင့်ဖြစ်သွား)ရပါတယ်။ ဆွမ်းခံကြွနေတဲ့ မထေရ်ကြီးကလဲ ကိုရင်လေး ဆွမ်းစားအမီ အမြန်ကြွလာတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ကျောင်းတော်ပေါ်ကနေ လှမ်းကြည့်တော့ ဆက်သာအားထုတ်ရင် ကိုရင်လေး အရဟတ္တမဂ်(ရဟန္တာ)ရနိုင်တာကိုမြင်ပါတယ်။ ဒါကြောင့် အချိန်ဆွဲတဲ့အနေနဲ့ ကိုရင်လေးက ကျောင်းတံခါးပေါက်ကစောင့်ပြီး ရှင်သာရိပုတ္တရာမထေရ်ကြီးကို ဆီးကြိုပါတယ်။ ပြီးတော့ တရားဆက်အားထုတ်တော့ ရဟန္တာအဆင့် ရောက်သွားပါတယ်။ ပြီးမှ ဆွမ်းစားပြီး သပိတ်ဆေးတော့ ညနေချိန်ဖြစ်နေပါတယ်။ တခြားရဟန်းများက ကိုရင်လေးအချိန်လွန်မှ ဆွမ်းဘုန်းပေးတယ်လို့ထင်ပြီး ဘုရားကိုလျှောက်ထားကြတယ်။ ကိုရင်လေးတရားရမှာသိလို့ လနတ်သားနဲ့ နေနတ်သားက ဆွမ်းစားချိန်မလွန်အောင် လနဲ့ နေကို ထိန်းထားပြီး ဆွမ်းစားပြီးမှ ပြန်လွှတ်ပေးလိုက်လို့ အခုလို ညနေချမ်း ရောက်သွားတာပါလို့ ဘုရားက ရှင်းပြပါတယ်။

ဒါကြောင့် ရေကိုလိုသူက ရေမြောင်းနဲ့ သွယ်၊ မြားတံဖြောင့်လိုသူက မီးနဲ့ကင်၊ လှည်းဘီးလုပ်သူက သစ်ကို ရွေရသလို၊ ကိုရင်လေးလို စိတ်ကိုပြုပြင်ပြီး လိုရာပန်းတိုင် လှမ်းကိုင်သလို မောင်တို့မယ်တို့သည်လည်း မိမိစိတ်ကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ပါ။ ငယ်ရွယ်စဉ်အချိန်ဟာ စိတ်ကလဲ သန့်ရှင်းတည်ကြည်၊ ဉာဏ်ကလဲ သွက်လက်ထက်မြက်ကြတာမို့ အချိန်ကောင်း၊ အခါကောင်း၊ နေရာကောင်းလို့ဖြစ်တဲ့ မုံရွာတက္ကသိုလ်ကြီးရဲ့ ဥပနိဿယကြီးစွာသော အမှီကောင်းကိုယူပြီး မိမိအကျိုး၊ သူတစ်ပါးအကျိုး ရွက်ပိုးသယ်ယူနိုင်ကြပါစေ။ ပညာတတ် ခေတ်လူငယ်များပီပီ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့မှာ အကျိုးရှိရှိ၊ အနှစ်သာရအပြည့်နဲ့ ပညာယှဉ်၊ ဉာဏ်ယှဉ်ပြီး ဦးဆောင်ဦးရွက် ပြုနိုင်ကြပါစေ။ ကောင်းမွမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

**သာကီဝင်း**

City MAGAZINE

# စိတ်မြှင့်ကွင်း

ကောင်းခင်သော(မြိုင်)
ဘာ



ဆေးရုံ၏ ဤအခန်းထဲရောက်သောအခါ တွန်းလှည်းအားတိုက် လိုက်ပါလာသည့် သူနာပြုဆရာမလေးက ဒီအခန်းထဲမှာ ဘဘအရင် လူနာတစ်ဦးပဲရှိတယ်၊ အပြင်မှာ သမီးတို့တာဝန်ကျတွေရှိတယ်၊ လက်ညှိုးစွပ်ထားတာလေး နှိပ်လိုက်ရင် ဘဘဆီကိုတစ်ယောက်ယောက်လာလိမ့်မယ်၊ လောလောဆယ် စကားမပြောနဲ့ဦးနော်၊ ဒီအနေအထားအတိုင်း ငြိမ်ငြိမ်နေရဦးမယ်ဘဘဟု ခုတင်ပေါ်ရွှေ့ပြီး နေရာချနေစဉ်ပင် မရပ်တဲ့ သေချာဂရုစိုက်ကာ ပြောရှာသည်။

ဤအနေအထားအတိုင်း ယနေ့နံနက်ဆိုလျှင် လေးရက်မြောက်နေ့ဟု ပြောရမည်။ ထို့ကြောင့် ကပ်၍ယှဉ်လျက် ခုတင်

က လူနာက မိတ်ဆွေဖွဲ့ကာ မနေ့ကစ၍ စကားပြောလာလေသည်။ သူ့ကျေးဇူး ကြောင့် ပြင်ပမြင်ကွင်းများ၊ လှုပ်ရှားမှုများ ကို သိခွင့်ရ၍ ကိုယ့်လူကို ကျေးဇူးကြီး ကြီးတင်နေမိသည်။

"တစ်နေ့တစ်နေ့ စိတ်မအေးစရာ တွေ ကြားရ သိနေရတာ အာရုံနောက်ပါ တယ် ကိုယ့်ဆရာ၊ ကျုပ်တို့က ဆေးရုံ အရင်ရောက်နေတာကလည်း ကုသိုလ်ကံ ကောင်းတာတစ်မျိုးပဲဗျ၊ အခု ဆေးရုံရောက် ရင် ချက်ချင်းစမ်းသပ်တာက ကိုဗစ် ၁၉ ရှိ၊ မရှိ စမ်းသပ်တာ၊ ပါလာတဲ့သူကိုလည်း မူးနောက်နေအောင် မေးကြတာဗျ၊ အဲဒါ သံသယဆိုရင် သက်ဆိုင်တဲ့ဆီ ပို့ကြတာ လေဗျာ"

ကိုယ့်ဝေဒနာနဲ့ကိုယ် မနည်းကျော် ဖြတ်နေရတာ သူမို့ တောင်တောင်အီအီတွေ ပြောနေတယ်။ ကိုလေရှည်လား မသိဘူး။ ဘာပဲဖြစ်ဖြစ် အပျင်းပြေပါတယ်။

"တော်သေးတယ်...အပြင်ဘက်မှာ ကြည့်စရာလေးတွေရှိနေသေးလို့၊ ကျွန် တော် မြင်တဲ့အတိုင်းပြောတာ၊ ကျုပ်ခံစား ချက် တစ်ခုတလေတောင် မပါဘူးဆိုတာ ယုံပါကိုယ့်ဆရာ"

နေ့လယ်ပိုင်းတွင် ဆရာမလေးတွေ၊ သန့်ရှင်းရေးသမားတွေ အလာကျဲတတ် သည်။ ထိုအချိန်ဆိုလျှင် သူပြောတာကို ဒီဘက်မှ နားထောင်နေသလား၊ မနေဘူး လား မမေးဘဲ ဤသို့ တတွတ်တွတ်ပြော နေတတ်သည်။ တစ်ခုတော့ရှိသည်။ သူ ပြောသည်များကို ကိုယ့်မျက်စိနှင့် ကိုယ် ကြည့်လိုက်ရရင် ပိုကောင်းမှာပဲဟု ထင်လာ သည်အထိတော့ အပြောကောင်းသူဟု ဆိုရ လိမ့်မည်။

"နှင်းတွေကျနေပုံများ မနှစ်ကနဲ့ လုံးဝမတူဘူးဗျ၊ မနှစ်က နှင်းကျတာက ဖိန်းနေအောင် မှောင်နေတာ၊ ခုနှစ်ကျတဲ့ နှင်းကတော့ နှင်းသာပြောရမှာ၊ တကယ် တော့ မြူဆိုင်းတာလို့ပြောရင် ပိုမှန်မယ် ထင်တယ်ဗျ၊ မှုန်မှုန်ပျပျထဲမှာ နေလုံးရဲ့ အရောင်တက်လာပုံက သေချာကြည့်လေ လှလေ။ ခရမ်းရောင်သန်းလာတယ်ဗျာ။ ပန်းရောင်ဖျော့ဖျော့လေး လိုက်လာတယ်။ မြူထဲမှာ အစိမ်းနုရောင်နဲ့ လိမ္မော်ရောင်များ လာပြီဆိုရင် နေပွင့်လာတော့မယ်မှန်း အသိ သာကြီး။ အဲဒီအချိန်မှာ မြူနှင်းတွေဟာ ကျဲ သွားပြီလေ၊ ကျုပ်တို့အခန်းက လေအေး စက်တပ်ထားလေတော့ ဟိုကွယ်ထားတဲ့ လိုက်ကာစကို ဖယ်ကြည့်မှမြင်ရတာလေ၊ ကျုပ်က မြင်သာရုံလေး လိုက်ကာစကို ဟ ထားတာဗျ၊ သိလား"

မျက်နှာကြက်ဆီသို့ မျက်နှာမူ၍ နေ ရသောသူကို ကြည့်ချင်စိတ်များ ရှိစေတက် အောင် ပြောနေတာများလားဟုပင် ထင်မိ သည်။

"နေ့စဉ် ကြည့်ရဖန်များတော့လည်း အဲဒီမြင်ကွင်းကိုကြည့်ရင်း ကျုပ်တွေ့ဖူးခဲ့ တဲ့ သံလွင်မြစ်ဖျားက ဆောင်းမနက်ခင်းရဲ့ ရှုခင်းတွေကို တစ်လှည့်ပြန်တွေးကြည့်ရ တာပေါ့ဗျာ။ တစ်ခုတော့ရှိတာပေါ့ဗျာ၊ သံ လွင်မြစ်ဖျားဆိုတော့ တောထဲတောင်ထဲ ပေါ့။ ဒီမှာလို ခြံတွေ၊ လမ်းမတန်း လမ်း လျှောက်သူတွေ၊ ကျောင်းသွားကျောင်းပြန် ကျောင်းသား ကျောင်းသူတွေ၊ ဘယ်သူမှ မရှိရင် သစ်ပင်ကြီးတွေကို ငေးကြည့်နေလို့ ရတာယ်ဗျ"

သူ့စကားက သံလွင်မြစ်ဖျားသို့ ရောက်သွားလိုက်၊ လမ်းဘေးသစ်ပင်ဆီ ရောက်သွားလိုက်နှင့် တောသားရုပ်ရှင် ကြည့်ရသလိုဖြစ်နေသည်။ တစ်ခန်းက မြင်းလှည်းပေါ်သို့ကားဆိပ်တွင်တက်သော မြင် ကွင်းရုပ်ရှင်ပြပြီး၊ နောက်တစ်ခန်းကျ ရွှေတိဂုံဘုရားပေါ် ရောက်ချင်ရောက်နေ သကဲ့သို့ဖြစ်နေသည်။ ကားကူး ကားဆက် ညှံ့သည်ဟု ဆိုရမည်။

"ခင်ဗျား တွေးမြင်ကြည့်စမ်းပါ၊ ဆေးရုံခြံစည်းရိုးရဲ့ အပြင်လမ်းမရဲ့ ဟို ဘက်ခြမ်းမှာ ပျဉ်းမပင်ကြီးမှ တော်တော် ကြီးတယ်ဗျ၊ အရွက်ပြွားပြွားတွေကို လှမ်း မြင်နေရတာ၊ ဒါပေမဲ့ ဖက်ရွက်အသေးစား တွေ စုပြီးချိတ်ဆွဲထားသလိုတော့ ဖြစ်နေ တာပေါ့၊ စိမ်းဖန့်ဖန့်အရောင်တွေ လွင့်နေ တယ်။ ကြည့်နူးစရာဖြစ်နေတာက သစ်ပင် ကိုင်းမှာနားနေတဲ့ ငှက်နီနီလေးတစ်ကောင် ကို မြင်နေရတာပဲဗျ။ အရောင်က ရဲရဲနီနေ တယ်။ ပိကျိပိကျိဆိုတဲ့အသံကို ကျုပ်နား ထဲ ကြားယောင်နေတယ်။ ကြားကြည့်တာ





ပါ ကိုယ့်ဆရာ အဲသလိုမြည်ချင်မှလည်း မြည်မှာပေါ့လေ၊ သူ့ရဲ့အတောင်တွေခါပြီး နှင်းမှုန်လေးတွေကို ပုတ်ချလိုက်တယ်လေ၊ သန့်ရှင်းရေးလုပ်နေတာ ရှိမှာပေါ့၊ လမ်းပေါ်မှာလဲ ကားရှင်းတယ်၊ ကားတစ်စင်းတလေတောင် ဖြတ်သွားတာမရှိဘူး၊ မနက်ခင်းတုန်းကတော့ ကျောင်းဝတ်စုံနဲ့ ကျောင်းသား ကျောင်းသူ မူလတန်းအရွယ်လေးတွေကို တွေ့သေးတယ်။ တချို့က ခြေလျင်၊ တချို့က စက်ဘီးတွေကိုယ်စီစီးကြလို့ဗျ။ ကျုပ်တို့ငယ်ငယ်က ကျောင်းသွားတဲ့အတိုင်းပေါ့ဗျာ၊ စက်ဘီးစီးတဲ့သူတွေကတော့ အရွယ်ပိုကြီးတာပေါ့ဗျာ"

သူပြောသော စကားများအတိုင်း မျက်စိထဲ၌ ရုပ်လုံးတွေပေါ်နေသည်။ ဆရာဝန်နဲ့ ဆရာမလေးတို့က တားမြစ်ထားလို့သာပင်။ သို့မဟုတ်ပါက ယခုပင် ပက်လက်အနေအထားမှ ထ၍ကြည့်လိုက်ချင်သည်။ စိတ်ထဲ၌ ယင်းတို့ကိုငေးကာ လန်းဆန်းသွားလိမ့်မည် ထင်နေမိသည်။ သူပြောသလို မကြည့်ရသည်မှာလည်း နှစ်တစ်ပတ်လည်တော့မည်လေ။ အများအားဖြင့် ဆေးရုံအတွင်းခန်းများတွင်သာ နေခဲ့ရ၍ ကြည့်ရကောင်းမှန်းမသိတော့ဘဲ ဆေးရုံတွေတက်လိုက် ဆင်းလိုက်နေခဲ့ရသည်ကို ယခု နောင်တရနေမိသည်။ လှုပ်ရှားရစဉ်က ဒီလိုမြင်ကွင်းမျိုးကို ကြည်နူးစိတ်နှင့် ကြည့်မိခဲ့သင့်သည်မဟုတ်လား။

အမှန်က ဒီရောဂါအခြေအနေအတိုင်းပင် လွန်ခဲ့သော ခြောက်လခန့်ကတည်းက သေသွားသင့်ခဲ့သည်။ ကံတရားနှင့် ငွေကြေးတောင့်ခံနိုင်မှုက လူကိုယခုကဲ့သို့ မလှုပ်မယှက်ပုံစံနှင့် အသက်ဆက်၍ ရှင်သန်လာခဲ့ခြင်းပင်။ ဝန်ခံစကားဆိုရသော် သေဆုံးခြင်းကိုလက်ခံရန် ကိုယ်ကိုယ်၌ကပင် အဆင်သင့်မရှိခဲ့ပါ။ ပြီးနောက် ဆေးဘယ်ညာကိုမစောင်းဘဲနှင့် ပက်လက်အနေအထားအတိုင်း ခြောက်လတစ်နှစ်ခန့် ဆေးကုသခံရန်လိုအပ်ကြောင်း သိရခြင်းကြောင့်လည်း ခြောက်လ တစ်နှစ်က ဘာကြာတာလိုက်လို့၊ နေကြည့်လိုက်မယ်ဟူသောစိတ်နှင့် တင်းခံလာသည်မှာ ခြောက်လကျော်ရှိခဲ့ပြီးလည်းဖြစ်သည်။

အထွေထွေ ဆုတ်ယုတ်လာသော ခန္ဓာကိုယ်၏သဘောကိုလည်း ကြာလေသတိထားမိလေဖြစ်သည်။ အဆုံးမသိနိုင်တော့သော ခရီးရှည်ကြီးကို ခြောက်ခြောက်သွေ့သွေ့ဖြတ်သန်းနေရခြင်းဟု မိမိကိုယ်ကိုယ် နားချနေဖြစ်သည်။ လူနာကိုယ်တိုင်အတွက် ရှားရှားပါးပါး ဦးခေါင်းခွဲကိုလုပ်၍ ခွဲစိတ်ကုသခြင်းဖြစ်စဉ်သည် နေရဖို့ထက် သေရဖို့ဟူ၍ အမြဲခြောက်လှန့်ခံနေရသော ခံစားမှုလည်းဖြစ်သည်။ စိတ်ဓာတ်အကျဆုံးအချိန်များ၌ တွေးမိသောအတွေးမှာ ပါးစပ်ထဲသို့ ပိုက်ထည့်ထားခံရပြီး၊ အရည်ကျဲကျဲ ပျော့ပျော့တွေထည့်၍ အစားအတွက် ဖြေရှင်းနေရပုံကို မနှစ်မြို့တော့ပါ။ နေ့စဉ် သန့်ရှင်းရေးလုပ်နေရသောသူများကို မမြင်ရသော်လည်း အားနာလှပါသည်။ ဒီအသက်ရှင်ဖို့က ဒီလောက်စက်ခဲနေပါလားဟူ၍ သံဝေဂရမိသည်ထိ ဖြစ်ပါသည်။ ယခုအချိန်တွင် ဘေးခုတင်က မိတ်ဆွေ၏ ပြောကြားမှုက စိတ်ကိုတက်ကြွစေသည်ကတော့ အမှန်ပင်။ ငါနေကောင်းစဉ်က ဒီလိုခံစားတတ်မှု မရှိခဲ့ပါလားဟူ၍လည်း နောင်တတွေရနေမိသည်။ ဘေးက မိတ်ဆွေ၏စကား၌ အရောင်တွေနှင့်တွဲ၍ မြင်ယောင်ရခြင်းကိုကား အကြိုက်ဆုံးဖြစ်သည်။

"စက်ဘီးတွေစီးနေကြတဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ မျက်နှာလေးတွေက နှင်းမှုန်တွေကိုဖြတ်ပြီး မြင်နေရတာတောင် ပန်းနုရောင်လေးတွေ သန်းနေကြတာ ကိုယ့်ဆရာ၊ မျက်လုံးနက်နက်လေးတွေကလည်း သူတို့ဦးထုပ်အဖြူရောင်တွေ၊ ဆံပင်နက်နက်လေးတွေနဲ့အပြိုင် ဝင်းလက်နေကြတာဗျ။ ကျန်းမာခြင်းရဲ့ အလှတရားတွေပေါ့ ကိုယ့်ဆရာ"

ဒီလူ ကြိုကြိုဖန်ဖန်လည်း ပြောတတ်ပ။ ကျန်းမာခြင်းရဲ့ အလှတရားတဲ့။ အင်းပေါ့ ကိုယ့်ကိုယ်ကိုယ် မကျန်းမာတဲ့

---

**အထွေထွေ ဆုတ်ယုတ်လာသော ခန္ဓာကိုယ်၏သဘောကိုလည်း ကြာလေသတိထားမိလေဖြစ်သည်။ အဆုံးမသိနိုင်တော့သော ခရီးရှည်ကြီးကို ခြောက်ခြောက်သွေ့သွေ့ ဖြတ်သန်းနေရခြင်းဟု မိမိကိုယ်ကိုယ် နားချနေဖြစ်သည်။**

---

နေနေရတော့၊ သူပြောသလို အလှတရား တွေကို နှိုင်းယှဉ်ခံစားလို့ရတော့တာပေါ့။

"မနက်ဖန်မနက်ကျရင် ခန်းဆီးစ ကို လှပ်ကြည့်ပြီး လှပတဲ့ဆောင်းမနက်ခင်း ရဲ့ ရှုခင်းတွေ၊ မြင်ရတာတွေကို ကိုယ့်ဆရာ မှန်းဆလို့ရအောင် အသေးစိတ်ကိုပြောပြဦး မယ် သိလား။ အခုတော့ ကျုပ်လည်း မော သွားပြီဗျာ။ လွန်ခဲ့တဲ့ သုံးရက်လောက်အထိ စကားများများ မပြောရဘူးဆိုပြီး ပိတ်ပင် ထားကြတာဗျ၊ မနေ့ညပိုင်း ဆရာဝန်ကြီး လှည့်ပြီးမှ စားချင်တာစားပါ၊ ပေါ့ပေါ့ပါး ပါး နေပါဆိုပြီး ခွင့်ပြုကြတာလေ။ ကိုယ့် ဆရာကိုမြင်ပြီး စာနာစိတ်တွေဝင်လာလို့ ကျုပ်အမောခံပြီး ပြောနေရတာယုံပါနော်"

ယုံမှာကတော့ ကိုယ်တိုင်မြင်ရမှပေါ့ မိတ်ဆွေရယ်လို့ စိတ်ထဲ၌ပြန်ပြောမိသည်။ ကိုယ်တိုင်မြင်ရသည်များက သေချာသည် မဟုတ်လား။ ပကတိအနေအထား အတိုင်းနေရသူ၏ မြင်နေရသည်မှာ မျက်နှာကြက်ကြီးဖြစ်သည်။ ယခုဆိုလျှင် မျက်နှာကြက်တစ်ခုလုံးအကြောင်းကို သေ သေချာချာ ပြောပြနိုင်နေပြီဖြစ်သည်။ ပြော ပြ၍ မယုံကြလည်း ကိစ္စမရှိပါ။ သူတို့ သေ ချာကြည့်မိသောအခါ၌ ယုံသွားကြလိမ့် မည်သာဖြစ်ပါသည်။ ထွေထွေထူးထူးများ မဟုတ်ကြပါ။ မျက်နှာကြက်တွင် ကျက် စားနေကြသော အိမ်မြှောင်များ၏ အရှည် အသေး၊ အပြုအမူ၊ အမြီးအတိုအရှည်၊ ကောင်ရေမည်မျှ၊ အသေး၊ အတုတ်၊ အမြီး နှစ်ခွ၊ အမြီးပြတ်၊ ဘယ်ကောင်က အလျင် မြန်ဆုံး သားကောင်ဖမ်းနိုင်သည်၊ ပျင်းက ဘယ်ကောင် စသဖြင့် ခွဲခြားသိနေသည်။ သားကောင်ဖြစ်သော လိပ်ပြာ၊ ယင်ကောင် များ၊ ပိုးဟပ်များကိုလည်း ဘယ်အချိန် ဘယ်ချောင်က ထွက်လာတတ်သည်ကို အလွတ်ရနေသည်။ ယခင်က လိပ်ပြာတို့ သည် သွားရင်းလာရင်း နားတတ်သည်ဟု

> **ဆေးရုံပြင်ပက နှင်းတွေတဝေဝေနဲ့ ဆောင်းမနက်ခင်းရဲ့မြင်ကွင်းကို ကိုယ့်မျက်စိနှင့်ကိုယ် တအားကြည့်လိုက်ချင်စိတ်တွေကို မနည်းထိန်းထားရသည်။ ထိန်းမနိုင် သိမ်းမနိုင် ခုပင်ထကြည့်မိတော့မည်အထိ စိတ်ထဲ၌ ရုန်းကြွနေကြသည်။**

သာ ထင်ခဲ့သည်။ သို့သော် ထိုသို့မဟုတ် ချေ။ လိပ်ပြာတစ်ကောင်ဆိုလျှင် သုံးရက် တစ်ကြိမ်လောက် ရောက်လာတတ်သည်။ ကြာကြာနေလျှင် တစ်ရက်လောက် နားနေ တတ်သည်။ ပင့်ကူများ၏ အစာညှို့ပုံ၊ ဖမ်း ယူပုံကိုလည်း တွေ့ရသည်။ ပိုးဟပ်တို့က လည်း အနားမနေ၊ ပျံလိုက်၊ အောက်ကို ခုန်ဆင်းသွားလိုက်။ အိမ်မြှောင်က အစာ ဖမ်းပုံ ပို၍မြန်သည်။ ပင့်ကူမွေးများ ယက် ဖွဲ့မှုကိုကား သိပ်မသိ။ သန့်ရှင်းရေးများက မျက်နှာကြက်အပါအဝင် တံမြက်စည်း အရှည်ကြီးနှင့် လှမ်းလို့ရသမျှ ရှင်းတတ် ကြ၍ ပင့်ကူအိမ် ကြာကြာမခံတတ်။

ခုတင်အေးက မိတ်ဆွေကလည်း မျက်စိကယဉ်ပါးသည်။ ကြည့်တတ်သည်။ သူ၏ အထပ်ထပ်အခါခါပြောမှုကြောင့် ကိုယ်ကိုယ်တိုင် ကြည့်မြင်ခွင့်မရနိုင်သေး တဲ့ ဆေးရုံပြင်ပက နှင်းတွေ တဝေဝေနဲ့ ဆောင်းမနက်ခင်းရဲ့မြင်ကွင်းကို ကိုယ့် မျက်စိနှင့်ကိုယ် တအားကြည့်လိုက်ချင်စိတ် တွေကို မနည်းထိန်းထားရသည်။ ထိန်း မနိုင် သိမ်းမနိုင် ခုပင်ထကြည့်မိတော့မည် အထိ စိတ်ထဲ၌ ရုန်းကြွနေကြသည်။

ဒီလိုနှင့်ပင် နောက်တစ်နေ့၏ နံနက်ခင်း သို့ စောစောပင်နိုးနေ၍ ရောက် လာမှန်းသိသည်။ ညပိုင်းအမောဖောက်လာ သော်လည်း ကြပ်မတ်ကုသချက်ကောင်း မွန်၍ အမောပြေကာ၊ ပါးစပ်မှ ပိုက်ကိုပင် ချွတ်ပေးလိုက်ကြသည်။ ဆရာမလေး ရေ ပတ်တိုက်သည့်ရေအေး၏ အထိအတွေ့ ကြောင့် အိပ်မောကျနေရာမှ နိုးလာခြင်းဖြစ် မည်ထင်သည်။ ဆရာမလေး၏ စိတ်ရှည် ခြင်းကိုလည်း ကျေးဇူးတင်နေမိပါသည်။ ဆောင်ရွက်ပြီးစီးကြောင်း ထုံးစံအတိုင်း ပခုံး လေးကို လာကိုင်သဖြင့် သိလိုက်သည်။ ခါတိုင်း ဘယ်ပခုံးကိုထိရာ ယခု ညာပခုံး ကို ထိသဖြင့် မျက်စိကို ဆရာမလေးရှိရာ ညာဘက်ကို အားပြုကြည့်လိုက်မိသည်။ အမှန်မှာ ညာဘက်၌ နံရံရှိနေ၍ ဆရာမ လေး ဘယ်လိုရပ်နေပါလိမ့်ဟူသော စိတ် ထဲရှိမေးခွန်းကို အဖြေရှာခြင်းလည်း ဖြစ် ပါသည်။

နံရံက မရှိတော့။ ဆရာမမျက်လုံး ဆီသို့ မျက်လုံးချင်းဆုံအောင် ရှေ့ကြည့် လိုက်သဖြင့်၊ ဆရာမလေး ချက်ချင်း သဘောပေါက်သွားပုံရသည်။

"ဘဘ…ဟိုလူနာက မနက်က ပြောင်းသွားလို့ ဘဘကို နေရောင်ရတဲ့ ဒီဘက်ကို ရွှေ့လိုက်တာလေ၊ ဘဘလည်း အပြောင်းအလဲဖြစ်သွားတာပေါ့"

မျက်တောင်လေးကို ပုတ်ခတ်ပုတ် ခတ်လုပ်လျှင် ဆရာမလေးကို မျက်နှာရှိ ရာ ပါးစပ်နားထိကပ်၍ နားဆောင်တတ် သည်။ ယခုလည်း ဦးခေါင်းလေးကို မျက်နှာရှိရာထိရွှေ့ပြီး၊ ခေါင်းဆောင်းထား သော သူနာပြုအဖြူသရဖူလေးကို လွတ်ရုံ ကပ်လာခြင်းဖြစ်သည်။ စကားတိုးတိုးသာ ပြောပါဆို၍ ဆရာမနှင့် မူလကတည်းက အချိန်းအချက်လုပ်ထားကြ၍ အဆင်ပြေပါ သည်။ အပြင်ဘက်မှာ နှင်းတွေကျသေး လား ဆရာမဟု တိုးတိုးလေး သူကြားရုံ မေးလိုက်သောအခါ…

"နှင်းတွေ မကျတော့ဘူးဘဘ၊

အပြင်မှာ ဘာမှ ထူးထူးခြားခြားမရှိပါဘူး၊ ခါတိုင်းလို ပုံမှန်အတိုင်းပါပဲ ဘဘ”

ခန်းဆီးစလေးကို လှပ်ပေးလို့မရဘူးလားဟု ထပ်မံပြောလိုက်သောအခါတွင်လည်း–

“နေမြင့်လာပြီဘဘ၊ နေထိုးလိမ့်မယ်၊ မနက်ဖန်မနက် နေရောင်ပျော့တဲ့အချိန် အလင်းပိုရအောင် ခန်းဆီးစကို အပေါ်ဘက်မြင်သာရုံ လှပ်ပေးထားမယ်၊ စိတ်ချနော် ဘဘ”

သူတို့လှပ်ပေးမှ ရမှာဆိုတော့ ထပ်မံ၍ မတောင်းဆိုတော့ပါ။ အသာပင် ငြိမ်သက်စွာနေလိုက်ပါသည်။ မျက်စိမှိတ် မှိန်းနေစဉ် မနီးမဝေးမှအသံတွေ ကြားရသည်။ ဘေးက မိတ်ဆွေကြီး မရှိတော့ဘူးဟူသော အသိကို ရစေသော အပြန်အလှန် စကားပြောသံများဖြစ်သည်။ ရင်ထဲ၌ ဟာသွားသည်။ ကိုယ့်လူ ထပ်မပြောနိုင်တော့ခြင်းဟုသိရ၍ ဝမ်းနည်းရသည်။ ငှက်နီနီလေး နှင်းခါပုံကို သူပြော၍ စိတ်ထဲကြည့်ချင်သည်။ မကြည့်ရသည့်တိုင် သူပြောသဖြင့် စိတ်နှင့်မြင်ကြည့်၍ရသည်။ ခုတော့ အားလုံး ဆိုးရွားရသောခံစားချက်ကို ရလိုက်လေသည်။

စိတ်လှုပ်ရှား၍လား၊ ညပိုင်းနည်းနည်း မောလာသောကြောင့် အိမ်မှ လူနာစောင့်များက ညဥ့်နက်မှပြန်သည်။ ညဥ့်နက်ခြင်းကို သတိပြုမိသောအရာမှ အရာရာ တိတ်ဆိတ်နေသောကြောင့်ဖြစ်သည်။ အမောသက်သာလာသော်လည်း အိပ်မပျော်ပါ။ သို့သော် အားလုံးစိတ်ချရရန် အိပ်ပျော်နေဟန် မျက်စိကိုမှိတ်ထားလိုက်ပါသည်။ ထို့ကြောင့် ပြန်မည့်အကြောင်း နှုတ်ဆက်သံများကို မှိန်းနေရင်းကြားနေရသည်။ သို့သော် အမှန်တကယ်ပင် အိပ်ပျော်၍သွားပါသည်။

မနက်နိုးသော် ဆရာမလေးအနား၌ မရှိ။ ဆရာမလေးသည် ခန်းဆီးစအပေါ်ခြမ်း လှပ်ထားသည်။ မျက်စိထောင့်စွန်းတစ်နေရာမှ မိုးကောင်းကင်ကြီးကိုလည်း တစွန်းတစမြင်ရသည်။ နေရောင်ပျပျနှင့် ဝါးနေသော မိုးကောင်းကင်ကိုတွေ့ရသည်။ အနီဖျော့ဖျော့ မိုးသားတွေကို လှပ်ထားသော ခန်းဆီးစလွှတ်နေသည့် မှန်လည်ပေါက်မှ မြင်ရခြင်းဖြစ်သည်။ ခန်းဆီးစအောက်ပိုင်းကို ကလစ်များနှင့် တခြမ်းစီကွဲနေသော အစနှစ်ခုကိုဆွဲစိကာ ညှပ်ထားသဖြင့် အပေါ်ခြမ်း အနည်းငယ်သာ ဟနေခြင်းဖြစ်သည်။ ရောင်နီပျပျကို စိတ်ကြည်နူးစွာ ကြည့်နေခိုက် မနေ့ညနေပိုင်း ဆရာဝန်ကြီးနှင့် နောက်ပါများ လှည့်လည်စစ်ဆေးရာ၌ မိမိခုတင်ခြေရင်းမှ ဘုတ်ပြားကို ဖြုတ်၍ကြည့်ရင်း အချင်းချင်း အင်္ဂလိပ်ဘာသာစကားဖြင့် ပြောနေသံတို့ကို ယခုပြန်၍ ကြားနေမိသည်။ မိမိက လူနာဖြစ်၍ မိမိအကြောင်း ပြောနေခြင်းများကို ကြည်နူးစိတ်ဖြစ်နေစဉ် ပြန်လည်ကြားယောင်မိခြင်းလား မဆိုနိုင်ပါ။

“ဒီရက်ပိုင်း ရေပတ်မတိုက်သေးနဲ့၊ နှလုံးအပေါ်ခြမ်း နည်းနည်းကြီးနေ၍ လူနာ ထိုင်မည်ဆိုလျှင် မထိုင်ဖို့တားမြစ်ရန်လည်း ပါသည်”။ သူတို့တတွေ ပြောနေသံများသည် လူနာ၏ စိတ်ချမ်းမြေ့စေရန် ဖန်တီးပေးဖို့ဆို၍ စကားလုံးတစ်ခွန်းတလေမျှပင် မပါ။ ထိုစဉ် ဖိနပ်သံတဖြတ်ဖြတ်ကြား၍ ကြည့်လိုက်ရာ ဆရာမလေး အနားမှာလာရပ်၍ သူမှန်းသိရသည်။ ဆရာမကို စကားပြောချင်ကြောင်း အချက်ပြ၍ ခန်းဆီးညှပ်ထားသော ကလစ်လေးဖြုတ်ပေးထားဖို့ ပြောလိုက်ရသည်။ ခေါင်းညိတ်ပြီး...“ဟာ.. ငြိမ်ငြိမ်နေဦး၊ သမီး အိုင်ဒီကတ် ရုံးခန်းထဲ ကျန်နေလို့ သွားယူလိုက်ဦးမယ် သိလား၊ ချက်ချင်းပြန်လာမယ်ဟူ၍ပြောကာ ထွက်သွားလေသည်။

အတော်ပဲဖြစ်သည်။ သူ၏ခြေသံ မကြားသည်နှင့် လက်နှစ်ဖက်အားပြုကာ ထိုင်ဖို့ကြိုးစားမိသည်။ ခန်းဆီးစလှပ်ထားတုန်းမှာ ကောဖြစ်ဖြစ် ကြည့်ဖြစ်မှဖြစ်မှာ မဟုတ်လား။

◆ ◆ ◆ ◆ ◆



"ဆရာမရယ်..ဘယ်လိုဖြစ်တာလဲ၊ လူနာက ငုတ်တုတ်ကြီးပါလား၊ မပြင်တော့ဘူးလား"

"ခုတင်လေးပဲ ကျွန်မ ရှုံးခန်းခဏသွားဦးမယ်၊ အဘ ငြိမ်ငြိမ်နေပါ ပြောဖြစ်သေးတယ်။ ဟိုခန်းဆီးစ ကလစ်ဖြုတ်ပေးပါဆိုလို့တောင် ကျွန်မ ဖြုတ်ပေးခဲ့တာမကြာသေးဘူး။ ဆရာဝန်ကြီးတွေလာတော့မှာပါ၊ ခဏစောင့်ပါဦး"

ပျာယီပျာယာဖြင့် ဆရာမလေးက သူ့ကိုမေးလိုက်သော လူငယ်ကို ရှင်းပြနေသည်။ အခြား လူလေးငါးခြောက်ယောက်က အခန်း၀၏ တံခါးမကြီးနားတွင် အားတိုက်စီတန်း၍ ညှိုးငယ်သောမျက်နှာများဖြင့် ရယ်နေကြသည်။ အသံမထွက်ဘဲ လူနာခုတင်ရှိရာသို့ ငေးမောကြည့်နေကြခြင်းဖြစ်သည်။ ဆရာဝန်ကြီးနှင့်အဖွဲ့ ဝင်လာသောအခါ ရပ်နေသောသူများထဲမှ လူနာနှင့် သက်တူရွယ်တူခန့်ရှိမည့် အမျိုးသမီးကြီးက ဆရာကြီးဝင်လာသော အပေါက်ဝဘက် ရှေ့ရှုကာ ဦးညွှတ်ကြိုဆိုသည်ကို တွေ့ရသည်။

"လွှန်ခဲ့တဲ့သုံးရက်လောက်ကတည်းက လူနာအခြေအနေကို ရှင်းပြခဲ့ပြီးသားပါ၊ ဆေးကုတာမရပ်ပါနဲ့၊ ကျန်တာ သူ့ကံတရားပါဆိုလို့ပါ၊ အားလုံး သဘောပေါက်ကြမှာပါနော်"

လူနာရှင်များက ကြေကွဲတိတ်ဆိတ်စွာ ငြိမ်တုခေါင်းညိတ်ကြရင်း မျက်ရည်လေးများ သုတ်နေကြသည်။ အသံမထွက်ကြ။ လူငယ့်အသံက ဆရာဝန်ကြီးနှင့်အဖွဲ့ ပြန်သွားပြီး လူနာကို ပက်လက်အနေအထားအတိုင်းပြုပြင်ကာ ခုတင်ဘေးရှိ ဆေးသွင်းပိုက်များ၊ အောက်ဆီဂျင်ပိုက်များကို ဆရာမလေးက သိမ်းနေသည်၊ လူနာ၏ ရုပ်ကြွင်းသည် ပက်လက်အနေအထားအတိုင်းပင်။ မျက်စိတော့ မဖွင့်နိုင်တော့။ လူငယ်၏အသံက ထွက်လာသည်။

"ဆရာမရယ် ဘဘက အပြင်ဘက်မှာ ဘာကြည့်ချင်လို့လဲဗျာ၊ ဘာကြောင့် ငုတ်တုတ်ထထိုင်ဖို့ လုပ်ရတာပါလိမ့်"

"ကျွန်မလည်း မသိဘူး၊ တစ်ချိန်လုံး ငြိမ်ငြိမ်နေဖို့ပြောနေတာပါ။ ဆောင်းနှင်းတွေကျတုန်းပဲလားလို့တော့ တစ်ခွန်းမေးတယ်၊ ကျွန်မ သေချာဖြေပါတယ်၊ နှင်းတွေ မကျတော့ဘူး၊ အပြင်မှာ ဘာမှ ထူးထူးခြားခြား ဘာမှမဖြစ်ဘူးလို့လေ"

"အပြင်မှာ ပန်းခင်းကြီးရှိတယ်များထင်လို့လား၊ နှင်းတွေကျတာ အခန်းထဲက မြင်ရမယ်ထင်လို့လား ဘဘရယ်"

လူငယ်သည် အပြင်ဘက်သို့ မျက်နှာမူကာပြောရင်း သူ၏ဘဘ ရုပ်ကြွင်းကို မေးခွန်းထုတ်နေသည်။ လူနာ အသက်မရှိတော့ပြီဖြစ်၍ ခန်းဆီးများအားလုံး ဘေးကပ်ထားလေသည်။ အခန်းအပြင်ဘက် လူသွားစင်္ကြံနံ့တွင် လူသွားလူလာကတော့ ခပ်ကျဲကျဲရှိသော်လည်း ဆူဆူညံညံ အသံမကြားရပါ။ လူသွားစင်္ကြံအပြင်ဘက် နံရံတွင် အပေါ်ပိုင်းကိုမှ မှန်များတပ်ထားသဖြင့် ဆေးရုံအဆောက်အဦးနှင့် ခြံစည်းရိုးကြားရှိ ပန်းခြံလေးကိုမူ စင်္ကြံထိသွားမှပင် မြင်ရသော မြင်ကွင်းဖြစ်သည်။ လူနာအခန်းအတွင်းမှမူ မှန်သားး၏ ပိတ်နေသောအရောင်ကြောင့် သေချာစွာမမြင်နိုင်ပါ။


ဘဘ၏ ဘေးခုတင်ရှိ ဘဘအား ကိုယ့်ဆရာ၊ ကိုယ့်ဆရာနှင့် စကားတွေဖောင်နေအောင်ပြောသောသူကိုလည်း ဤအခန်းတွင်းရှိ မည်သူတစ်ဦးတစ်ယောက်မျှ မသိကြပါ။ ဘဘ၏ စိတ်မြင်ကွင်းအကြောင်းလည်း ကျန်ရစ်သူမည်သူမျှ မသိကြပါ။

ဘဘဆိုသူသည် တစ်စုံတစ်ရာကြည့်ချင်စိတ်ဖြင့် ငုတ်တုတ်ထိုင်ရန် ကြိုးစားသွားခဲ့သည်ဟုသာ ပြောနိုင်ပါသည်။ ကျန်ရစ်သူများအဖို့ သူတို့၏ ဘဘအပေါ် နောက်ဆုံးအထိ ဆေးကုသပေးနိုင်ခြင်းကိုသာ စိတ်သက်သာရာ ရှာနိုင်ကြသည့် အနေအထားဟု ဆိုရပါမည်။

**မောင်ခင်သာ(မြင့်)**

ဝန်ခံချက်။ (မိုပါဆွန်၏ ဝတ္ထုများအကြောင်း စကားစပ်၍ ပြောကြရင်းမှ ဤအကြောင်းအရာလေးကို ကိုယ်တိုင်ကြုံတွေ့ရမှုအပေါ် အခြေတည်၍ ရေးဖွဲ့ဖြစ်ခြင်းဖြစ်ပါသည်။ စာရေးသူ)






# အမှန်တရားအတွက် မေးခွန်းထုတ်ခံလိုက်ရတဲ့ မှတ်တမ်းကလေး

မောင်သာစိုး(ပြည်)

(တစ်)

အကြားအလပ်မရှိအောင် ကြိပက်သွန်းဖြိုးနေသည့် မိုးစက် မိုးပေါက်ကလေးတို့၏အောက်တွင် ပုပ္ပါးဆောင်ကလေး၏ လှုပ်ရှားမှုတို့က တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ မိုးအေးအေးနှင့် တွေးချင်ရာတွေး၊ ဆွေးချင်ရာတွေးလို့ရသည့် အနေအထားကလေးပဲ ဖြစ်သည်။ ယခုရက်ပိုင်းအတွင်း ရှုကအာဖြစ်သည် မသိ အကြောင်းအရာတစ်ခုအပေါ်မှာ မိမိအတွေးအာရုံတို့က စိုက်ဝင်ရှုးနှစ်နေခဲ့သည်။ စေးထန်းငြိတွယ်နေခဲ့သည်။ မိမိအတွေး ပိုက်ကွန်တို့ကို ဖြန့်ကြက်ပစ်လိုက်နိုင်အောင် လုပ်ပစ်လိုက်နိုင်သည့် အရာတစ်ခုဟုပဲ ယုံးစွပ်ရလိမ့်မည်ထင်ပါသည်။ မိမိ၏ ရှိပြီးသား ပကတိအတွေးတို့ကို ၊ ရိုးရှင်းသည့် အတွေးတို့ကို ညစ်နွမ်းအောင် ထိုအရာလေးတစ်ခုက လုပ်ပစ်ခဲ့သည်။ အွန်လိုင်းပေါ်မှာ ကြည့်ခဲ့ရသည့် ဗွီဒီယိုအတိုလေးတစ်ခုပဲ ဖြစ်ပါသည်။ အနည်းငယ် ရေးချွင့်ပြုစေလိုပါသည်။ ကြည့်ခဲ့ဖူးသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် အတိအကျဟုတ်ချင်မှ ဟုတ်ပါတော့မည်။ သို့သော်... ဆိုလိုရင်းသဘောက ကျွန်တော် ချရေးပြမည့် အကြောင်းအရာအတိုင်းပဲ ဖြစ်ပါသည်။


(နှစ်)

ကျောင်းသား ငါးယောက်လောက်ရှိသည့် အခန်းထဲသို့ ဆရာတစ်ယောက် ဝင်လာပါသည်။ မင်္ဂလာပါဆရာဟု သူတို့ ယဉ်ကျေးမှုအရ နှုတ်ဆက်ကြပါသည်။ နှုတ်ဆက်ပြီးသောအခါ ဆရာက စာစသင်ဖို့ ကြိုးစားပါသည်။ ဦးစွာပထမ Whiteboard ပေါ်မှာ စာရေးပါသည်။ ၂+၂=၃ ဆိုသည့် စာသားပဲ ဖြစ်ပါသည်။ ထိုသို့ရေးပြီးနောက် ကျောင်းသားတွေ ဘက်ကိုလှည့်ပြီး သူရေးထားသည့် စာသားများကို ကျောင်းသားတွေ လိုက်ဆိုအောင် တိုင်ပေးဖို့ ကြိုးစားပါသည်။ ၂+၂=၃ ဆိုပြီး ဆရာက ရှေ့ဆုံးကတိုင်ပေးပါသည်။ သို့သော်... မည်သည့်ကျောင်းသားတစ်ယောက်မျှ လိုက်မဆိုကြပါ။ လိုက်မဆိုကြသည့်အပြင် ရှေ့ဆုံးခုံမှာထိုင်နေသည့် ကျောင်းသားတစ်ယောက်က ဆရာမှားနေတယ်ဆိုပြီး မတ်တတ်ရပ် အမှန်ပြင်ဆိုပါသည်။

၂+၂=၄ ဆိုပြီး ရဲရဲဝံ့ဝံ့ဆိုပါသည်။ ဆရာ ဒေါသတော်တော်ထွက်သွားပါသည်။ ငါရေးတာအမှန် ၊ ငါဆိုတဲ့အတိုင်းပဲ လိုက်ဆိုဆိုပြီး ထိုအမှန်ပြင်ပေးသည့် ရှေ့ဆုံးခုံမှာ



မတ်တပ်ရပ်နေသည့် ကလေးကို အမိန့်ခြွေဇာ ပေးပါတော့သည်။ ထိုကလေးက ဆရာဆိုခိုင်းသည့်အတိုင်း လိုက်မဆိုသည့်အပြင် ၂+၂=၄ ဖြစ်ကြောင်း အကြိမ်ကြိမ်အခါခါ ဆိုနေပါတော့သည်။ ဆရာ နောက်ဆုံးတစ်ခေါက် ထိုကျောင်းသားကို မေးပါသည်။ ငါဆိုတဲ့အတိုင်း လိုက်ဆိုမလား၊ အသေခံမလားဆိုပြီး။ ထိုကလေးက လိုက်မဆိုနိုင်ပါဟုယတိပြတ်ငြင်းပါသည်။ အမှားကြီးကို သူအသယ်တော့မှ လိုက်မလုပ်ပါ၊ လိုက်မဆိုပါဟုပြောပြီး အသေခံသွားပါသည်။



အညှာတာကင်းမဲ့စွာ ထိုကလေးဦးခေါင်းတည့်တည့်ကို သေနတ်ဖြင့် ချိန်ပြီး ဆရာပစ်သတ်လိုက်ပါသည်။ စာသင်ခန်းမှာ ချက်ချင်းသွေးချင်းချင်း လွှမ်းသွားခဲ့ပါသည်။ ကျန်သည့်ကလေးများ အတော်လေးကို ကြောက်ရွံ့သွားခဲ့ပါသည်။ ကျန်ရှိနေသည့် ကလေးတွေဘက်ကို မျက်နှာလှည့်ပြီး ဆရာတစ်ခွန်း ပြောပါသည်။ ငါအပြင်ထွက်ဦးမယ်၊ အချိန် ငါးမိနစ်ပေးမယ် ငါဆိုတဲ့အတိုင်း လိုက်ဆိုမလား၊ ဒီကလေးလို အသေဆိုးမျိုးနဲ့ ရင်ဆိုင်မလား မင်းတို့ဘာသာဆုံးဖြတ်ဆိုပြီး အပြင်ထွက်သွားပါတော့သည်။ ကျန်ရှိသည့် ကလေးများ ခေါင်းချင်းဆိုင်ပြီး စဉ်းစားဆုံးဖြတ်ပါတော့သည်။ ဆရာရေးနေတာ မှားမှန်းလည်း အားလုံးသိကြပါသည်။ သို့သော်...ရှေ့မှာ တစ်ယောက်နမူနာပြသွားခဲ့သည့်အတွက် အားလုံးလည်း ကြောက်ရွံ့နေကြပါသည်။ မည်သူမျှလည်း အမှန်ကို မပြောရဲကြတော့ပါ။ သို့သော်.. ကလေးတစ်ယောက်ကတော့ သူထပြောမယ်ဆိုပြီး လုပ်ပါတော့သည်။ ကျန်သည့် ကလေးနှစ်ယောက်က တားပါသည်။ မင်းသေသွားချင်လို့လား၊ ဘာဖြစ်နေတာလဲ ၊ မင်းကြောင့် တို့အားလုံး သွေးထွက်သံယိုဖြစ်သွားဦးမယ် စသဖြင့် ဝိုင်းတားကြပါတော့သည်။ ထူးထူးခြားခြား တစ်ယောက်ကတော့ ဘာမှကိုဝင်မပြောပါ။ အချိန်ပြည့်သွားသည့်အခါ ထိုဆရာ ပြန်ဝင်လာပါသည်။ သူရေးခဲ့သည့်စာသားကို ပြန်တိုင်ပေးပါသည်။ ကလေးအားလုံး ညီညီဖွဖွ ဆရာတိုင်းပေးသည့်အတိုင်း လိုက်ဆိုကြပါသည်။ ဆရာ အကျေနပ်ကြီး ကျေနပ်သွားပါတော့သည်။ ကလေးတွေဆိုပြီးသောအခါ စာရွက်ပေါ်မှာ ချရေးခိုင်းပါသည်။ ကလေးသုံးယောက်က ဆရာရေးသည့်အတိုင်း လိုက်ရေးကြပါသည်။ ၂+၂=၃ ဆိုပြီး။ ကလေးတစ်ယောက်ကတော့ ၂+၂=၃ ဆိုပြီး အရင်ရေးပါသည်။ သို့သော်...မိမိရေးခဲ့သည့် ၂+၂=၃ ဆိုသည့် စာသားနေရာတွင် ၃ကိုဖြတ်ပြီး ၄ ဟု ပြင်ရေးပါတော့သည်။ ဗွီဒီယိုလေးက ထိုမျှသာလေးပဲ ဖြစ်ပါသည်။ ဆုရခဲ့သည့် ဗွီဒီယိုမှတ်တမ်းလေးပဲ ဖြစ်ပါသည်။



(သုံး)

ကျွန်တော့်အတွေးအိမ်ကို ယခုရက်ပိုင်းအတွင်း နောက်ကျိုညစ်ထေးနေအောင် လုပ်နေသည့် အရာလေးက ထိုဗွီဒီယိုမှတ်တမ်းလေးပဲ ဖြစ်ပါသည်။ ထိုမှတ်တမ်းရုပ်ရှင် ပြကွက်များကို ကျွန်တော် တစ်ကွက်ပြီးတစ်ကွက် ခံစားကြည့်နေမိသည်။ အထပ်ထပ်သုံးသပ် စီးဖြန်းကြည့်နေမိသည်။ အခါခါစီးမွှား သွေးကူးကြည့်နေမိသည်။ မေ့ပျောက်လို့မရအောင် အမြစ်တွယ်ကပ်ငြိနေသည့် ထိုမှတ်တမ်းရုပ်ရှင်လေးကို အခါခါစဉ်းစားသုံးသပ်ပြီးသောအခါ လက်ခနဲရလိုက်သည့် ကျွန်တော့် အတွေးစတို့ကို ဖော်ပြလိုပါသည်။ သင့်မသင့်ကို စာဖတ်သူကိုယ်တိုင်သာ ဝေဖန်ပိုင်းခြား သုံးသပ်ပေးပါရန် မေတ္တာရပ်ခံလိုပါသည်။ ထိုအတွေးစမှာ....

ကမ္ဘာလောကကြီးကို အရုပ်ဆိုး ၊ အကျည်းတန်အောင် လုပ်နေကြသူများမှာ လူယုတ်မာများ၏ လက်ချက်များကြောင့်ပဲ မဟုတ်ပါ။ အမှန်တရားကိုသိသည့်တိုင် မထုတ်ဖော်ပြရဲ၊ အမှားလုပ်သူများကို တွေ့သည့်တိုင် ဆွဲထုတ်မပြရဲသည့်လူများကြောင့်လည်း ကမ္ဘာကြီးက အရုပ်ဆိုးအကျည်းတန်နေခြင်းဖြစ်ပါသည်။ ကျွန်တော့်အဆိုကို မည်သူမျှ အငြင်းမပွားတန်ရာ လောက်ဘူး ထင်ပါသည်။

မောင်သာစိုး(ပြည်)









# ကိုဗစ်-၁၉ တတိယလှိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

ကိုဗစ်-၁၉ တတိယလှိုင်းကြီးဟာ တစ်နေ့တစ်ခြား ပိုရှုံဆိုးလာပါတယ်။ ရောဂါဖြစ်ပွားသူများသလို၊ သေဆုံးသူတွေလည်း များလာပါတယ်။ မစည်ကားသင့်တဲ့ ဆေးရုံ၊ ဆေးခန်းတွေနဲ့ သချိုင်းတွေမှာလည်း ရောဂါဝေဒနာခံစားရသူတွေ၊ အသက်မဲ့ခန္ဓာတွေအပြည့်ပါ။ ရောဂါကူးစက်မှုဟာ လွန်စွာမြန်လွန်းလှပါတယ်။ ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေလည်း ပိတ်ကုန်ကြပါတယ်။ ယခင် ဒုတိယလှိုင်းတုန်းက ဖွင့်ခဲ့တဲ့ ကိုဗစ်-၁၉ စင်တာတွေလည်း အသင့်မဖြစ်ပါ။ လူအင်အား၊ ပစ္စည်းအင်အား၊ ဆေးဝါးပမာဏနဲ့ အသက်ကယ်ပေးမဲ့ အောက်ဆီဂျင်အရေအတွက်ကလည်း လုံလောက်မှုမရှိပါ။ ကျန်းမာရေးဝန်ထမ်းမရှိလို့ ရှိသော်လည်း ကုသခွင့်မရလို့ သေသူများလည်း ရှိပါတယ်။ အောက်ဆီဂျင်ရှားပါးပြီး ပြတ်လပ်မှုကြောင့် သေဆုံးသွားတဲ့သူတွေလည်း မရေတွက်နိုင်အောင်ပင် ဖြစ်နေပါတယ်။

ကိုဗစ်–၁၉ ကပ်ရောဂါကြီးကို တွန်းလှန်အံတုနိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်ပါတယ်။ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၂)လည်းဖြစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)လည်းဖြစ်တဲ့ ဦးဗိုလ်ဌေးဦးဆောင်မှုနဲ့ မအူကုန်း COVID Center ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ မအူကုန်း COVID Center မှာ ကိုဗစ်ရောဂါပိုးရှိတဲ့ လူနာ ၁၀၀ ထားဖို့ ရည်ရွယ်ခဲ့ပါတယ်။

၁၃–၇–၂၀၂၁ ရက်နေ့မှာ မအူကုန်း COVID Center တွင် လူနာထားမယ့်နေရာပြင်ဆင်ခြင်းကို မြို့တော်ဝန်၊ ဒုတိယ မြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ဌာနမှူးတွေက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပါတယ်။ ကျွန်တော်လည်း ပြည်သူ့ကျန်းမာ ရေး ဌာနမှူးကိုယ်စား လိုက်ပါဆောင်ရွက်ပါတယ်။

၁၄–၇–၂၀၂၁ ရက်နေ့မှာတော့ မအူကုန်း COVID Center တွင် လူနာထားရှိမယ့်နေရာအား စနစ်တကျနေရာချထားဖို့ လုပ်ပါတယ်။ မြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်–၅၊ စီမံရေးရာဌာနမှူး၊ အင်ဂျင်နီယာဌာန(ယာဒ်)ဌာနမှူး၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူးနှင့် ဒုတိယဌာနမှူးတွေ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါတယ်။ ကျွန်တော်လည်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များကို အကြံပြုပေးခဲ့ပါတယ်။

၁၉–၇–၂၀၂၁ ရက်နေ့မှာ မအူကုန်း COVID Center တွင် လူနာတွေထားရှိမယ့်နေရာနဲ့ ပတ်ဝန်းကျင်ကို Disingection ပြုလုပ်ဖို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အုပ်ချုပ်ရေးရုံးမှ ကျန်းမာရေးတာဝန်ခံကို ညွှန်ကြားလိုက်ပါတယ်။ Chlorine ကလိုရင်းဆေးဖြန်းခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။



၂၀–၇–၂၀၂၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီးတို့ ဦးစီး၍ အဖွဲ့ဝင်များဖြင့် မအူကုန်း COVID Center ကို လာရောက်ကြည့်ရှုပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ(မြို့တော်ဝန်)နှင့် ကော်မတီဝင်–၅ တို့မှလည်း ရှင်းလင်းတင်ပြကြပါတယ်။ ကျွန်တော်ကတော့ အောက်ဆီဂျင် Concentrator အသုံးပြုပုံ၊ အသုံးပြုနည်းများကို ရှင်းပြလိုက်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးမှုနဲ့ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးထုတ်ယူမှုအခြေအနေများကိုလည်း တင်ပြခဲ့ပါတယ်။

၂၀–၇–၂၀၂၁ ရက်နေ့မှာပဲ COVID Center အကြောင်း ကော်မတီဝင်–၅ နှင့် ကျွန်တော့်ကို MRTV မှ အင်တာဗျူးပြုလုပ်ပါတယ်။ COVID Center ဖွင့်လှစ်ရခြင်းအကြောင်း အရင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွေကို ပြောကြားလိုက်ပါတယ်။ ဆေးဝါးများထားရှိမှု၊ သွေးဖိအားတိုင်းစက် Digital BP၊ သွေးချိန်နှုန်းတိုင်းစက်၊ ကိုယ်အပူချိန်တိုင်း Ingrared Thermometer နှင့် သွေးတွင်းအောက်ဆီဂျင်တိုင်းစက် Pulse Oximeter စတဲ့ ဆေးပစ္စည်းကိရိယာတွေအသုံးပြုမှု Control Center မှာ CCTV နှင့် Inter Call များဖြင့် ဆေးကုသမှုနဲ့ လူနာနေ့စဉ်မှတ်တမ်း (Patient Daily Records) ဆေးရုံတက်မှတ်တမ်း (Admission Chart)၊ အောက်ဆီဂျင်ပေးထားသော လူနာမှတ်တမ်း၊ လူနာတွေခံစားရတဲ့ ရောဂါများမှတ်တမ်းနှင့် လူနာများ လိုက်နာရမည့်အချက်များ စာရွက်တွေထားရှိမှုတွေကိုလည်း MRTV မှ မှတ်တမ်းတင်ရိုက်ကူးမှုကို ရှင်းပြလိုက်ပါတယ်။ လူနာလက်ခံတဲ့နေရာမှာ ဆရာဝန်က ကြည့်ပေးပါတယ်။

၂၀–၇–၂၀၂၁ ရက်နေ့ ညနေ (၁၈း၀၀)နာရီမှာ မအူကုန်း COVID Center ကို ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် ကျန်းမာရေးဆိုင်ရာဌာန၊ ဝန်ထမ်းသင်တန်းကျောင်း ကျောင်းအုပ်ကြီးက တာဝန်ယူရပါတယ်။ လူနာတွေကို ဆေးရုံတင်ကုသမှု၊ ဆေးရုံပြောင်းရွှေ့မှုများကို ပြုလုပ်ရပါတယ်။ လူနာများအတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာကိုချက်ကျွေးပြီး အုပ်ချုပ်မှုကိစ္စအဝဝကို ဆောင်ရွက်ရပါတယ်။ Oxygen Cylinder ၁၆ လုံးနှင့် Oxygen Concentrator ၆၀ လုံးကို တပ်ဆင်အသုံးပြုခဲ့ပါတယ်။

၂၁–၇–၂၀၂၁ ရက်နေ့မှာ YCDC COVID-19 Center Viber Group ဖွဲ့ပါတယ်။ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်နှင့် ဌာနမှူးများပါဝင်ကြပါတယ်။



ပြည်သူ့ကျန်းမာရေးဌာနအနေဖြင့် ကျွန်တော်နှင့် လက်ထောက်ဌာနမှူးနှစ်ဦးလည်း ပါဝင်ဆောင်ရွက်ကြပါတယ်။ Viber ဖြင့် လူနာများအခြေအနေနဲ့ ဆေးဝါးကုသမှု၊ လူနာပြောင်းရွှေ့မှုများကို တင်ပြပါတယ်။ မြို့နယ်ကျန်းမာရေးအရာရှိတစ်ဦး၊ ကျန်းမာရေးမှူး-၁ တစ်ဦးနှင့် ကျန်းမာရေးမှူး-၄ တစ်ဦးကို တာဝန်ချထားလိုက်ပါတယ်။

၂၁-၇-၂၀၂၁ ရက်နေ့၊ ည(၁၉း၃၀) နာရီအထိ လူနာ ၂၅ ဦးရှိပြီး ကွယ်လွန်သူနှစ်ဦး ရှိခဲ့ပါတယ်။ အောက်ဆီဂျင်ပမာဏကို Pulse Oximeter ဖြင့် တိုင်းတာရာမှာ ၉၅ မှ ၁၀၀ အထိဟာ ပုံမှန်ဖြစ်ပါတယ်။ ၉၀ အောက်တွင် အနည်းငယ်စိုးရိမ်ရပြီး၊ ၇၀ အောက်တွင် အထူးစိုးရိမ်ရတဲ့အခြေအနေဖြစ်ပါတယ်။ အသက်အလွန်ကြီးသောသူ၊ အောက်ဆီဂျင်ပမာဏ ၇၀ အောက်ဖြစ်သူ၊ ကိုယ်တွင်းရောဂါများရှိတဲ့သူတွေကို သတိထားပြီး အထူးကြပ်မတ်ကုသခဲ့ပါတယ်။ သို့ရာတွင် "သတ္တဝါတစ်ခု ကံတစ်ခု" ဆိုတဲ့အတိုင်း လူနာနှစ်ဦးကို အသက်မကယ်နိုင်ဖြစ်မိလို့ စိတ်မကောင်းဖြစ်မိပါတယ်။

လူနာတွေကို CCTV မှကြည့်ပြီး Inter Call နဲ့ အကြံပြုစကား ဆိုရပါတယ်။ ပက်လက်လုံးဝမအိပ်ပါနဲ့၊ အမြဲတမ်း မှောက်ပြီးအိပ်ပါ။ မှောက်ပြီးအိပ်ရင် ပိုကောင်းပါတယ်လို့ ပြောရပါတယ်။ အသက်ရှုလေ့ကျင့်ခန်းလေးပြုလုပ်ပေးပါ။ အစားအစာဝင်အောင် စားပါ။ စောစောအိပ်ပြီး ကောင်းစွာအနားယူပါ။ ရေများများ သောက်ပါ။ စိတ်ဖိစီးမှုကို လျှော့ချပါလို့ ညွှန်ကြားရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း SP O2 Level (သွေးအတွင်းအောက်ဆီဂျင်ပမာဏ) သွေးခုန်နှုန်း၊ သွေးဖိအားနဲ့ ကိုယ်အပူချိန် သုံးကြိမ်ခန့်တိုင်းတာပြီး အခြေအနေကို သတင်းပို့ခိုင်းထားရပါတယ်။ လူနာအဆောင်ထဲမှ ကိုဗစ်ပိုးရှိသော်လည်း အခြေအနေမဆိုးဝါးသူတွေကို လုပ်အားပေးခိုင်းရပါတယ်။ Pulse Oximeter Digital BP နှင့် Thermometer အသုံးပြုနည်းများကို သင်ကြားထားပါတယ်။ Inter Call နဲ့ မှတ်တမ်းပြုစုရပါတယ်။

အောက်ဆီဂျင်ပမာဏကျလာခြင်း၊ သွေးခုန်နှုန်းမြန်လာခြင်း၊ ခြေထောက်တွေ ထုံလာခြင်း၊ ရင်ဘတ်အောင့်လာခြင်း၊ ခြေသလုံးတွေ ရောင်လာခြင်း၊ နာနေခြင်းနဲ့ ချောင်းအဆက်မပြတ်ဆိုးခြင်းတွေဟာ အရေးကြီးသတိထားရမယ့် လက္ခဏာတွေဖြစ်လို့ ဆရာဝန်နဲ့ ချက်ချင်းပြရန်လိုအပ်ကြောင်း လူနာတွေကို ရှင်းပြထားပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ပြီး ဆေးရုံပြောင်းရွှေ့ကုသဖို့ စီစဉ်ရပါတယ်။ ပြောင်းရွှေ့ရမယ့်ဆေးရုံကို သိရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လူနာတင်ယာဉ်သုံးစီးဖြင့် ပို့ဆောင်ပေးပါတယ်။

၂၂-၇-၂၀၂၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်တွင် ရွှေဂုံတိုင် SML ဓာတ်ခွဲခန်းမှ COVID-19 ရှိ၊ မရှိ RDT Test ဖြင့် စစ်ဆေးပါတယ်။ ကျွန်တော်တို့ဌာနမှ လက်ထောက်ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)တစ်ဦးကို ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ စေလွှတ်လိုက်ပါတယ်။ ဌာနများမှ ဝန်ထမ်းနှင့် မိသားစုဝင်များ ကိုဗစ်ရောဂါပိုးရှိပါက မအူကုန်း COVID Center မှာ တက်ရောက်နိုင်ဖို့ဖြစ်ပါတယ်။ SML ဓာတ်ခွဲခန်းမှာ တစ်ဦးလျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီနှင့် နေ့လယ် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ စစ်ဆေးပေးပါတယ်။ ရောဂါပိုးတွေ့ရှိပါက မအူကုန်း COVID Center ကို သတင်းပို့ပြီး ဆေးရုံတင်ကုသပေးလိုက်ပါတယ်။

COVID Center တွင် လူနာများကို မနက်စာ၊ နေ့လယ်စာနဲ့ ညစာများကို ကျွေးပါတယ်။ အားရှိမည့် အပိုဆောင်းအစားအစာတွေကိုလည်း ကျွေးပါတယ်။ ချက်ပြုတ်တဲ့နေရာကို ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိစစ်ဆေးပါတယ်။ အစားအစာချက်ပြုတ်၊ ပြင်ဆင်သူများရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု ရှိ မရှိ ကြည့်ပါတယ်။ ချက်ပြုတ်သော ပန်းကန်၊ ခွက်ယောက်တွေ၊ အိုးတွေ သန့်ရှင်းမှု စစ်ဆေးပါတယ်။ အသုံးပြုတဲ့ ရေ၊ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှု ရှိ မရှိ ကြည့်ပါတယ်။ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သော ဓာတုဆိုးဆေးကင်းသော အစားအစာတွေကို ချက်ပြုတ်ရန် ပညာပေးရပါတယ်။

၂၁-၈-၂၀၂၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစီးသော အဖွဲ့များဖြင့် Covid Center များ Video Conference ပြုလုပ်ရာမှာ ကျွန်တော်နဲ့ တာဝန်ကျဆရာဝန်တို့ တက်ရောက်ခဲ့ပါတယ်။ ဆေးရုံတင်ကုသမှုပြုလုပ်ရန် အချက်များနှင့် လမ်းကြောင်းများ (Admission Criteria and Pathway)

အောက်ဆီဂျင်ဖြင့် ဆေးကုသမှု (Oxygen Therapy) ဆေးကုသမှုစနစ် (Treatment System) နဲ့ ဆေးရုံပြောင်းရွှေ့ကုသမှုစနစ်နှင့် လမ်းကြောင်းများ (Referal System and Pathway) အကြောင်း ဆွေးနွေးခဲ့ပါတယ်။ အဆင်ပြေကောင်းမွန်ကြောင်း မှတ်ချက်ပြုခံရပါတယ်။

COVID Center အတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းတွေကို ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှ ၂၀–၇–၂၀၂၁ ရက်နေ့မှ ၈–၉–၂၀၂၁ ရက်နေ့အထိ ကျွန်တော်တို့ လက်ထောက်ဌာနမှူးတို့ ထုတ်ယူခဲ့ပြီး စနစ်တကျထိန်းသိမ်းကာ ပြန်လည်ထုတ်ပေးခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှလည်း ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် ငွေများကို



ထောက်ပံ့ပေးခဲ့ပါတယ်။ အခြားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးပါတယ်။

ကိုဗစ်ရောဂါပိုးရှိပြီး အောက်ဆီဂျင်ပမာဏ အလွန်ကျသောသူများကို အောက်ဆီဂျင်အလုံအလောက်ပေးပါတယ်။ လိုအပ်တဲ့ ဆေးဝါးများကို ပေးပါတယ်။ ဆေးရုံပြောင်းဖို့လည်း ဆေးရုံခုတင်နေရာချထားမှု ကော်မတီကို အမြန်ဆုံးအရေးပေါ်တင်ပြပါတယ်။ အရေးပေါ်ဆေးများကို တာဝန်ကျဆရာဝန်က PPE ဝတ်စုံဝတ်ကာ ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းများပြုလုပ်ပေးပါတယ်။ ဆေးဝါးများနှင့် အောက်ဆီဂျင်များကို လုံလောက်စွာပေးသော်လည်း သေဆုံးသွားတဲ့ လူနာများရှိပါတယ်။ သေဆုံးတဲ့လူနာကို ပလတ်စတစ်အလောင်းထည့်အိတ်တွင် ထည့်ပေးရပါတယ်။ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အလောင်းသယ်ရန် ကားစီစဉ်ပေးပါတယ်။ တာဝန်ကျဆရာဝန်မှ သေဆုံးကြောင်းထောက်ခံချက်ကိုရေးပေးပြီး သက်ဆိုင်ရာသင်္ချိုင်းမှာ သဂြိုလ်ပေးပါတယ်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနကို သတင်းပေးပါတယ်။

မအူကုန်း COVID Center မှာ ၂၀–၇–၂၀၂၁ ရက်နေ့မှ ၃–၈–၂၀၂၁ ရက်နေ့အထိ မြို့နယ်ကျန်းမာရေးအရာရှိတစ်ဦး၊ ကျန်းမာရေးမှူး–၁ တစ်ဦးနှင့် ကျန်းမာရေးမှူး–၄ တစ်ဦး၊ ၃–၈–၂၀၂၁ ရက်နေ့မှ ၂–၉–၂၀၂၁ ရက်နေ့အထိ ဌာနခွဲမှူး(လက်ထောက်ညွှန်ကြားရေးမှူး)တစ်ဦး၊ ကျန်းမာရေးမှူး–၂ တစ်ဦး၊ ကျန်းမာရေးမှူး–၄ တစ်ဦးနှင့် WA ဝန်ထမ်းတစ်ဦး၊ ၂–၉–၂၀၂၁ ရက်နေ့မှ ၁၃–၉–၂၀၂၁ ရက်နေ့အထိ မြို့နယ်ကျန်းမာရေးအရာရှိတစ်ဦး၊ ကျန်းမာရေးမှူး–၂ တစ်ဦးနှင့် ကျန်းမာရေးမှူး–၄ တစ်ဦးတို့ကို တာဝန်ချပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။

မအူကုန်း COVID Center တွင် ၂၀–၇–၂၀၂၁ ရက်နေ့မှ ၁၃–၉–၂၀၂၁ ရက်နေ့အထိ ဆေးရုံတက်လူနာ ၁၆၄ ဦး၊ အခြားဆေးရုံပြောင်းရွှေ့လူနာ ၃၉ ဦး၊ ကွယ်လွန်လူနာ ၉ ဦးနှင့် COVID Center မှ ဆင်းခွင့်လူနာ ၁၁၆ ဦး ရှိခဲ့ပါတယ်။ လူနာတွေ ဆေးရုံတက်မှု၊ ဆေးရုံပြောင်းမှု၊ သေဆုံးမှုများကို တိုင်းကျန်းမာရေးဦးစီးဌာနနှင့် YCDC COVID Center Viber Group ကို နေ့စဉ်ပေးပို့ပါတယ်။

COVID-19 တတိယလှိုင်းတွင် ကျွန်တော်တို့ဌာနအနေဖြင့် MCC COVID Center မှာလည်း ဆရာဝန်များနှင့် ကျန်းမာရေးမှူးများကို တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများဖြစ်တဲ့ Mask များဝေခြင်း၊ ပညာပေးပိုစတာများချိတ်ခြင်း၊ လက်ကမ်းစာစောင်များဝေခြင်းတွေကို ပြုလုပ်ခဲ့ပါတယ်။ မြို့တော်ခန်းမနဲ့ ဗိုလ်တထောင်မြို့နယ်၊ ၄၆ လမ်း၊ ၁၂ထပ်ခွဲရုံးတွင်လည်း ဝန်ထမ်းနှင့် ဧည့်သည်များကို ကိုယ်အပူချိန်တိုင်းခြင်း၊ ပင်စင်စားဝန်ထမ်းများအား ကိုယ်အပူချိန် တိုင်းတာခြင်းနှင့် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်းများကိုလည်း ပြုလုပ်ပေးခဲ့ပါတယ်။


"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဖြစ်ပါတယ်။ ကျန်းမာရေးသည် လူတိုင်းအတွက် လွန်စွာအရေးကြီးပါတယ်။ ကျန်းမာမှ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနဲ့ ဘာသာရေးတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ကိုဗစ်–၁၉ တတိယလှိုင်းကြောင့် မသေသင့်ဘဲ သေဆုံးသွားတဲ့လူနာများစွာရှိပါတယ်။ အသက်မသေသော်လည်း ကိုဗစ်၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရသောသူများလည်း ရှိပါတယ်။ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်" ဆိုတဲ့ စကားအတိုင်း ကိုဗစ်–၁၉ရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)**

စီမံကိန်းတိုင်းတွင် မျှော်မှန်းချက်ရှိရန်လိုသည်။ မျှော်မှန်းချက်ကိုရောက်ရှိဖို့ ရည်ရွယ်ချက်နှင့် ပန်းတိုင်ချမှတ်ထားပြီး ဘယ်လိုနည်းလမ်းများနှင့် အရောက်သွားမလဲ အနာဂတ်အတွက် ကြိုတင်စဉ်းစားကြရသည်။


ကျွန်မသည် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှု စီမံခန့်ခွဲရေး စီမံကိန်းတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး၊ စီမံကိန်းစတင်ဆောင်ရွက်သည့်အချိန်မှစ၍ Joint Cooperation Committee (JCC) Meeting, Technical Working Group (TWG) Meeting နှင့် အပတ်စဉ်ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်ဖြစ်ရာ စီမံကိန်းနှင့်ပတ်သက်၍ အခြေခံအချက်အလက်များ၊ လက်ရှိအခြေအနေများပေါ်မူတည်၍ အနာဂတ်အတွက် အစီအမံများကို ဤစီမံကိန်းနှင့် ပါဝင်ပတ်သက်နေသူများသာမက ပြည်သူအများသိရှိစေလိုသည့်စေတနာဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြပါသည်။

**ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုဖြစ်စေရေးအတွက် ဇုန်သတ်မှတ်ချက်သည် မရှိမဖြစ်လိုအပ်သော အသေးစိတ်အစီအစဉ်တစ်ခုဖြစ်သည်။** ဇုန်သတ်မှတ်ချက်တွင် မြေအသုံးပြုမှု စည်းမျဉ်းစည်းကမ်းအတွက်သာမက မတူကွဲပြားသောအိမ်ရာအဆောက်အအုံ




# ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးစီမံကိန်းနှင့် အနာဂတ်မျှော်မှန်းချက်

ဒေါ်ခင်တင်ကြည်(မြို့ပြစီမံကိန်းဌာန)



များ၊ အထင်ကရသမိုင်းမှတ်တိုင်များ၏တန်ဖိုးကို ကာကွယ်စောင့်ရှောက်ပေးသည်။ ပြည်သူအများ၏ လူနေမှုဘဝ အေးချမ်းသာယာစေပြီး ဘေးကင်းလုံခြုံစိတ်ချရမှုကိုလည်း အထောက်အကူများစွာပြုသည်။

၎င်းစီမံကိန်းသည် ဇုန်သတ်မှတ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဖွံ့ဖြိုးမှုစီမံကိန်း ခွင့်ပြုမိန့်စနစ် ဖြစ်ပေါ်လာရေး ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၏ အရည်အသွေး၊ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။ စီမံကိန်းရလဒ်အနေဖြင့် ရန်ကုန်ဇုန်စည်းမျဉ်းစည်းကမ်း၊ ဇုန်မြေပုံ

များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းခွင့်ပြုမိန့်စနစ် တိုးတက်ဖြစ်ပေါ်လာစေရေးပင်ဖြစ်ပါသည်။ စီမံကိန်းကို Japan International Cooperation Agency (JICA) နှင့် ပူးပေါင်း၍ ၂၀၁၈ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄င်းစီမံကိန်း ဆောင်ရွက်ရာမှာ Yangon Mapping Project(YMP) မှ မြေပုံဆိုင်ရာအချက်အလက်များကို အခြေခံသုံးစွဲ ဆောင်ရွက်ခဲ့ပါသည်။ YMP ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ဩဂုတ်လထိ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ဆောင်ရွက်ပါသည်။ စီမံကိန်းဧရိယာအနေဖြင့် ရန်ကုန်မြို့ပတ်လမ်း၏ အတွင်းဖက် ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အား ခြုံငုံ၍ ၁း၅၀၀၀ စကေးဖြင့် Digital Topographic Map ရေးဆွဲရန်၊ ရန်ကုန်တိုင်းဒေသကြီး အနောက်တောင်ဒေသအား ၁း၁၀၀၀၀ စကေးဖြင့် Digital Topographic Map ရေးဆွဲရန်၊ စဉ်ဆက်မပြတ်တိုင်းတာလျက်ရှိသော မြေတိုင်းရည်ညွှန်းစခန်းများ (CORS) ၅ခု နှင့် Data Center တည်ဆောက်ရန်တို့အား ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့၏ ပထမဦးဆုံး Informative Digitial Map တစ်ခုဖြစ်ပါသည်။

## မြေပြင်ရှိ အဆောက်အဦးဆိုင်ရာ အချက်အလက်များကောက်ခံခြင်းလုပ်ငန်း

YMP မှရရှိသော မြေပုံများကို အခြေခံ၍ မြို့ပြစီမံကိန်းမှဝန်ထမ်းများ၊ JICA Team မှ ဝန်ထမ်းများပူးပေါင်း၍ အုပ်စု (၁၇)စုခွဲကာ၊ Mobile Phone အလုံး (၃၄)၊ Camera အလုံး(၃၄) GIS Software ဖြင့် မြေပြင်ကွင်းဆင်းကြသည်။ ရုံးပေါ်မှ GIS အဖွဲ့များက နေ့စဉ်လုပ်ငန်းတိုးတက်မှုကိုစောင့်ကြည့်ဆောင်ရွက်ကြသည်။


ရန်ကုန်(၃၃)မြို့နယ်၊ ဧရိယာ ၇၉၀ စတုရန်းကီလိုမီတာအတွင်းရှိ အဆောက်အဦပေါင်း တစ်သန်းခန့်ကျော်၏ အသုံးပြုမှု၊ အထပ်၊ တည်ဆောက်ပုံ၊ ကားရပ်နားရန်ပါရှိမှု၊ လမ်းမကြီးနှင့်ထိစပ်မှု၊ ရှေးဟောင်းအဆောက်အဦ စသဖြင့် အချက်အလက်များ မြေပြင်ကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို (၈)လကြာဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ လက်ရှိအဆောက်အဦဆိုင်ရာ အချက်အလက်များကိုရရှိပြီး၊ ဇုန်သတ်မှတ်ရေး စည်းမျဉ်းစည်းကမ်းများအတွက် လေ့လာဆန်းစစ်မှုများပြုလုပ်ခြင်းကို များစွာ အထောက်အကူပြုပါသည်။

## လက်ရှိအခြေခံအချက်အလက်များအပေါ် ၂၀၄၀ အတွက်မျှော်မှန်းသတ်မှတ်ချက်

ရန်ကုန်မြို့၏ လူဦးရေ၊ လူဦးရေသိပ်သည်းမှု၊ လူဦးရေတိုးတက်မှုရာခိုင်နှုန်း၊ လူမှုစီးပွားအခြေအနေ၊ အခြေခံအဆောက်အအုံများ၊ အိမ်ရာဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးအဆောက်အဦများ၊ ယဉ်ကျေးမှုအဆောက်အဦများ၊ ပြည်သူများ အပန်းဖြေရာစိမ်းလန်းမြေများ၊ ပြည်သူတို့၏ နေအိမ်မှ အလုပ်အကိုင်ဌာနသို့ သွားလာမှု၊ စီးပွားရေးအဆောက်အဦများနှင့် လူတို့၏ အလုပ်အကိုင်အခွင့်အလမ်း၊ စက်ရုံအလုပ်ရုံများ တည်ရှိမှု အခြေအနေများ၊ လမ်းနှင့် အဆောက်အဦများ၏ အမျိုးအစား၊ ကားရပ်နားနိုင်မှုအခြေအနေ၊ မြေယာစီမံသုံးစွဲမှု၊ မြေအသုံးပြုမှုများ၊ မြေနေရာလွတ်များ၊ ရေဝပ်လျက်ရှိသော နေရာများ၊ ပင်လယ်ရေမျက်နှာပြင်အမြင့် တိုင်းတာဖော်ပြချက်များ အစရှိသောအချက်အလက်များအားလုံးကို အခြေခံပြီး စီမံကိန်းကို ဆောင်ရွက်ပါသည်။ အဆိုပါ အခြေခံအချက်အလက်များမှ ၂၀၄၀ တွင် ဖြစ်ပေါ်လာမည့် လူဦးရေနှင့် လူဦးရေအပေါ်မူတည်ပြီး လိုအပ်လာမည့် လူမှုစီးပွားဆိုင်ရာအခြေခံအဆောက်အအုံများ၊ စီးပွားရေးအဆောက်အဦ လိုအပ်ချက်များ၊ စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နိုင်မည့် စက်မှုဇုန်ဧရိယာများ၊

**Mobile Terminal Method for Field Survey**



▲ Two surveyors sitting in a car (backseat)

▲ Two cameras setting in a car (front)

▲ Mobile monitor (zoom off)

▲ Mobile monitor (zoom up)

▲ Survey on Walk: Conducting survey on walk for the area that cannot be entered by car

လူနေထိုင်ရန်အတွက် လိုအပ်ချက်များ၊ လူများသွားလာလှုပ်ရှားရန်နှင့် အပန်းဖြေရန်နေရာများ၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်နေရာများ၊ ဖွံ့ဖြိုးမှုအလားအလာရှိနေသော မြေနေရာများ စသည်တို့ကို သတ်မှတ်ဆောင်ရွက်ကာ ပြည်သူများသာမက အကျိုးစီးပွားဆောင်ရွက်ကြမည့် ရင်းနှီးမြှုပ်နှံလိုသူများသိရှိနိုင်အောင် ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက်များကို အနာဂတ်အတွက် မျှော်မှန်းဖော်ထုတ် ဆောင်ရွက်ကြပါသည်။





▲ GIS expert explained how to check the inputted data from the field survey





▲ GIS team check inputted data from the field survey in ArcGIS Dashboard

**မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC)၊ မြို့ပြနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဥပဒေ (URDPL) များနှင့်အညီ ဆောက်ရွက်ချက်များ**

YUDM စီမံကိန်း ဆောင်ရွက်ကြရာတွင် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာ ၂၀၄၀ ကို အခြေခံမူဘောင်အဖြစ် ထားရှိပါသည်။ ၎င်းအပြင် မြို့ပြနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းဥပဒေမူကြမ်းပါ နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့တော်စည်ပင်သာယာအဆင့် ဖွံ့ဖြိုးမှုသတ်မှတ်ချက်များ၊ ဖွံ့ဖြိုးမှုခွင့်ပြုမိန့်စနစ်၊ တာဝန်နှင့် လုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ MNBC 2020 တွင်ဖော်ပြထားသည့် သက်ဆိုင်ရာ ဇုန်အမျိုးအစား သဘောသဘာဝများနှင့်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ(၂၀၁၈) နှင့်လည်းကောင်း လိုက်လျောညီထွေမှုရှိအောင် အခြေခံထားရှိဆောင်ရွက်ပါသည်။


နိုင်ငံတကာမြို့ကြီးများအနေဖြင့်လည်း မိမိတို့မြို့၏ဖွံ့ဖြိုးတိုးတက်မှုကို စနစ်ကျ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုမျိုး ဖြစ်ပေါ်လာစေရန်အတွက် ဇုန်သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ကာ လမ်းညွှန်ထိန်းကျောင်း ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ **အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် အဆောက်အအုံအသုံးပြုပုံနှင့် အမြင့်ပေ ကန့်သတ်ချက်သာပါဝင်သော စာမျက်နှာ (၁၄)မျက်နှာရှိ ဇုန်သတ်မှတ်ချက်ကို ၁၉၁၆ ခုနှစ်တွင် ပထမအဆင့်စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၆၁ ခုနှစ်တွင်မှ ကြမ်းခင်းဧရိယာအချိုး(FAR)နှင့် အခြားသတ်မှတ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။** အလားတူ ဂျပန်နိုင်ငံ၏ ပထမဦးဆုံး ဇုန်စနစ်ကို ၁၉၁၉ ခုနှစ်တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံရဲ့ မြို့ပြစီမံကိန်းခံယူချက်ပုံစံကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း စတင်ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

**Zone Layer ထားရှိပုံ**

ဇုန်အလွှာအလိုက် Urbanization Area(UA), Guided Urbanization Area(GUA) နှင့် Conservation Area (CA) အလွှာ၊ Cultural & Heritage အလွှာ၊ ဇုန်သတ်မှတ်ချက်အလွှာတွင် လူနေ(၄)မျိုး၊ စီးပွား(၂)မျိုး၊ စက်မှု(၂)မျိုးဖြင့် စုစုပေါင်း ဇုန်(၈)ခုပါဝင်သည့်အလွှာ၊ Public facility layer တွင် လက်လီလက်ကားဈေး၊ မီးသဂြိုလ်စက်၊ သချိုင်း၊ သားသတ်ရုံ၊ အမျိုးသားအားကစားရုံ၊ အကျဉ်း

**နိုင်ငံတကာမြို့ကြီးများအနေဖြင့်လည်း မိမိတို့မြို့၏ဖွံ့ဖြိုးတိုးတက်မှုကို စနစ်ကျ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုမျိုး ဖြစ်ပေါ်လာစေရန်အတွက် ဇုန်သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ကာ လမ်းညွှန်ထိန်းကျောင်း ဆောင်ရွက်ထားရှိသည်ကို....**

Combined with multiple layers, Urban Planning works




ဆောင်၊ ပန်းခြံနှင့် ကစားကွင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အများနှင့်သက်ဆိုင်သည့် ဧရိယာများများပါဝင်ပြီး၊ Technical infrastructure layer တွင် အဓိကလမ်းအဆင့် (၁) နှင့် အဆင့် (၂)၊ မီးရထားလမ်း၊ လေဆိပ်၊ ရေဆိုးစွန့်ပစ်စနစ်၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေပေးဝေခြင်း၊ အမှိုက်စွန့်ပစ်သည့်နေရာ (Garbage Disposal Site)၊ လျှပ်စစ်၊ ဆိပ်ကမ်းနှင့် အခြား စသည်တို့ ပါဝင်ပါသည်။ District Plan နှင့် Big project proposal များကိုလည်း သီးခြားအလွှာ ဖော်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Layer အားလုံးစုပေါင်းကာ Overview ဖြင့် Yangon Zoning Plan ကို တွေ့ရမည်ဖြစ်ပါသည်။

### အနာဂတ်အတွက် ဇုန်သတ်မှတ်ချက်နည်းစနစ်များ

အနာဂတ်ဇုန်သတ်မှတ်ချက်သည် လက်ရှိဖြစ်တည်နေသော မြို့ပြဖွံ့ဖြိုးမှု အခြေအနေနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ လက်ရှိမြို့ပြပုံစံ၊ အဆောက်အဦတည်ဆောက်ထားရှိမှု၊ အများပြည်သူ ဧရိယာ၊ စိမ်းလန်းမြေနှင့်ရေပြင်၊ အခြေခံအဆောက်အဦများစသဖြင့် မြေပြင်ကောက်ခံရရှိထားသည့် အချက်အလက်များပေါ် အခြေခံတွက်ချက်ကာ အနာဂတ်အတွက် သတ်မှတ်ချက်များကို အဆိုပြုဆောင်ရွက်ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၄ သန်းခေါင်စာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး (General Administration Department)၏ လူဦးရေအချက်အလက်များကိုအခြေခံ၍ ၂၀၄၀ အတွက် မျှော်မှန်းလူဦးရေကို တွက်ချက်ခြင်း၊ ၂၀၄၀ တွင် လိုအပ်မည့် လူနေ၊ စီးပွား၊ ကျောင်းတက်သူ၊ စက်ရုံအလုပ်သမားများအတွက် လိုအပ်မည့် ကြမ်းခင်းဧရိယာတွက်ချက်ခြင်း၊ မြို့ပြဖြစ်ထွန်းနေသည့် ဧရိယာနှင့် ကြမ်းခင်းဧရိယာတို့၏ အချိုး (FA R) လိုအပ်ချက်ကို တွက်ချက်ဆောင်ရွက်ပါသည်။

တွက်ချက်မှုများအပေါ် အခြေခံကာ FA R စံသတ်မှတ်ချက်ကို အဆိုပြုပါသည်။ အလားတူ BCR, Height နှင့် Set back ထားရှိရမည့် စည်းကမ်းများ အဆိုပြုသတ်မှတ်ပါသည်။

ဇုန်များအနေဖြင့် လူနေဇုန်(၄)ခု၊ စီးပွားရေးဇုန်(၂)ခု၊ စက်မှုဇုန်(၂)ခု စုစုပေါင်း ဇုန်(၈)ခုခွဲခြားသတ်မှတ်ပါသည်။

ပြည်သူတို့၏ လူနေမှုဘဝ လိုအပ်ချက်အမျိုးမျိုးကို အလွယ်တကူချဉ်းကပ်ရရှိနိုင်စေရန်အလို့ငှာ ရောနှောထားသော မြေအသုံးပြုမှုဇုန်မျိုး (Mixuse Zone/ Neighborhood commercial Zone) ကိုလည်း စဉ်းစားဆောင်ရွက်ရပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အတွက် အရေးပါသည့် အဓိကလမ်းမကြီးများထားရှိမှုစနစ်၊ စိမ်းလန်းမြေနှင့် ရေပြင်များ ထိန်းသိမ်းစောင့်ရှောက်မှု၊ ပန်းခြံ၊ အားကစားကွင်းများ ရေရှည်တည်တံ့ကာ ပြည်သူများ အပန်းဖြေအနားယူနိုင်စေရေးကိုပါ လုပ်ငန်းစဉ်အတွင်း ထည့်သွင်းဆောင်ရွက်


## Image for Zoning Categories




R1 - Exclusive Low Density Residential
R2 - Low Density Residential
R3 - Mid Density Residential
R4 - High Density Residential

C1 - Neighborhood Commercial
C2 - Commercial




I1 - General Industrial
I2 - Exclusive Industrial

ပါသည်။

ဇုန်သတ်မှတ်ချက်မှာ လမ်းဘေးတလျှောက် သတ်မှတ်ဇုန်နှင့် ဧရိယာအလိုက် သတ်မှတ်ဇုန်ဟူ (၂)မျိုးရှိရာ၊ လမ်းဘေးတလျှောက် သတ်မှတ်ဇုန်ဆောင်ရွက်ရာတွင် လမ်းအမျိုးအစား သိရှိသတ်မှတ်ရန် လိုအပ်သည့်အလျှောက် လမ်းအကျယ်နှင့်တည်ရှိနေမှုတို့ပေါ်မူတည်၍ Highway, Primary Arterial, Secondary Arterial နှင့် Other ဟူ၍ လမ်းအမျိုးအစား(၄)မျိုး အဆိုပြုသတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

ဇုန်(၈)ခုအတွက် အနည်းဆုံးရှိရမည့် သတ်မှတ်ဧရိယာများကို ဖော်ပြထားပြီး ဇုန်နယ်နိမိတ်လိုင်းရေးဆွဲရာတွင် Geographic Feature ကိုသာ (အထူးသဖြင့်) သုံးစွဲ၍ Regular shape ရရှိအောင် ရေးဆွဲဆောင်ရွက်ပါသည်။

အဆိုပြု FAR, BCR, Height နှင့် အသုံးပြုမှုများ သတ်မှတ်ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိရေး အထူးဂရုပြုကာ မကိုက်ညီနိုင်သော အဆောက်အဦအရေအတွက်ကို ၅% အောက် ရောက်ရှိအောင် စဉ်းစားဆောင်ရွက်ခဲ့ပါသည်။ ဤသို့သတ်မှတ်ချက်နှင့် မကိုက်ညီသော အဆောက်အဦများသည် ဇုန်အတွင်း ဆက်လက်တည်ရှိနေနိုင်သော်လည်း၊ အသစ်ပြန်လည်တည်ဆောက်ချိန်တွင် လက်ရှိစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိအောင် ပြောင်းလဲဆောင်ရွက်ရမည် ဖြစ်ပါသည်။

**တွေ့ကြုံလာရသော စိန်ခေါ်မှုများ**

မြို့များသည် အမြဲတမ်းပြောင်းလဲဖြစ်ပေါ်တိုးတက်နေသလို လူတို့၏ လိုအပ်ချက်သည်လည်း ခေတ်နှင့်အညီ ပြောင်းလဲလျက်ရှိပါသည်။ ပြည်သူအားလုံး၏ လိုအပ်ချက်ကို တစ်ပြေးညီဖြည့်ဆည်းပေးရန်သာတူညီမျှတန်းတူအချိုးကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဒေနစ်ကျသည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရပါမည်။


ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာနှင့် အကျိုးသက်ဆိုင်သူများကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည့် အလုပ်ရုံဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးမှုများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများမှရရှိသော အကြံပြုချက်တို့အပေါ်အခြေခံကာ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုစီမံကိန်း အောင်မြင်စွာပြီးမြောက်စေရန်မှာ အဓိကအားဖြင့် အခြေခံအချက်အလက်များမှန်ကန်မှု၊ ဖွံ့ဖြိုးမှုစီမံကိန်းအသစ်ဖြစ်ပေါ်လာမှုများအား အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ မှန်ကန်စွာရရှိနိုင်မှု၊ အဆောက်အအုံအချက်အလက်များသာမက မြေစီမံခန့်ခွဲမှုအချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားနိုင်မှု၊ သက်ဆိုင်သူများအားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းများစိတ်ပါဝင်စား တက်ကြွစွာ ပါဝင်လာမှု၊ နည်းပညာအထောက်အကူရရှိမှုနှင့် နည်းပညာကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မှုတို့သည် အစဉ်အမြဲလိုအပ်လျက်ရှိပြီး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**စီမံကိန်းဆောင်ရွက်ထားရှိမှုအခြေအနေ**

ရန်ကုန်(၃၃)မြို့နယ်အတွက် ဇုန်သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများ၊ ဇုန်မြေပုံများ၊ ဖွံ့ဖြိုးမှုစီမံကိန်းခွင့်ပြုမှုစနစ်အတွက်လိုအပ်သည့် သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများကို ယနေ့ထိ ၈၀% ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ မြို့နယ်များအားလုံးအတွက် ရှင်းလင်းတင်ပြချက်များကို (၅)ကြိမ်တိုင် ဆောင်ရွက်ခဲ့ကြပြီး၊ ပြန်လည်ပြင်ဆင်ကာ ထပ်မံတင်ပြခြင်း စသဖြင့် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြရပါသည်။

ဌာနတွင်းရှင်းလင်းတင်ပြခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ရှင်းလင်းတင်ပြခြင်း၊ ကျွမ်းကျင်ပညာရှင်ဆရာကြီးများထံမှ အကြံဉာဏ်များရယူဆောင်ရွက်ခြင်း၊ မိမိအဖွဲ့အစည်းတွင်သာမက ပြင်ပဝန်ကြီးဌာနအဖွဲ့အစည်းများသို့လည်း မျှဝေကာ အကြံပြုချက်များ





ရယူခြင်း စသည်တို့အပြင် ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာချပြကာ ပြည်သူ့လို လားချက်များကို အလေးထား ဆွေးနွေးခြင်း များကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**ရရှိလာမည့်အကျိုးကျေးဇူး**

ဤစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိ လာမည် ဖြစ်ပါသည်–

- ❖ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ရှင်းလင်း တိကျသော ဓုန်သတ်မှတ်ချက်များကို ဖော်ထုတ်နိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု များ ပိုမိုရရှိလာစေနိုင်ခြင်း၊
- ❖ သက်ဆိုင်ရာဌာန တာဝန်ရှိသူများ အနေနှင့် ဇုန်သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ခွင့်ပြုမိန့်များကို လွယ်လင့်တ ကူ မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ခြင်း၊
- ❖ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ သတ်မှတ်စည်းမျဉ်း စည်းကမ်းများကို နားလည်သဘော ပေါက်ပြီး အေးချမ်းလုံခြုံစိတ်ချစွာ နေ ထိုင်နိုင်ခြင်း၊
- ❖ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည် တံ့သော၊ ညီညွတ်မျှတသော ဖွံ့ဖြိုးမှု ဖြစ်စေရေးအထောက်အကူပြုခြင်း၊
- ❖ စိမ်းလန်းမြေဧရိယာများ၊ အထင်ကရ သမိုင်းဝင်မှတ်တိုင်များနှင့်အဆောက် အအုံများကို ထိန်းသိမ်းကာကွယ်စောင့် ရှောက်ရာတွင်အထောက်အကူပြုခြင်း၊

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ လျှင်မြန်သော အရှိန်အဟုန်ဖြင့် မြို့ပြအသွင် ကူးပြောင်းမှုဖြစ်စဉ်ကြောင့် စီမံခန့်ခွဲရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းပြည့်စုံ လုံ လောက်မှု အသင့်ရှိမနေခြင်း၊ စီမံခန့်ခွဲမှု စွမ်းရည် ကန့်သတ်ချက်ရှိခြင်း၊ စွမ်းရည်ရှိ ဝန်ထမ်းအရေအတွက် အကန့်အသတ်ရှိ ခြင်း စသည့်အခက်အခဲများကြားမှ ယနေ့ တင်ပြသော YUDM Project ကို ယခုလို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေသည့် လေးစားအားထားရပါသော ဆရာကြီးများ၊ ဆရာမကြီးများ၊ JICA မှ ကျွမ်းကျင်ပညာ ရှင်များ၊ ၎င်းတို့နှင့်အတူ ပါဝင်ကူညီကြ ပါသော JICA ဝန်ထမ်းနှစ်ဦးတို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။ အထူးအားဖြင့် စီမံ ကိန်းတွင် ပါဝင်ကြသော Urban Planning Department မှ ဝန်ထမ်းလုပ်ဖော်ကိုင် ဖက် ညီအစ်ကိုမောင်နှမများကို လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ဤဆောင်း ပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။



YUDM Project သည် ရန်ကုန် မြို့ပြ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး၊ ၎င်းမှ ရှေ့အနာဂတ်လိုရာပန်းတိုင် မျှော်မှန်း ချက်များကို မလွဲမသွေရရှိပါစေကြောင်း စေတနာအရင်းခံ၍ တင်ပြအပ်ပါသည်။ (အမှားအယွင်းတစ်စုံတစ်ရာပါဝင်ပါက စာ ရေးသူ၏ လိုအပ်ချက်သာဖြစ်ပါသည်။)

**ဒေါ်တင်တင်ကြည်**

**(မြို့ပြစီမံကိန်းဌာန)**

ရုံးရှေ့ကဗာဒံပင်ကြီး ရွက်ရင့်တို့ တဖြုတ်ဖြုတ်ကြွေကျလာဖြန်ပြီ။

ပင်ယံထက်ကို မော့ကြည့်မိတော့ ရွက်ရင့်တို့ ကြွေနေဆဲမှာပင် ရွက်နုတို့ဝေနေသဖြင့် စိမ်းတစ်ချို့၊ ဝါတစ်လီ၊ နီကျင့်ကျင့်တို့ဖြင့် အပင်ကြီးက ရွက်ရောင်စုံတို့ရောယှက်နေလေသသည်။ ဗာဒံပင်ကြီး၏သက်တမ်းကလည်း နှစ်ပေါင်းဘယ်လောက်ရှိပြီမသိ၊ ပင်လုံးက လူကြီးလက်နှစ်ဘက်စာမျှရှိပြီး ကိုင်းဖျားကိုင်းနားတို့သည်ပင် အမွေးတွေတက်ကာ အရစ်အရစ်ထနေသည်။

"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား" ဆိုသည့်ပမာ သည့်အပင်ကြီးမှာ ကျီးကန်းတွေ အုပ်စုဖွဲ့နေကြသည်။ ခိုတွေနားကြသည်၊ ဆက်ရက်တွေ၊ စာကလေးတွေ၊ ရှဉ့်လေးတွေ ပျော်ပိုက်ရာလည်းဖြစ်သည်။ ညဆိုရင် လင်းနို့တွေ၊ ဇီးကွက်တွေ အစာရှာရာ တစ်ထောင့်နားစခန်းဖြစ်သည်။ နွေဦးပေါက်ရာသီဆိုရင်တော့ ဥသြငှက်တွေ ရောက်ရောက်လာတတ်ကြသည်။ ပြီးလျှင် အရုဏ်တက်ချိန်မှာ တွန်သံပေး၍ ကျွန်တော်တို့ကို အိပ်ရာမှ နှိုးတတ်ကြသည်။

ဟိုး ခပ်ငယ်ငယ် တောမှာနေစဉ်က မြန်မာ့အသံ ဓာတ်လမ်းတစ်ပုဒ်နားဆင်ဖူး၏။ ရန်ကုန်ဆေးရုံကြီးမှအထွက် ဥသြသံတွန်သံကြားရုံဖြင့် ဓာတ်သိမ်းထားသည်။ ဓာတ်လမ်း နားထောင်ပြီးတော့ "ရန်ကုန်မြို့ကြီးမှာ ဥသြငှက်ရှိလို့လား" ဟု မယုံမကြည်ဖြစ်မိ၏။ ရန်ကုန်မြို့မှာတာဝန်ကျပြီး အနေကြာလာတော့မှ ရန်ကုန်ဆိုတာ သစ်ကြီးဝါးကြီးတွေနှင့်အုံ့ဆိုင်းနေသည့် ရေကန်ကြီးတွေ၊ ပန်းခြံတွေ၊ ဥယျာဉ်တွေဖြင့် စိမ်းလန်းစိုပြည်သော နေချင်

# လမ်းမများထက်က

# သန့်ရှင်းသော လိပ်ပြာရောင်အတွေးများ

နီသင်အောင်ကျော်မိုး



စဖွယ်မြို့တော်ကြီးပါလားဟု နားလည်လာသည်။ တောမှာပင် သိပ်မကြားရတော့သည့် ဥဩငှက်တွန်သံတွေ ဘုတ်ငှက်အီးသံတွေ ပင် ကြားရတာတ်သည်။ ရွှေတိဂုံစေတီတော်အနီးရှိ သိဂိုက္ကရဥယျာဉ်၊ ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ အလံပြဘုရားစသည့် ဝန်းကျင် နေရာများက သစ်ကြီးဝါးကြီးတွေပေါများခြင်းကြောင့် ဖြစ်မည်ထင် ပါသည်။

ကျွန်တော်တို့ အခုရုံးဟောင်းလေးကို ပြန်လည်မွမ်းမံချိန် က ခြံစပ်မှာ ပိန္နဲပင်ကြီးတွေရှိ၏။ သို့သော် ခြံဝန်းတစ်ခုလုံးကို သမံတလင်းအပြည့်ခင်းလိုက်ပြီးနောက် ပိန္နဲပင်ကြီးတွေ တစ်ပင်ပြီး တစ်ပင် သေကုန်ကြသည်။ ဘာဖြစ်မှန်းမသိ။ စည်ပင်ပန်းဥယျာဉ် ဌာနက သစ်ပင်ခြောက်ကြီးတွေ လာခုတ်လဲရှင်းလင်းပေးမှ သမံ တလင်း အပြည့်ခင်းလိုက်သဖြင့် အသက်ရှူပေါက်ပိတ်ပြီး သေ သွားကြတာဟု သိခွင့်ရလိုက်သည်။ ရန်ကုန်မြို့က နှစ်ရှိ အပင်ကြီး တွေ ထိုနည်းဖြင့် သေကုန်ကြတာ မနည်းဘူးဟုလည်း ပြောပြသွား သည်။ သင်ခန်းစာတစ်ခုရလိုက်ချိန်မှာ အပင်ကြီးတွေက သေကုန် ပြီ။ နမြောဖို့ ကောင်းလေစွ။

ခုတော့ အပင်ကြီးကြီးဆို၍ ခြံအဝင်ဝက ဗာဒံပင်ကြီး တစ်ပင်သာ ရှိတော့သည်။ ထိုသစ်ပင်သည်ပင် ပြီးခဲ့သည့်နှစ် နွေ တုန်းက အရွက်တွေကြွေပြီးနောက် တော်တော်နှင့် ရွက်နုတွေ မထွက်လာသဖြင့် စိုးရိမ်ခဲ့ရသေးသည်။ ရေလောင်းပေးပြီး အသက် ရှူပေါက်ကလေးတွေဖွင့်ပေးလိုက်မှ ရွက်နုတွေပြန်ဝေလာသည်။ ဗာဒံပင်ကြီး၏ ထူးခြားချက်က ခပ်လှမ်းလှမ်း ဘယ်ကကြည့်ကြည့် အသည်း ပုံစံမြင်ရခြင်းပင်။ အရိပ်ကလည်းကောင်းသဖြင့် ပူပြင်း သည့်ရာသီတွေမှာ အပင်ကြီးအောက်တွင် ကားတွေလာရပ်နားကြ သဖြင့် အရိပ်ခိုလိုသူတွေအတွက် နားခိုရာလည်းဖြစ်သည်။ သို့သော် တစ်ပင်လုံး ရွက်သစ်တို့လဲချိန်မျိုးမှာတော့ သစ်ရွက်အမှိုက်တွေက မြင်မကောင်းလှည်းကျင်း၍မကုန်နိုင်အောင်ဖြစ်ရသည်။ ခြောက် သွေ့ရာသီမျိုးဆိုလျှင် ကားတစ်စီးစီးက အရှိန်ဖြင့်ဖြတ်မောင်းသွား သည့်အခါ ဗာဒံရွက်တို့ လေပေါ်လွင့်တက် လွင့်မြောပါသွားတတ် ကြသည်။ စိုစွတ်သောမိုးရာသီအခါမျိုးမှာတော့ ဗာဒံရွက်တို့ မိုးရေနှင့်ကပ်ပြီး ကတ္တရာလမ်းတွင် ပြားပြားဝပ်ဝပ်ငြိတွယ်ကပ်နေ ကြသည်။ ရာသီအလိုက် ထိုမြင်ကွင်းတွေက အတွေးသမားတို့အဖို့ လှပသည့်ကဗျာတစ်ပုဒ်ဖြစ်လာနိုင်သေမယ့် သန့်ရှင်းရေးသမားတွေ အတွက်တော့ စိတ်ရှုပ်ထွေးစရာ မြင်ကွင်းတစ်ခု ဖြစ်နေပေလိမ့်မည်။

အခုလည်း ရွက်ရင့်တို့ လေမှာဝဲကာ ဝဲကာဖြင့် တလွင့်လွင့် ကြွေ၊ တဖြုတ်ဖြုတ် ကြွေနေကြပြန်ပြီ။ လမ်းသွယ်လေးထက်မှာ လည်း ကြွေရွက်တို့ပြန့်ကျဲနေသည်။ လေသင့်တိုင်း လွင့်နေ၏။

"အရွက်တွေကလည်း ကြွေပဲကြွေနိုင်လွန်းတယ်။ လှည်းလို့ ကို မနိုင်ဘူး"

အန်တီသန်းက တံမြက်စည်းလှည်းရင်းမှ ပြောသည်။ သူပြောလည်း ပြောချင်စရာ၊ မနက်ကမှ စည်ပင်အဖွဲ့တွေ လာ ရောက်လှည်းကျင်းသွားကြသည်။ အခု ကားလမ်းတစ်လျှောက် ဗာဒံရွက်တို့ဖရုပြန့်ကျဲနေပြန်ပြီလေ။ အန်တီသန်း၏ တံမြက်စည်း လှည်းသံက တရှမ်းရှမ်း၊ တဖြောဖြောနှင့် အသံဆန်းသစ်မှုတစ်မျိုး ဖြစ်နေ၏။ ကြည့်လိုက်တော့ အန်တီသန်းလှည်းနေသည့် တံမြက် စည်းက အုန်းတံမြက်စည်းမဟုတ်၊ တောင်ထန်းရွက်ခြောက်ကို တံမြက်စည်းလုပ်ထားသော ထန်းရွက်တံမြက်စည်းဖြစ်နေသည်။

"မောင်ရန်နိုင်က စည်ပင်သန့်ရှင်းရေးသမားတွေဆီကနေ အတုယူပြီး လုပ်ပေးထားတာလေ။ အမှိုက်လည်းပါ လှည်းလို့ လည်းကောင်းတယ်။ အုန်းတံမြက်စည်းလို ခဏလေးနဲ့မကုန်ဘူး၊ အကြမ်းခံတယ်။ ရုံးကို ခဏခဏ တံမြက်စည်းဝယ်နိုင်းရတာ သက် သာသွားတာပေါ့"


စည်ပင်သန့်ရှင်းရေးဝန်ထမ်းတွေ
ထန်းရွက်တံမြက်စည်းဖြင့် လှည်းနေတာကို
သွားရင်းလာရင်းမြင်ဖူးတာတော့ ကြာပါပြီ။
အချို့က ထန်းရွက်နှစ်ရွက်ထပ် တံမြက်စည်း၊
အချို့က တစ်ရွက်ထပ် တံမြက်စည်းတွေဖြင့်
လမ်းမထက်မှအမှိုက်တွေအား
တရှမ်းရှမ်း ပြည်အောင်လှည်းကြသည်။ အချို့ကလည်း...


ထန်းရွက်တံမြက်စည်းကိုယူကြည့်မိတော့ တော်တော် သဘောကျသွားသည်။ တောင်ထန်းရွက်ခြောက်နှစ်လက်ကို အုန်း တံမြက်စည်းအဟောင်း၏ ထိပ်ရိုးဝါးမှာကပ်ပြီး စက်တီးကြိုးနှင့် ပတ်ချည်တုပ်ထားသည်။ ပိုပြီးခိုင်ခံ့အောင် ကျွတ်ပေါ်က သံရိုက် ထားသည်။ လေး/ငါးချက်လောက်လှည်းကြည့်တော့ ပေါ့ပါးပြီး လှည်း၍ကောင်းတာ သတိထားမိသည်။ အမှိုက်လည်းပါ၏။ အဖိုးနည်းဝန်ပါဆိုတာ ဒါမျိုးကို ခေါ်လေသလား မသိ။

စည်ပင်သန့်ရှင်းရေးဝန်ထမ်းတွေ ထန်းရွက်တံမြက်စည်းဖြင့် လှည်းနေတာကို သွားရင်းလာရင်းမြင်ဖူးတာတော့ ကြာပါပြီ။ အချို့ က ထန်းရွက်နှစ်ရွက်ထပ် တံမြက်စည်း၊ အချို့က တစ်ရွက်ထပ် တံမြက်စည်းတွေဖြင့် လမ်းမထက်မှအမှိုက်တွေအား တရှမ်းရှမ်း ပြည်အောင်လှည်းကြသည်။ အချို့ကလည်း အုန်းတံမြက်စည်းဖြင့်



လှည်းကြသည်။ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းတွေပေါ် လှည်းကျင်းရတာမို့ အုန်းတံမြက်စည်းတွေက ကြာရှည်မခံ။ အုန်းတံလေးတွေ ကျွတ်ကုန်သည်။ ခဏလေးနှင့် အမွေးတုံးသွားကြသည်။ နေ့စဉ် လှည်းကျင်းနေရသည်မို့ အုန်းတံမြက်စည်းတွေနှင့် တွက်ချေမကိုက်လှ။ အုန်းတံမြက်စည်းတစ်ချောင်း၏ တန်ဖိုးကလည်း မနည်း။ ရှစ်ရာ၊ တစ်ထောင်လောက်ရှိတတ်သည်။ ထန်းရွက်တံမြက်စည်းတွေကတော့ ငွေမကုန်၊ တောင်ထန်းရွက်ခြောက်ရယ်၊ ရရာအရိုးတံတစ်ခုခုရယ်၊ စက်ဘီးကျွတ် သို့မဟုတ် ဆိုင်ကယ်ကျွတ်တို့ ရှိရုံဖြင့် အကြမ်းခံ ထန်းရွက်တံမြက်စည်းကောင်းတစ်ချောင်းဖြစ်ပြီ။ အဖိုးမပါပေမဲ့ ဝန်ပါသည့် ထန်းရွက်တံမြက်စည်းလေးတွေပါလား။

ယော တွေးနေဆဲမှာပင် လိမ္မော်ရောင်တူညီဝတ်စုံများဖြင့် စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ လမ်းမထက်မှာ ရောက်ရှိလှည်းကျင်းနေကြပြန်ပြီ။ မနက်ကအဖွဲ့တော့ မဟုတ်၊ ညနေပိုင်းအဖွဲ့ဖြစ်မည်။ မြင်တွေ့ သတိထားမိသမျှတော့ မြို့တော်၏ လမ်းမများထက်မှာ သန့်ရှင်းရေးဝန်ထမ်းများကို နေ့နေ့ညည တွေ့ရတတ်သည်။ နေပူပူ၊ မိုးရွာရွာ၊ ဆောင်းအေးအေး သူတို့ကိုမြင်တွေ့ရသည်။ ညဦးကမြင်ရသောအမှိုက်တွေကလည်း မနက်လင်းရင် မရှိတော့ပေ။

လမ်းထောင့်ကလိမ္မော်ရောင်အမှိုက်ပုံးကြီးမှာလည်း အမှိုက်တွေပြည့်လျှံနေသည်။ ပုံးအောက်မှာလည်း ခြံတစ်ခြံမှ လာရောက်စွန့်ပစ်ထားသော မြက်များနှင့်ကိုင်းဖျားကိုင်းနားတွေပုံနေ၏။ ဇာဒိရွက်ကြွေတွေထည့်ထားသော မြေဩဇာအိတ်အဟောင်းကိုလည်း ထောင်ထားလျက် တွေ့ရပြန်သည်။ ညနေ အမှိုက်သိမ်းကားလာရင်တော့ ပြည့်မောက်လျှံနေသောအမှိုက်ပုံးကြီးက ပြောင်သလင်းခါသွားလိမ့်မည်။ သို့သော် သစ်ပင်ကိုင်းဖျားကိုင်းနားနှင့် မြက်တွေကတော့ ကျန်နေခဲ့ဦးမည်။ ထိုအမှိုက်များကိုသိမ်းသောကားက သီးသန့် လာလိမ့်မည်။ အမှိုက်သိမ်းကားတွေထဲမှာ ဆေးရုံ၊ ဆေးခန်းသုံး စွန့်ပစ်ပစ္စည်းတွေသိမ်းသည့်ကားလည်းရှိ၏။ သို့သော် အမှိုက်သိမ်းကားပုံစံကမတူပေ၊ ဝတ်စုံလည်းမတူ၊ ယူနီဖောင်းအရောင်လည်း မတူကြပေ။

လိမ္မော်ရောင်သန့်ရှင်းရေးသမားတို့၏ လှုပ်ရှားမှုမြင်ကွင်းတွေကိုငေးရင်း မိတ်ဆွေတစ်ဦး၏စကားကို သတိရသွားသည်။ "စည်ပင်သန့်ရှင်းရေးသမားတွေ CDM မလုပ်တာ ကျေးဇူးတင်ရမယ်၊ သူတို့သာ CDM လုပ်ရင် အမှိုက်တွေက မြင်ကောင်းမှာမဟုတ်ဘူး"တဲ့။ သူပြောသလိုပင် ထိုအရေးအခင်းကာလအတွင်းမှာ စည်ပင်သန့်ရှင်းရေးသမားတို့ လမ်းမထက်မှာ တံမြက်စည်းအလှည်းမပျက်ခဲ့သလို အမှိုက်သိမ်းကားတွေလည်း မနက်တစ်ခေါက်၊ ညနေတစ်ခေါက် အမှိုက်သိမ်းမပျက်ခဲ့တာ သတိထားမိခဲ့သည်။ သူတို့သာ သုံးရက်လောက် အမှိုက်မလှည်း၊ အမှိုက်မသိမ်း



ဘဲနေရင် အမှိုက်တွေ ဘယ်လောက်များ ပြန့်ကျဲညစ်ပတ်နေလိုက်မည်မသိတော့။ အထူးသဖြင့် အမှိုက်ပုံးတွေက မြင်မကောင်းအောင် ပြည့်လျှံကျပြီး အရုပ်ဆိုးညစ်ပတ်နေမှာသေချာသည်။ ခွေးလေခွေးလွင့်တွေက ဖွ၊ ကျီးကန်းတွေကထိုးနှင့် အမှိုက်ပုံးဝန်းကျင်မှာ ရှုပ်ပွညစ်ပတ်နေလိမ့်မည်။ အနံ့ဆိုးတွေကလည်း ထွက်လိုက်မည် ဖြစ်ခြင်းရယ်။

တော်ပါသေး၏။ လီမွှော်ရောင်သန့်ရှင်းရေးသမားတို့ တာဝန်ကျေခဲ့ကြသဖြင့် မြို့တော်ကြီးကညစ်ထေးမနေဘဲ သန့်ရှင်းနေခဲ့ သည်။ အပိုဆောင်းအနေဖြင့် အမှိုက်သပိတ်ဆိုပြီး မြို့တော်ကို ညစ်ပတ်အောင်လုပ်ခဲ့သူတို့၏ အမှိုက်များကိုပင် သူတို့ ကျောမလုံ့တလုံ့ဖြင့် သိမ်းဆည်းပေးခဲ့ကြရပြန်သည်။ ဆုပူအကြမ်းဖက်မှုတွေကြားမှပင် သူတို့တာဝန် သူတို့ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသဖြင့် ကျေးဇူးတင်လေးစားရပေသည်။

တွေးကြည့်လျှင် သန့်ရှင်းရေးသမား၊ အမှိုက်သိမ်းသမားတို့၏ဘဝတွေက ခက်ခဲပင်ပန်းကြမ်းတမ်းလှ၏။ လူတကာစွန့်၊ အိမ်တကာမှစွန့်ပစ်ထားသော ညစ်ပတ်နံစော်နေသည့်အမှိုက်မျိုးစုံကို သိမ်းဆည်းရသည်မှာ တော်ရုံလူမျိုး လုပ်နိုင်သည့်အလုပ်တော့ မဟုတ်ပေ။ အထူးသဖြင့် ကိုဗစ်ကူးစက်ရောဂါ ပြန့်နှံ့ဖြစ်ပွားနေသည့်ကာလမှာ အခက်အခဲများ၊ အန္တရာယ်များကြားမှ သူတို့လုပ်ကိုင် ဆောင်ရွက်နေကြရသည်။

သူတို့လည်း ကျောက်ရုပ်များမဟုတ်၊ သွေးသားနှင့်လူများဖြစ်၍ ရောဂါဆိုးကို ကြောက်ကြပေလိမ့်မည်။ သူတို့ကို မှီခိုနေသော ဘဝတွေရှိသည်။ ကိုဗစ်ရောဂါကလည်း တစ်ယောက်မကောင်း အများဆိုသလိုပင် တစ်ယောက်ထိတာနှင့် ထိတွေ့ဆက်ဆံနေရသူတွေကိုပါ ကူးစက်တတ်လေတော့ သူတို့လည်း မကြောက်ဘဲ နေပါ့မလား။ အမှိုက်ပုံးဆိုတာကလည်း အိမ်တကာ၊ လူတကာမှ စွန့်ပစ်သော အမှိုက်ပေါင်းစုံ စုထားသည့်နေရာ။ အမှိုက်ပေါင်းစုံဆိုမှတော့ ရောဂါကူးစက်ခံထားရသည့်လူက စွန့်ပစ်လိုက်သော မက်စ်တွေလည်းပါမည်။ ရောဂါကူးစက်ခံနေရသည့်အိမ်မှ စွန့်ပစ်လိုက်သည့်အမှိုက်တွေ၊ အသုံးအဆောင်တွေလည်းပါမည်။ အခြားသော ကူးစက်ရောဂါပိုးရှိသူတွေ၏ စွန့်ပစ်အမှိုက်တွေလည်း ပါလိမ့်မည်။ ခြော် တွေးကြည့်ရင် ကြောက်စရာကြီးပင်။

"ကြောက်တာပေါ့။ ဒါပေမယ့် ကြောက်ပြီးအလုပ်မဆင်းဘဲနေလို့မှမရတာ။ တစ်နေ့ဆင်းမှတစ်နေ့စားရတဲ့ နေ့စားဘဝဆိုတော့ စတေးဟုန်းလုပ်လို့မရဘူးလေ။ ရောဂါမကူးအောင် ကြိုတင်ကာကွယ်နည်းတွေနဲ့ အလုပ်ဆင်းရတာပေါ့။ စားဖို့ရှန်းကန်နေရတဲ့ ဘဝဆိုတော့လည်း သေရေးထက် ရှင်ရေးက ပိုအရေးကြီးတယ် မဟုတ်လား"ဟု သန့်ရှင်းရေးအမျိုးသမီးကြီးတစ်ဦးက ရင်ဖွင့်ပြရှာသည်။

ခြော် ရောဂါဆိုးကိုကြောက်ကြပေမယ့် သူတကာတွေလို ကိုယ့်အိမ်မှာနေပြီး စတေးမဟုန်းနိုင်ကြသည့်ဘဝတွေပါလား။ ကိုဗစ်ကြောင့် ရုံးပိတ်ရက်တွေ ထပ်ထပ်တိုးသော်လည်း သူတို့ကတော့ နေ့စဉ် သန့်ရှင်းရေးလုပ်နေကြရသည်။ အမှိုက်တွေသိမ်းနေကြရသည်သာ။

ရန်ကုန်မြို့တော်ကြီးကလည်း တစ်နေ့ကို အမှိုက်တန်ချိန် ၂၅၀၀ ကျော်ထွက်သည်ဟုဆိုပါသည်။ ထိုအမှိုက်များကို နေ့စားဝန်ထမ်း ၄၀၀၀ ကျော်၊ ယာဉ်ယန္တရားငါးရာကျော်ဖြင့် နေ့စဉ် သိမ်းဆည်းနေကြသည်။ နေ့ပူလည်း သန့်ရှင်းရေးလုပ်၊ မိုးရွာနေလည်း အမှိုက်သိမ်းရသည်ပင်။ မိုးမလင်းခင်က လမ်းမထက်မှာ သူတို့၏ တံမြက်စည်းလှည်းသံတွေ ကြားနေရပြီ၊ ညဆိုလည်း သူတို့ကို မြင်ရသည်။ တစ်မြို့လုံးကသိမ်းဆည်းလာသောအမှိုက်များကို ထိန်ပင်၊ ထားဝယ်ချောင်၊ လှော်ကား စသည့်အမှိုက်ပုံကြီးများတွင် စွန့်ပစ်ကြသည်။ သတင်းတစ်ခုတွင် ပိုလာနည်းပညာဖြင့် စွန့်ပစ်အမှိုက်များမှ CNG ထုတ်လုပ်ရန် ဆောင်ရွက်နေကြောင်း ကြား

လိုက်ရသည်။ အမှိုက်ထဲက ရတနာဖော်ထုတ်သော စီမံကိန်းဟု ခေါ်ရလေမလား မသိပေ။

သန့်ရှင်းရေးသမားများ၊ အမှိုက်သိမ်းသမားများကလည်း အမှိုက်ထဲမှ ငွေထုတ်ကြပါသည်။ သူတို့သည် ညစ်ပတ်ပေပွ၊ နံဟောင်နေသော အမှိုက်ပုံးထဲမှ ပုလင်းခွံ၊ ရေသန့်ဗူးခွံ၊ ကော်ဗူး စသည့် ပြန်ရောင်း၍ရသော စွန့်ပစ်ပစ္စည်းများကို မရွံမရှာ မွှေနှောက် ရှာဖွေကောက်ယူကြခြင်းဖြစ်သည်။ အမှိုက်တွေ ကားထဲရောက် သွားချိန်မှာလည်း ထပ်ပြီးမွှေနှောက်ရှာကြပြန်သည်။ ပြီးလျှင် ရှာဖွေ ရသမျှကို အိတ်ကြီးတွေထဲသိုးသန့်ထည့်ကာ သယ်သွားကြသည်။ နောက်အမှိုက်ပုံးတစ်ပုံးကိုရောက်လျှင် ထိုနည်းအတိုင်း အမှိုက်ထဲမှ ငွေထုတ်ကြပြန်သည်။ ကျွန်တော်တို့လမ်းသွယ်လေးထဲ၏ လမ်း ထိပ်နှစ်ဘက်တွင် အမှိုက်ပုံးတွေရှိသည်။ ခြံဝန်းကျယ်ကြီးနှင့် တိုက်ကြီးကြီးတွေ၊ ရုံးဌာနအချို့နှင့် ကွန်ဒိုတိုက်ခန်းလည်းရှိသဖြင့် တစ်ခါတစ်ရံ ဟောင်းပေမယ့်ကောင်းနေဆဲပစ္စည်းအချို့ စွန့်ပစ် တတ်ကြသည်။ ပြန်ပြင်ပြီးသုံးနိုင်သော ရေမော်တာ၊ ပန်ကာ စသည်များလည်း လာရောက်စွန့်ပစ်တတ်ကြသည်။

ပြန်ရောင်း၍ ရနိုင်သည့်ပစ္စည်းဟောင်းတွေ အများစု စွန့်ပစ် တတ်ကြရာ အမှိုက်ပုံးဆိုသော်လည်း သန့်ရှင်းရေးသမားတို့မှာ ကောက်သင်းကောက်အဆင့်မျှသာ ဖြစ်ရရှာသည်။ အဘယ်ကြောင့် ဆိုသော် အမှိုက်သိမ်းကားမရောက်ခင် ပစ္စည်းကောက်သမားတို့က



အမှိုက်လှည်းသမားတို့အတွက်တော့
မိုးရေသည် ဒုက္ခဖြစ် ရ၏။ မိုးရေနှင့်ထိကပ်နေသော
သစ်ရွက်များနှင့်အမှိုက်များက
လှည်းရကျင်းရသည်မှာ
အတော်လက်ဝင်တာ တွေ့ရသည်။
အရွက် ဖားဖား ဇာဒ်ရွက်လို၊
ကျွန်းရွက်လိုအရွက်များပင် လှည်း၍မကောင်း။

ကြိုတင်မွှေနှောက်ရှာဖွေယူသွားကြခြင်းကြောင့်ဖြစ်သည်။ စွန့်ပစ် ပစ္စည်းကောက်သမားတွေကလည်း အမျိုးမျိုး၊ အချို့က တွန်း လှည်းလေးနှင့်၊ အချို့က စက်ဘီး၊ အချို့ကခြေကျင်ဖြင့် လာ ကောက်တတ်ကြသည်။ သတင်းစာ၊ ပုလင်းခွံ၊ ဘာဘာ ညာညာ အဟောင်းပစ္စည်းတွေဝယ်သူတွေကလည်း ဝင်ဝင်ကောက်သွား တတ်သဖြင့် ဘာမှသိပ်မကျန်တော့။ အမှိုက်သိမ်းသမားတို့မှာ ကျန်သမျှသာကောက်ရင်း အမှိုက်သိမ်းပြန်သွားကြရသည်။

အမှိုက်လှည်းသမားတို့အတွက်တော့ မိုးရေသည် ဒုက္ခဖြစ် ရ၏။ မိုးရေနှင့်ထိကပ်နေသော သစ်ရွက်များနှင့်အမှိုက်များက လှည်းရကျင်းရသည်မှာ အတော်လက်ဝင်တာ တွေ့ရသည်။ အရွက် ဖားဖား ဇာဒ်ရွက်လို၊ ကျွန်းရွက်လိုအရွက်များပင် လှည်း၍ မကောင်း။ ယခုနှစ်လို မိုးကောင်းသောအခါမျိုးမှာတော့ သူတို့ မသက်သာလှ။ မိုးကတဖြောက်ဖြောက်နှင့် ရေမပေါ်ရှာသည့်မိုးတွေ ရွာနေသောအခါ တံမြက်စည်းလှည်းရသည်မှာ ပင်ပန်းသလောက် ခရီးမပေါက်ကြပေ။

ဟော ကြည့်နေဆဲပင် ဇာဒ်ရွက်တွေ လာရောက်လှည်း ကျင်းနေကြပြန်ပြီ။ မိုးက တဖြောက်ဖြောက်ရွာနေသည်မို့ ဇာဒ်ရွက် တွေလှည်းရတာ လက်ဝင်နေသည်။ ပုံမှန်အရဆိုရင် လမ်းသွယ် လေးထဲကို သုံးလေးရက်လောက်မှ တစ်ခါလာပြီး သန့်ရှင်းရေး လုပ်ကြသည်။ အခုလို ဇာဒ်ရွက်တွေကြွေချိန်မျိုးမှာတော့ သူတို့ တစ်နေ့ကို နှစ်ခေါက်လောက်လာလှည်းတတ်ကြသည်။ တစ်ခါ တစ်လေ သုံးခေါက်လောက် လာလှည်းတတ်ကြသည်။ ဇာဒ်ပင်ကြီး ကလည်း တစ်ခါရွက်သစ်လဲရင် နှစ်ပတ်ကျော် သုံးပတ်လောက်ကြာ တတ်သည်လေ။

"ကဲ ကော်ဖီပူပူလေး သောက်လိုက်ကြပါအုံး၊ အချမ်းပြေ လေးပေါ့။ မုန့်လေးလဲစားကြအုံး"

အန်တီသန်းက ကော်ဖီနှင့်မုန့်တွေ ချပေးတော့ မောနေသော

သူတို့မျက်နှာလေးတွေ ရွှင်ပြသွားကြသည်။ ကော်ဖီပုပ္ပလေးကို သောက်လိုက်ရ၍ အချမ်းပြေသွားသဖြင့် ကျေးဇူးတင်စကား ဆိုကြသည်။ တံမြက်စည်းလာလှည်းသော လူအတော်များများနှင့် အန်တီသန်းက မျက်နှာချင်းတန်းမိကြသည်။ အန်တီသန်းကလည်း ရုံးအဝင်လမ်းကိုသာမက လမ်းမပေါ်ကအမှိုက်တွေကိုပါ လှည်းကျင်း သိမ်းဆည်းလေ့ရှိသူ မဟုတ်လား။ တကယ်တော့ သူက ရုံးသန့်ရှင်းရေးသမား မဟုတ်၊ အပျိုဆောင်ကသမီးနှင့် အတူလာနေသူပင်။ ကျွန်တော်တို့ရုံးဌာနလေးမှာ လူနည်းစုမို့ သန့်ရှင်းရေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း မရှိပေ၊ စုပေါင်းလုပ်ကြရသည်။ အန်တီသန်းရောက်လာပြီးနောက်ပိုင်းမှစလို့ တံမြက်စည်း တာဝန်ပေါ့ပါးသွားကြသည်။ သူက အမှိုက်မြင်တာနှင့် လှည်းကျင်းတတ်သူမို့ အခုတော့ တံမြက်စည်းလှည်းတာဝန်က သူ့တာဝန်လို့ပင် မှတ်ယူနေသူတွေရှိနေပြီလား မသိတော့ချေ။ အရင်ကဆို ကြွေသမျှ ဗာဒံရွက်တွေကို သူတစ်ယောက်တည်းက အများစု နိုင်ခံလှည်းခဲ့သည်။ ကိုဗစ်ထိပြီး နောက်ဆက်တွဲဝေဒနာတွေကြောင့် အရင်လိုမလုပ်နိုင်တော့ပေ။ အမောလည်းမခံနိုင်တော့ပေ။ ထို့ကြောင့် ဗာဒံရွက်တွေက လမ်းမထက်မှာ ကြွေချင်တိုင်းကြွေ၊ လွင့်ချင်တိုင်း လွင့်နေတော့သည်။

"ကျေးဇူးတင်လိုက်တာ အစ်မကြီးရယ်၊ အချမ်းကိုပြေပြီး အမောကိုပြေသွားတာပဲ။ ကဲ မိုးလေးတိတ်တုန်း လှည်းလိုက်အုံးမယ် အစ်မကြီးရေ"

အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အမျိုးသမီးကြီးကပြောရင်း သူ့လက်ဆွဲတော် တောင်ထန်းရွက်တံမြက်စည်းဖြင့် ဗာဒံရွက်တွေ တရွှမ်းရွှမ်းလှည်းတော့သည်။ အန်တီသန်းကလည်း သူ့ထန်းရွက် တံမြက်စည်းယူပြီး ဝိုင်းကူလှည်းပေးသည်။

သူတို့ကိုကြည့်ရင်း အတွေးတစ်ခုရလိုက်မိသည်။ ရန်ကုန်ဆိုတာ ရာဇဝင်ရှိသောမြို့၊ သမိုင်းဝင်အမွေအနှစ်တွေရှိသောမြို့၊ စိမ်းစိုလန်းသည့် ဥယျာဉ်မြို့တော်၊ အလှဝေဆာသော စီးပွားရေးမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည့် မြို့တော်။ ထို့ကြောင့် မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးကို စည်ပင်သန့်ရှင်းရေးသမားတို့၏တာဝန်ပဲဟု မမှတ်ယူဘဲ မိမိရပ်ကွက်၊ မိမိလမ်း၊ မိမိအိမ်ရှေ့က အမှိုက်များကို တစ်ပိုင်တစ်နိုင်လေးဝိုင်းလုပ်ကြမည်၊ အမှိုက်တွေ စနစ်တကျစွန့်ပစ်ကြမည်ဆိုလျှင် မြို့တော်ကြီးက ပို၍သန့်ရှင်းသာယာလှပလာလိမ့်မည်ဟု ထင်မြင်မိလေသည်။ "ထာဝရ ရန်ကုန်"သီချင်းထဲကအတိုင်း "မြို့ရဲ့အရိပ်မှာ ခိုနားကာ ကျေးဇူးတရားကိုနားလည်ခံစားကာ တို့ရဲ့မြို့ကိုဂုဏ်တင့်ဖို့ အားလုံးအားလုံး ဝိုင်းဝန်းကြမယ်လေ--"ဟုပင် ညွှန်းဆိုတိုက်တွန်းလိုက်ချင်ပါသည်။

ညွှန်းဆိုတိုက်တွန်းရန် စိတ်ကူးနေဆဲမှာပင် ဆိုလိုက်သောတေးတစ်ပိုဒ်တစ်စကို ကြားလိုက်ရသည်။ နှီးစည်းဝါးတွေကတော့ ထန်းရွက်တံမြက်စည်းလှည်းသံတွေပင်။ သီဆိုနေသူက ခုနက ကျေးဇူးတင်စကားတွေပြောသွားသော တံမြက်စည်းလှည်းနေသည့် သန့်ရှင်းရေးဝန်ထမ်း အမျိုးသမီးကြီးဖြစ်ပါသည်။ ထန်းရွက်ပုတီး သီချင်းကို မိုဂြမ်းဆိုထားသော သီချင်းအပိုင်းအစလေးက ကာလဒေသနှင့် လိုက်ဖက်နေလေသည်။


"ကျွန်မတို့တာဝန်ရယ် x x x မြို့လှဖို့ကွယ် x x x အသက်မကြီးသေးပါမောင်ရယ် x x x ထန်းရွက်တံမြက်စည်းလေး လှည်းလို့ x x x အမှိုက်တွေ သန့်ရှင်းမယ် x x x"တဲ့။

မိုးတိမ်တို့ကင်းစင်သွားပြီး နေရောင်တွေပင် ဖြာဆင်းလာကြပြီ။ နေရောင်အောက်မှာ ပို၍အရောင်လက်သွားသည့် လိမ္မော်ရောင်ဝတ်စုံတွေနှင့် သန့်ရှင်းရေးသမားတို့၏ လှုပ်ရှားမှုများကို ငေးရင်း လိမ္မော်ရောင်အတွေးစများအား ဖြန့်ကြက်တွေးနေမိပါတော့သည်။ လမ်းမထက်မှာတော့ အမှိုက်ကင်းစင်ကာ သန့်ရှင်းနေလေသည်။

**လိမ္မော်ရောင်ဝန်ထမ်းများသို့ ကျေးဇူးတင်လေးစားစွာဖြင့်**
**နီသင်းအောင်ကျော်မိုး**



နေသာတဲ့ ဖေဖော်ဝါရီလရဲ့ တစ် မနက်မှာ ကျွန်မရဲ့ဖုန်းသံ မြည်လာပါတယ်။
"မာဂျိုရီဟုမ်းပါလား ခင်ဗျာ"
အသံသြဇာကောင်းကောင်းနဲ့ ယောကျ်ားကြီးတစ်ယောက်က ခေါ်တာဖြစ်ပါတယ်။
"ခင်ဗျား ကျွန်တော့်အသက်ကို ကယ်လိုက်တာပဲ။ ကျွန်တော် ခင်ဗျားကိုတွေ့ချင်တယ်"



"အို–ဘယ်နှယ်ပါလိမ့်"လို့ ကျွန်မ တွေးလိုက်မိတယ်။ ဒါပေမဲ့ ကျွန်မဖုန်းကို တော့ ချမပစ်လိုက်ပါဘူး။ စာရေးသူ တစ်ဦးအနေနဲ့ တစ်ဖက်ရဲ့ပြောစကားကို နားထောင်ပေးရမယ်ဆိုတာ ကျွန်မ နား လည်တယ်။ သူ့နာမည်က သူပြောတာ ကျော့ရှ်မေလာတဲ့။ ဆရာဝန် တစ်ယောက် ပါ။ သူ့ဇနီးက လွန်ခဲ့တဲ့ ရှစ်လလောက်က ဆုံးသွားတာတဲ့။ ခရစ္စမတ်အကြိုနေ့မှာ သူဟာ ဝမ်းနည်းပူဆွေးရလွန်းလို့ သေဖို့ တောင် ကြံစည်မိခဲ့ပြီး ကျွန်မရဲ့ စာအုပ် "ကျွန်ုပ် တစ်စုံတစ်ယောက်ကိုတော့ ရင်ဖွင့် ပြောရလိမ့်မယ်၊ အဲဒါကတော့ ဘုရားသခင် ပဲ"ဆိုတာကို သူ့အမျိုးသမီးရဲ့ စာအုပ်စင်မှာ တွေ့ပြီး ဖတ်မိခဲ့တယ်တဲ့။ အဲ့ဒီညက အဲဒီ စာအုပ်ကိုဖတ်မိပြီး ဘဝတစ်ခုဟာ ဘယ် လောက်တန်ဖိုးရှိတယ်ဆိုတာ သိခဲ့ရတယ်" လို့ ဆက်ပြောတယ်။

မဖြစ်နိုင်ဘူး ကျော့ရှ်
ရှင်က အခုထိ ရှင့်ဇနီးကို
လွမ်းဆွေးနေတုန်းလေ၊
သူက ရှင့်အတွက်
လျော်ကန်သင့်မြတ်ပေမယ့်
ကျွန်မက အဲဒီလိုမဖြစ်နိုင်ဘူး

သူက ဝါရှင်တန်ဒီစီမှာနေတဲ့ သူ့ သားအိမ်ကနေ ဖုန်းဆက်နေတာ။

"ခင်ဗျားက ဝါရှင်တန်ဝန်းကျင်မှာ နေတယ်ဆိုတာကျွန်တော်သိတယ်၊ ခင်ဗျား ရဲ့ ခင်ပွန်းဖုန်းနံပါတ်ကို ရှာတွေ့ပြီး ဆက် လိုက်တာ ခင်ဗျားရဲ့ မတ်တော်သူကပြော တယ်၊ ခင်ဗျားခင်ပွန်းက လွန်ခဲ့တဲ့ တစ်နှစ် က ဆုံးသွားတယ်ဆိုတာလည်း သိခဲ့ရ တယ်"

"ခင်ဗျား အချိန်ပေးနိုင်ရင် တွေ့ချင် တယ်"တဲ့။

ကျွန်မကလည်း သူ့ကိုတွေ့ချင်မိပါ တယ်။ ဒါပေမဲ့ အခြေအနေမပေးကြောင်း နောက်မကြာမီ နှစ်ပတ်ခရီးထွက်ဖို့ရှိ ကြောင်း ပြောလိုက်တယ်။ သူက–

"ကျွန်တော်စောင့်ပါမယ်၊ ပြန်လာ ရင်သာ ကျွန်တော့်ကိုဖုန်းဆက်အကြောင်း ကြားဖို့ ကတိပေးပါ၊ ကျွန်တော်တို့မှာ အချိန်သိပ်မရှိဘူး"လို့လည်း ပြောပါတယ်။

ကျွန်မ ခရီးကနေပြန်ရောက်တော့ သူ့ဆီကစာတွေ၊ ကျွန်မစာတိုက်ပုံးထဲမှာ အတော်များများရောက်နေတာတွေ့ရတယ်။ ကျွန်မလည်း ကတိပေးထားတဲ့အတိုင်း ဖုန်း ဆက်တယ်၊ တစ်နေရာရာမှာတွေ့ကြဖို့ ချိန်း လိုက်တယ်။

ဒါဟာ ကျွန်မအတွက် အိမ်ထောင် ကျပြီးတဲ့နောက် လူစိမ်းတစ်ယောက်နဲ့ ချိန်း တွေ့ခြင်းပါပဲ။ ပြီးတော့ အဲဒီလိုတွေ့ကြဖို့ လည်း စိတ်စောနေမိတယ်။ တစ်မျိုးတော့ တစ်မျိုးပဲလို့ ခံစားရတယ်။

အဲဒီ ခရစ္စမတ်အကြိုည၊ ကျော့ရှ်တစ် ယောက် ကျွန်မရဲ့စာအုပ်ကို ဖတ်နေတဲ့ အချိန်တုန်းက ကျွန်မ ဘာလုပ်နေပါလိမ့်လို့ စဉ်းစားလိုက်တော့ ကျွန်မဟာ အထီးကျန် စွာနဲ့ တီဗွီကြည့်နေခဲ့မိတယ်။ တီဗွီမှာက ခုံတွဲတွေ ကနေတာကိုတွေ့ရတယ်။ ကျွန်မ ရဲ့သမီး မီလာနီက "အမေ အခန်းအောင်း မနေသင့်ဘူး၊ သမီးတို့လည်း အဖေ့ကို အများကြီးချစ်ပါတယ်၊ ဒါပေမဲ့ အဖေက နာတာရှည်မကျန်းမမာဖြစ်ခဲ့တာ။ အမေ စိတ်ဆင်းရဲခဲ့ရတာ သိပါတယ်၊ အမေ အခု ပျော်ပျော်ရွှင်ရွှင် နေသင့်ပါတယ်"လို့ စာနာ နားလည်စိတ်နဲ့ ဖျောင်းဖျလို့ဆိုပါတယ်။

အဲဒီနေ့ညနေပိုင်းက ချိန်းထားတဲ့ အချိန်ထက် တစ်နာရီလောက်စောပြီး ကျော့ရှ်



ရောက်လာပါတယ်။ သမီးဖြစ်တဲ့ မီလာနီနဲ့ သားမက်ဖြစ်တဲ့ ဟားရစ်တို့က ဧည့်ဝတ်ပြုကြတယ်။ ကျွန်မကတော့ မိတ်ကပ်နဲ့ အလုပ်ရှုပ်ခဲ့တာပေါ့။ စိတ်ကိုလည်း တည်ငြိမ်အောင် ကြိုးစားရပါတယ်။ နောက်ဆုံးတော့ အသက်ကိုပြင်းပြင်းရှုပြီး ထွက်တွေ့ခဲ့ပါတယ်။

အရပ်မြင့်မြင့်ကျားကျားလျားလျားနဲ့ လူတစ်ယောက် ထိုင်ရာကထပြီး လက်ထဲမှာလည်း နှင်းဆီပန်းတစ်ပွေ့တစ်ပိုက်နဲ့ ကျွန်မကိုကြိုပါတယ်။ သူ့မှာ ကျွန်မတွေ့ဖူးသမျှထဲမှာ အပြာဆုံးမျက်လုံးရှိပြီး၊ ဆံပင်က အဖြူရောပြီး ကောက်ကွေးနေပါတယ်။ သူဟာ ကျောင်းသားလေးတစ်ယောက်လို ကိုယ်ကို ကိုင်းညွှတ်ပြီး သူ့လက်ထဲက ပန်းစည်းကို ကျွန်မကိုပေးပါတယ်။

"ခင်ဗျားက တော်တော်လေး သေးကွေးပါလား"လို့ အံ့သြနေတယ်။ ဒါပေမဲ့ သူ့အသံက ကြည်နူးနေတဲ့သဘောပါတယ်။

"ခင်ဗျားကို အိတ်ကပ်ထဲတောင် ထည့်နိုင်မယ်"လို့လည်း ကျီစယ်ပါတယ်။

"ရှင်က အရပ်မြင့်လွန်းတာကို"

"စိတ်ထဲမထားပါနဲ့၊ ကျွန်တော်တို့ ချင်း လိုက်ဖက်ပါတယ်"

သူက လက်နှစ်ဖက်ကို ကားလိုက်တယ်။ ချက်ချင်းဆိုသလို ကျွန်မတို့ တစ်ဦးကိုတစ်ဦး ဖက်ပွေ့မိသွားပါတယ်။ ညနေစာကို ကျွန်မအိမ်နဲ့နီးတဲ့ စားသောက်ဆိုင်မှာပဲ စားသောက်ခဲ့ကြပါတယ်။ သူက အတော်စတိုင်ကျတယ်။ တည်ကြည်ခန့်ညားပြီး ရယ်စရာမောစရာပြောတတ်တယ်။ ကျွန်မအဖို့ ဘယ်သူနဲ့မှမတူတဲ့ စိတ်သက်သာမှုမျိုး ခံစားရတယ်။ စားသောက်ပြီးလို့ ကားဆီကို လမ်းလျှောက်လာတဲ့အခါမှာလည်း သူက သီချင်းညည်းလိုက်သေးတယ်။ ကျွန်မတို့နှစ်ယောက်လုံးရတဲ့ သီချင်းဖြစ်နေတာရယ်၊ သူ့အသံကလည်း ဆွဲဆောင်မှုရှိနေလို့ ကျွန်မ အမှတ်ရနေမိပါတယ်။

အိမ်ရောက်လို့ ကျွန်မက ကော်ဖီဖျော်နေတုန်း၊ သူက လက်ဆွဲအိတ်ကိုဖွင့်ပြီး သူ့မိသားစုဓာတ်ပုံကိုပြတယ်။ သူ့ဇနီး ကာရိုလင်းဆိုတာက ပိန်ပါးပါးနဲ့ ယဉ်ယဉ်လေးပဲ။ သားနှစ်ယောက်ကလည်း လူချောလေးတွေ။ သမီးလေးကလည်း ချစ်စရာလေး"

ဂျော့နဲ့ ကာရိုလင်းက ဆောင်းရာသီတိုင်း အပန်းဖြေခရီးထွက်တတ်ကြတယ်။ ဘာမြူဒါဘက်လည်း ပင်လယ်ခရီးထွက်တတ်ကြတယ်။

"ကျွန်တော်က ဇနီးကိစ္စကို အမြဲတမ်း ပထမဦးစားပေးစဉ်းစားတယ်၊ ဒါပေမဲ့ နွေရောက်ပြီဆိုတာနဲ့ ကလေးတွေနဲ့ ရေကန်ဘေးမှာ အချိန်ကုန်တာများတယ်"

လို့ ဂျော့က ရှင်းပြတယ်။

"ဒါဆိုရင် ရှင်ဆေးကုတဲ့အချိန်က ဘယ်အချိန်လဲ"လို့ ကျွန်မကမေးတော့–

"ခရီးမထွက်တဲ့အချိန်တွေပေါ့"လို့ ရယ်မောပြီးပြောပါတယ်။ "ကျွန်တော်က အလုပ်လုပ်ပြီဆိုရင် အပြတ်ပဲ၊ ကျွန်တော့်ဆောင်ပုဒ်က အလုပ်လုပ်တယ်၊ ကစားတယ်၊ ချစ်မယ်၊ ဘုရားဆုတောင်းမယ်၊ "Work and Play, Love and Pray"ပဲ။ ဘုရားသခင်ပြီးရင်တော့ ဇနီးနဲ့ သားသမီးတွေအပေါ် ချစ်မြတ်နိုးရမှာပဲ"

"ဘုရားသခင်ကို ဦးစွာပထမ မချစ်ခဲ့ဘူးဆိုရင် တခြားလူတွေအပေါ်မှာ မေတ္တာထားနိုင်မယ်မထင်ဘူး" ဂျော့က ခဏနားလိုက်တယ်။ ပြီးတော့မှ စိတ်လှုပ်ရှားတဲ့အသံနဲ့….

"ဥပမာ ကာရိုလင်းပေါ့၊ အခု ခင်ဗျားအပေါ် မေတ္တာထားတာမျိုးပေါ့"လို့



ပြောပြောဆိုဆိုနဲ့ ကျွန်မကို အကြင်နာပေးပါတော့တယ်။

ကျွန်မလေ အပျိုဖြန်းလေးလို ဖြစ်သွားတယ်။ ကျွန်မ ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းမသိ ဖြစ်သွားတယ်။

"အဲ့ဒါကောင်းပါတယ်၊ ရှင့်ဇနီးလည်း ရှင့်လိုပဲ သဘောထားရှိမယ် ထင်ပါတယ်"လို့တော့ ပြောမိသွားပါတယ်။

"အို–သူက သိပ်အံ့ဩဖို့ကောင်းတဲ့ အမျိုးသမီးပါဗျာ"လို့ ပြောရင်း သူတို့ရဲ့ အိမ်ထောင်ရေးကိစ္စကို ဆက်ပြောပါတယ်။ တကယ်တော့ ကာရိုလင်းတစ်ဦးတည်းသာလျှင် သူချစ်တာမဟုတ်ပါဘူး။ သူ့အတွင်းရေးမှူးနဲ့ သူနာပြုဆရာမလေးတို့ကိုလည်း မေတ္တာရှိခဲ့ကြောင်း သူပြောပါတယ်။ ဒါပေမဲ့ သူ့ဇနီး ရုတ်တရက်ဆုံးသွားတဲ့အခါမှာ သူ လပေါင်းများစွာ နေမထိထိုင်မသာ ဖြစ်ခဲ့ရပါတယ်တဲ့။

အဲဒီနောက် သူက ကျွန်မရေးတဲ့ စာအုပ်ကို တွေ့သွားတာပါပဲ။ "အဲဒီစာအုပ်မှာ ခင်ဗျားလည်း အတော်လေးခံစားခဲ့ရတယ်လို့ ပြောထားတယ်။ ဒီလိုပါပဲဗျာ၊ လူတော်တော်များများ ခံစားခဲ့ကြရတာပါပဲ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အကူအညီနဲ့ ကျွန်တော်တို့ ရှေ့ဆက်သွားကြရမှာပါပဲ" ခပ်တည်တည် ခပ်မှန်မှန်နဲ့ပြောချင်တဲ့ လေသံ ပျောက်သွားပါတယ်။

"ခင်ဗျား ကျွန်တော့်ကိုလက်ထပ်နိုင်မလား"

သူက တောင်းပန်းတိုးလျှိုးတဲ့ အကြည့်နဲ့ ပြောပါတယ်။

ကျွန်မက ခေါင်းကိုခါယမ်း လိုက်တယ်။ "မဖြစ်နိုင်ဘူး ကျော့၊ ရှင်က အခုထိ ရှင့်ဇနီးကို လွမ်းဆွေးနေတုန်းလေ၊ သူက ရှင့်အတွက် လျော်ကန်သင့်မြတ်ပေမယ့် ကျွန်မက အဲဒီလိုမဖြစ်နိုင်ဘူး"

"အို…အတိတ်က ကျန်ခဲ့ပြီလေ"လို့



သူက စိတ်လှုပ်ရှားစွာနဲ့ပြောတယ်။ ခင်ဗျားအသံကို ကြားလိုက်ကတည်းက ကျွန်တော့်စိတ်တွေ တစ်မျိုးဖြစ်သွားတယ်။ အိပ်မက်ရှည်တစ်ခုကနေ လှုပ်နှိုးလိုက်သလိုပါပဲ။ ခင်ဗျားကို ဒီညတွေ့မြင်ရတော့ ပိုသေချာသွားတယ်။ ခင်ဗျားစာအုပ်ကြောင့် မဟုတ်ပါဘူး။ အခုလေးတင် တစ်ဦးနဲ့တစ်ဦး တွေ့မြင်စကားပြောမိပြန်တော့ ကျွန်တော်တို့ချင်း လိုအပ်တယ်လို့ မြင်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို နားလည်ဖို့ကြိုးစားပေးပါ"

ကျွန်မက အခြေအနေကို ရှင်းပြတယ်။ သူက မိုင် ၂၀၀ ကျော်ဝေးတဲ့ ပင်စီဗေးနီးယားက ပစ္စဘတ်မှာ ဆေးခန်းထိုင်နေချိန်၊ ကျွန်မက နောက်ထုတ်မယ့်စာအုပ်အတွက် အလုပ်များနေချိန်ဖြစ်မယ်။

"ကျွန်တော် ခင်ဗျားကိုထပ်တွေ့လို့ရမလား"

လောလောဆယ် နေပါဦး၊ ကျွန်မက မနက်ဖြန်စာအုပ်ထုတ်ဝေသူများရဲ့ အစည်းအဝေးတက်ဖို့ရှိကြောင်း၊ အဲဒီနောက် မကြာမီ အစ္စရေးကို သီတင်းနှစ်ပတ်ကြာ ခရီးထွက်ဖို့ရှိကြောင်း ပြောပြပါတယ်။

"ကျွန်တော်ပါ အတူလိုက်လို့မရဘူးလား"

"အို....မရပါဘူး"

ကျွန်မ သူ့ကိုနားလည်အောင် နှစ်သိမ့်ပြီး တံခါးဝဆီပြန်ပို့တဲ့အခါ နှုတ်ဆက်အနမ်းလေးလည်း ပေးခဲ့ပါတယ်။

သူ့ကားထွက်သွားတာကိုစောင့်ပြီး ကျွန်မ ဝမ်းနည်းရမလား၊ ဝမ်းသာရမလား ဝေခွဲရခက်ဖြစ်ခဲ့ပါတယ်။ ဒီလိုလူကို ကျွန်မ ဥပေက္ခာ မပြုနိုင်ပါဘူး။ "အေးလေ ရှိပါစေတော့၊ နောက်လည်း သူ့ကိုပြန်တွေ့ရမယ် မထင်ပါဘူး"လို့ တွေးမိ ဆွေးမိပါတယ်။

ကျွန်မ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ကျော့က ကျွန်မ အတော်ခံစားခဲ့ရမယ်လို့ ပြောမယ့်သာပြောတယ်။ ကျွန်မအိမ်ထောင်ရေး ကံမကောင်းတဲ့အကြောင်းကို သိသူ သိပ်မရှိလှပါဘူး။ တကယ်တော့ ကျွန်မ ခင်ပွန်း လင်းနဲ့ ကျွန်မဟာ ဘဝချင်းမတူကြဘူး။ ဇာခန်းဆီးနောက်ကွယ်မှာ အနေဝေးခဲ့ကြတယ်။ သူက ကျွန်မအပေါ် ခပ်ပေါ့ပေါ့ပဲ နေလေ့ရှိပါတယ်။ လူကတော့ လူကောင်းပါ။ ဖခင်ကောင်းဖြစ်ပြီး အများလေးစားမှုလည်း ခံရသူပါ။ ဒါပေမဲ့ အလုပ်မှာ စိတ်ဖိစီးမှုဒဏ်ခံရတယ်။ နှစ်တွေကြာလာတော့လည်း ယမကာနဲ့ကုစားရင်း အရက်သမားလုံးလုံး ဖြစ်သွားတော့တာပါပဲ။ နောက်ဆုံးတော့ ကျွန်မတို့သားမက်က သူ့အဖေကို အရက်ဖြတ်တဲ့နေရာတစ်

**ကျွန်မအိမ်ထောင်ရေး**
**ကံမကောင်းတဲ့အကြောင်းကို**
**သိသူ သိပ်မရှိလှပါဘူး။**
**တကယ်တော့ ကျွန်မ ခင်ပွန်း လင်းနဲ့**
**ကျွန်မဟာ ဘဝချင်းမတူကြဘူး။**
**ဇာခန်းဆီးနောက်ကွယ်မှာ**
**အနေဝေးခဲ့ကြတယ်။**
**သူက ကျွန်မအပေါ် ခပ်ပေါ့ပေါ့ပဲ**
**နေလေ့ရှိပါတယ်•••**

နေရာ ရှိလိုက်တယ်။ အဲဒါက သူ့အတွက်ရော ကျွန်မအတွက်ပါ အတော်လေး ကောင်းတယ်။ သူက အဲဒီနေရာမှာ အလှူအတန်းတွေပြုပြီး နေသွားလိုက်တာ၊ ဆယ့်ငါးနှစ်လောက်အကြာ ၁၉၁၉ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

× × × × × × × ×

ဧပြီလရောက်လာပါပြီ။ ကျွန်မတို့ ချင်း ဖုန်းနဲ့ အဆက်အသွယ်မပြတ်ခဲ့ကြဘူး။ ကျွန်မ သူ့ကို စွဲစွဲလမ်းလမ်းချစ်မိနေပါပြီ။ ဒါပေမဲ့ သူက လက်ထပ်ဖို့ပြောတိုင်း ကျွန်မ ငြင်းပယ်ခဲ့ပါတယ်။ ကျွန်မ အစ္စရေးကိုသွားဖို့ လေဆိပ်မှာရှိနေတုန်း ကောင်လေးတစ်ယောက်က ကျွန်မဆီ ဖုန်းလာတယ်ဆိုလို့ သွားကိုင်တော့....

"မသွားမီ ကိုယ့်ကိုလက်ထပ်မယ် မဟုတ်လား"တဲ့။ ပစ္စဘာတ်ကနေ သူဆက်ပြန်တယ်။ ကျွန်မက ရယ်မောပြီး လေယာဉ်က ခေါ်နေပြီ၊ ကျွန်မပြန်လာမှ တွေ့မယ်ဆိုပြီး ဖုန်းကိုချလိုက်ရတယ်။

ကျွန်မ ခရီးကပြန်လာတော့ သူနဲ့အတူ ကမ်းခြေကိုသွားဖို့ သဘောတူခဲ့တယ်။ ကျွန်မတို့ ကမ်းခြေမှာ ရေကူးလိုက်၊ လမ်းလျှောက်လိုက်နဲ့ တာကယ့်ကို လွတ်လွတ်လပ်လပ်ကြီးပျော်ခဲ့ကြပါတယ်။ ကမ်းခြေခရီးကနေမခွာမီ ကျွန်မ သူ့စိတ်ဓာတ်နဲ့ ပတ်သက်လို့လည်း အတော်လေးနားလည်သွားတယ်။ သူက ကိစ္စအတော်များများမှာ ထဲထဲဝင်ဝင်သိနိုင်ပြီး သူ့အမြင်ကို ဖော်ပြတဲ့အခါမှာလည်း ဇဟုသုတအတော်ရှိတယ်လို့ မြင်ပါတယ်။

တနင်္ဂနွေနေ့မှာ ကျွန်မတို့အနားယူတဲ့ရက် ကုန်ဆုံးသွားပါပြီ။ ကျွန်မတို့ ဘုရားကျောင်းမှာထိုင်နေကြရင်း ဝတ်ပြုဖို့စောင့်နေတုန်း ကျော့ရှ်က ကျွန်မရဲ့ ဘယ်ဘက်လက်ကိုဆွဲပြီး လက်ထပ်လက်စွပ်ကို ဝတ်ပေးပါတယ်။ ပြီးတော့မှ တိုးတိုးလေး–

"ကျွန်ုပ် ကျော့ရှ်သည် ဤအမျိုးသမီးမာရျူရီကို....."ဆိုပါတယ်။ ကျွန်မက သူ့ကို ပါးစပ်ပိတ်ထားဖို့ပြောတယ်။ သူကတော့ "ခင်ဗျား ကျွန်ုပ်ကို လက်ထပ်မှာလား"လို့ ပြီးဆုံးအောင်ဆက်ဆိုပါတယ်။ အနီးအနားရှိနေကြတဲ့အချို့ လှည့်ကြည့်ကြတော့ ကျွန်မက "အို....လက်ခံပါတယ်"လို့ တိုးတိုးလေး ပြောလိုက်ပါတယ်။

ဘုရားကျောင်းကနေ ပြန်လာတော့ သူက သူ့မိသားစုကိုဖုန်းဆက်ပြီးအကြောင်းကြားတယ်။ သူတို့က "ဘယ်တော့လဲ"လို့ မေးတဲ့အခါ သူက 'ခွန်'လို့ပြန်ပြောတာ ကျွန်မကြားလိုက်ရတော့ "မဟုတ်ဘူး"လို့ ပြောရပါတယ်။ သူ ဖုန်းချတော့မှ ကျွန်မက ဒီနွေမှာ လုပ်စရာတွေ အများကြီးရှိနေကြောင်းနဲ့၊ ကျွန်မတို့ ခရစ္စမတ်မတိုင်မီ လက်ထပ်ဖို့ကိစ္စ ဘယ်လိုမှမဖြစ်နိုင်ကြောင်း ရှင်းပြပါတယ်။

"ခရစ္စမတ်....ဟုတ်လား"

ကျော့တစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ "ဒါလောက်အကြာကြီး ခွဲနေရတာကို ကျွန်တော်တို့ ဘယ်ခံနိုင်မလဲ"တဲ့။ "ကျွန်မတို့ သည်းခံပြီး စောင့်ကိုစောင့်ရမယ်၊ ကျွန်မတို့မှာ နှစ်ယောက်လုံး ကလေးတွေရှိသေးတယ်"။

"အဲဒါပဲ၊ ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့ဘူး"လို့ သူက ဝမ်းနည်းပမ်းနည်း ပြောပါတယ်။

နောက်သီတင်းသုံးပတ်ကြာတော့




**တနင်္ဂနွေနေ့မှာ ကျွန်မတို့အနားယူတဲ့ရက် ကုန်ဆုံးသွားပါပြီ။**
**ကျွန်မတို့ဘုရားကျောင်းမှာထိုင်နေကြရင်း ဝတ်ပြုဖို့စောင့်နေတုန်း ကျော့ရှ်က**
**ကျွန်မရဲ့ ဘယ်ဘက်လက်ကိုဆွဲပြီး လက်ထပ်လက်စွပ်ကို ဝတ်ပေးပါတယ်။ ပြီးတော့မှ•••**

ဂျော့က ကျွန်မကို လေဆိပ်လိုက်ပို့တယ်။ ခရီးကပြန်လာပြီးတော့ ကျွန်မက သဒးရဲ့ အိမ်ကို သွားလိုက်တယ်။ ကျွန်မတို့ ညှိနှိုင်းစရာတွေ ရှိသေးတယ်လေ။

မှာက်ရဲ့အိမ်မှာ အားလုံးအဆင်ပြေပါတယ်။

ကျွန်မလေ ပျော်လွန်းလို့ ရေချိုးခန်းထဲမှာ ကတောင်ကမိတယ်။ အပျော်လွန်တော့လည်း ငိုရတော့တာပေါ့ရှင်။ ကျွန်မ ခုန်ပေါက်ကလိုက်မိတာ ခြေချော်ပြီး ရေချိုးဇလုံရဲ့အစွန်းနဲ့တိုက်မိတာ ဒဏ်ရာအတော်ပြင်းသွားပါတယ်။

ဆေးရုံကားခေါ်ပြီး ဆေးရုံသွားလိုက်တော့ နံရိုးလေးချောင်းအက်သွားတာ သိလိုက်ရပါတယ်။ ပိုဆိုးတာက သုံးရက်လောက် ဂျော့ဆီက ဘာဖုန်းသံမှ ထွက်မလာဘူး။ ကျွန်မ စိတ်သောကရောက်ရတယ်။ သူက ဘာဖြစ်သွားတာလဲ၊ သူ့အချစ်က အေးသွားတာလား၊ ဒါမှမဟုတ် သူ့မိသားစုတွေကပဲ သူ နောက်အိမ်ထောင်ပြုမယ့်ကိစ္စကို ဝိုင်းကန့်ကွက်ကြသလားစသဖြင့် ကျွန်မတွေးနေမိပါတော့တယ်။ ဒီတော့မှ ပထမဆုံးအကြိမ် ကျွန်မ သူ့ကို ဘယ်လောက်လိုအပ်နေတယ်ဆိုတာ သိလိုက်ရတယ်။

သုံးရက်မြောက်ညမှာ သူဖုန်းဆက်တော့ ကျွန်မသား မှာက်က အကျိုးအကြောင်း ရှင်းပြတယ်။ ကျွန်မကို ဖုန်းလွှဲပေးတော့ ကျွန်မ စကားမပြောနိုင်ဘူး။ ငိုပဲငိုနေမိတယ်။

"ဒါလင်၊ ကိုယ်သိပ်ဝမ်းနည်းတယ်၊ ကိုယ်က ခင်ဗျားမိသားစုနဲ့ ရှိနေချိန်မှာ ဒုက္ခမပေးချင်လို့ မဆက်တာပါ"လို့ ဂျော့က ပြောတယ်။ ကျွန်မက "ရှင်ပြောခဲ့တာ မှန်တယ်၊ ကျွန်မတို့ မစောင့်ကြနဲ့ရို့"လို့ပဲ ပြောလိုက်နိုင်တယ်။

"ဘုရားသခင်ရဲ့ ကျေးဇူးပဲ"လို့ သူက ဆိုတယ်။ အဲဒီ ဇူလိုင်လရဲ့အစောပိုင်းမှာပဲ ကျွန်မတို့နှစ်ဦး လက်ထပ်ခဲ့ကြပါတယ်။

ငယ်ငယ်တုန်းကတော့ စိတ်ကူးယဉ်ခဲ့ပါတယ်။ ကျွန်မကို ထာဝရချစ်မြတ်နိုးမယ့် ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်မယ်ပေါ့။ ဒါပေမဲ့ တကယ်လက်တွေ့ အိမ်ထောင်ပြုလာတဲ့အခါကျတော့ အဲဒီလိုမဟုတ်ဘူးရှင့်။ ခါးသီးစွာနဲ့ပဲ အိပ်မက်က ပျက်ပြယ်ခဲ့ရပါတယ်။ အဲဒီနောက် ရှေးလူကြီးသူမတွေရဲ့စကားကို လက်ခံခဲ့ရပါတယ်။ 'ချစ်ခြင်းမေတ္တာမှာ အမျိုးမျိုးကွဲပြားခြားနားတယ်'ဆိုပဲ။ အချစ်ဆိုတာ မတည်မြဲဘူး။ သစ္စာတရားကသာ တည်မြဲတာ။ ဒါပေမဲ့ အိမ်ထောင်ပြုပြီးတဲ့နောက် ဖြစ်လာတဲ့ အခြေအနေကိုလက်ခံပြီး ဘဝကိုရှင်သန်ခဲ့ရတာပေါ့။

အဲဒီနောက် ကျွန်မ ဂျော့ကို တွေ့ခဲ့ရတာ၊ ဂျော့နဲ့ ဆယ်နှစ် ခြောက်လနဲ့ နှစ်ရက် ပေါင်းခဲ့တယ်။ အစစအဆင်ပြေတယ်။ ၁၉၉၂ ခုနှစ်မှာ သူ အဆုတ်ကင်ဆာနဲ့ မဆုံးခင်အထိ ကျွန်မမှာ အချစ်ဆိုတာရော သစ္စာဆိုတာရော ရှိခဲ့တယ်။ ဘဝရဲ့ ပျော်ရွှင်မှုဆိုတာကို သိနားလည်ခဲ့ရပါတယ်။ အမှန်တော့ အကောင်းဆုံးပိုင်ဆိုတာ နောက်ဆုံးတစ်စက်ကျန်တဲ့အထိ အရသာရှိမြဲပါလေ။

မောင်သီတာ

**(A Time for love, R/D.No.1993)**

ကို ပြန်ဆိုပါသည်။



**ကျွန်မလေ ပျော်လွန်းလို့ ရေချိုးခန်းထဲမှာ ကတောင်ကမိတယ်။ အပျော်လွန်တော့လည်း ငိုရတော့တာပေါ့ရှင်။ ကျွန်မ ခုန်ပေါက်ကလိုက်မိတာ ခြေချော်ပြီး ရေချိုး ဇလုံရဲ့အစွန်းနဲ့တိုက်မိတာ ဒဏ်ရာအတော်ပြင်းသွားပါတယ်။**

# CITY CARTOON





# မိုးယွန်းဝသန်

မိုးယွန်းတော့မည်..
ဖျော့ဖျော့ကလေး၊ မိုးဖွဲသေးလည်း
တိမ်ရေးပြကာ၊ အေးမြစွာလျှင်
လယ်ယာမြေပေါ် ပက်ဖြန်း၏။

သောကတွေမှား
လယ်သမားလျှင်၊ စပါးမောင်းညို
ရိတ်မည့်ဆိုမှ၊ မိုးပြိုမှာကို
စိုးနေတကား။

တမံတုပ်ထား၊ စပါးအောင်ရေ
လုံလောက်ပေမို့၊ ချစ်ခွေ့မိုးငွေ
အတိုးချပြီး၊ မရွာစေချင်။

ဦးခေါင်းငိုက်လျက်၊ လယ်မှထွက်မည့်
နှံပြည့်စပါး၊ အားရပါးရ
ကြည့်မဝဘူး၊ စိတ်ကြည်နူးလျက်
အိပ်မက်ပျက်မည်၊ ပူပန်နေ။

မိုးကုန်နှင်းရောက်၊ ဆောင်းဦးပေါက်လျှင်
နားဖောက်ဖို့ရာ၊ ချိန်သင့်ခါမို့
မေတ္တာရှေ့ထား၊ ဖ မိများကို
ဝပ်တွားကန်တော့ကြပါမည်။
ရွှေနားပန်ဆင်စေပါမည်။

ကြည်သာခွန်းချို၊ ရွှေကျီးညိုလည်း
ချိုမြသံသာ၊ တအာအာတည့်
ပေဖူးရွှေလွှာ၊ စာလွှာမပါး
မေတ္တာထားလျက်၊ စကားသစ္စာ
နှိုင်ကျည်စွာဖြင့်၊ ဝါလလွှတ်ကင်း
လက်ဆက်နှင်း၍ ချစ်ခြင်းကောင်းကျိုး
ကောင်းအောင်ကြိုးကာ...
ကောင်းမျိုးအထွေထွေ တည့်ပါစေသတည်း။ ။

တောင်တွင်းမောင်သင်းကျော်


"ကိုချမ်းရေ...ဖုန်း၊ အစ်မ..တဲ့"

ရန်ကုန်မြို့၊ စမ်းချောင်းမှာနေသည့် အစ်မငယ်ဆီမှဖုန်း။ သူက ဖုန်းဆက်ခဲ့သည်။ အရေးကိစ္စရှိမှ ဆက်တတ်သည်။

ဟုတ်သည်။ ကိစ္စရှိ၍ ရုံးဆင်းလျှင် အိမ်သို့လာခဲ့ရန်ပြောသည်။ အစ်မငယ်က အပျိုကြီး။ တစ်ယောက်တည်းနေသည်။ အလုပ်က အစိုးရစီးကရက်စက်ရုံမှာ။ အပျိုကြီးတို့ထုံးစံအတိုင်း ဇီဇာကြောင်သည်။ နားအေးပါးအေးနေတတ်သည်။ ငွေရေးကြေးရေးကိစ္စများတွင် တိကျသလို၊ ဆက်ဆံရေးလည်း

# အရှုံးထွက်တဲ့ ရုပ်အကြွင်းတစ်စည်

## ချမ်းမြေ့အောင်



တိကျသည်။ သူ့ထံမှငွေချေးလျှင် အတိအကျရက်ချိန်းပေးရသည်။ တစ်နှစ်ကြာလျှင် ကြာပါစေ။ ပေးနိုင်သည့်ရက်ချိန်းပေးလည်း ရသည်။ သို့သော် ပေးရမည့်ရက်ချိန်းနေ့ရောက်လျှင်တော့ ကတိပျက်၍မရ။ ပြောစရာရှိလျှင် ပီသသေးသေးပစ်။ သူက တူ၊ တူမများကို ပေးစရာရှိလျှင်ပေးသည်။ ရှုပ်ရှုပ်ယှက်ယှက်မနေတတ်။ လာလည်လျှင်လည်း မကြိုက်။ ထို့ကြောင့် ဆွေမျိုးတွေနှင့် ကင်းကင်းကွာကွာရှိသည်။

သူသည် အပျိုကြီး ဖြစ်လာသည်နှင့် ယောကျ်ားဆန်ဆန်နေလာတတ်သည်။ ယောကျ်ားဝတ်ရှပ်အင်္ကျီအကွက်များ ဝတ်သည်။ ငယ်စဉ်က နွဲ့နွဲ့နှောင်းနှောင်းသွားလာတတ်သော အစ်မသည် လမ်းသွားလျှင် ယောကျ်ားဆိုက်၊ ဂိုက်မျိုး။ သူ့ကို စက်ရုံတစ်ရုံလုံးက "အန်ကယ်ကြီး"ဟုခေါ်ကြောင်း သိရသည်။

ကျွန်တော့်ကို ကျောင်းစရိတ် အဓိကထောက်ပံ့ပေးသူမှာ အစ်မငယ်ပဲဖြစ်သည်။ ထို့ကြောင့် ဘာကိစ္စပဲဖြစ်ဖြစ် ကျွန်တော်နှင့်သာ တိုင်ပင်ဆွေးနွေးတတ်သည်။ ကျွန်တော်ကလည်း လူပျိုလူလွတ်မို့ အိမ်ထောင်သည် ညီအစ်ကိုမောင်နှမတွေထက် အလေးပိုသည်ဟု ယူဆမိသည်။

ရုံးဆင်းတော့ အစ်မငယ်ဆီ ကျွန်တော်ရောက်သွားလေသည်။ အစ်မက ကျွန်တော်ရောက်ရောက်ချင်း ခေါင်းရင်းပြတင်းပေါက်နား ခေါ်သွားသည်။ ထို့နောက် ပြတင်းပေါက်ဖွင့်၍ အိမ်ခေါင်မိုးကို ကြည့်ခိုင်းသည်။

ဟုတ်ပါရဲ့။

တစ်ဘက်ခေါင်းရင်းအိမ်သည် အစ်မငယ်အိမ်သို့ ယိုင်လဲကာ ခေါင်မိုးထပ်နေသည်။

"အဲဒါပဲ မောင်လေး၊ ငါက ပြန်လုပ်ပေးဖို့ပြောပြတာ မလုပ်ပေးဘူး၊ သူတို့က ဂျစ်ကပ်ကပ်လူတွေ၊ ဒါနဲ့ ရပ်ကွက်ငြိမ်ဝပ်ပိပြားရေးဥက္ကဋ္ဌ(ရဝတ) (ထိုစဉ်က တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူထားသည့်ကာလ)ကို တိုင်တော့လည်း သူနဲ့မဆိုင်ဘူး၊ မြို့နယ်စည်ပင်ရုံးကိုတိုင်တဲ့"

အကြောင်းအရာဖြစ်စဉ်က ဒါပါပဲ။ ရပ်ကွက်တာဝန်ရှိသူကလည်း ညှိနှိုင်းဆောင်ရွက်လျှင်ရပါလျက် တာဝန်ရှောင်သွားသည်။ မိန်းမသားလည်းဖြစ်ပြန်၊ တစ်ကိုယ်တစ်ကာယနေသူလည်း ဖြစ်လေတော့ လူမလေး ခွေးမခန့်သည်မှာ မဆန်း။

သည့်နောက်တော့ ကျွန်တော်သည် ဓာတ်ပုံသမားကိုခေါ်၍ ဓာတ်ပုံရိုက်သည်။ ရှုထောင့်မျိုးစုံရအောင်ရိုက်သည်။ တိုင်စာကိုလည်းရေး၍ အစ်မလက်ထဲထည့်ခဲ့သည်။ မနက်ဖြန် မြို့နယ်စည်ပင်ရုံးသို့ ကိုယ်တိုင်သွား၍ စာတင်ရန်ပြောခဲ့သည်။

အစ်မသည် ကျွန်တော်ပြောသည့်အတိုင်း မြို့နယ်စည်ပင်ရုံးသို့သွားသည်။ စမ်းချောင်းမြို့နယ်ဖြစ်သည်။

နောက်သုံးလေးရက်အကြာတွင် မြို့နယ်စည်ပင်ရုံးက ခေါင်းရင်းအိမ်ရှင်ကိုခေါ်သည်။

"မောင်လေးရေ...ခေါင်းရင်းအိမ်ကို မြို့နယ်စည်ပင် ဒုအုပ်ချုပ်ရေးမှူးကခေါ်ပြီး တစ်ပတ်အတွင်း အိမ်ပြင်ပေးဖို့ ပြောလိုက်တယ်။ မလုပ်ပေးရင် အိမ်ဖျက်မယ်တဲ့"

အစ်မဆီမှ ဖုန်းဆက်၍ အားရပါးရပြောစကား...။

သို့သော် ခေါင်းရင်းအိမ်က ဘာမှလှုပ်ရှားမှုမရှိ။ ကျောက်သွေးသမားများဖြစ်၍ ကျောက်သွေးရင်း သီချင်းတအေးအေး။

"မောင်လေးရေ...ဘာဆက်လုပ်ရမလဲဟေ့"

အစ်မက ပူဆာပြန်သည်။ မောင်ဖြစ်သူကို အားကိုးအထင်ကြီးရှာပေသကိုး။

ကျွန်တော်ကလည်း ထပ်၍အားထည့်ဖို့ ကြိုးစားရပြန်သည်။ နှိပ်လို့ရမည့် အပေါ်ခလုတ်တစ်ခုကိုရှာရသည်။ တွေ့ပြီ။ မြို့နယ်စည်ပင်ခလုတ်ကိုနှိပ်ရန် မြို့နယ်အုပ်ချုပ်ရေး ခလုတ်ကို ရှာဖွေတွေ့ရှိသည်။ ထိုစဉ်က မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကို (မဝတ) ဟု ခေါ်သည်။ (မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့)။ မဝတဥက္ကဋ္ဌသည် တပ်မတော်က ဗိုလ်ကြီးတစ်ဦး။ ကျွန်တော်က သူ့ဆီသို့ ရုံးစာတစ်စောင်၊ သူ့သူငယ်ချင်း ဗိုလ်ကြီးတစ်ဦးဆီမှ ပုဂ္ဂိုလ်ရေးစာတစ်စောင် ယူသွားသည်။

မဝတဥက္ကဋ္ဌက ကျွန်တော့်စာကိုဖတ်ပြီး-



"အုပ်ချုပ်ရေးမှူးဆီကို ကျွန်တော်စာရေးပေးလိုက်မယ်"

"ဟုတ်ကဲ့..ကျေးဇူးပါဗိုလ်ကြီး"

သူက ချက်ချင်းပင် စာတိုလေးတစ်စောင်ရေးသည်။

ကျွန်တော့်ကိစ္စအား အမြန်ဆုံးဆောင်ရွက်ပေးရန်ဆိုသည့်စာ။ ကျွန်တော့်အမြင်ကတော့ ဝိတ်တုံးလို့ပဲ ဆိုရမလား။

ကျွန်တော် အလွန်ပျော်သွားသည်။ အိတ်ထဲသို့ စာကိုခေါက်ထည့်ပြီး မြို့နယ်စည်ပင် အုပ်ချုပ်ရေးမှူးဆီ ပြေးရပြီ။ အုပ်ချုပ်ရေးမှူးရုံးထဲ ခြေတစ်လှမ်းဝင်မိချိန်မှာပဲ...

"ဟော့...အောင်ကျော်မိုးရေ...ဈေးရုံးကိုဖုန်းဆက်ပြီး မနေ့က ဈေးဗန်းနေရာလု ရန်ဖြစ်တဲ့ကိစ္စ အဆင်ပြေသွားပြီလားလို့ မေးစမ်းကွာ၊ ဂဃနဏ မေး၊ ငါ့ပြန်ပြောကွာ၊ ကဲ--ပြော...ဝါဝါ ဘာကိစ္စလဲ"

"ဟုတ်...ဆရာ...ဟိုနေ့ကလေ အိမ်ရှေ့ဈေးဆိုင်က သူ့ခြံဘက် တစ်ပေလောက်ပိုထွက်နေလို့ လာတိုင်တဲ့ကိစ္စလေ၊ ခု အတိုင်ခံရတဲ့အိမ်က တိုင်စာပြန်ပို့တာဆရာ"

"အေး...ဘာတဲ့တုန်း"

"ဟိုလေ...သူတို့က ပြန်တိုင်တာက အဲဒီအိမ်နောက်က အိမ်သာ ဆားဗစ်ကျင်းတူးတုန်းက သူတို့ဘက်ကို ကျူးကျော်တူးထားတာကို ဖြေရှင်းပေးဖို့ လာတိုင်တဲ့စာပါဆရာ"

"အေး...အေး..ဟုတ်ပါပြီကွာ၊ နောက်ရက်မှာ နှစ်ယောက်စလုံး ခေါ်လိုက်ကွာ၊ အဲဒီအခါကျမှ ရှင်းကြတာပေါ့"

"ဟို...ဟို ဆရာ၊ ဘာကိစ္စများရှိလဲမသိဘူး၊ ပြောပါအုံး"

အုပ်ချုပ်ရေးမှူးထံ ကျွန်တော်လဲ စာပေးလိုက်သည်။ သူက အေးအေးဆေးဆေးပင် စာဖတ်သည်။ ထို့နောက် စာကို စားပွဲပေါ်တင်လိုက်ပြီး....

"အဲဒီ အိမ်ခေါင်မိုးထပ်တဲ့ကိစ္စ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ခက်တာက သူတို့ကလည်း ခင်ဗျားတို့ရဲ့ ကျူးကျော်မှုကို ပြန်ပြီး တိုင်ထားတယ်"

အုပ်ချုပ်ရေးမှူးစကားကြောင့် ကျွန်တော်တုန်လှုပ်သွားသည်။ ဘယ့်နှယ် ကျွန်တော်တို့ကိုလည်း ကျူးကျော်မှုနှင့် တိုင်ထားသတဲ့လား။

"ခင်...ခင်ဗျာ...ကျွန်တော်တို့ကိုလည်း ကျူးကျော်မှုနဲ့ တိုင်ထားတယ်၊ ဘယ်လို ကျူးကျော်တာလဲဆရာ"

"လေထဲမှာ ဘုရားစင်ကျူးကျော်တာတဲ့"

"ခင်....ခင်ဗျာ....၊ ခင်....ခင်ဗျာ"

ကျွန်တော့်တစ်ကိုယ်လုံး မြောက်တက်သွားသည်ဟုပင် ထင်လိုက်ရသည်။

အံ့မယ်လေးဗျာ။ လေပေါ်မှာ ကျူးကျော်သည်တဲ့။ အိမ်မပြိုရုံတမယ် ထပ်နေသည့် သူတို့အိမ်ကျူးကျော်မှုထက် လေပေါ်ကျူးကျော်နေသော ဘုရားစင်ကပင် ပို၍အပြစ်ကြီးနေသေး။

အုပ်ချုပ်ရေးမှူးက ကျွန်တော့်ကိုကြည့်။ ကြည့်လျှင်လည်း အံ့သြခြင်း၊ တုန်လှုပ်ခြင်းနှင့် မျက်ထောင့်နီနီမျက်နှာကိုသာ မြင်တွေ့ရပေမည်။ သူကတော့ ခပ်အေးအေးပင်။ အေးဆေးသောလေသံဖြင့်....

"ဆရာ့ကို ကျွန်တော်ပြောချင်တာက ဒီလိုကိစ္စတွေက ကျွန်တော်တို့အတွက် ဖြေရှင်းခဲ့ရတဲ့အကြိမ်ပေါင်း မနည်းတော့ဘူး၊ ကျွန်တော်တို့က တစ်မြို့နယ်လုံးမှာရှိတဲ့ ပြဿနာပေါင်းစုံကို နေ့စဉ်နဲ့အမျှ ဖြေရှင်းနေရတာပါ၊ နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့်အဖြေမျိုးဖြစ်အောင် အမြဲစဉ်းစားရပါတယ်ဆရာ၊ ကိုယ့်ဘက်ကကြည့်ရင် ကိုယ်က မှန်နေသလို၊ သူ့ဘက်ကကြည့်ရင်လဲ သူကမှန်နေပြန်ရောလေ၊ ဒါကြောင့် နှစ်ဖက်စလုံး ပြုပြင်ရမယ့်ကိစ္စကို အရင်ပြုပြင်စေချင်တယ်၊ အဲဒီထဲမှာ အလွယ်ကူဆုံးနဲ့ အမြန်ဆုံးပြင်လို့ရမယ့်ကိစ္စကို အရင်ပြုပြင်စေပြီး အချိန်ယူပြုပြင်ရမယ့်ကိစ္စကို အချိန်ပေး ပြုပြင်စေပါတယ်ဆရာ၊ တစ်ဖက်က လိုအပ်တာတွေ ပြုပြင်ပြီးသွားရင် ကျွန်တော်တို့က ရုံးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ သတိပေးစာထုတ်ပြန်ပေးပါတယ်ဆရာ၊ ဒီကိစ္စမှာလည်း အပြင်ထွက်နေတဲ့ ခင်ဗျားတို့ရဲ့ ဘုရားစင်ကို အတွင်းထဲ ပြန်ထည့်လိုက်ပါ၊ လုပ်ပြီးတဲ့အခါ ပြီးစီးကြောင်း စာပြန်တင်ပါ၊ ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်"တဲ့။

အိမ်တိုင်းလိုလိုပင် ဘုရားစင်ကို အိမ်ပြင်သို့ ထုတ်တတ်ကြပါသည်။ အလွန်ဆုံး နှစ်ပေလောက်ပဲ အိမ်အပြင်သို့ စွန်းထွက်ပါသည်။ ဒါကို မည်သူကမျှလည်း ရေးကြီးခွင်ကျယ် "လေပေါ်ကျူးကျော်သည်" ဟု ပြောလေ့ပြောထမရှိ....

တကယ်တော့ အိမ်တိုင်းလိုလိုပင် ဘုရားစင်ကို အိမ်ပြင်သို့ ထုတ်တတ်ကြပါသည်။ အလွန်ဆုံး နှစ်ပေလောက်ပဲ အိမ်အပြင်သို့ စွန်းထွက်ပါသည်။ ဒါကို မည်သူကမျှလည်း ရေးကြီးခွင်ကျယ် "လေပေါ်ကျူးကျော်သည်"ဟု ပြောလေ့ပြောထမရှိ။ ပြောသံလည်း မကြားဖူးပါ။ ယခုမှပင် တကယ့်မဟာပညာကျော် ဥပဒေကို အရေကျိုသောက်သူနှင့်မှ လာတွေ့တော့သည်။

အမှန်တကယ် ဥပဒေကို နားလည်သူဆိုလျှင်လည်း မိမိ၏ ကျူးကျော်မှုကို အချိန်မီပြုပြင်ပေးမည်ဖြစ်သည်။ ယခုတော့ မိမိ ကျူးကျော်မှုထက် ကျွန်တော်တို့၏ လေပေါ်ကျူးကျော်မှုက ပို၍ပင် အပြစ်ကြီးသယောင် တုံ့ပြန်လာသည်။

တကယ့် ကမ္ဘာကျော်လူကပ်။

ကျွန်တော်သည် အစ်မငယ်နှင့် တိုင်ပင်၍ လေပေါ်ကျူးကျော်နေသည်ဆိုသည့် ဘုရားစင်ကို အိမ်ထဲသို့သွင်းလိုက်သည်။ ထို့နောက် လုပ်ဆောင်ပြီးစီးကြောင်း စာတစ်စောင်ရေးသား၍ မြို့နယ်စည်ပင်သို့ ပြန်လည်ပေးပို့လိုက်လေသည်။

သို့ဖြင့် တစ်လကျော်ကြာသည့်တိုင် ဘာမှူထူးခြားမှုမရှိ။

ထိုစဉ်မှာပင် အစ်မငယ်သည် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၍ ဆုံးလေသည်။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ ဝိုင်းဝန်းပြီး နာရေးကိစ္စ ဆောင်ရွက်ကြရသည်။ ကျွန်တော်တို့နှင့် သိကျွမ်းခြင်းမရှိသော အစ်မ၏ မိတ်ဆွေများလည်း တဖွဲဖွဲ လာရောက်ကြသည်။

၇ ရက်မြောက်နေ့ ရက်လည်ဆွမ်းကျွေးနေစဉ် မျက်နှာစိမ်းညှိသည်တစ်ယောက် ရောက်လာသည်။ အမျိုးသားတစ်ဦးပင်။ အစ်မ၏ မိတ်ဆွေဖြစ်ပေလိမ့်မည်။

သို့သော် မဟုတ်ပါ။ မြို့နယ်စည်ပင်ရုံးမှ တာဝန်ရှိသူတစ်ဦး။ ဒုတိယအကြိမ် ကျွန်တော်တင်ပြခဲ့သောစာ၊ လေပေါ်ကျူးကျော်ဘုရားစင်ကိစ္စ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြခဲ့သည့်စာအရ လာရောက်စစ်ဆေးခြင်းဖြစ်သည်။

ထိုသူလည်း မျက်မြင်စစ်ဆေးပြီးနောက် နှုတ်ဆက်၍ ပြန်သွားလေသည်။ ထွေထွေထူးထူး ဘာမှုတော့ မပြော။ သူက သူ၏ စစ်ဆေးချက်ကို ပြန်လည်တင်ပြရမည်မဟုတ်ပါလား။

သို့ဖြင့် တစ်လကြာသွားသည်။ ဘာမှု ထူးခြားမလာသေး။ ကျွန်တော်သည်ပင် အနီးကျူးကျော်မှုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်လာသည်။

ကျွန်တော်သည် အစ်မငယ်ဆုံးပြီးနောက် ၎င်းအိမ်သို့ ထိန်းသိမ်းစောင့်ရှောက်ရန် ပြောင်းလာရတော့သည်။ ကျွန်တော်က ရုံးဌာနမှပေးထားသည့် အဆောင်နေ လူပျိုတစ်ယောက်။

အစ်မအိမ်တွင် ကျွန်တော်နှင့်အတူ တူနှစ်ယောက်လည်း လာနေပေးသည်။ တူအကြီး သိန်းထွန်းအောင်က လည်လည်ဝယ်ဝယ်ရှိသလောက်၊ တူအငယ် မောင်ကံကောင်းက ထုထုအအဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် ညနေတိုင်း ယမကာမှိုဝဲတတ်လေသည်။ လမ်းထိပ်ထမင်းဆိုင်မှာ အမြဲအရက်ပုန်းရလေသည်။ ထို့ကြောင့် ကျွန်တော်သည် ညနေတိုင်းဝယ်ဖြစ်သည်။ ပလတ်စတစ်ထုပ်ကို ရှေ့ဗိုက်အင်္ကျီထဲထည့်၍ ခပ်တည်တည်ဖြင့် ဝယ်လာတတ်သည်။

ဒါကို သတိထားကြည့်နေသူက ကျူးကျော်သူအိမ်က ကောင်မလေး။ အသားဖြူဖြူ။ ရုပ်ကတော့ ရွက်ကြမ်းရေကျို။ ကျောက်သွေးသမလေးတစ်ယောက်။

သူက ကျွန်တော့်ကို စိတ်ဝင်စားကြောင်း သတိထားမိလာသည်။ ကျွန်တော်ကလည်း အရုပ်အမောင်းကောင်းကောင်း၊ လူညီထွား၊ ရုပ်ရည်သန့်သန့် လူချောတစ်ယောက်မို့လား။ (ပြောလို့သာ ပြောရတယ်၊ နောက်လည်း လှည့်ကြည့်ရသေး)

ထိုကောင်မလေးက ကျွန်တော့်အကြောင်းကို တူအငယ်ကောင် မောင်ကံကောင်းဆီ ကပ်၍မေးနေသည်။

> အမှန်တကယ် ဥပဒေကို နားလည်သူဆိုလျှင်လည်း
> မိမိ၏ ကျူးကျော်မှုကို အချိန်မီပြုပြင်ပေးမည်ဖြစ်သည်။
> ယခုတော့ မိမိကျူးကျော်မှုထက်
> ကျွန်တော်တို့၏ လေပေါ်ကျူးကျော်မှုက ပို၍ပင်
> အပြစ်ကြီးသယောင် တုံ့ပြန်လာသည်။

ဘယ်ရုံးမှာလုပ်တာလဲ၊ ဘာရာထူးလဲ၊ ရည်းစားရှိသလား၊ ဘာလား၊ ညာလားပေါ့လေ။

သည့်ထက်တစ်ဆင့်တက်လာသည့်အခါ အရက်ကိစ္စပါလာသည်။ မိန်းကလေးများသည် ယောကျ်ားလေးတွေ အရက်သောက်တာကို မကြိုက်။ မဆီမဆိုင် လာတားလျှင်မူ စိတ်ဝင်စားလို့ပဲဖြစ်သည်။

သို့ဖြစ်ရာ ကောင်မလေးက ကျွန်တော့်တူ မောင်ကံကောင်းကို တိုးတိုးကပ်၍မေးလာသည်။

"နှင့်ဦးလေးက နေ့တိုင်းအရက်သောက်သလား"တဲ့။

ထိုစကားကို မောင်ကံကောင်းက ပြန်ပြောပြခြင်းဖြစ်သည်။

ကျွန်တော်က....

"မင်း....ဘာပြန်ပြောလိုက်လဲ"

မောင်ကံကောင်းက...

"ဟာ....ဦးလေးကလဲ...ဒီလောက်တော့ ကျွန်တော်သိတာပေါ့၊ ကိုယ့်ဦးလေး သိက္ခာကျအောင် ဘယ်ပြောပါ့မလဲ"

"အေးပါ...ဒါဆို...မင်းဘယ်လိုပြောလိုက်လဲ"

"ကျွန်တော့်ဦးလေးက နေ့တိုင်းသောက်တဲ့သူ မဟုတ်ဘူးဗျ၊ တစ်နေ့ခြား၊ တစ်နေ့ခြားပဲ ပုံမှန်သောက်တာပါလို့ ပြောလိုက်တာပေါ့ ဦးလေးရ"

သူက အဲသလိုကောင်း။ သူပြောမှပဲ ကျွန်တော် အရက်သမားလုံးလုံးဖြစ်တော့သည်။

ဘာပဲဖြစ်ဖြစ် ကောင်မလေးသည် ကျွန်တော့်အပေါ် စိတ်ဝင်စားသည်မှာတော့ သေချာသလောက်ရှိသည်။

ကျွန်တော်ကလည်း ပိုက်ကိုလာတိုးသည့် ယုန်သူငယ်မကို ဖမ်းပြီး ရွှေလမ်း၊ ငွေလမ်းဖောက်ရလျှင် ကောင်းမည်လားဟု စိတ်ကူးကြည့်သည်။ ဒါဆို ကျူးကျော်အိမ်ကိစ္စ တစ်ပါတည်းပြီးမြောက်သွားပေမည်။

သို့သော် သူကလေးသည် အသားဖြူဖြူတာလေးတစ်ခုသာ မက်စရာရှိသည်။ မျက်နှာက ရွက်ကြမ်းရေကျိုလောက်သာရှိသည့် ကြားထဲ ပါးစပ်ပြဲက ဖျက်နေသေးသည်။ တင်နှင့်ရင်ကလည်း လီပ်ခါး ဖားဖင်။

ရှိစေတော့။ ရှိစေတော့။ ကျွန်တော့်တဝ လူပျိုကြီးသက်ရှည်လျှင်လည်း ကျေနပ်နိုင်ပါသည်။

ဆိုရသော်....ကျူးကျော်အိမ်ကိစ္စ။

ရုံးလုပ်ငန်းကို နားမလည်သော်လည်း မြို့နယ်စည်ပင်အနေဖြင့် ကြန့်ကြာနေသည်ကား အမှန်ပင်။

ကျွန်တော်ကသာ အားထည့်၍ ကြိုးစားဆောင်ရွက်သော်လည်း မြို့နယ်စည်ပင်က အေးစက်နေသလို၊ ကျူးကျော်အိမ်ကလည်း ရေခဲတုံး ဖင်ခုထိုင်ထားသည်။



နေ့စဉ် တကြော်ကြော်သီချင်းဆိုသံတွေကိုသာ ကြားနေရသည်။ ကောင်လေးတွေက သီချင်းတစ်မျိုး၊ ကောင်မလေးတွေက သီချင်းတစ်မျိုး။ ကျွန်တော့်ကိုပင် အရွဲ့တိုက် ဖောင်းမြောင်း သီချင်းဆိုနေသလားဟုပင် ထင်ရလေသည်။

သို့ဖြင့်....တစ်နေ့...။

ဆောင်းတွင်းတမနက်..။ နှင်းတွေကျနေသည့် ဝေလီဝေလင်းအချိန်။ လူလုံးမကွဲ။

ထိုမနက်က ကျွန်တော်သည် ရေအိမ်သာမှ ပြန်ထွက်လာပြီး အိမ်ထဲသို့ပြန်မဝင်ဘဲ တံတားပေါ်တွင် ရပ်နေမိသည်။ သည်မနက်မှ ဗိုက်ကလည်း ရစ်နေသည်။ မပျောက်။ ထို့ကြောင့် ထပ်၍ ဗိုက်ရစ်လျှင် အိမ်သာထဲပြန်ဝင်ရန် ရပ်နေခြင်းဖြစ်သည်။

ကျွန်တော်တို့အိမ်သာသည် အိမ်အပြင်မှာရှိပြီး တံတားမှ လျှောက်သွားရသည်။

ကျွန်တော်သည် အိမ်သာအဝ တံတားပေါ်တွင်ရပ်ရင်း ကျူးကျော်အိမ်ဘက်သို့ ကြည့်နေမိသည်။

ထိုစဉ် ကျူးကျော်အိမ်နောက်ဖေးတွင် ကျွန်တော့်ကို စိတ်ဝင်စားနေသည့် ကောင်မလေးနှင့် ကောင်မလေး သုံးလေးယောက် (သူ့အစ်မနှင့် ညီမများဖြစ်နိုင်သည်) မီးလှုံနေကြသည်ကို တွေ့ရသည်။

ကျွန်တော်ကလည်း ဘာရယ်မဟုတ်။ သူတို့ မီးလှုံနေတာကို ရပ်၍ကြည့်နေမိသည်။

သည်မှာပင် ကောင်မလေးတစ်သိုက်သည် "အံမယ်လေး" ဟု အော်သံကြားလိုက်ရပြီး အိမ်ပေါ်သို့ "ဝုန်း" ခနဲ ပြေးတက်သွားကြသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်ကတော့ ဘာမှန်းမသိလိုက်။ ခေတ္တရပ်နေရာမှ ဗိုက်မရစ်တော့သဖြင့် အိမ်ထဲသို့ဝင်ခဲ့လေသည်။

နောက်နေ့တွင် အဲ့ဒီကောင်မလေးနှင့် ကျွန်တော် လမ်းမှာဆုံမိသည်။ သူကပင် စကားစ၍ပြောသည်။

"ခင်ဗျား အစ်မကြီးက မကျွတ်သေးဘူးနော်"

"ဟုတ်လား...ဘာတွေ့လို့လဲ...အိပ်မက်ပေးလို့လား"

တစ်ချို့က အိပ်မက်ပေးပြီး ပြောတတ်သည်ဟုလည်း ကြားဖူးသည်။ ကားတိုက်သေဆုံးသွားသော အသိတစ်ယောက်က သူသေဆုံးသည့် ကားမှတ်တိုင်ရောက်လျှင် အမျှပေးပေးပါဟု ဇနီးဖြစ်သူကို အိပ်မက်ပေးဖူးသည်။

အစ်မ ကွယ်လွန်ပြီး သုံးလေးရက်အကြာတွင် သူ့ အလွန်ခင်မင်ရင်းနှီးသူတစ်ဦးကို အိပ်မက်ပေးသည်ဟု ပြန်ပြောပြသည်။

"ညီမအိမ်မှာ အစ်မနေပါရစေ၊ နေခွင့်ပြုပါ"တဲ့။

အိပ်မက်ထဲမှာပင် အစ်မသူငယ်ချင်းက.... "ကျွန်မတို့အိမ်မှာ မိသားစုတွေများလို့ အစ်မနေနိုင်မှာ မဟုတ်ဘူး၊ မနေပါနဲ့ အစ်မရယ်"ဟု ပြန်ပြောလိုက်သည်တဲ့။ အမှန်မှာ သူသည် ကလေးမရနိုင်တော့သည့်သူ ဖြစ်နေသောကြောင့်ပင်။ ကလေးရနိုင်သူဆိုလျှင် လူဝင်စားတတ်လေသည်။ ရှိလည်း ရှိခဲ့ဖူးကြသည်။

"အင်း...ပြောပါဦး၊ ဘာတွေ့လို့လဲ"

ကောင်မလေးက တွေသွားသည်။ ပြောသင့် မပြောသင့် စဉ်းစားမိပုံရသည်။ ပြီးမှ–

"ခင်ဗျား အစ်မကြီးကို ခုနစ်ရက်လည်ပြီး ကတည်းက မနက်တိုင်း အိမ်သာတံတားပေါ်မှာ သွားနေတာ တွေ့တယ်၊ ဟိုနေ့မနက်ကတော့ ထင်ထင်ရှားရှားပဲ၊ သူဝတ်နေကျ ရုပ်အင်္ကျီအဖြူ ကွက်နဲ့ ကျွန်မတို့ မီးလှုံနေတာကို စိုက်ကြည့်နေတာရှင်၊ အဲဒါကြောင့် ကျွန်မတို့ညီအစ်မလည်း အိမ်ပေါ်တက်ပြေးကြတာလေ၊ အမယ်လေး.. ပြောရင်းတောင် ကြက်သီးထတယ်"



ကောင်မလေးက ကြက်သီးထဟန်ပါ လုပ်ပြသည်။

"ဟား...ဟား...အဲဒါ အစ်မ မဟုတ်ဘူး၊ ကျွန်တော်ဗျ၊ အစ်မ အင်္ကျီကို ကျွန်တော်ဝတ်ထားတာ"ဟု ပြောမည့်လုပ်ပြီးမှ ဦးနှောက်ထဲသို့ ရုတ်တရက်ဝင်လာသည့်အတွေးတစ်ခုကြောင့် ဆွံ့အသွားသည့် ကျွန်တော်....။

မမျှော်လင့်ဘဲ ရရှိလာသည့်အကွက်ကောင်း၊ အခွင့်ရေးကောင်းပင်။ ဆုပ်မိသည်ကို လွှတ်၍မဖြစ်။

"ဟုတ်တယ်၊ အစ်မက ခင်ဗျားတို့မိသားစုကို လုံးဝကျေနပ်တာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ မသေခင် စည်ပင်မှာတောင် တိုင်ထားခဲ့တာ"

"သူက ကျူးကျော်တဲ့အိမ်အပေါ်မှာ စွဲနေတာ၊ အိမ်မပြင်ပေးသရွေ့ ကျွတ်မှာလည်းမဟုတ်ဘူး၊ မကျွတ်ရင် ခင်ဗျားတို့ မိသားစုကိုလည်း အမျိုးမျိုးခြောက်လှန့်ပြီး ဒုက္ခပေးနေဦးမှာပဲ"

ကျွန်တော်က ထင်ရာမြင်ရာစကားလုံးများဖြင့် ကောင်မလေး ကြောက်လန့်အောင် ကျဲကူးရေပါ ရောတုပ်လေတော့သည်။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ကျွန်မတို့ညီအစ်မလည်း သိပ်ကြောက်နေကြတယ်၊ အခု နောက်ဖေးထွက်ပြီး မီးမလှုံရဲတာပဲ ကြည့်တော့၊ ညီအစ်မတွေ ပူးအိပ်ပြီး စောင်နဲ့ပဲ ကွေးနေရတယ်၊ အဲဒါ အမေ့ကိုလည်း ပိုင်းပြောကြလို့ ဒီနေ့ပဲ အိမ်ပြင်မလို့ လက်သမားတွေသွားခေါ်နေပြီ၊ တစ်ခါတည်း ကိုင်တွေလည်းဝယ်မယ်၊ အင်းလေ...မပြင်ချင်လို့ စည်ပင်ကိုပြောလို့ရရင်ရမယ်၊ တဖွတ်ထိုးရှင့်အစ်မကြီးတော့ ပြောရမယ် မထင်တော့ဘူးဗျို့...ကဲ...သွားပြီ"

ကောင်မလေးက နှုတ်ဆက်ပြီး မရှိမဲ့...ရှိမဲ့ သူ့ကိုယ်လုံးလေးကို ခါးရမ်းကာ ထွက်သွားလေသည်။

သူ့ကိုကြည့်ရင်း ကျွန်တော်ပြုံးမိသည်။ အပြုံးထဲတွင် အဓိပ္ပာယ်တွေရှိသည်။

အစ်မငယ် ရက်လည်ဆွမ်းကျွေးသည့်နေ့...။ သေတ္တာကိုဖွင့်၍ အဝတ်အစားများကိုရှင်းသည်။ အမျိုးသမီးဝတ်အင်္ကျီ အနည်းငယ်နှင့် ထဘီများက တစ်ထပ်။ ယောကျ်ားဝတ် ရုပ်အင်္ကျီများက တစ်ထပ်။ အဖြူရောင်ဖျော့ဖျော့နှင့် အရည်အသွေးကောင်းသည့် အကွက်ဆင်များ။

ကျွန်တော့်အစ်မကြီးများက အမျိုးသမီးဝတ်အင်္ကျီနှင့် ထဘီများကို မဲဖောက်ခွဲယူကြပြီး ရုပ်အင်္ကျီများကိုမူ ကျွန်တော့်အတွက် ထားခဲ့သည်။ ထိုအချိန်မှစပြီး ကျွန်တော်သည်လည်း အစ်မငယ်၏ အင်္ကျီများကို တစ်ထည်ပြီးတစ်ထည် အဆင်မထပ်အောင် နွှဲလေတော့သည်။

ထိုနေ့က ကောင်မလေးအုပ်စု မီးလှုံရင်း ကြောက်လန့်ပြေးကြသည်မှာ ကျွန်တော်ဝတ်ထားသော အစ်မငယ်၏ ရုပ်အင်္ကျီတစ်ထည်ကြောင့်ပင်။

ကောင်မလေး၏ ပြောစကားမှန်ပါသည်။

နေ့လယ်ပိုင်းတွင် လက်သမားအုပ်စုရောက်လာပြီး အိမ်ပြင်နေသည်ကို တွေ့ရသည်။

နောက်နေ့တွင်မူ ခေါင်ထပ်ချုံပိနေသည့် သူတို့အိမ်ကလေးသည် တည့်မတ်လျက်၊ သန့်ရှင်းသပ်ရပ်စွာ တည်ရှိနေသည်ကို တွေ့ရလေသည်။

ဪ....အစိုးရအာဏာစက်ထက် အစွမ်းထက်သည့် ရုပ်အင်္ကျီလေးပါလားနော်။

(သူတို့အိမ်ပြင်ပြီး သုံးလေးရက်အကြာတွင် မြို့နယ်စည်ပင်သာယာရေးရုံးကလည်း အိမ်ပြင်ပေးရန်နှင့် ပြင်ဆင်မပေးပါက အရေးယူဆောင်ရွက်မည်ဆိုသည့် နို့တစ်စာတစ်စောင်လည်း ရောက်ရှိလာကြောင်း အိမ်ရှင်ကောင်မလေးပြောပြ၍ သိရှိရပါသည်၊ စကားချပ်)

**ချမ်းမြဲအောင်**

# CITY CARTOON



# ယနေ့စက်မှုလယ်ယာ

❒ ကျွဲ နွား ထွန်ယက် ခေတ်ဆက်ဆက်မှ
ထွန်စက်နှင့်မောင်း ထယ်ရေးကောင်းမို့
ခေတ်ဟောင်းစနစ် တွန်းလှန်ပစ်၍
သည့်ခေတ်စက်မှုလယ်ယာ ထွန်ယက်ပါမှ
ပဲ ဂျုံ စပါး သီးနှံများတို့
ကြီးမားရင့်သန် အဖြစ်မှန်၌
ပြည်မြန်မာတွက် ကောင်းမွေဆက်မို့
စိတ်လက်ကြည်သာ ပီတိဖြာ၍
ပြည်ရွာကျိုးပြု အစုစုနှင့်
စက်မှုလယ်ယာ ရှက်နဖြာသို့
မှန်စွာတည်ရှိခဲ့ပါသည်။

❒ မြေယာပြုပြင် လယ်ကွင်းပြင်လည်း
ရွှေစင်စပါး စိုက်ပျိုးထား၍
လုပ်သားတစ်သိုက် မပါလိုက်နှင့်
ကောက်စိုက်စက်နှင့် စိုက်ခဲ့သည်။


❒ စပါးရိတ်စဉ် ဟိုယခင်သို့
တံစဉ်မတွေ့ သည်ယနေ့၌
ခြွေလှေ့စက်တွေ သုံးစွဲနေပြီ
အညာမြေက တမာဝေတဲ့
အဖေ အမေတို့ရွာ။

❒ ဩော်.....စက်မှုလယ်ယာ တီထွင်ရှာမှ
ရွှေဝါစပါး သီးနှံများတို့
အားပါးတရ ထွက်တိုးကြမှ/လို့
ဘဝသာယာ အလှဖြာမို့
ကြည်သာပျော်မွေ့ စိတ်ချမ်းမြေ့သည်
ယနေ့စက်မှုလယ်ယာ ဖြစ်သတည်း။ ။

တမာသင်းနိုင်(စက်မှုလယ်ယာ)



ကျွန်တော် သူ့ကိုအကဲခတ်မိတာ ကြာပြီဖြစ်သည်။ မှတ်မှတ်ရရ တစ်နှစ်ကျော်ပြီဖြစ်သည်။ သူ့အမည်က ထိုက်စိုး။ ကျွန်တော်တို့နေထိုင်ရာရပ်ကွက်၏ သန့်ရှင်းရေးလုပ်သားဆိုလျှင်ပိုမှန်မည်။ နံနက်တိုင်း မြို့တော်စည်ပင်အမှိုက်သိမ်းကားလာနေကြ။ "ကလောင်--ကလောင်-- ကလောင်" ခေါင်းလောင်းသံဖြင့်အတူ ထိုက်စိုးကိုတွေ့ရစမြဲ။ သူက သဘောလည်းကောင်းသည်။ အမြဲတမ်းပြုံးရွှင်စွာနေတတ်သူဖြစ်သည်ကို ကျွန်တော်သတိထားမိသည်။ အမှိုက်သိမ်းကားလာတိုင်း ကျွန်တော် သူ့ကိုသတိပြုမိသည်။



# ဦးမာဃ နဲ့ ဒေါ်ပါရမီ

မင်းဝင်းထွန်း | ဆွ |

“အစ်မ အမှိုက်အစိုတွေ ဒီကိုပေးပါ အစ်မ၊ အမှိုက်အခြောက်တွေက ဒီဘက်နော်”

“အစ်မ လက်မသန့်လို့ – – –”

“နေ––နေပါအစ်မ၊ ကျွန်တော်ဆင်းလာခဲ့ပါ့မယ် ”

ထိုက်စိုး အမှိုက်သိမ်းကားပေါ်မှ ခုန်ချပြေးဆင်းပြီး အမှိုက်ထုတ်များကို ကားပေါ်သို့ပစ်တင်သည်။ အမှိုက်ပစ်သူများက မိမိအမှိုက်စွန့်ပစ်ပစ္စည်းများအနံ့ကို မခံနိုင်ကြ။ နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲကာ ပေးတတ်ကြသည်။ ထိုက်စိုးမှာတော့ နှာခေါင်းစည်း ခပ်နွမ်းနွမ်းလေးဖြင့် လာသမျှ အမှိုက်များကို မရွံမရှာ သိမ်းပေးသည်။ အမှိုက်ဆိုသည်က အမျိုးအစားစုံသည်။ ကျွန်တော်တို့နေထိုင်သည်မှာ ဆင်ခြေပုန်းမဟုတ်။ သူဌေးများနေထိုင်သော လုံးချင်းအိမ်များနှင့်မဟုတ်ပြန်။ လူနေတိုက်ခန်းများစွာဖြင့် အထပ်မြင့်တိုက်ခန်းများပင် ဖြစ်သည်။ အထပ်မြင့်တိုက်ခန်းနေထိုင်သော ကျွန်တော်တို့သည် အမှိုက်များကို အိမ်နောက်ဖေး မီးဖိုချောင်မှာသာထားရသည်။ အိမ်ရှေ့ဧည့်ခန်းတွင်လည်းထား၍မရ။ ဒါကြောင့် နေ့စဉ်တိုင်း မနက်အမှိုက်ကားလာတော့မည့် ရေးပြေးခေါင်းလောင်းခေါက်သံကိုသာ နားစွင့်နေရသည်။ အမှိုက်များက အမယ်စုံသည်၊ သားငါးများ၏ စွန့်ပစ်ပစ္စည်းများ၊ ဟင်းရွက်ကန်စွန်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ ဆီများပေကျံနေသော ကျွတ်ကျွတ်အိတ်အမှိုက်များ ယုတ်စွအဆုံး အမျိုးသမီးအသုံးအဆောင်များပါ ပါရှိပြန်သည်။ ဒါကို အမှိုက်စိုဟုသတ်မှတ်သည်။

အသင့်စားပုလင်း၊ ဗူး၊ စက္ကူ ပလတ်စတစ်အိတ်များ၊ အိမ်တွင်းအသုံးမလိုတော့သည့် အသုံးအဆောင်ပစ္စည်းအဟောင်းများ၊ သစ်ရွက်သစ်ခက်များ အဝတ်အစားအဟောင်းများ ဒါကိုတော့ အမှိုက်ခြောက်ဟုသတ်မှတ်သည်။ ဒါကြောင့်လည်း စည်ပင်အမှိုက်သိမ်းသူများက အမှိုက်စို၊ အမှိုက်ခြောက်ဟု သတ်မှတ်ထားလေသည်။ ဒါကို အမှိုက်စွန့်ပစ်မည့်သူများကလည်း နားလည်ရမည်ဖြစ်သည်။ တချို့က ဈေးသောဖောသော လုံးချော့ထိုး ထည့်ထားတတ်ကြသည်။ ဒါမျိုးဆို –––

“အမေတို့ အဒေါ်တို့ခင်ဗျား အမှိုက်အစိုတွေနဲ့ အမှိုက်ခြောက်တွေကို တစ်ထုတ်စီထားနော်၊ ကျွန်တော်တို့သိမ်းရတာလည်း လွယ်တာပေါ့၊ အမေတို့လည်း အခုလို ရောထွေးထားရင် အနံ့အသက်ဆိုးတွေကို မခံရတော့ဘူးလေ”

**အထပ်မြင့်တိုက်ခန်းနေထိုင်သော ကျွန်တော်တို့သည်**
**အမှိုက်များကို အိမ်နောက်ဖေးမီးဖိုချောင်မှာသာထားရသည်။**
**အိမ်ရှေ့ဧည့်ခန်းတွင်လည်းထား၍မရ။ ဒါကြောင့်**
**နေ့စဉ်တိုင်း မနက်အမှိုက်ကားလာတော့မည့်**
**ရေးပြေးခေါင်းလောင်းခေါက်သံကိုသာ နားစွင့်နေရသည်။**

“အောင်မလေးတော်––အမှိုက်ပဲ အတူတူပဲဟာကို –––”

ထိုသို့ ဆင်ခြေပေးတတ်သော လူများလည်းတွေ့ရပြန်သည်။ တစ်ချို့က မိမိအမှိုက်ကိုတောင် မိမိအနံ့မခံဘဲ၊ နှာခေါင်းပိတ် မျက်နှာရှုံ့မဲ့နေပြီး အမှိုက်သိမ်းလုပ်သားကို မတူသလိုမတန်သလို အပြုအမူကိုလည်းတွေ့ရပြန်သည်။ အမှိုက်သိမ်းလုပ်သားဆိုသည်က အများမလိုချင် စွန့်ပစ်သော အညစ်အကြေးအမှိုက်များကို သိမ်းဆည်းရပြီး ထိတွေ့နေသည်က စွန့်ပစ်အမှိုက်များပင်ဖြစ်သည်။ ဒါတွေကို ကိုင်တွယ်နေရသောကြောင့် သူ့ခန္ဓာကိုယ်မှ အနံ့ပေါင်းစုံရှိသည်က အမှန်ပင်၊ ဒါကို အမှိုက်ပစ်သူအချို့က အနားမကပ်ဘဲ အဝေးမှ နှာခေါင်းရှုံ့နေကြသည်က တရားကျစရာပင်ဖြစ်သည်။ ကျွန်တော်ကတော့ ရုံးမသွားခင် နံနက်စောစော အမှိုက်သိမ်းစည်ပင်ကားကို နေ့စဉ်ကြုံတွေ့ နေ့စဉ်အမှိုက်ပစ်သောတာဝန်ကို ယူထားရသောကြောင့် နေ့စဉ်တွေ့နေရခြင်းဟုဆိုနိုင်သည်။ ပြီးတော့ စည်ပင်အင်္ကျီအနီလေးဖြင့် ထိုက်စိုးကို သတိထားမိနေခဲ့သည် မဟုတ်ပါလား။

“မောင်ထိုက်စိုး––လာထိုင်လေကွာ၊ ဘာသောက်မလဲ –––”

“ဟာ– – ဆရာ နေ နေပါစေဆရာ ကျွန်တော်––––”

“ဒါ ရှုံစရာမှမဟုတ်တာ မောင်ထိုက်စိုးရယ် ၊ ဟိုအပြင်က ထိုင်ခုံလေးမှာ ထိုင်ကြတာပေါ့”

ကျွန်တော်ကပြောပြောဆိုဆို လက်ဖက်ရည်ဆိုင်အပြင်ဘက် ထိုင်ခုံလေးသို့ နေရာယူလိုက်ပါသည်။ ထိုက်စိုးလည်း မနေသာတော့၊ ကျွန်တော့်အရှေ့ ထိုင်ခုံလေးတွင် ထိုင်လိုက်ပါသည်။

“လက်ဖက်ရည်ဆို ရပါတယ် ဆရာ”

ကျွန်တော်နှင့်ထိုက်စိုးက နေ့စဉ်မျက်မှန်းတမ်းမိနေပြီဖြစ်သည်။ ကျွန်တော်တို့ တိုက်ကန်းလျှား အရှေ့ရောက်တိုင်း ခေါင်းလောင်းခေါက်ပြီး တိုက်ပေါ်မှ အမှိုက်ပစ်ရန်ဆင်းလာသူများကို စောင့်စမြဲ။

“ဆရာ မောသွားပြီထင်တယ်၊ အဲဒီမှာ ထားပါဆရာ ကျွန်တော်ပစ်တင်လိုက်

ပါမယ်"

"အေးကွာ၊ တိုက်ခန်းပေါ်က ပြေးဆင်းရတာ မောတာတော့အမှန်ပဲ ထိုက်စိုးရေ"

အခုလည်း ထိုက်စိုးတို့ စည်ပင်သာယာအဖွဲ့က ကျွန်တော်တို့ရပ်ကွက်ရှိ အိမ်ရှေ့ပလက်ဖောင်းမြောင်းများကို အမှိုက်များဖော်နေကြပြီဖြစ်သည်။ ရေဆိုးမြောင်းများဖြစ်တာကြောင့် ရေစီးရေလာမကောင်းတော့။ မြောင်းများအတွင်း ပုလင်းခွံ၊ ကော်ဖူးအခွံ၊ ကျွတ်ကျွတ်အိတ်များကို ပြည့်လျှံနေသည်မဟုတ်ပါလား။ စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် မြို့တော်ရှိ ရေမြောင်းများပိတ်သည်ကနေ့စဉ်နှင့်အမျှ။ ဒါကို စည်ပင်သာယာက အမြဲတမ်းလိုလို မြောင်းဖော်ပေးနေရခြင်းဖြစ်သည်။ အခုလည်း မိုးရာသီမရောက်ခင် စည်ပင်သာယာက ရပ်ကွက်လိုက် မြောင်းများကို လိုက်လံဖော်နေပြီဖြစ်သည်။ ထိုက်စိုးတစ်ကိုယ်လုံးလည်း မြောင်းအတွင်းက ရွှံ့ပုတ်ရောင်အညစ်အကြေးများက ပေကျံနေသည်။ ဒါကြောင့်လည်း လက်ဖက်ရည်သောက်ရန် ကျွန်တော် ခေါ်သည်ကို အားနာနေပုံရသည်။

"ကျွန်တော့်ကိုယ်မှာ–––"

ရပါတယ်ကွာ–––ဆရာ မရွံ့ပါဘူး၊ သောက် မောင်ထိုက်စိုး မုန့်ပါစားကွာ"

ကျွန်တော်က အားနာနေသော ထိုက်စိုးကို စကားစလိုက်ပါသည်။ ဒါကို ထိုက်စိုး ပိုအားနာသွားပုံရသည်။ ပြီးမှ–

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော်တို့ စည်ပင်အောက်ခြေဝန်ထမ်းတွေကို အခုလို ဆရာတို့က ဖော်ဖော်ရွေရွေရှိလို့ ကျေးဇူးပါ"

"ဆရာလည်း နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပါ၊ တာဝန်ကိုယ်စီကို နားလည်ပါတယ်၊ သူ့တာဝန်သူကျေပွန်တဲ့ ဝန်ထမ်းတစ်ယောက်ကို ဘာကို အထင်သေးရမှာလဲ မောင်ထိုက်စိုးရဲ့"

"ဩော်–––ဆရာ ကျွန်တော်တို့ အလုပ်က နေ့စဉ် စွန့်ပစ်အညစ်အကြေးတွေ ကိုင်တွယ်နေရတာမဟုတ်လား၊ ဆရာတို့ကို အားနာလို့ပါ"

ထိုက်စိုးစကားက မြန်မာမှုအလေ့အကျင့်ကို လေးစားသူဖြစ်ကြောင်း တွေ့လိုက်ရသည်။

"ဒါကြောင့်လည်း ကျွန်တော်တို့ အလုပ်က အောက်ဆုံးအလုပ်ပါ၊ ညစ်ပတ်ပေရေနေတဲ့ အလုပ်ဖြစ်တာကြောင့် ကျန်တဲ့သူတွေကို ကျွန်တော်တို့ကိုယ်က အနံ့အသက်ဆိုးတွေ မရှုရှိုက်စေချင်ဘူးဆရာ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ကျွန်တော့်အလုပ်မှာပျော်ပါတယ်"

ထိုက်စိုးစကားကိုကျွန်တော်အလေးအနက် နားထောင်မိပါသည်။

"ကျွန်တော့်အလုပ်မှာ ကျွန်တော်ပျော်တယ်"

ဟုတ်ပါသည်။

သူ့အတွင်းစိတ်အမှန်က မျက်နှာတွင်ပေါ်နေပါသည်။ သူ့တွင်ပြုံးနေသည်က သက်သေ။

"ကျေးဇူးပါဆရာ၊ ကျွန်တော် အလုပ်သွားလုပ်လိုက်ဦးမယ်ဆရာ"

ထိုက်စိုး ကျွန်တော့်အနားမှထွက်ခွာပြီး တိုက်အရှေ့ရှိ ပလက်ဖောင်း ကွန်ကရစ်ပြားများကို ဖယ်ရှားပြီး စည်ပင်လုပ်သားများဖြင့်အတူ မြောင်းထဲဆင်းပြီး အမှိုက်များကို ကော်တင်ဖယ်ရှားနေပြီ ဖြစ်သည်။

❖ ❖ ❖ ❖ ❖

ထိုက်စိုးက ကျွန်တော်တို့ရပ်ကွက်ရှိ ဈေးအနီး ဈေးစည်ပင်ရုံး၏ ဝန်ထမ်းတန်းလျားတွင် မိသားစုဖြင့်အတူနေထိုင်သည်။ တန်းလျားဆိုသော်လည်း အကောင်းကြီးမဟုတ်၊ အခန်းကလေးကျဉ်းကျဉ်း၊ တစ်ကိုယ်စာနေထိုင်ရန် ဆောက်လုပ်ထားပုံရသည်။ မိသားစုဖြင့်နေထိုင်ရသောကြောင့် အခန်းက အဆင်မပြေ၊ ဒါကြောင့်လည်း ဘေးဘယ်ညာသို့ အဖီဆွဲထားသည်က မသေမသပ်၊ အဆောက်အဦးက အင်္ဂလိပ်ခေတ်ထဲက ဆောက်ထားသည့် တန်းလျားဖြစ်သည်။ အခန်းကကျဉ်းကျဉ်း ဈေးစောင့်တစ်ယောက်နေရုံသာ အစောင့်နေထိုင်ရန်ထားခဲ့သည့်ပုံစံဟု ကျွန်တော်ထင်မိသည်။ အခုတော့ ထိုက်စိုးတို့လို စည်ပင်အောက်ခြေဝန်ထမ်း သုံးလေးယောက် မိသားစုက ကြပ်ကြပ်တည်းတည်း နေနေပုံရသည်။ ကျွန်တော်တို့ဈေးသည် မြို့တော်ရပ်ကွက်ဖြစ်သော်လည်း ဟိုကထဲက ဒီနေရာသည် ဈေးအဖြစ်သတ်မှတ်လာသည်မှာ ကြာပြီမဟုတ်ပါလား။

စည်ပင်လုပ်သား ထိုက်စိုးကို ကျွန်တော် သတိထားမိသည်။ ရပ်ကွက်ရှိ မိသားစုများကလည်းခင်မင်နေပြီဖြစ်သည်။ စည်ပင်အားလပ်ချိန်များတွင် စွန့်ပစ်ပစ္စည်း

**ကျွန်တော်တို့ အလုပ်က အောက်ဆုံးအလုပ်ပါ၊**
**ညစ်ပတ်ပေရေနေတဲ့ အလုပ်ဖြစ်တာကြောင့်**
**ကျန်တဲ့ သူတွေကိုကျွန်တော်တို့ကိုယ်က အနံ့အသက်ဆိုးတွေ**
**မရှုရှိုက်စေချင်ဘူးဆရာ၊ ဒါပေမဲ့ ကျွန်တော်ကတော့**
**ကျွန်တော့်အလုပ်မှာပျော်ပါတယ်....**

များဖြစ်ကြသော ရေသန့်ဗူးအခွံများ၊ အချိုရည်ဗူးအခွံများနှင့် အခြားကော်သတ္တု ဒန်စွန့်ပစ်ပစ္စည်းများကို အမှိုက်ထဲမှ ရွေးထုတ်ပြီး ပြန်လည်ဝယ်ယူသည့်ဆိုင်များသို့ အပိုဝင်ငွေရအောင် ပြန်ရောင်းချသည်ကို တွေ့လိုက်ရသည်။ ထိုက်စိုးမရှက်ပါ၊ ဒါသည် သမာအာဇီဝအလုပ်ဖြစ်ကြောင်း သူသိထားပုံရသည်။ ဒါ့အပြင် ရပ်ကွက်တွင်းရှိ ရေပိုက်များ၊ မိလ္လာပိုက်များ ပျက်စီးယိုယွင်းနေပါက ထိုက်စိုးမှာ ဘယ်သူခေါ်ခေါ် မငြင်းမရှာ လုပ်ကိုင်ပေးပြန်သည်။ အခကြေးငွေကို မပြော။ စေတနာရှိသလောက် ပေးပါဟုသာ ထိုက်စိုးပြောသည်။

"ကျွန်တော်က အတန်းပညာ နည်းပါးပါတယ်ဆရာ၊ ပြီးတော့ အများကြီးလည်း သူများလို မလျှိုနိုင်ဘူးလေ၊ ဒါကြောင့် သူများမကိုင်ချင်တဲ့ အညစ်အကြေးတွေကို ကျွန်တော်နေ့စဉ်သိမ်းဆည်းပေးတာ ကုသိုလ် နေ့စဉ်ပြုနေတာလို့ မှတ်ယူပါတယ်"

"ကျွန်တော်မရှုံပါဘူးဆရာ၊ ပြီးတော့ ကျွန်တော့်အလုပ်မှာ ကျွန်တော်ပျော်တယ်ဆရာ"

ထိုက်စိုး သူ့မိသားစုကို သူ၏ဖြူစင်သော ချွေးနည်းစာလေးဖြင့် ရှာဖွေကျွေးမွေးနေသည်က လေးစားချင်စရာ။

❖ ❖ ❖ ❖ ❖

အရေးအခင်းက တစ်မြို့လုံးရှိ လမ်းများပေါ်တွင် ဆန္ဒပြနေပြီဖြစ်သည်။

အစိုးရရုံးဌာနများလည်း ပိတ်ကုန်ပြီဖြစ်၏။ ကျွန်တော်လည်း အလုပ်မဆင်းရဲတော့။ အလုပ်ရုံများပိတ်ထားလိုက်ပြီဖြစ်သည်။

ဆန္ဒပြပွဲများက နေ့စဉ်ဆက်တိုက်ဖြစ်လာသည်။ လမ်းပေါ်တွင် လူအုပ်ကြီးက များပန်းခပ်လျက်။ လူတန်းကြီးမှာ ကြည့်မျှော်မဆုံး။ ထိုလူအုပ်ကြီးဖြင့်အတူ စွန့်ပစ်အမှိုက်များကလည်း လမ်းမထက်တွင် တောင်ပုံယာပုံ ပြန့်ကျဲနေပြီဖြစ်သည်။

ရေသန့်ဗူးခွံများ၊ ဖော့ထမင်းဗူးခွံများနှင့် ကျွတ်ကျွတ်အိတ်များက နေရာအနှံ့အပြားတွင် သိမ်းဆည်းသူမဲ့နေပြီဖြစ်သည်။

တစ်ရက်မဟုတ်

နှစ်ရက်မဟုတ်

သုံးရက်မဟုတ်။

နေ့စဉ်ရက်ဆက်များပြားလာသော စွန့်ပစ်အမှိုက်များက ပို၍ပို၍ များပြားလာသည်။ ရပ်ကွက်လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားတို့တွင် အမှိုက်များက မြင်မကောင်း ရှုမကောင်း။ တိုက်ခန်းတွဲပေါ်မှ စိတ်မချမ်းသာဖွယ်ရာ ကျွန်တော် မြင်တွေ့နေရပြီဖြစ်သည်။

ထို့အပြင် မိမိအိမ်ရှိ နေ့စဉ်စွန့်ပစ်သော စွန့်ပစ်အမှိုက်များက ဘယ်ဆီသို့ပစ်ရမှန်းမသိ။ သိမ်းဆည်းသူလည်းမလာ။ တစ်ချို့သူများက လမ်းဆုံလမ်းမနှင့် တိုက်တန်းလျား အစွန်းအဖျားတို့တွင် မသိမသာ အမှိုက်များကိုစွန့်ပစ်သွားကြသည်။ထိုအမှိုက်ပုံ၏ အနံ့အသက်ဆိုးများက ပတ်ဝန်းကျင်ကို ထိခိုက်သည်ကအမှန်။ သို့သော် ဘယ်သူကမှမပြောရဲ။ အိမ်နောက်ဖေး လမ်းကြားထဲတွင်လည်း အမှိုက်ထုတ်များ ဟိုတစ်ထုတ် သည်တစ်စု တွေ့ရပြန်သည်။

"ယောက်ျားရေ အမှိုက်ထုတ်ကို ရပ်ကွက်ကောင်စီရုံးနားက အမှိုက်ပုံကို သွားပစ်လိုက်မယ်"

"နေပါဦး မိန်းမရယ်၊ ကောင်စီရုံးအနားမှာ အမှိုက်ပုံမရှိပါဘူး ငါမတွေ့မိပါဘူးကွာ"

"သွားကြည့်ဦးတော်ရေ၊ အမှိုက်ပုံကြီးကိုဟီးလို့ အခုအမှိုက်ပစ်တဲ့သူတွေက အဲဒီမှာသွားပစ်ကြတာ ရှင် အိမ်ပေါ်မှာပဲနေပြီး အပြင်ကိုထွက်ကြည့်ဦးတော် - -"

ကျွန်တော် ဆွံ့အသွားရသည်။ ကောင်စီရုံးအနား အမှိုက်ပုံကြီးက ဟီးနေပြီဟု ဇနီးသည်ပြောသည်ကို ကျွန်တော်မယုံခဲ့။ တိုက်ပေါ်ကဆင်းပြီး ကိုယ်တိုင်သွားကြည့်မှ အမှန်တကယ်ပင်ဖြစ်သည်။



**ကျွန်တော် မနေတတ်ဘူးဆရာ၊ အလုပ်မလုပ်ရလို့ မနေတတ်တာထက်၊ ဒီရပ်ကွက်အတွင်း အမှိုက်တွေပုံနေတာကို စိတ်မချမ်းသာဘူးဆရာ၊ ဒါကြောင့် ကျွန်တော် ထွက်လာတာပါ.....**

နှာခေါင်းကိုအမြန်လက်ဖြင့်အုပ်ပြီး မိမိနေထိုင်ရာသို့ပြေးလာခဲ့ရသည်။

"အိမ်က အမှိုက်တွေတော့ မပစ်ပါနဲ့ မိန်းမရယ်"

"မပစ်လို့ ဘယ်မှာထားမှာလည်း ရှင့်ခေါင်းပေါ်တင်ထားမလို့လား"

"ဟာ—ဒီမိန်းမ – – – –"

ထိုအချိန်တွင် လက်တွန်းလှည်းလေးကို တွန်း၍ အမှိုက်များသိမ်းဆည်းနေသည့် ထိုက်စိုးကို တိုက်ပေါ်မှ ကျွန်တော်တွေ့လိုက်ရသည်။

အမှိုက်ထုတ်ကိုဆွဲပြီး ဝမ်းသာအားရ တိုက်အောက်သို့ ကျွန်တော်ပြေးဆင်းလာခဲ့သည်။

"မောင်ထိုက်စိုး ကျေးဇူးပါ၊ အမှိုက်ဘယ်မှာပစ်ရမှန်းမသိဖြစ်နေတာနဲ့ အတော်ပဲကွာ"

"ဟုတ်ကဲ့ဆရာ အမှိုက်ထုတ်ပေးပါဆရာ"

"ဒါနဲ့ အမှိုက်တွေ ဘယ်မှာပစ်လည်း မောင်ထိုက်စိုး"

"လမ်းမကြီး အနောက်ဘက် ဘောလုံးကွင်းမှာ ကျွန်တော်တို့ စည်ပင်အမှိုက်ကားတွေ ရှိတယ်ဆရာ၊ အဲဒီကားပေါ်ကို သွားထားရတာပေါ့"

ဟုတ်ပေသည်။

ကျွန်တော်က ကောင်စီရုံးနားပုံထားသလားဟု အတွေးချော်စွာ မမေးမိလိုက်သည်က ကံကောင်းသည်။ လမ်းမပေါ်တွင် ဆန္ဒပြလှုပ်ရှားသည့် လူအုပ်ကြီးများပြည့်နက်နေသောကြောင့် အမှိုက်သိမ်း စည်ပင်ကားများလည်း မသွားရဲသည်ကို သဘောပေါက်လိုက်သည်။ အခုတော့ အမှိုက်များက သိမ်းဆည်းသူမဲ့လျက်။

"နေပါဦး မောင်ထိုက်စိုးရဲ့ ဘယ်သူမှ အမှိုက်သိမ်းတာမတွေ့ဘူး၊ မင်းက တစ်ယောက်ထဲလိုက်သိမ်းနေတာ အဆင်ပြေပါ့မလား"

အမှိုက်များက ကျွန်တော့်မျက်စိရှေ့တွင် လက်တွန်းလှည်းလေး ပြည့်လျှံသွားပြီဖြစ်သည်။ အိမ်ခန်းအသီးသီးမှ ထိုက်စိုးကိုမြင်၍ သူသူငါငါ ပြေးဆင်းလာပြီး အမှိုက်ကိုယ်စီပစ်ကြသည်မဟုတ်ပါလား။


လက်တွန်းလှည်းအတွင်းမှ အမှိုက်ထုတ်များကို အစီအရီနေရာချရင်း – – –

"ကျွန်တော် မနေတတ်ဘူးဆရာ၊ အလုပ်မလုပ်ရလို့ မနေတတ်တာထက်၊ ဒီရပ်ကွက်အတွင်း အမှိုက်တွေပုံနေတာကို စိတ်မချမ်းသာဘူးဆရာ၊ ဒါကြောင့် ကျွန်တော် ထွက်လာတာပါ"

"မင်းတစ်ယောက်ထဲ လုပ်လို့ပြီးတဲ့ အရာမှမဟုတ်တာ မောင်ထိုက်စိုးရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော်တစ်ယောက်ထဲတော့ မဟုတ်ပါဘူး ၊ ကျွန်တော်တို့မိသားစုပါ ပါတယ်ဆရာ၊ ကျွန်တော့်ဇနီးနဲ့ သားလေးက ဟိုဘက်လမ်းမှာ လက်တွန်းလှည်းတစ်စီးနဲ့ သိမ်းနေပါတယ်"

"ဟေ— ကျနိတဲ့ စည်ပင်ဝန်ထမ်းတွေကော မောင်ထိုက်စိုးရဲ့"



"အရေးအခင်းဖြစ်တော့ သူတို့အသက်အန္တရာယ်ကိုကြောက်ပြီး ခေတ္တပြန်ကုန်တယ်ဆရာ၊ တစ်ချို့ဝန်ထမ်းတွေက ရုံးကိုလုံးဝမလာတော့ဘူး၊ ဈေးထဲက ဈေးလူကြီးလည်း ကြောက်ပြီးမလာဘူးဆရာ"

"ဟူး – – – –"

သက်ပြင်းရှည်ကြီးကို ကျွန်တော်မှုတ်ထုတ်လိုက်ပါတော့သည်။ ထိုက်စိုးမှာ ကျွန်တော့်ကိုနှုတ်ဆက်ပြီး လက်တွန်းလှည်းလေးကို အားကုန်တွန်းလျက် ထွက်သွားလေပြီ။

နောက်နေ့များတွင်လည်း ထိုက်စိုးကို တွေ့လိုက်ရသည်။ ကျွန်တော့်မှာ ထိုက်စိုးကို မျှော်နေသည်က မနက်ကတည်းက ဖြစ်သည်။

"ဟင် – – – ထိုက်စိုး မျက်နှာလည်း မကောင်းပါလားကွ – –"

ကျွန်တော့်စကားသံကြောင့် အမှိုက်လက်တွန်းလှည်းလေးတွန်းလျက် ထိုက်စိုး ကျွန်တော့်ကိုမော့ကြည့်သည်။

ပြီးမှ—

"ဟုတ်တယ်ဆရာ၊ ညက ကျွန်တော်တို့ တန်းလျားလေး အဖျက်ခံလိုက်ရတယ်"

"ဟေ – – – ဘာဖြစ်လို့များလဲကွာ"

ကျွန်တော် စိတ်မကောင်းဖြစ်သွားရပါသည်။ ထိုက်စိုးတို့ အလုပ်သမားတန်းလျား အဖျက်ခံရသည်တဲ့။

"CDM မလုပ်လို့တဲ့ဆရာ၊ တန်းလျားခေါင်မိုးတွေကို ခဲနဲ့ပေါက်တာ ပြိုကုန်

တယ်၊ အဖီလေးဆွဲထားတာလည်း ပြုသွားတယ်ဆရာ၊ ကျွန်တော့်မိသားစု စျေးထဲမှာ သွားပုန်းနေလို့ လွတ်သွားတာ"

"ဟုး——"

"ဆရာရယ် ကျွန်တော်တို့က အောက်ဆုံးဝန်ထမ်းတွေပါဆရာ၊ ဘယ်သူမှ မလုပ်ချင်တဲ့အလုပ်ကိုလုပ်တာပါ၊ ဒီထက် အောက်ဆုံးအဆင့်အလုပ် ဘယ်မှာရှိဦးမှာလဲ ဆရာရယ်၊ ဒါကို CDM မလုပ်ရ ကောင်းလားဆိုပြီး ဝိုင်းဝန်းရန်ပြုကြတာ——"

ထိုက်စိုး ခေါင်းငိုက်စိုက်လျက်ပြောရှာသည်။

"ကျွန်တော်တို့အဆင့် အောက်ဆုံးအလုပ်သမား CDM လုပ်ပါပြီတဲ့၊ မိသားစုဘာနဲ့သွားစားရမလဲ၊ "ဒီထက်နိမ့်ကျတဲ့တာဝမှာ CDM လုပ်စရာကို မလိုတော့ဘူးထင်တယ်ဆရာ"

ထိုက်စိုးစကားက တန်းဖိုးရှိသည်ဟု ကျွန်တော်ထင်သည်။၊ ဒီထက်နိမ့်ကျတဲ့ အလုပ်သမားက CDM လုပ်စရာလိုသလား"တဲ့။

ကျွန်တော်နေထိုင်တဲ့ရပ်ကွက်၊ ပတ်ဝန်းကျင်၊ သန့်ရှင်းရေးကို ကျွန်တော်တို့ တာဝန်ယူထားတာပါဆရာ၊ တစ်ရက်အမှိုက်မသိမ်းလျှင် တစ်ရက်အမှိုက်ပိုလာတာ၊ နေ့စဉ်ရက်စက်ဆိုလျှင် ပိုဆိုးလာမှာပေါ့...

ထိုက်စိုးကို ကျွန်တော်လေးစားသွားသည်။ ကျွန်တော်တောင် သူ့လို အတွေးမျိုးတစ်ခါမှမတွေးဖူးပေ။

"ဆရာ အမှိုက်ထုတ် ကျွန်တော့်ကိုပေးပါ"

"ဪ——အေးအေး"

ထိုက်စိုး ကျွန်တော်ကိုင်ထားသော အမှိုက်ထုတ်ကိုလမ်းယူပြီး လက်တွန်းလှည်းထဲသို့ထည့်လိုက်ပါသည်။

"ထိုက်စိုး"

"ဗျာ – – – ဆရာ"

ထိုက်စိုး လှည့်ကြည့်သည်။

"အခုလို အရေးအခင်းအချိန်အတွင်းမှာ မင်း အလုပ်နားနေသင့်တယ်လို့ ဆရာမြင်တယ်"

ထိုက်စိုး သက်ပြင်းကိုမသိမသာချပြီး ကျွန်တော့်ကို စကားပြောပါသည်။၊

"ဆရာရယ် အလုပ်ကအလုပ်ပဲဆရာရယ်၊ ကျွန်တော် တတ်အားသရွေ့ ကျွန်တော်နေထိုင်တဲ့ရပ်ကွက်၊ ပတ်ဝန်းကျင်၊ သန့်ရှင်းရေးကို ကျွန်တော်တို့ တာဝန်ယူထားတာပါဆရာ၊ တစ်ရက်အမှိုက်မသိမ်းလျှင် တစ်ရက်အမှိုက်ပိုလာတာ၊ နေ့စဉ်ရက်စက်ဆိုလျှင် ပိုဆိုးလာမှာပေါ့ ဆရာ၊ ဘယ်သူတွေ ဘာတွေပဲလုပ်လုပ် ကျွန်တော်တော့မနေနိုင်ဘူးဆရာ၊ ကျွန်တော့်မိသားစုစားဝတ်နေရေးက အရေးကြီးတယ်ဆရာ"

ကျွန်တော် ထိုက်စိုးကို ဘာမှ စောဒကမတက်တော့။

မှန်ပေသည်။

ထိုက်စိုးမိသားစု စားဝတ်နေရေးကရှိသေးသည်။ "အမှိုက်ထဲမှရွှေ" ဆိုသလို စွန့်ပစ်ပစ္စည်းလေးများက သူ့မိသားစုအတွက် မီးဖိုချောင်အသုံးစားရိတ်လေး ကာမိနေသည် မဟုတ်ပါလား။

ဒါကြောင့်လည်း အန္တရာယ်ရှိသည့်ကြားထဲမှ အလုပ်ဆင်းနေခြင်းပင်ဖြစ်သည်။



❖ ❖ ❖ ❖ ❖

လမ်းမကြီးထက်တွင်တော့ သပိတ်စစ်ကြောင်းကြီးက ညာသံပေး၍ ချီတက်လာသည်ကို ကျွန်တော်တွေ့လိုက်ရသည်။

"ဆန္ဒပြအဖွဲ့တွေက စည်ပင်က အမှိုက်ကားတွေကော၊ လက်တွန်းလှည်း

တွေကောကို ရိုက်ချိုးဖျက်ဆီးသွားပြီး လမ်းပေါ်မှာ ခံတပ်လုပ်ထားကြတယ်"

လမ်းထိပ် လက်ဖက်ရည်ဆိုင်မှ ကြားသိရသောသတင်းပင်ဖြစ်သည်။လက်ဖက်ရည် တစ်ငုံကိုသောက်လိုက်ရင်း ဟိုဖက် စားပွဲဝိုင်းမှပြောသံကို ကြားလိုက်ရသည်။

"စည်ပင်ဝန်ထမ်းနှစ်ယောက်လည်း ခေါင်းကွဲသွားတယ်လို့ သိရတယ်၊"

"အေးဗျာ-- ဒီလောက်ဆူပူအကြမ်းဖက်မှုတွေဖြစ်နေတာ အမှိုက်သိမ်းတဲ့သူတွေက ဘာလို့လိုက်သိမ်းချင်နေလည်း မသိပါဘူး"

"ဟင်"

စည်ပင်ဝန်ထမ်း နှစ်ယောက်တဲ့ ။ ဒဏ်ရာရသွားတယ်ဟု ကျွန်တော်ကြားလိုက်ရသည်။

"ဘယ်က ဝန်ထမ်းလဲဗျာ"

"ဟာ – – – မနက်တိုင်း ကျွန်တော်တို့ရပ်ကွက်မှာ အမှိုက်သိမ်းနေတဲ့ ထိုက်စိုးဆိုလား ထိုက်တော့ပါတယ်ဗျာ"

အမှိုက်သပိတ်တဲ့။

ရပ်ကွက်လမ်းထိပ် ကားလမ်းမကြီးတွင် အမှိုက်ပုံရန် ဆော်ဩသူကဆော်ဩကြသည်။ လာပစ်သူက ဒုနှင့်ဒေး ။ကားလမ်းအလယ်ကောင်တွင် နေ့စဉ်သုံးမီးဖိုချောင်၏ စွန့်ပစ်အမှိုက်များ၊ ခြင်းတောင်းအစုတ်များ၊ ခွေးသေကောင်ပုတ်များ၊ အိမ်တွင်းမှထွက်သမျှ အမှိုက်စို အမှိုက်ခြောက်များ၊ ယုတ်စွအဆုံး မိန်းမအသုံးအဆောင်သုံးပြီးသား အောက်ခံအညစ်အကြေးများ။

အမှိုက်ပုံကြီးက တောင်လိုပုံနေသည်။ အနံ့အသက်ဆိုးများက လေသင့်ရာ ပြေးလွှားနေပြန်သည်။ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများအတွက် ရောဂါထပ်တိုးမည်က ကေန်။

သို့သော် မည်သူမှမပြောရဲ။

အားကြိုးမာန်တက် အမှိုက်ပစ်သူက ပျော်ပျော်ကြီးပစ်နေတုန်းပင်ဖြစ်သည်။ ကျွန်တော် စိတ်တော်တော်ကုန်သွားသည်။ ကျွန်တော်တို့မြို့သူမြို့သားများ ဘယ်လိုစိတ်ရိုင်းများဝင်သွားသည်မသိ၊ အယုတ်တ အနုတ္တမှုများပြောဆိုရန်ဝန်မလေးတော့၊ ဟိရိဩတ္တပ္ပများလည်းမရှိတော့၊ ဆဲရေးတိုင်းထွာ အော်ဟစ်ဆန္ဒပြနေမှုများကိုလည်းတားဆီးမည့်သူမတွေ့၊ ဓမ္မနှင့် အဓမ္မလည်း ခွဲခြမ်းစိတ်ဖြာမှု မသိကြတော့ပေ။

ကျွန်တော်စိတ်ညစ်စွာဖြစ် ပင့်သက်ကို ဖြည်းညင်းစွာချလိုက်ပါသည်။

"ဟင် – ထိုက်စိုး – – ဒဏ်ရာရသွားတာ ထိုက်စိုးများလား"

ကျွန်တော်သတိပြေးဝင်သွားသည်။ ထိုက်စိုးကို သတိရလိုက်သည်။ လက်ဖက်ရည်ဆိုင်မှထွက်လာခဲ့ပြီး ထိုက်စိုးနေထိုင်ရာ ရပ်ကွက်စျေးလေးသို့ ပြေးသွားလိုက်သည်။

"ဆ – – ဆရာ ထိုင် ထိုင်ပါဆရာ"

ပြုံးပျက်နေသော တန်းလျားလေး၊ အဖီဆွဲထားသည့် အမိုးလေးက အပေါက်အပြဲများစွာဖြင့် ဝါးလုံးလေးဖြစ်ကူမ ထားသည်။

"အားနာလိုက်တာဆရာ၊ အားနာသည်ဟုဆိုနေသော ထိုက်စိုးမှာ ညာဖက်လက်တွင် ပတ်တီးအဖွေးသားဖြင့် ပုံးသိုင်းကြိုးတပ်ထားသည်။ ခေါင်းတွင်လည်း ပတ် တီးအဖွေးသား။

"ဘယ်လိုဖြစ်တာလဲ ထိုက်စိုးရာ"

အမှိုက်တွန်းလှည်းလေးဖြင့် အမှိုက်သိမ်းပြီး ရပ်ကွက်ဘောလုံးကွင်းရှိ အမှိုက်ကားရှိရာသို့ အမှိုက်သွန်နိုသည်။ လူအုပ်ကြီးမှ အမှိုက်သိမ်းရကောင်းလားဟုဆိုပြီး အမှိုက်ကားကို တွန်းယူလာသည်။လက်တွန်းလှည်းများကို ရိုက်ချိုးဖျက်ဆီးသည်။ ထိုက်စိုးနှင့်ဝန်ထမ်းနှစ်ယောက်ကို ဝိုင်းရိုက်ကြသည်။ အမှိုက်အပြည့်တင်ထားသော အမှိုက်ကားကို တွန်းယူလာကြပြီး လမ်းပေါ်တွင် အမှိုက်များသွန်ချကြသည်။ မော်တော်ကားကိုလည်း ဖျက်ဆီးကြသည်ဟု ထိုက်စိုးရှင်းပြသည်။

ဝမ်းနည်းစွာပြောလာသော ထိုက်စိုး



ကို ကျွန်တော်ကြည့်လိုက်ပါသည်။ မျက်ဝန်းတွင် မျက်ရည်စများပြည့်လျှံနေသည်။ နာကျင်ကိုက်ခဲနေသောဒဏ်ရာများကို သူ မမှုနေပုံရသည်။

"ကျွန်တော်တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးဘူးဆရာရယ်၊ လူတွေ လူတွေ ဘာကြောင့်များ ကျွန်တော်တို့ကို ရန်ရှာကြတာလဲ"

ထိုက်စိုး အသံတိမ်ဝင်သွားပါသည်။ ကျွန်လက်တစ်ဖက်ဖြင့် ကျလာသော မျက်ရည်များကို ခပ်ပြင်းပြင်းသုတ်လိုက်သည်။ ထိုက်စိုးနံဘေးတွင် လွှမယ်ကလေးနှစ်ယောက်နှင့် ဇနီးဖြစ်သူက အနာဂတ်မဲ့စွာ ကျွန်တော့်ကိုကြည့်နေပါသည်။

"အေးပါ ထိုက်စိုးရယ် - - လူ အမျိုးမျိုး စိတ်အထွေထွေတဲ့၊ လူမကောင်းသူရှိသလို သူတော်ကောင်းတွေလည်း ရှိကြစမြဲပါကွာ"

ကျွန်တော်မှာ ထိုက်စိုးကို အားပေးစကားပြောပြီး လက်ထဲသို့ ဆန်၂ ပြည်၊ ဆီအစိတ်သားနှင့် ငွေတစ်သောင်းကျပ် ထည့်ပေးလိုက်သည်။

"မယူပါရစေနဲ့ဆရာ ကျွန်တော် မယူပါရစေနဲ့၊ အခုတောင် ကျွန်တော်တို့ မိသားစုကို ရန်ရှာနေကြတာ ဆရာ့ကိုလည်း ရန်ရှာမှာကြောက်လို့ပါဆရာ"

"ယူပါ ထိုက်စိုး ဆရာ စိတ်မကောင်းဖြစ်အောင်မလုပ်ပါနဲ့ ။ဆရာက ဒီရပ်ကွက်သားစစ်စစ်ပါ ဆရာ့ကို ဘယ်သူမှ ရန်မရှာပါဘူး"

ထိုက်စိုး မျက်ရည်များကြားမှ ကျွန်တော့်ကို မော့ကြည့်သည်။ သူ့အကြည့်များက ကျွန်တော့်အတွက် စိုးရိမ်နေသေးမှန်း ကျွန်တော်မြင်လိုက်ရသည်။

ကျွန်တော် အိမ်သို့ပြန်လာခဲ့သည်။

လမ်းမကြီးပေါ်ရှိ အမှိုက်ပုံကြီး၏ အနံ့အသက်ဆိုးများစွာကို စိတ်မချမ်းမြေ့စွာ ရှူရှိုက်မိလိုက်ပါသည်။

❖ ❖ ❖ ❖ ❖

နှစ်ပတ်ခန့်ကြာသော်---

ဆန္ဒပြမှုများလည်း အနည်းငယ်မျှသာ ရှိတော့၏။ လမ်းများ ပိတ်ဆို့တားဆီးမှုများကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်ဝန်ထမ်းများ နေ့ညမပြတ် သိမ်းဆည်းနေသည်။ လမ်းမကြီးပေါ်တွင် မော်တော်ကားများ ပုံမှန်သွားလာနေကြပြီဖြစ်သည်။

အေးဆေးတည်ငြိမ်စပြုလာပြီဖြစ်သောကြောင့် ကျွန်တော်တို့ရပ်ကွက်သည်လည်း ရောင်းဝယ်ဖောက်ကားသည့် ဈေးသည်များ၊ အိမ်ဆိုင်များ၊ စတိုးဆိုင်လေးများနှင့် လမ်းထိပ်ရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များလည်း ပြန်လည်ဖွင့်နေပြီဖြစ်သည်။

ကျွန်တော်သည်လည်း မိမိအလုပ်ရှိရာသို့ ပြန်လည်ဝင်ရောက်နေပြီဖြစ်သည်။

"တို့ရပ်ကွက်ဈေးက သန့်ရှင်းရေးအလုပ်သမားလေး မိသားစု မတွေ့ပါလား"


"ဟုတ်တယ်ဗျာ---ဘယ်က ဆန္ဒပြတဲ့ကောင်တွေမှန်း မသိဘူးဗျာ၊ အဲဒီအလုပ်သမားလေးကိုရိုက်လို့ ဒဏ်ရာရသေးတယ်"

"ဟုတ်တယ် ဆန္ဒပြတဲ့လူအုပ်ကြီးရှင်းသွားတာနဲ့ လက်တွန်းလှည်းလေးနဲ့ တစ်လမ်းဝင်တစ်လမ်းထွက် အမှိုက်လိုက်သိမ်းတာမြင်မိတယ်၊ အခုမှသတိထားမိတယ်၊ အဲဒီသန့်ရှင်းရေးလုပ်သားလေး မတွေ့မိဘူးဗျ"

"ဟုတ်ပါတယ်ဗျာ၊ သူ အမှိုက်လိုက်သိမ်းပေးလို့ အိမ်တွေမှာ အမှိုက်မပုံတာပါ၊ ဒီအတိုင်းသာဆို အိမ်တွေမှာ အမှိုက်ပုံနေပြီး ကျန်းမာရေးထိခိုက်မှာ ခင်ဗျားပြောမှ သတိထားမိတယ်၊ အေးဗျာ တကယ် ဦးမာဃလေးပါ"

လမ်းထိပ်လက်ဖက်ရည်ဆိုင်မှ ပြောဆိုသံကိုကြားမှ ကျွန်တော် ထိုက်စိုးကို သတိရသွားသည်။

မိမိအလုပ်သာ စိတ်စောနေ၍ ထိုက်စိုးအကြောင်း မတွေးမိ၊ မိမိအလုပ်တွင်



လည်း အလုပ်ဆင်းသူ မဆင်းသူနှင့် CDM လုပ်သူများရှိသောကြောင့် ပြန်လည်ဖွဲ့စည်း တာဝန်ပေးမှုများက အများသား။ ဌာနပိုင် ပစ္စည်းများ ပျက်စီးမှုအခြေအနေ၊ ကျန်ရှိမှု ရုံးသုံးပစ္စည်း၊ ငွေစာရင်း၊ လစာကိစ္စတွေက ခေါင်းထဲမှာအစီအရီ။

ဒါကြောင့်လည်း ရုံးပြန်တက်တက် ခြင်း အလုပ်များနေသောကြောင့် ထိုက်စိုးကို မေ့ထားခဲ့သည်။

အခုတော့ ထိုက်စိုးကို ရည်ညွှန်း၍ ပြောမှန်းကျွန်တော်သိလိုက်ပါသည်။

ထိုက်စိုး မိသားစုကိုမတွေ့ဘူးတဲ့။

ထိုက်စိုး အမှိုက်သိမ်းတာမတွေ့မိ ဘူးဆိုလား။

သူတို့ဘယ်ရောက်နေလဲ။ ဒဏ်ရာ ရရှိပြီး မသက်သာလို့များ ဆေးကုသမှု ခံယူ နေသည်လား ၊ ဒါမှမဟုတ် အသက် အန္တရာယ်ကိုစိုးရိမ်လို့ အလုပ်ထွက်သွားပြီ လားဆိုသည်ကို ကျွန်တော်သိချင်နေသည်။

ဟုတ်သည်လေ ထိုက်စိုးကိုမတွေ့ သည်မှာ နှစ်ပတ်ပင်ကျော်ခဲ့ပြီမဟုတ်လား။

ညနေအလုပ်ပြန်ရင်း လမ်းထိပ် လက်ဖက်ရည်ဆိုင်ကိုခေအာဝင်၍ လက်ဖက် ရည်သောက်မိသည်။ လက်ဖက်ရည်ဆိုင် တွင် ကျွန်တော်တို့ရပ်ကွက်နှင့် ရင်းနှီးပြီး သော ထိုက်စိုးအကြောင်းကို ဖွင့်ဟပြောဆို နေကြလေပြီ။

ထိုက်စိုးကို ရပ်ကွက်လူထုက ချစ် ကြပါသည်။ ထိုက်စိုးကို အန္တရာယ်ပြုသူဟူ ၍ ရပ်ကွက်ထဲတွင်မရှိ။ သိသူများသော ထိုက်စိုး ဒဏ်ရာအနာတရဖြစ်သည်ကို စုတ် သတ်စိတ်မကောင်းဖြစ်သူထဲတွင် ကျွန် တော်တစ်ယောက်ထဲမဟုတ်။

အခုတော့ မမြင်မတွေ့ကြသော ကြောင့် ရပ်ကွက်လူထုက မျက်မှန်းတန်း လာကြသည်။ လူတစ်ယောက်၏ တန်ဖိုး သည် ထိုသူမရှိမှ သိကြသည်ဆိုစကားက

**လူတကာမကိုင်ချင်သော နေ့စဉ်အညစ်အကြေးများကို**
**မရွံ့မရှာသန့်ရှင်းပေးနေသည်က စေတနာမပါဘဲ လုပ်ဆောင်၍မရ။**
**လူပင်ဆင်းရဲသော်လည်း စိတ်က အမြဲချမ်းသာနေသည့်**
**ထိုက်စိုးပင်ဖြစ်သည်...**

အမှန်ပင်ဟု ကျွန်တော့်နားက ကြားသိခြင်း ကာသက်သေ။

ဘာတဲ့----

"ဦးမာဃ---"

ဦးမာဃလေးပါတဲ့ ၊ရပ်ကွက်လူထု ၏ သတိတရ ဂုဏ်ပြုစကား။

ဒါကြောင့် ရပ်ကွက်လူထုမှ နေ့ည မပြတ် မြို့၏သန့်ရှင်းရေးတာဝန်ကို မညည်းမညူ တာပန်ယူဆောင်ရွက်ပေးနေ သော ထိုက်စိုးကို သိကြားမင်း ဦးမာဃနှင့် တင်စားခေါ်ဆိုလိုက်သည်မှာ ယုံမှား သံသယဖြစ်ဖွယ်မရှိပေ။

အမှန်တကယ်လည်း ရိုးသားဖြူစင် သော ထိုက်စိုးပင်ဖြစ်သည်။ အတန်းပညာ နည်းပါးသော်လည်း အသိပညာမြင့်မားသူ တစ်ယောက်ဟု ကျွန်တော်မှတ်ချက်ပြု လိုက်ပါသည်။ ရိုးသားသောစိတ်၊ ပြုမူ သော စေတနာ၊ တာဝန်ကျေမှုသည် ထိုက် စိုး၏ ဘဝအဆက်ဆက်ရရှိသော ကောင်းမှု ကုသိုလ်တွေပင်ဖြစ်သည်။

လူတကာမကိုင်ချင်သော နေ့စဉ် အညစ်အကြေးများကို မရွံ့မရှာ သန့်ရှင်းပေး နေသည်က စေတနာမပါဘဲ လုပ်ဆောင်၍ မရ။ လူပင်ဆင်းရဲသော်လည်း စိတ်က အမြဲ ချမ်းသာနေသည့် ထိုက်စိုးပင်ဖြစ်သည်။ စိတ်ချမ်းသာသူဌေးဟုပင် တင်စားရမည် ဖြစ်သည်။

ဦးမာဃဟူသော အမည်နာမသည် ထိုက်စိုးနှင့်ထိုက်တန်ကြောင်း ကျွန်တော် သာခုခေါ်ဂုဏ်ယူနေရမည်ဖြစ်သည်။

ဒီည ကျွန်တော့်အတွေးများက ထိုက်စိုးဆီသို့ ရောက်နေပါသည်။ ထိုက်စိုး တို့မိသားစု ဘယ်ဆီများရောက်နေသလဲ ဟုလည်း စိုးရိမ်စိတ်လေးဝင်မိပြန်သည်။

ကျွန်တော် တော်တော်နှင့် အိပ် မပျော်။

ထိုက်စိုးက ကျွန်တော့်ကို အိပ်မက် ထဲထိ စိုးမိုးထားပါသည်။

❖ ❖ ❖ ❖ ❖

"ကလောင်---ကလောင်--က လောင်"

"မေမေရေ- -လမ်းထိပ်မှာ အမှိုက် ကား လာနေပြီ"

"ဟင်-----"

သမီးငယ် အော်ပြောသံကြောင့် ကျွန်တော်လန့်နိုးသွားသည်။ ညကအတွေး များလွန်ပြီး ကျွန်တော် တော်တော်နှင့် အိပ်မပျော်ခဲ့။ အခုတော့ သမီးငယ်အသံက စူးစူးရှရှ။

မျက်နှာထသစ်ပြီး တိုက်ပေါ်မှ အောက်ထပ်လမ်းသွယ်ဆီသို့ ကျွန်တော် ကြည့်လိုက်မိပါသည်။

ဟုတ်ပါသည်။ ခေါင်းလောင်းသံ တလွင်လွင်ဖြင့် အမှိုက်သိမ်းသည့်ကား လာနေပြီဖြစ်သည်။ မော်တော်ကားပေါ်တွင် သန့်ရှင်းရေးလုပ်သားသုံးယောက်ကို ကျွန် တော်တွေ့လိုက်ရသည်။ အမှိုက်ကားရပ်ပြီး အမှိုက်များသိမ်းဆည်းနေသည်ကိုပါ တွေ့ လိုက်ရပါသည်။

"ပေး ပေး ချို၊ ကိုသွားလိုက်မယ်"

**အမှိုက်သိမ်း ခေါင်းလောင်းသံက အဆက်မပြတ်။ မကြားရသည်မှာ ကြာပြီဖြစ်သော ခေါင်းလောင်းသံသည် နားဝင်ချိုသလိုလို။ တစ်နည်းပြောရလျှင်....**

ဖနီးသည်လက်ထဲမှ အမှိုက်ထုတ်ကို ကျွန်တော်ဆွဲယူပြီး အောက်ထပ်သို့ လှေခါးမှပြေးဆင်းလာခဲ့သည်။အမှိုက်သိမ်းကားသည် တရွေ့ရွေ့ဖြင့် ကျွန်တော်တို့ အနားရောက်လာသည်။

"ကလောင်--ကလောင် ကလောင်"

အမှိုက်သိမ်း ခေါင်းလောင်းသံက အဆက်မပြတ်။ မကြားရသည်မှာ ကြာပြီဖြစ်သော ခေါင်းလောင်းသံသည် နားဝင်ချိုသလိုလို။ တစ်နည်းပြောရလျှင် ကျွန်တော်တို့ရပ်ကွက်၏ နံနက်ခင်းနာရီကြီးပင် ဖြစ်သည်။ တစ်နည်းဆိုရပါက မြို့တော်လှပရေးအတွက် အချက်ပေးခေါင်းလောင်းသံ

"ဟင်---"

"ဆရာ---ဆရာနေကောင်းတယ်နော်"

သန့်ရှင်းရေးဝတ်စုံကို ဝတ်ဆင်ထားသော ထိုက်စိုးကို အံ့သြစွာဖြင့် ကျွန်တော်တွေ့လိုက်ရပါသည်။ လက်တွင် ပတ်တီးမတွေ့တော့ ခေါင်းမှဒဏ်ရာပတ်တီးလည်း မတွေ့တော့ပေ။ ပြုံးရွှင်စွာ ဆိုလာသော ထိုက်စိုးကို ကျွန်တော်ပီတိများစွာဖြင့် စိုက်ကြည့်နေမိပါသည်။

"ဆရာ---ဆရာ့လက်ထဲက အမှိုက်ထုတ် ကျွန်တော်သိမ်းလိုက်မယ်နော်"

"ဪ----အေး အေး"

ထိုက်စိုးက ကျွန်တော့်လက်ထဲမှ အမှိုက်ထုတ်ကိုယူပြီး ကားပေါ်သို့ကမ်းပေးလိုက်ပါသည်။ ကျွန်တော့်မှာ ထိုက်စိုးကိုသာ ကြည့်နေမိသည်။

"ဆရာ -- ကျန်းမာတာတွေ့ရလို့ ဝမ်းသာပါတယ်ဆရာ"

ထိုက်စိုး ကျွန်တော့်ကိုနှုတ်ဆက်ပြီး ကားပေါ်သို့တက်ရန်ပြင်လိုက်ပါသည်။

"ဦးမာဃ----ဦးမာဃ"

"ဗျာ--ဆရာ"

ထိုက်စိုး အံ့သြစွာဖြင့် ကျွန်တော့်ကို လှည့်ကြည့်ပြီးစကားဆိုလာသည်။

"ဟုတ်တယ် ထိုက်စိုး မင်းကို ခေါ်တာ"

"ကျွန်တော့်ကို-----"

"ဟုတ်တယ်ထိုက်စိုး ဒီနေ့ကစပြီး မင်းအမည်ကို ဦးမာဃလို့ ခေါ်ခွင့်ပြုပါကွာ"

"ဦးမာဃ---ဦးမာဃ---ဦးမာဃ"

အနားရှိ အမှိုက်လာပစ်သောလူများကလည်း ကျွန်တော့်အသံကြောင့် ထိုက်စိုးကိုကြည့်၍ တီးတိုးရေရွတ်လိုက်ကြပါသည်။

"မ---- မဟုတ်တာ ဆရာရယ်"

"ဟုတ်ပါတယ်၊ ငါတို့လည်း ဦးမာဃလို့ပဲခေါ်တော့မယ်၊ ဦးမာဃ--ဦးမာဃ--ဦးမာဃ"

ထိုက်စိုး အံ့သြဝမ်းသာသွားသည့် ပုံရိပ်ကို ကျွန်တော်တွေ့လိုက်ရသည်။ အတန်ကြာသည်အထိ မင်သက်သွားပြီးမှ ---

"ကျေး---ကျေးဇူးပါဆရာ ၊ကျွန် ကျွန်တော်တို့လို အညတရတစ်ယောက်ကို အသိအမှတ်ပြု----ပြုပေးလို့ ကျေး---ကျေးဇူးတင်ပါတယ်ဆရာ"


ထိုက်စိုးတို့ အမှိုက်သိမ်းကားလေး ကျွန်တော်တို့အနားမှ တရွေ့ရွေ့ထွက်ခွာသွားပါပြီ။ အမှိုက်ကားဆီသို့ အမှိုက်လာရောက်ပို့ဆောင်ကြသော ကျွန်တော်အပါအဝင် ရပ်ကွက်သူ ရပ်ကွက်သားများမှာ ပါးစပ်မှ "ဦးမာဃ--ဦးမာဃ"ဟု တီးတိုးရေရွတ်နေသည်ကို ကျွန်တော်ကြားလိုက်ရပါတော့သေးတည်း။

**သန်းဝင်းထွန်း(ဆွာ)**



# မိုန်မျော့လာသော ရန်ကုန်မြို့ရဲ့ စာအုပ်ဆိုင်များ

မေဘယ်လ်အောင်








Covid ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းတော်တော်များများ ထိခိုက်တဲ့အထဲ စာအုပ်ဆိုင်တွေလည်း တစ်ခုအပါအဝင်ပါပဲ။

စာအုပ်ရောင်းအားကောင်းဖို့အတွက် ဆိုင်တွေကို ဦးတည်လို့မရတော့ဘဲ Ebooksဒါမှမဟုတ် အွန်လိုင်းကနေ Delivery နဲ့ပို့ပြီး ရောင်းတဲ့စနစ်ကသာ ပိုအလုပ်ဖြစ်နေတဲ့ သဘောရှိလာပါတယ်။

စာအုပ်ရှေးသူ၊ စာဖတ်သူတွေနဲ့ ခြေရှုပ်နေတတ်တဲ့ လှည်းတန်း၊ ပန်းဆိုးတန်းနဲ့ မြို့ထဲကမ်းနားလမ်းလို စာအုပ်ဆိုင် အများအပြားရှိတဲ့နေရာတွေဟာ Covid ဂယက်ကြောင့် လူသွားလူလာနည်းပါးတဲ့ အနေအထားဖြစ်နေပါတယ်။ ဈေးကွက်အနေအထားပြောင်းလာတဲ့ အခြေအနေမှာ စာအုပ်အရောင်းဆိုင်တွေရပ်တည်ဖို့ အွန်လိုင်းက အကောင်းဆုံးနေရာဖြစ်လို့ လာပါတယ်။

စာအုပ်ဆိုင်တော်တော်များများဟာ onlineကနေတစ်ဆင့် discount တွေနဲ့ ရောင်းအားမြှင့်တင်နေကြပေမယ့် စာအုပ် ဆိုင်ကို ကိုယ်တိုင်သွားပြီး စာမြည်းရင်း စာအုပ်ရွေးရတဲ့ အရသာကိုတော့ မီနိုင်မယ် မထင်ပါဘူး။



"စာအုပ်ဝယ်စုရတာ ကြိုက်ပေမယ့် အွန်လိုင်းကနေမှာရတာကို သဘောမကျတာတော့ အမှန်ပဲ၊ စာအုပ်ဆိုင်မှာက ကိုယ်နှစ်သက်ရာကို အမြည်းသဘော စိတ်ကြိုက်ဖတ်ပြီးမှ ဝယ်သိမ်းချင်စရာကောင်းတာကို ဝယ်ရတာ၊

အွန်လိုင်းက ဒီလိုမဟုတ်ဘူး ၊ မျက်နှာစုံးလောက်ပြထားတယ်၊ အညွှန်းရယ်လို့လည်း ထည့်တာမဟုတ်ဘူး၊ စာအုပ်ရွေးချယ်တာကအစ အဆင်မပြေဘူး"လို့ ရန်ကုန်မြို့မှာနေထိုင်တဲ့ ကိုဖြိုးမောင်က သူ့အမြင်ကို ပြောပါတယ်။

Covid ကာလမှာ ပိတ်သိမ်းလိုက်ရတဲ့ စာအုပ်တိုက်တွေနဲ့ တစ်နိုင်တစ်ပိုင် စာအုပ်ဆိုင်လေးတွေလည်း များစွာရှိနေပါသေးတယ်။ အများစုကတော့ ဆိုင်ခန်းခနဲ့ ရရှိတဲ့အမြတ်ငွေဟာ မကိုက်တဲ့အတွက် ဆက်လက်တောင့်မခံနိုင်တာများတယ်လို့ စာအုပ်ဆိုင်ပိုင်ရှင်များက ပြောပါတယ်။

"စာအုပ်ဆိုင် ဖွင့်တယ်ဆိုတာ အမြတ်ရယ်လို့ အကြီးကြီးမျှော်လင့်လို့ မရပါဘူး။ ဒါကို စာအုပ်ဆိုင်ဖွင့်တဲ့သူတွေပဲ သိပါတယ်။ ကိုယ်တိုင်က ဝါသနာပါလွန်းလို့ စာအုပ်တွေကိုချစ်လို့ လုပ်နေသူတွေပါ။ ဒါပေမယ့် ခေတ်စနစ်အနေအထား၊ ကပ်ရောဂါအခြေအနေဆိုတော့ အွန်လိုင်းဈေးကွက်ကို အားကိုးရတယ်၊ အဲ့ဒါကလည်း မဆိုးဘူးဆိုပေမယ့် တချို့ မြို့နယ်တွေရဲ့ delivery စရိတ်က စာအုပ်ဖိုးထက်များတော့ ဝယ်သူတွေက တွန့်သွားတာရှိတယ်။ ပြီးတော့ အွန်လိုင်းကရောင်းတဲ့အခါ တချို့ လိပ်စာအမှားကြီးပေးပြီး တကယ်မဝယ်တာ၊ လာပို့မှ ဖုန်းကိုပိတ်ပစ်လိုက်တာမျိုးတွေရှိတယ်၊ အဲ့အခါကျတော့ စာအုပ်လည်းရောင်းမထွက်၊ deli ခလည်း အိတ်စိုက်ပေါ့" လို့ ရန်ကုန်မြို့ ကမ်းနားလမ်းမှာရှိတဲ့ စာအုပ်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

စာအုပ်ဆိုင်တွေမှာ ကိုယ်တိုင်လာရောက်ဝယ်သူ နည်းသွားတာဟာ E Books တွေကြောင့်လို့လည်း စာရေးဆရာအများစုကသုံးသပ်ပါတယ်။ E Books ဆိုတာကတော့ အီလက်ထရောနစ်စာအုပ်


**Covid ကာလမှာ**
**ပိတ်သိမ်းလိုက်ရတဲ့**
**စာအုပ်တိုက်တွေနဲ့**
**တစ်နိုင်တစ်ပိုင်**
**စာအုပ်ဆိုင်လေးတွေလည်း**
**များစွာရှိနေပါသေးတယ်။**
**အများစုကတော့ ဆိုင်ခန်းခနဲ့**
**ရရှိတဲ့အမြတ်ငွေဟာ**
**မကိုက်တဲ့အတွက်**
**ဆက်လက်တောင့်မခံနိုင်တာ**
**များတယ်လို့ .....**

များလို့ အစီပွာယ်ရပါတယ်။ ဆိုလိုတာက ဖုန်းတစ်လုံး၊ တက်ဘလက်တစ်လုံး ဒါမှမဟုတ် ကွန်ပျူတာတစ်လုံးကို အင်တာနက်ချိတ်ထားရုံနဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ အကြောင်းအရာ၊ စာအုပ်ပေါင်းများစွာကို အလွယ်တကူ download လုပ်ပြီး ဖတ်လာနိုင်တာပါပဲ။ E Books တွေကို တချို့သော စာဖတ်သူတွေ မနှစ်သက်ပေမယ့် ဒီနေ့ခေတ်ရဲ့ လူငယ်အများစုကတော့ အလျင်အမြန် ဆွဲယူဖတ်ရှုနိုင်တဲ့ E Books တွေကို ရွေးချယ်လာကြတာတွေ့ရပါတယ်။

"ကျွန်တော်ကတော့ Gaming နဲ့ ပတ်သက်တာ၊ English Learning ပိုင်းတွေ သိချင်တယ် ဆိုင်မှာဆို limited ဖြစ်တယ်ဗျာ၊ ဆိုင်ကိုသွားရဦးမယ် ၊ သေချာ ရွေးရဦးမယ်၊ ဒါတောင် စာအုပ်ထဲ ကိုယ်တကယ်လိုချင်တာ အားလုံးပါချင်မှပါမယ်။ တစ်ခါတလေ ငါးအုပ်လောက်ဝယ်မှ အကြောင်းအရာတစ်ခု ရတာမျိုးရှိတယ်။ E book မှာ အဲ့လိုမဟုတ်ဘူး ။ စိတ်ကြိုက်ရှာမယ်၊ လိုတာ down မယ်၊ ကွက်တိရတယ်၊ ဘယ်မှ သွားစရာမလိုဘူး၊ Click တစ်ချက်ပဲ၊ ဘတ်ဂျက်အရဆိုလည်း အဆင်ပြေတယ်"လို့ ရန်ကုန်ကဏ္ဍသိုလ် (အဝေးသင်) ကျောင်းသားတစ်ဦးက စာအုပ်ဆိုင်တွေနဲ့ E Books တွေအပေါ် မှတ်ချက်ပြုပါတယ်။

ကပ်ရောဂါ အခြေအနေနဲ့ စီးပွားရေးကြပ်တည်းလာတဲ့ လက်ရှိအချိန်ကတော့ ရှိရင်းစွဲ နာမည်ကြီးကလောင်ရှင်များရဲ့စာအုပ်တွေကို ပုံမှန်လည်ပတ်အောင် ရောင်းချနေရတာဖြစ်လို့ ကလောင်သစ်တွေရဲ့စာအုပ်အတွက် ထုတ်ဝေပေးနိုင်ခြင်း မရှိသေးဘူးလို့ စာပေထုတ်ဝေရေး လုပ်ငန်းရှင်တွေက ပြောပါတယ်။ ဒါဟာ အနာဂတ်ရဲ့ စာပေလောကအတွက် တစ်စိတ်တစ်ပိုင်းအားအင်လျော့လာခြင်းပါပဲ။ စာအုပ်ဆိုင်တွေ မှေးမှိန်ပျောက်ကွယ်မတတ် ဖြစ်နေ





ခြင်းဟာ စာဖတ်သူ၊ စာအုပ်အရောင်းဆိုင်တွေသာမက ကလောင်ရှင်သစ်တွေ မရှိတော့တဲ့အထိ ထိခိုက်ယုတ်လျော့လာစေပါတယ်။

"ခုက အရင် လူကြိုက်များခဲ့တဲ့ စာအုပ်တွေကိုပဲ အကြိမ်ရေနဲ့ ထပ်ထုတ်တယ်။ ဒါတောင် အုပ်ရေ ၃ထောင် ထုတ်ခဲ့ရင် ခုက တစ်ထောင်လောက် လျှော့ထုတ်တာမျိုး လုပ်လာရတယ်။ ဒီလိုအခြေအနေမှာ ကလောင်သစ်ဆို အရမ်းစဉ်းစားရတယ်၊ တချို့ဝါသနာရှင်တွေကတော့ အမြတ်အစွန်းမကြည့်ဘဲ အိတ်စိုက်ထုတ်လို့ ထွက်လာတာမျိုးတော့ရှိကတ်ပါတယ်"လို့ စာပေထုတ်ဝေရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဒါ့အပြင် ပြည်တွင်းကနေ နိုင်ငံခြားစာအုပ်တစ်အုပ်ဝယ်ချင်တဲ့အခါ Amazon လို online shop တွေကနေတစ်ဆင့် courier တွေနဲ့ မှာရလေ့ရှိပါတယ်။ ဒီအခါ သယ်ယူပို့ဆောင်ခတွေကြောင့် စာအုပ်ဈေးနှုန်းဟာ မူရင်းထက် ပိုဈေးကြီးသွားတတ်တယ်။ အရင်က ပြည်တွင်းစာအုပ်ဆိုင်တွေဆီ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စုံစမ်းခဲ့ရပေမယ့် အင်တာနက်ခေတ်ရေစီးကြောင်းမှာတော့ မူရင်းဈေးအတိုင်း မှာယူနိုင်ဖို့နဲ့ ကုန်သည်တွေဆီက မှာပေးလို့ရတဲ့အတွက်

သတိတရပြောရရင် Covid ကာလ မတိုင်ခင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှေ့မှာ အပတ်စဉ်ပြုလုပ်လေ့ရှိတဲ့ စာအုပ်ဈေးတန်းလေး တွေဟာလည်း လွမ်းမောစရာပါပဲ၊ စာအုပ်ဆိုင်၊ စာအုပ်တိုက်အစုံက ထွက်ရှိသမျှ စာအုပ်ထောင်ပေါင်းများစွာကို ဈေးတန်းလျှော့ကသလို တဝကြီးလျှောက်ကြည့်ပြီး ဝယ်ယူနိုင်ခဲ့တယ်ဆိုတာ အခုချိန်မှာတော့



လက်လီဈေးအတိုင်းရနိုင်ပြီဖြစ်ပါတယ်။

အမေရိကန်ရဲ့ နာမည်ကြီးစာအုပ်တိုက်ပိုင်ရှင်တချို့ကတော့ PDF ဖိုင်တွေကို print လုပ်ထားတဲ့စာအုပ်ဈေးကွက်ဟာ မူရင်းစာအုပ်ဈေးကွက်ကို ဆိုးဆိုးရွားရွား ထိခိုက်လာကြောင်း ဆိုပါတယ်။ ဒီအတိုင်းဆက်သွားရင် မိတ္တူစာအုပ်တွေကြောင့် မူရင်းစာအုပ်ဈေးကွက် အထူးသဖြင့် နိုင်ငံခြား စာအုပ်ဈေးကွက်ပျက်သွားနိုင်တယ်လို့ သူတို့က ဝေဖန်ပြောကြားထားပါသေးတယ်။ ဒါကြောင့်စာအုပ်ဆိုင်တွေနဲ့ စာရေးဆရာတွေကိုကူညီတဲ့အနေနဲ့ မူရင်းစာအုပ်တွေကို ဝယ်ယူအားပေးဖို့ လိုပါတယ်။

သတိတရပြောရရင် Covid ကာလ မတိုင်ခင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှေ့မှာ အပတ်စဉ်ပြုလုပ်လေ့ရှိတဲ့ စာအုပ်ဈေးတန်းလေးတွေဟာလည်း လွမ်းမောစရာပါပဲ၊ စာအုပ်ဆိုင်၊ စာအုပ်တိုက်အစုံက ထွက်ရှိသမျှ စာအုပ်ထောင်ပေါင်းများစွာကို ဈေးတန်းလျှော့ကသလို တဝကြီးလျှောက်ကြည့်ပြီး ဝယ်ယူနိုင်ခဲ့တယ်ဆိုတာ အခုချိန်မှာတော့ အိမ်မက်လိုဖြစ်နေပါတယ်။ စာဖတ်ဝါသနာပါသူတွေနဲ့ စာအုပ်ချစ်သူတွေအတွက်ကတော့ အလုပ်ပိတ်ရက် ညနေခင်းရဲ့အရသာဆိုတာ စာအုပ်ဈေးတန်းတွေဆီမှာ အချိန်ကုန်ဆုံးတာပါပဲ။

ဒါ့အပြင် ကမ်းနားလမ်းတကြော

ဟာလည်း စာပေချစ်သူတွေ ပျော်လို့ကောင်းတဲ့ နေရာတစ်ခုပါပဲ။ ဘိုဘိုနဲ့ တွတ်ပီလို ကာတွန်းစာအုပ်တွေကအစ ပြုလို့ လျှို့ဝှက်ဆန်းကြယ်၊ ဂမ္ဘီရလိုမဂ္ဂဇင်းတွေ၊ ကလျာ၊ ယုဝတီ၊ အမြုတေ အစရှိတဲ့ ရွေးစရာမကုန်နိုင်တဲ့ လူငယ်ကြိုက် ခေတ်ဟောင်းမဂ္ဂဇင်းတွေအပြင် တစ်ခေတ်တစ်ခါက ရပ်ကွက်စာအုပ်ဆိုင်တွေမှာ လုယက်ငှားဖတ်ခဲ့ရတဲ့ သိုင်းဝတ္ထုတွေကိုလည်း ဒုနဲ့ဒေး တွေ့နိုင်ပါသေးတယ်။ စာပေဆောထုပ်တန်းကြီးတစ်ခုလိုပဲ ခံစားမိပါတယ်။ ရွေးနိုင်ရင် ရွေးနိုင်သလောက် အဖိုးတန်ရှားပါးစာအုပ်တွေ ရလာနိုင်တာဟာလည်း ဒီစာအုပ်အဟောင်းတန်းပါပဲ၊ တချို့ဆိုင်ကြီးတွေမှာ ဘယ်လိုမှ ရှာမရတော့တဲ့ စာအုပ်တွေကို ရှားရှားပါးပါးတွေ့ရတာမို့ စာအုပ်ဈေးတွေကတော့ သာမန်ဈေးထက် နည်းနည်းလေးများနေတတ်ပါတယ်။ ဒါပေမဲ့ စာချစ်သူတွေကတော့ နှစ်လိုစွာ ဝယ်ယူနေကြဆဲပါ။

နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်တွေ၊ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ၊ အကြောင်း အာသာပြန်ဆိုထုတ်ဝေတဲ့ လစဉ်ထုတ် သုတပဒေသာစာစောင်တွေ၊ စာပေဗိမာန်စာမူဆုရ ရှားပါးစာအုပ်တွေ၊




၂၁ရာစု မြန်မာစာပေသမိုင်းတစ်လျှောက် ထွက်ပေါ်ခဲ့တဲ့ စာအုပ်စာပေများထဲက အထူးခြားဆုံး အကောင်းဆုံးလက်ရာတွေကို ရွေးချယ်စုစည်းထုတ်ဝေတဲ့ မြန်မာ ဂန္ထဝင်အတွဲ (၁၀၀) ဝတ္ထုရှည်စာစဉ်တွဲ စာအုပ်တွေ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှတ်တမ်းစာအုပ်၊ နိုင်ငံတော်အကြီးအကဲများရဲ့ မိန့်ခွန်းစာအုပ်၊ နိုင်ငံတော်အဆင့်အစည်းအဝေး မှတ်တမ်းစာအုပ်တွေကအစ၊ နိုင်ငံတော်ပြန်တမ်းများ အပါအဝင် စာအုပ်အမျိုးပေါင်းရာချီနဲ့ အစိုးရဌာနတွေကထုတ်ဝေတဲ့ စာအုပ်အမျိုးအစားတွေ၊ ပြည်ထောင်စုလွှတ်တော်၊ ပုဂ္ဂလိကစာပေတိုက်များမှ ထုတ်ဝေသည့် ဥပဒေစာအုပ်အမျိုးအစားစုံနဲ့ သုတ၊ ရသစာအုပ်အမျိုးအစား သောင်းချီကို တစ်ခါတည်း ဝယ်ယူရရှိနိုင်ပါတယ်။

မြို့ပြရဲ့ မောင်းနှင်မှုအောက်မှာ မြို့ပြနေလူတန်းစားတွေဟာ အားလပ်ရက်ကို အသုံးချဖို့ မြို့ပြဆိုတဲ့အတိုင်း ရန်ကုန်မြို့မှာ လည်စရာပတ်စရာတွေ၊ ကြည့်စရာ ရုပ်ရှင်ရုံတွေ၊ စားစရာစားသောက်ဆိုင်တွေ၊ အနားယူစရာပန်းခြံတွေ ဒု နဲ့ ဒေးရှိပါတယ်။ မြို့နေလူတန်းစားတို့ထုံးစံအတိုင်း အားလပ်ရက်ဆိုတာ ရှေလိုအဖိုးတန်ကြ

မြို့နေလူတန်းစားတို့
ထုံးစံအတိုင်း
အားလပ်ရက်ဆိုတာ
ရွှေလိုအဖိုးတန်ကြတာမို့
စာအုပ်ဆိုင်လေးတွေဟာ
အားလပ်ရက်အတွက်
ကန္တာရထဲက
အိုအေစစ်တွေပါပဲ။





တာမို့ စာအုပ်ဆိုင်လေးတွေဟာ အားလပ်ရက်အတွက် ကန္တာရထဲက အိုအေစစ်တွေပါပဲ။

ရန်ကုန်မြို့မှာ စားသောက်တန်း၊ အဝတ်အထည်တန်း စသဖြင့် တွေ့နိုင်ပေမယ့် စာအုပ်ဆိုင်တန်းရယ်လို့တော့ ပြီးခဲ့တဲ့ ၂၀၁၇ နှစ်ဦးပိုင်းမှ စကြားဖူးကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန တိုက်တွန်းညွှန်ကြားမှုနဲ့အတူ စာအုပ်ထုတ်ဝေတဲ့ စာအုပ်တိုက်များရဲ့ ပူးပေါင်းမှုနဲ့ Yangon Books Street ဆိုပြီး ပေါ်ပေါက်လာခဲ့ပါတယ်။ အရင်က ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းဆိုပြီး စာအုပ်တန်းတစ်ခေတ်ရှိခဲ့ဖူးတဲ့ စာအုပ်ပင်လယ်တန်းကြီးဟာ အခုတော့ လူသူကျဲပါးနေပါပြီ။ ၁၀၀၀ ဖိုး သုံးအုပ်ကနေ အစပြုလို့ ၂သောင်း၊ ၃သောင်းတန်အထိ ရှားပါးစာအုပ်စုဆောင်းရာနေရာလေးတွေဟာ အခုတော့ နေ့စဉ်နဲ့အမျှ လွမ်းမောစရာဖြစ်လို့ နေပါတယ်။ ဆူဆူညံညံအသံလည်းမကြားရ၊ စာအုပ်လှန်ဖတ်ရှု၊ ကြိုက်ရင်ဈေးနှုန်းမေးသံလောက်သာ ကြားရတဲ့ ပလက်ဖောင်း စာအုပ်တန်းတွေ အပါအဝင် ပုံမှန်စာရှုက်လှန်သံလေးတွေနဲ့ တငြိမ့်ငြိမ့်စီးဆင်းနေတဲ့ စာအုပ်ဆိုင်လေးတွေဟာ အခုတော့ ဈေးကွက်အနေအထားအရ ခြောက်ကပ်စပြုနေပါပြီ။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုတဲ့ မြန်မာစကားတစ်ခွန်းရှိပါတယ်။ စာအုပ်စာပေထွန်းကားတဲ့ တိုင်းပြည်ဟာ ယဉ်ကျေးပြီး တိုးတက်မှုမြန်လေ့ရှိပါတယ်။ အကျင့်ကောင်း စလေ့ကောင်းဆိုရင် ထိန်းသိမ်းစောင့်ရှောက်ရပါတယ်။

လူကြီးသူမများ ဆုံးမဖူးသလို စာမဖတ်ရင် မျက်စိကန်း၊ နားပင်းတတ်တာမို့ နိုင်ငံ့အသက်တမျှ အရေးကြီးတဲ့စာအုပ်စာပေတွေကို ဝယ်ယူစုဆောင်းနေရတဲ့ ပလက်ဖောင်းပေါ်က စာအုပ်ဆိုင်တန်းလေးတွေမှာဖြစ်ဖြစ်၊ စာအုပ်ဆိုင်တွေမှာဖြစ်ဖြစ် အချိန်ကုန်ခံချင်တဲ့ လူငယ်တွေ များစွာရှိနေပါတယ်။ နည်းပညာတိုးတက်လာတဲ့ ခေတ်အခြေအနေမှာတော့ ပန်းဆက်လမ်း အက်ပလီကေးရှင်းလို အွန်လိုင်းစာအုပ်ဆိုင်တွေ၊ ဝန်ဇင်းအက်ပလီကေးရှင်းလို အွန်လိုင်းစာအုပ်အငှားဆိုင်တွေ ပေါ်ထွက်လာတာကလည်း တစ်ဖက်တစ်လမ်းက ကောင်းမွန်တဲ့အချက်တစ်ခုပါပဲ။ ကိုယ်တိုင် စာအုပ်ကိုင်ဖတ်ရတဲ့ အရသာမဟုတ်ပေမယ့် ဖတ်ချင်တဲ့စာအုပ်ကို ရွေးချယ်၊ အွန်လိုင်းစနစ်နဲ့ ငွေချေပြီးတာနဲ့ စာအုပ်တစ်အုပ်လုံးကို ကွန်ပျူတာ၊ မိုဘိုင်းဖုန်း စတာတွေနဲ့ စိတ်ကြိုက်ဖတ်ရှုနိုင်မှာပဲ ဖြစ်ပါတယ်။ ဝန်ဇင်း အက်ပလီကေးရှင်းကတော့ ပြည်

လူကြီးသူမများ ဆုံးမဖူးသလို
စာမဖတ်ရင် မျက်စိကန်း၊
နားပင်းတတ်တာမို့
နိုင်ငံ့အသက်တမျှ
အရေးကြီးတဲ့စာအုပ်စာပေတွေကို
ဝယ်ယူစုဆောင်းနေရတဲ့
ပလက်ဖောင်းပေါ်က
စာအုပ်ဆိုင်တန်းလေးတွေမှာဖြစ်ဖြစ်၊
စာအုပ်ဆိုင်တွေမှာဖြစ်ဖြစ်
အချိန်ကုန်ခံချင်တဲ့ လူငယ်တွေ
များစွာရှိနေပါတယ်။



တွင်းမှာ နာမည်အရဆုံး အွန်လိုင်းစာအုပ်အငှားဆိုင်တစ်ခုပါပဲ။ Click တစ်ချက်နှိပ်ပြီး ဖတ်လိုတဲ့စာအုပ်ကို ရွေးလိုက်တာနဲ့ တစ်ပတ်တာကြာတဲ့အထိ ဖတ်နိုင်အောင် ငွေ ၃၀၀ ကျပ်ဝန်းကျင်ကစလို့ ငှားရမ်းဖတ်ရှုနိုင်ပါတယ်။ ရပ်ကွက်စာအုပ်အငှားဆိုင်လေးတွေကို လွမ်းနေရတဲ့အချိန်မှာ အွန်လိုင်းစာအုပ်အငှားဆိုင် ပေါ်လာတာကလည်း အနည်းငယ်တော့ ဖြေသာစေပါတယ်။ အွန်လိုင်းက စာအုပ်ဝယ်ယူရင်တော့ တရားဝင် အက်ပလီကေးရှင်းတွေရှိသလို၊ Page တွေ၊ facebook Group တွေဖွဲ့ပြီး အချင်းချင်းရောင်းချကြတာမျိုးတွေလည်း ရှိပါတယ်။ ဒီအခါ မလိုလားအပ်တဲ့ လိမ်လည်ရောင်းချတာ၊ စာအုပ်မှာယူပြီးမှ လိပ်စာအမှားပေးတာ စတဲ့ ပြဿနာတွေကို ကြုံရနိုင်ပါတယ်။ စာအုပ်ဆိုင်ကြီးတွေရဲ့ တရားဝင် Page နဲ့ App တွေက မှာတဲ့အခါမှာတော့ ငွေပေးချေမှုကအစ စာအုပ်ရောက်ငွေချေစနစ် ပေးနိုင်တဲ့အပြင် နယ်ကမှာယူတဲ့အခါမှာလည်း ငွေကြိုလွှဲစနစ် ငွေအရင်ပေးခဲ့ရတယ်ဆိုရင်တောင်မှ စိတ်ချလက်ချဖြစ်စေပါတယ်။ သူတို့အနေနဲ့ ငွေလွှဲလက်ခံတဲ့အခါ Mobile Banking (KBZ, AYY, CB) Wave Money, True Money, KBZ Pay, CB Pay, MPU စတဲ့ ပြည်တွင်းငွေလွှဲစနစ်များ



အွန်လိုင်းစာအုပ်ဇင်တွေ၊ E Books တွေ၊ Social App တွေ ဘယ်လောက်ကောင်းကောင်း စာအုပ်တစ်အုပ်ကို လက်ကကိုင်တွယ်ဖတ်ရှုရတဲ့ အရသာဟာ ကိုယ်တိုင် လုပ်ဆောင်ဖူးမှ သိမှာပါပဲ။ ခေတ်စနစ်အမီ လိုက်နေတဲ့ လူငယ်တွေဟာစာအုပ်ဆိုင်မှာ စာအုပ်တွေရွေးရင်း၊ စာအုပ်ဆိုင်မှာ ကော်ဖီတစ်ခွက်နဲ့ စာထိုင်ဖတ်ရင်း ပျော်မွေ့ရမယ့်အချိန်လည်း ...



အပြင် နိုင်ငံခြားမှ တိုက်ရိုက်ငွေလွှဲခြင်းအတွက် Western Union, Mastercard စသည့် နိုင်ငံတကာငွေလွှဲစနစ်များဖြင့် ငွေကြိုလွှဲပေးချေရတာဖြစ်လို့ စိတ်ချလက်ချဖြစ်စေပါတယ်။

ဘယ်လိုပဲ အဆင်ပြေပါစေ စာအုပ်ဆိုင်ကိုသွားပြီး တစ်အုပ်ချင်း စိတ်ရှိလက်ရှိ မြည်းစမ်းဖတ်ပြီးမှ ဝယ်ရတဲ့ခံစားမှုနဲ့တော့ ယှဉ်လို့ မရနိုင်ပါဘူး၊ အချုပ်ပြောရရင် စာအုပ်ဆိုင်တွေ မှေးမှိန်လာတာ ကောင်းမွန်တဲ့ လက္ခဏာ မဟုတ်တာကိုတော့ အားလုံးသိကြမှာပါပဲ။ စာအုပ်ဆိုင်ပျောက်ရာကနေ စာရေးသူပါ ပျောက်လာနိုင်ပါတယ်။ အွန်လိုင်း စာအုပ်ဇင်တွေ၊ E Books တွေ၊ Social App တွေ ဘယ်လောက်ကောင်းကောင်း စာအုပ်တစ်အုပ်ကို လက်ကကိုင်တွယ်ဖတ်ရှုရတဲ့အရသာဟာ ကိုယ်တိုင်လုပ်ဆောင်ဖူးမှ သိမှာပါပဲ။ ခေတ်စနစ်အမီလိုက်နေတဲ့ လူငယ်တွေဟာစာအုပ်ဆိုင်မှာ စာအုပ်တွေရွေးရင်း၊ စာအုပ်ဆိုင်မှာ ကော်ဖီတစ်ခွက်နဲ့ စာထိုင်ဖတ်ရင်း ပျော်မွေ့ရမယ့်အချိန်လည်း ရှိရမှာပါ။ ဒီအတွက် စာအုပ်ဆိုင်တွေ ပြန်လည်တောက်ပချိန် ရောက်လာဖို့ ရည်ရွယ်ရင်း။

မေဘယ်လ်အောင်

**ဒီလူတွေအကျိုးအတွက် လုပ်တဲ့အလုပ်မို့ ဒီလူတွေကိုပဲ လုပ်ခိုင်းရမယ်၊ အဲဒီလိုမလုပ်ရင် သူတို့ရဲ့ဂုဏ်သိက္ခာ၊ သူတို့ရဲ့ စွမ်းဆောင်ရည်ကို မလေးစားသလို ဖြစ်သွားမှာပေါ့။**

၁၉၆၃ခု၊ စက်တင်ဘာလ နေ့တစ်နေ့ဖြစ်သည်။ ဟု(ဂ်) ဒေါင်နေးသည် စိတ်ရှုပ်လန်းပေါ့ပါးစွာဖြင့် သူ့ကားကိုမောင်းလာခဲ့၏။ ဖုန်ထူထပ်သော လမ်းပေါ်တွင် ပင်ပန်းဆင်းရဲစွာ လမ်းလျှောက်နေသော ဘုန်းတော်ကြီးတစ်ပါးကိုတွေ့သဖြင့် ကားရပ်၍ ရွာသို့ ကားဖြင့်လိုက်ခဲ့ရန်ဖိတ်ခေါ်ခဲ့၏။ ဤအစုတ်မထင်ပြုလုပ်သောကူညီမှုသည် ဟု(ဂ်) ဒေါင်နေးဘ၀ကိုသာမက



ထောင်ပေါင်းများစွာသော အီသီယိုးပီးယားလူမျိုးတို့၏ ဘဝကိုလည်း ပြောင်းလဲစေခဲ့၏။

ကားစီးလာကြရင်း ဘုန်းကြီးနှင့်ဂျီအိုင်တပ်မှ လူငယ်စစ်သားတို့သည် စကားလက်ဆုံကျခဲ့ကြ၏။ မကြာခင်ပင် သူရောက်နေသောနေရာသည် တစ်ချိန်က ထင်ရှားခဲ့သော ရှီဘာဘုရင်မ စိုးစံခဲ့သည့်ဒေသဖြစ်ကြောင်း သိလာ၏။ ယခုအခါ ထိုဒေသ၏ ခမ်းနားထည်ဝါမှုများ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ ထောင်ပေါင်းများစွာသော အီသီယိုးပီးယားလူမျိုးတို့သည် ထိုဒေသ၏ ခြောက်သွေ့သော မြေကြီးပေါ်တွင် အသက်ရှင်နိုင်ရန် ကြိုးစားနေကြရ၏။ ကျန်းမာရေးဆေးပေးခန်းဟူ၍မရှိ၊ နို့စို့ကလေးအရွယ် သေဆုံးမှုသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးနှုန်းထားသို့ ရောက်နေသည်။ အချိန်အခါအလိုက် ကျရောက်သော ကပ်ရောဂါသည် ရာပေါင်းများစွာသော အသက်စီဝိန်များကို ချွေခဲ့၏။

"ဒီဒေသကလူတွေ၊ ဒီဒုက္ခတွေက ကင်းလွတ်ဖို့အတွက် ပညာတတ်ဖို့လိုတယ်" ဘုန်းတော်ကြီး စိတ်မချမ်းမြေ့စွာပြောပြသည်။ ကျေးရွာများတွင် ပညာသင်ကြားနိုင်သော အခွင့်အရေးမရှိပေ။

အချို့လူများက ကိုယ်ပိုင်ကျောင်းများတည်ထောင်ဖို့ ကြိုးစားသော်လည်း အောင်မြင်မှုမရခဲ့။ မကြာခင် ရှီနာရာရွာသို့ ရောက်လာကြ၏။ ဘုန်းတော်ကြီးက ရွှံ့နှင့်မြက်ခြောက်များဖြင့် တည်ဆောက်ထားသော အဆောက်အဦအကြွင်းအကျန်များကို ညွှန်ပြရင်းပြောသည်။ "ဒါဟာ ကြွင်းကျန်ခဲ့တဲ့ စာသင်ကျောင်းတွေပေါ့" ဘုန်းကြီးက ဆက်ပြောသည်။ "မိုးဒဏ်ကြောင့်ပြိုကျသွားတယ်။ နောက်ထပ်ဆောက်ဖို့ မကြိုးစားရဲကြတော့ဘူး"

ထိုနေ့ညနေတွင် အက်(ဂ်)မားရှားရှိ အမေရိကန်စစ်တပ်၏ အခြေစိုက်ဆက်သွယ်ရေးစခန်းသို့ ပြန်ရောက်သောအခါ ဒေါင်နေး၏ စိတ်ကြည်နူးမှုများ လွင့်ပျောက်သွားတော့၏။ ရွာသားများက သူတို့နည်းသူတို့ဟန်ဖြင့် သားသမီးများအား ပညာသင်ကြားပေးရန် ကြိုးပမ်းနေပုံကို သူ ပြန်မြင်ယောင်နေ၏။ မှန်ဆွန်းမိုးကို ကြံ့ကြံ့ခံနိုင်မည့် စာသင်ကျောင်းတစ်ကျောင်းကိုဆောက်ပေးရန် သူ ဆုံးဖြတ်လိုက်၏။

ယခုအခါ မစ္စတာ ဟု(ဂ်)သည် စစ်တပ်မှထွက်ပြီး၊ အီသီယိုးပီးယားတွင် နေထိုင်လျက်ရှိ၏။ အီရစ်ထရီးယားတွင် သူ့ကိုလူတိုင်းသိ၏။ သူ၏စွမ်းဆောင်မှုများမှာ မယုံကြည်နိုင်အောင်ကြီးမားလှသည်။ လွန်ခဲ့သော ခုနစ်နှစ်တာကာလအတွင်း သူသည် အီသီယိုးပီးယား လူမျိုးထောင်ပေါင်းများစွာ၏ဘဝကို ပြောင်းလဲစေသည်။ ကိုယ်ထူကိုယ်ထ စီမံကိန်းနှစ်ဆယ်ကို ချမှတ်ဆောင်ရွက်ခဲ့၏။ ကျေးရွာစာသင်ကျောင်းဆယ်ကျောင်း၊ မိဘမဲ့ကလေး(၁၀၀)ကို ထိန်းသိမ်းနိုင်သော ဂေဟာတစ်ခု၊ ထိုကျောင်းတွင် ကလေး(၁၅၀)စာသင်နိုင်သည်။ ကိုယ်ဝန်ဆောင်ဆေးခန်းတစ်ခု၊ ထိုဆေးခန်းသည် ထောင်ပေါင်းများစွာသော မိခင်နှင့်ကလေးများ၏ အသက်ကို ကယ်နိုင်ခဲ့သည်။ လူထုစာကြည့်တိုက်တစ်တိုက်နှင့် ခုတင်(၇၅)လုံးဆန့် ဆေးရုံတစ်ရုံပါသည်။ အီသီယိုးပီးယား လူမျိုးတို့အား ရေတွင်းကို မည်ကဲ့သို့ တူးရမည်၊ ငှက်ဖျားရောဂါကို မည်ကဲ့သို့ တာကွယ်ရမည့် နည်းလမ်းများကို သင်ကြားပေးခဲ့၏။ သီးနှံအထွက်ကောင်းအောင် စိုက်ပျိုးထွန်ယက်ရမည့်နည်းလမ်းများကို သင်ပြခဲ့၏။ ဆင်းရဲသားများအား အဝတ်အထည်နှင့် အစားရိက္ခာတန်ပေါင်းများစွာ ပေးခဲ့၏။

အရေးအကြီးဆုံးသော ဆောင်ရွက်ချက်မှာ အီသီယိုးပီးယားလူမျိုးတို့၏ စိတ်ဓါတ်နှင့်နေထိုင်ပုံကို မြှင့်တင်ပေးခြင်းဖြစ်သည်။ သူတို့၏ အတွေးအခေါ်အယူအဆဟောင်းများကို အမြစ်မှဖယ်ရှား၍ အတွေးအခေါ်သစ်များပြောင်းလဲပေးခဲ့၏။ မျှော်လင့်ချက်ကင်းမဲ့မှု၊ ဆင်းရဲမှု၊ အသိဉာဏ်နောက်ကျမှုများကို သူတို့ဘာသာ ကြိုးစား၍ မြှင့်တင်ရမည်ဟူသော အယူအဆကိုဖြစ်ပေါ်စေခဲ့၏။

သူ့ဆောင်ရွက်ချက်များကို ပြန်လည်လေ့လာမည်ဆိုပါက။

"ဒါဟာ ခင်ဗျားတို့ အတွက် စီမံကိန်း"

This is your Project

နောက်တစ်ကြိမ် တာဝန်မှအားလပ်သောနေ့တွင် ဟု(ဂ်)သည် ရှီနာရာရွာသို့ ပြန်သွားခဲ့ပြန်၏။

"ခင်ဗျားတို့ရဲ့ကလေးတွေ စာသင်ဖို့ ကျောင်းတစ်ကျောင်းလိုချင်သလား" စုဝေးရောက်ရှိလာသည့် ရွာသားများကို သူက အမှုအရာဖြင့် မေးသည်။ "ကျွန်တော်တို့ ကျောင်းတစ်ကျောင်းကို

လွန်ခဲ့သော ခုနစ်နှစ်တာကာလအတွင်း သူသည် အီသီယိုးပီးယားလူမျိုး ထောင်ပေါင်းများစွာ၏ဘဝကို

ပြောင်းလဲစေသည်။ ကိုယ်ထူကိုယ်ထ စီမံကိန်းနှစ်ဆယ်ကို ချမှတ်ဆောင်ရွက်ခဲ့၏။

ကျေးရွာစာသင်ကျောင်းဆယ်ကျောင်း၊ မိဘမဲ့ကလေး(၁၀၀) ကို ထိန်းသိမ်းနိုင်သော ဂေဟာတစ်ခု၊


ထိုကျောင်းတွင် ကလေး (၁၅၀)စာသင်နိုင်သည်။

> ရှာသားများသည် ဟု(ဂ်)၏ရည်ရွယ်ချက်ကို သံသယရှိသဖြင့် သိပ်စိတ်မပါကြပေ။
> နိုင်ငံခြားသားများကို အမျိုးအစားနှစ်ခုသာသူတို့သိ၏။
> သူတို့ကို လာရောက်အနိုင်ယူသည့်စစ်သားများနှင့် သူတို့ကို ဘာသာပြောင်းပေးသည့်
> သာသနာပြုအဖွဲ့များဟူ၍ ဖြစ်သည်။

ဆောက်ကြမယ်" ထို့နောက် သူယူလာသော ဘိလပ်မြေနှစ်အိတ်နှင့် သစ်သားကြမ်းဖြင့် လုပ်ထားသော ပုံစံခွက်ကိုထုတ်ယူလိုက်သည်။ သဲနှင့်ဘိလပ်မြေကိုရော၍ မိုးရေခံနိုင်သည့် ကျောက်တုံးပုံစံကို လက်တွေ့လုပ်ပြသည်။ ထို့ နောက် "ကဲ… ခင်ဗျားတို့ လေ့ကျင့်ကြပါ၊ ရက်အနည်းငယ်အတွင်း လုပ်ငန်းစမယ်" ဟု ပြောသည်။

လုပ်ငန်းစသည့်အချိန်ကစ၍ ဟု(ဂ်)သည် ရွာသားများအား အလုပ်လုပ်ခိုင်း၏။ "လူတွေအတွက် အလုပ်လုပ်ရင် အဲဒီအလုပ်ကို သူတို့ကိုပဲ ခိုင်းရမယ်" သူက ပြောသည်။ "အဲဒီလိုမလုပ်ရင် သူတို့ရဲ့ ဂုဏ်သိက္ခာ၊ သူတို့ရဲ့ စွမ်းဆောင်ရည်ကို မလေးစားသလို ဖြစ်သွားလိမ့်မယ်။ "ဒါဟာ ခင်ဗျားတို့အတွက် လုပ်တာဖြစ်တယ်။ ကျွန်တော့်အတွက် မဟုတ်ဘူး"

ရွာသားများသည် ဟု(ဂ်)၏ ရည်ရွယ်ချက်ကို သံသယရှိသဖြင့် သိပ်စိတ်မပါကြပေ။ နိုင်ငံခြားသားများကို အမျိုးအစားနှစ်ခုသာသူတို့သိ၏။ သူတို့ကို လာရောက်အနိုင်ယူသည့်စစ်သားများနှင့် သူတို့ကို ဘာသာပြောင်းပေးသည့် သာသနာပြုအဖွဲ့များဟူ၍ ဖြစ်သည်။ "ကျွန်တော်ဟာ ဘယ်အစိုးရရဲ့လူမှမဟုတ်ဘူး" ဟု(ဂ်)က အမြဲပြောသည်။ "ကျွန်တော်ဟာ လူတွေကို အတတ်နိုင်ဆုံး အကူအညီပေးနေတာ ဖြစ်ပါတယ်"



အစပိုင်းတွင် ဘာသာစကားသည်ကြီးမားသော အတားအဆီးဖြစ်ခဲ့၏။ ရွာသားများသည် အင်္ဂလိပ်စကားကို လုံးဝမတတ်ကြပေ။ သူကလည်း ပြည်နယ်၏ ဘာသာစကားဖြစ်သော အမ်ဟားရစ်စကားလုံးအနည်းငယ်သာ သိထားသည်။

အာဖရိကန်မြောက်ပိုင်းစကား တီဂရင်းနီးယားကို လုံးဝမတတ်ပေ။ တစ်နေ့တွင် ဟု(ဂ်)နှင့်သက်တူရွယ်တူ အီသီယိုးပီးယားတစ်ယောက်က ထိုအခက်အခဲကို ဖြေရှင်းပေး၏။ အက်တိုဆီယမ်အင်ဒီဂဟာဂစ် ဖြစ်သည်။ ဟု(ဂ်)ကိုရပ်ကြည့်နေ၏။ ဟု(ဂ်)သည် တစ်နေရာမှ တစ်နေရာသို့ လျှောက်သွားပြီး အလုပ်သမားများအား အမူအရာဖြင့် ရှင်းလင်းပြောပြနေ၏။ ထို့နောက် အလွန်ကောင်းသော အင်္ဂလိပ်စကားဖြင့် သူက အေးဆေးစွာပြောလေသည်။ "ကျွန်တော် ဟာဂီးလက်က လာတာပါ။ အဲဒီရွာကို ကျောင်းဆောက်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်ကို မွေးတဲ့ရွာပါ။ အမေရိကန်စစ်သားတစ်ယောက်က ကျွန်တော့်ရွာသားတွေကို အကူအညီပေးနေတဲ့အကြောင်း ကြားပါတယ်၊ ကျွန်တော်လဲကူညီချင်ပါတယ်။ လက်ခံနိုင်ပါသလား"

"လက်ခံမှာပေါ့" ဟု(ဂ်)က ဝမ်းသာအားရပြောသည်။

"ခင်ဗျား ဟာဂီးလက်က လာတာမဟုတ်ဘူး၊ ကောင်းကင်ဘုံက လာတာပါဗျာ"

**"အသေးအဖွဲ့ဆောင်ရွက်မှုမှအစ"**

**A Pieceof Action**

ဆီယမ်က သူ့စကားကိုဘာသာပြန်ပေးသဖြင့် လုပ်ငန်းတွင်ကျယ်ခဲ့၏။ ဟု(ဂ်)သည် သူ့လစာဖြင့် ပစ္စည်းဝယ်ရန် မလုံလောက်သဖြင့် ကန်ဆက်မြို့တွင် ရှေ့နေလုပ်သော သူ့ဖခင်ထံ စာရေး၏။ "အဖေ.. ကျွန်တော် ဒီမှာ အလုပ်နည်းနည်းလုပ်နေတယ်။ ငွေနည်းနည်းလိုပါတယ်" အဘိုးကြီး ဒေါင်နေသည့် ငွေပို့ရုံသာမက ဟု(ဂ်)၏စာကို သူ့မိတ်ဆွေများကို ပြခဲ့၏။ ထိုသူများ

**ထိုခြောက်သွေ့သော ဧရိယာတွင် တစ်ပင်တည်းစိမ်းလန်းစွာပေါက်နေသည့်**
**သစ်ပင်ကြီးအောက်တွင် ရေရနိုင်မည်ဟု သူယုံ၏။**
**သို့ဖြင့် ရွာသားများအားလုံး ဝိုင်းဝန်း၍ ထိုနေရာတွင် ရေတွင်းတူးကြ၏။**
**ပေသုံးဆယ်တူးပြီးနောက် ...**

ကလည်း အကူအညီပေးကြ၏။ ငါးလအကြာတွင် ကျောင်းဆောက်ပြီးခဲ့၏။ ဒေါ်လာ(၈၀၀)ကုန်ကျခဲ့၏။ ဆီယမ်က ကျောင်းအုပ်ဖြစ်သည်။

ထို့နောက် ဟု(ဂ်)သည် စာသင်ကျောင်းများ ထပ်ဆောက်ပြန်၏။ စာသင်ကျောင်းများဆောက်ရုံနှင့် မပြီးပေ။ သူက ရှင်းပြသေး၏။ "အလုပ်တစ်ခုလုပ်ရင်း နောက်လုပ်ရမယ့်အလုပ်တစ်ခုပေါ်လာတတ်တယ်။ ဥပမာ ကီးလက်မှာ ကျောင်းဆောက်နေတုန်းမှာ ရွာသားတွေဟာ ရေကို အဝေးကြီးက သယ်ရတာကို တွေ့ရတယ်။ မတ်စောက်တဲ့တောင်ကိုဖြတ်ပြီး ရေကိုပုံးနဲ့သယ်ကြရတယ်"

ဟု(ဂ်)သည် ဘူမိဗေဒပညာမတတ်သော်လည်း ထိုဒေသတွင်ရေရနိုင်မည့်နေရာကို နက်နက်တူးပါက ရေထွက်မည်ကို သိခဲ့၏။ ထိုခြောက်သွေ့သော ဧရိယာတွင် တစ်ပင်တည်းစိမ်းလန်းစွာပေါက်နေသည့် သစ်ပင်ကြီးအောက်တွင် ရေရနိုင်မည်ဟု သူယုံ၏။



သို့ဖြင့် ရွာသားများအားလုံး ဝိုင်းဝန်း၍ ထိုနေရာတွင် ရေတွင်းတူးကြ၏။ ပေသုံးဆယ်တူးပြီးနောက် ကြည်လင်အေးမြသော ရေအလျှံပယ် ထွက်လာသဖြင့် ရွာသားများအံ့အားသင့်သွားကြ၏။ ယခုအခါ စာသင်ကျောင်းသစ်ကြီးမှလွဲလျှင် ရွာသားများသည် ထိုရေတွင်းကို ဂုဏ်ယူမဆုံးဖြစ်နေကြ၏။

**"မျှော်လင့်ချက်ရပ်ဝန်း"**

**Place of Hope**

၁၉၆၅ခုနှစ်အစပိုင်းတွင် သူသည် တပ်မှထွက်ပြီး အိမ်ပြန်ခွင့်ရ၏။ ထိုအခါ ဟု(ဂ်)က သူ့ဖခင်ထံသို့ "ကျွန်တော်နောက်ထပ်လုပ်ရမယ့်အလုပ်နည်းနည်း ကျန်ပါသေးတယ်"ဟု စာရေးခဲ့၏။ ကီရင်မြို့တွင် အိမ်တစ်လုံးငှား၍နေခဲ့သည်။ "ကျွန်တော် စီမံကိန်းလုပ်ငန်းတွေနဲ့ နီးအောင်နေတာပါ"ဟု သူကပြောပြသေးသည်။ မကြာခင် အရေးတကြီးလိုအပ်နေသော အရာတစ်ခုကို သူတွေ့သွားသည်။ တစ်နေ့တွင် အလွန်သနားစရာကောင်းသော မိဘမဲ့ကလေးတစ်ယောက်ကို သူမြင်ခဲ့သည်။ ကလေးသည် စားစရာ အိပ်စရာမရှိဘဲ လျှောက်သွားနေ၏။ ထိုကလေးကို သူ့အိမ်သို့ခေါ်လာခဲ့၏။ မကြာခင် သူ့အိမ်သည် မိဘမဲ့ကလေးများဖြင့် ပြည့်နေတော့၏။

"အခုဆိုရင် ကျွန်တော်တို့ဆီမှာ မိဘမဲ့ကလေး(၂၀)ရှိနေပါပြီ" ဟု(ဂ်)က စာရေးခဲ့၏။ "အဲဒီကလေးတွေကိုထားဖို့ အဆောက်အဦဆောက်မယ်ဆိုရင် မြေတစ်ကွက်ပေးမယ်လို့ မြို့တော်ဝန်က ပြောပါတယ်။ အဆောက်အဦဆောက်ဖို့ဒေါ်လာ(၃၀၀၀)လောက်ကုန်ပါမယ်။ ကျွန်တော့်လစာမှ စုဆောင်းထားငွေဒေါ်လာ(၁၅၀၀)ရှိပါတယ်။ အခုပဲ လုပ်ငန်းစနေပါပြီ"

မိဘမဲ့ကလေးများအား စောင့်ရှောက်ရန် ဆီယမ်ကို မှာကြားပြီးနောက် သူသည် ကန်ဆက်သို့ လေယာဉ်ဖြင့်လာခဲ့၏။ သူ့ဖခင်နှင့် အလှူငွေထည့်ဝင်သူများကို တွေ့ရန်ဖြစ်သည်။ ထိုလူများသည် သူပြောသည့်အကြောင်းများကို အလွန်နှစ်သက်အားရရှိကြ၏။ ချက်ချင်းပင် အဖွဲ့ဖွဲ့၍ Hugh's Ethiopian EnterPrises ကို အကူအညီပေးရန် ဆုံးဖြတ်ကြ၏။ သူ့အကြံပေးချက်အရ ထိုအဖွဲ့

အီသီယိုးပီးယားသို့ မပြန်ခင်မှာပင် ဟု(ဂ်)သည်
ငယ်ရည်းစား မာသာရို့(စ်)မာဂါနှင့်လက်ထပ်လိုက်၏။ မာသာမှာ ကိုယ်လုံးသွယ်သွယ်၊
ဆံပင်နက်နက်ဖြင့် ချောမောလှပသူလေးဖြစ်သည်။
ရက်သတ္တအနည်းငယ်အတွင်းမှာပင် ကာရင်သို့ ပြန်ခဲ့ကြ၏။

အစည်းကို Lalmba Association ဟု အမည်ပေးခဲ့၏။ ထိုနာမည်၏ အဓိပ္ပာယ်မှာ "A Place of Hope and Refugee" ဖြစ်သည်။ လှူဒါန်းငွေအားလုံးကို ဟု(ဂ်)၏ လုပ်ငန်းအားလုံးတွင် အသုံးပြု၏။ အုပ်ချုပ်ရေးလုပ်ငန်းအတွက် လုံးဝအသုံးမပြုပေ။


လက်လမ်ဘာအသင်းသည် ဟု(ဂ်)ဒေါင်နေး၏ လိုအပ်သော ငွေကြေး၊ ပစ္စည်းများကို အမြဲထောက်ပံ့ခဲ့၏။ လက်လမ်ဘာအဖွဲ့၏ ဥက္ကဋ္ဌမှာ အာမခံကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌ အင်္ဂဒဝင်ဂျီမူရာ ဖြစ်သည်။ သူက "ဟု(ဂ်)စတင်လုပ်နေတဲ့ လုပ်ငန်းအတွက် ငွေကြေး၊ ပစ္စည်းစတာတွေကို ကျုပ်တို့ပို့လို့ မပြည့်စုံခင်မှာဘဲ၊ သူက ကျွန်တော့်မှာ နောက်ထပ် လုပ်စရာအလုပ်ကလေးတစ်ခု ရှိသေးတယ်လို့ ပြောတယ်။ သူ လုပ်ချင်တဲ့လုပ်ငန်းတွေအားလုံး ငွေကြေး ပစ္စည်းအစုံအလင်ကို ကျွန်တော်တို့ ပို့ပေးနိုင်ခဲ့ပါတယ်"။

အီသီယိုးပီးယားသို့ မပြန်ခင်မှာပင် ဟု(ဂ်)သည် ငယ်ရည်းစား မာသာရို့(စ်)မာဂါနှင့်လက်ထပ်လိုက်၏။ မာသာမှာ ကိုယ်လုံးသွယ်သွယ်၊ ဆံပင်နက်နက်ဖြင့် ချောမောလှပသူလေးဖြစ်သည်။ ရက်သတ္တအနည်းငယ်အတွင်းမှာပင် ကာရင်သို့ ပြန်ခဲ့ကြ၏။ သူတို့နှင့်အတူ ဒေသဆိုင်ရာဆေးပေးခန်းများမှလှူသော ဆေးဝါးပစ္စည်းများနှင့် ကင်ဆက်စီးတီးပိသုကာဌာနမှ ပေးလိုက်သော မိဘမဲ့ကလေးများကျောင်း အဆောက်အဦပုံစံများကို ယူဆောင်သွားကြ၏။

အမိုးနိမ့်ပြီးရှည်လျားသော မိဘမဲ့ကလေးများဂေဟာမှာ အုတ်တိုက်ဖြစ်သည်။ ထိုအဆောက်အဦကို လပိုင်းအတွင်း ပြီးအောင်ဆောက်နိုင်ခဲ့၏။

ထိုအဆောက်အဦတွင် ကလေးများစုပေါင်းအိပ်စက်နိုင်သော အိပ်ဆောင်ခန်းမ၊ ထမင်းစားခန်း၊ စာသင်ခန်း၊ ကျောင်းဆရာများနေအိမ်၊ အုပ်ချုပ်ရေးအဖွဲ့ ရုံးခန်းများ ပါဝင်သည်။

ထို့နောက် အခြားစီမံကိန်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ပြန်၏။ ပြန်လည်စခန်းထလာသော ငှက်ဖျားရောဂါကို ကာကွယ်ရန်အတွက် ဟု(ဂ်)သည် မယ်ဒီကယ်ဆာဖာရစ် (လှည့်လည်၍ ဆေးကုသသောအဖွဲ့)များကို တောရွာများသို့ အဆက်မပြတ်



**ရေရှားပါးတဲ့ ဒေသမှာ သင်တူးနေတဲ့ ရေတွင်းထဲက ရေထွက်လာတော့မည့်**
**အရိပ်အယောင်မြင်ရတဲ့ အချိန်၊ သူမရဲ့ကလေးကို**
**သင် ကယ်ဆယ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့**
**မငုံမရဲပြောလိုက်တဲ့ မိခင်ရဲ့ စကားသံ ဒါတွေထက်ပိုကောင်းတဲ့ဆုလာဘ်.....**

စေလွှတ်ပေးခဲ့၏။ ထိုအဖွဲ့များတွင် အမေရိကန်စစ်တပ် ဆရာဝန်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့မှ သူနာပြုများ၊ အီသီယိုးပီးယား ဆေးပညာဌာန ဝန်ထမ်းများပါဝင်သည်။ ကာရင်တွင်ရှိသော အသုံးမပြုတော့သည့် အဆောက်အဦဟောင်းတစ်ခုကို သိမ်းယူ၍ အဆင့်မြင့်မီးယပ်သားဖွားဆေးရုံအဖြစ် ဖွင့်လှစ်ခြင်းဖြင့် အီသီယိုးပီးယား အမျိုးသမီးပေါင်းများစွာကို ကုသနိုင်ခဲ့၏။ နို့စို့ အရွယ်ကလေး သေဆုံးမှုမှာလည်း ကျဆင်းသွား၏။ အခြားအဆောက်အဦဟောင်းတစ်ခုကို ငှားရမ်း၍ ပြည်သူ့စာကြည့်တိုက်ဖွင့်ခဲ့၏။

ယခုအခါ ကာရင်မြို့တွင် ခုတင်(၇၅)လုံးဆန့် အလွန်ခန့်ညားသည့် ဆေးရုံတစ်ရုံတည်ဆောက်ပြီးစီးသဖြင့် ယခုလတွင် တရားဝင်ဖွင့်မည်တော့မည်ဖြစ်သည်။ ကြာမြင့်စွာမက်ခဲ့သော အိပ်မက်တစ်ခုကို အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်တော့သည်။ ဟု(ဂ်)သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အမြဲတမ်း ဆေးရုံတစ်ရုံဆောက်ရန် စိတ်ကူးရှိခဲ့ဖူး၏။ ကာရင်တွင်ရှိသော သူ့အိမ်သို့ မကျန်းမာသူများ အကူအညီတောင်းသူများ အမြဲလာရောက်တတ်ကြ၏။

ဆေးရုံ၏ အဆောက်အဦပုံစံကို ကင်ဆက်စီးတီးမြို့ ဗိသုကာအဖွဲ့မှ အခမဲ့ရေးဆွဲပေး၏။ အဆောက်အဦကုန်ကျစရိတ်၊ ဓါတ်မှန်ရိုက်ခန်း၊ အခြားခေတ်မီဆေးဝါးကိရိယာများ၊ ပရိဘောဂများအားလုံးကို Lalmba အဖွဲ့အပါအဝင် အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ခြင်းဖြစ်သည်။ ဆေးရုံဝန်ထမ်းများကို အီသီယိုးပီးယားအစိုးရမှ လစာပေးသည်။ အိုကလာဟိုမားမြို့မှ ခွဲစိပ်ကုဆရာဝန် ဒေါက်တာရောဘတ်အေမက်လောက်လင်နှင့် သူ့ဇနီး လက်မှတ်ရ သူနာပြုတို့သည် ထိုဆေးရုံတွင် တာဝန်ထမ်းဆောင်နေကြ၏။

မစ္စတာဟု(ဂ်)နှင့် မစ္စမာတီတို့ သည် စီမံကိန်းအသစ်များကို အဆက်မပြတ်လုပ်ကြ၏။ အီသီယိုးပီးယားအစိုးရက Lalmba အဖွဲ့သို့ ပေးသော မြေကွက်ပေါ်တွင် စမ်းသပ်စိုက်ပျိုးခင်းများ လုပ်ဆောင်ကြ၏။ မိဘမဲ့ကလေးဂေဟာများ၊ ကျောင်းများ၊ လမ်းများ၊ ဆေးခန်းများကို တိုးချဲ့ဆောက်လုပ်ကြ၏။ ကူးသန်းရောင်းဝယ်ရေးပညာ၊ အနုပညာရပ်များကို သင်ကြားပေးသောကျောင်းကိုလည်း တည်ဆောက်ပေး၏။




လစာမယူဘဲ ချို့တဲ့စွာ အလုပ်လုပ်ခြင်းဖြင့် ဟု(ဂ်)နှင့် မာတီတို့သည် မည်သည့်ဆုလာဘ်များရပါသလဲ။ ဟု(ဂ်)က ဤသို့ ဖြေ၏။ "ငှက်ဖျားရောဂါပျောက်ကင်းသွားတဲ့ ကလေး တစ်ယောက်ရဲ့ မျက်နှာပေါ်ကအပြုံး၊ မိဘမဲ့ကလေးတစ်ယောက်ရဲ့ သူ့ အချစ်ခံရပြီလို့ သိလိုက်တဲ့အချိန်မှာ မျက်ဝန်းပေါ်မှာပေါ်လာတဲ့ရွှန်းရွှေမှု၊ သူ ပညာသင်ကြားခွင့်ရပြီလို့ သိတဲ့အတွက် ပညာကိုကြိုးစားသင်နေတဲ့ ကလေးတစ်ယောက်ရဲ့ စိတ်ဝင်စားမှု၊ ရေရှားပါးတဲ့ ဒေသမှာ သင်တူးနေတဲ့ ရေတွင်းထဲက ရေထွက်လာတော့မည့် အရိပ်အယောင်မြင်ရတဲ့ အချိန်၊ သူမရဲ့ကလေးကို သင် ကယ်ဆယ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ မငုံမရဲပြောလိုက်တဲ့ မိခင်ရဲ့ စကားသံ ဒါတွေထက်ပိုကောင်းတဲ့ဆုလာဘ် ဘာများရှိသေးလို့တုန်း"ဟု ပြန်မေးတတ်လေသည်။

**ဘနှင်း(မြန်မာပြန်)**

An Ordinary Guy in
Ethiopia by Clarence W.Hall
(R.D. 1970 August)

"ဟော့...ဒါ ဘယ်သူ့လက်ချက်လဲကွ ဟော....ဘယ့်နှယ် ရှေ့ခါးတော်မှာ အမှိုက်ပုံရ မယ်လို့ ဘယ်သူကပြောထားလို့လဲ...လူကမွေးရင် လူလိုသိကြ"

ဒီလို အသံပြကြီးနှင့် အော်လံမလိုဘဲ တစ်တိုက်လုံးကြား အောင် အော်နိုင်သူက ဦးအောင်ဒင်ကလွဲပြီး မည်သူများဖြစ် နိုင်ဦးမည်နည်း။ ခက်မာ ဒီတိုက်ကိုရောက်နေတာ သုံးနှစ် နီးပါးရှိနေပြီ။ ရောက်စက ဦးအောင်ဒင်ကို မတွေ့မိခဲ့ ပေ။ ရန်ကုန်မြို့ဆိုတာကလည်း ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သူတို့ မွေ့ လျော်ရာ စံနန်းတစ်ခုဟုဆိုပါက မမှားနိုင်ရာဟု ခက်မာ ထင် ပါသည်။




# ကြွေ၍ စီးဆင်းဝေး မြစ်များလှိုမျှ

ခက်မာ ရောက်စတုန်းက ခင်မင်ရသူတွေ၊ မျက်မှန်းတန်းမိရုံလေးရှိသူတွေ၊ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲရွေ့လျားသွားကြတာ သုံးလ၊ ခြောက်လ၊ တစ်နှစ်အတွင်း မနည်းမနောပါလား။ အနိမ့်အမြင့် လူအမျိုးမျိုး၊ စိတ်အထွေထွေရယ်မို့ နေထိုင်မှု လိုက်ဖ်စတိုင်တွေက စုံလင်လှသည်။ အချို့သောသူများသည် စည်းကမ်းမဲ့လွန်းကြသည်။ နေစိမ့်ကြသည်။ ကိုယ့်အခန်းရှေ့က သဲမှုန်စများကိုပင် လှဲကျင်းပြီး သိမ်းဆည်းထားဖို့ပင် ဝန်လေးကြသည်။ ဖလပ်.....ဖလပ်.....လှဲပြီး လေ့ခါးထောင့်၌ စုပုံထားကြသည်။ ပြီးပြီးရော သဘော။

"အမှိုက်မပုံရ"

"ကွမ်းတံတွေး မထွေးရ"

"နောက်ဆုံးရောက်သူ လှေခါးတံခါးသော့ခတ်ပါ"

စသည့် အမိန့်စာလိုလို၊ သတိပေးစာရွက်များ ကပ်ထားသည်ကို ဦးအောင်ဒင်ရောက်ပြီးမှတွေ့ရသည်။ ယခင်က မည်သည့်စာမှ ကပ်ထားတာ ခက်မာ မတွေ့မမြင်ခဲ့ဖူးပေ။ ဦးအောင်ဒင်က အပေါ်ဆုံးထပ် ခြောက်လွှာမှာနေထိုင်သူဖြစ်သည်။ ဟောင်ဖွာဟောင်ဖွာ၊ ကျယ်ကျယ်လောင်လောင် အသံကို ပိုင်ဆိုင်ထားသလို ချစ်မွေးမပါသော ရုပ်ကြမ်းကြီးကိုလည်း သူ့စိတ်နေနှင့်အညီ ဘုရားသခင်က လက်ဆောင်ပေးထားပြန်သည်။

ခက်မာကတော့ အားလုံးနှင့် သင့်မြတ်အောင် နေပါသည်။ ပြီးတော့ တစ်ကိုယ်တည်းနေထိုင်ရသူ။ ခက်မာ သိသည်။ ခွာကျယ်ကျယ်နေတတ်သူတွေရဲ့ အကျင့်စရိုက်နှင့်ပတ်သက်ပြီး သူတို့အားနည်းချက်ကို သိနိုင်အောင် ကြိုးစားထားမှ သူတို့ပါးစပ်ကျည်ဆန်က ကိုယ့်ဘက် မြားဦး မလှည့်နိုင်မှာပဲဖြစ်သည်။

ခက်မာက ဦးအောင်ဒင်အခန်း၏ အောက်ငါးလွှာမှာနေသည်။ ဦးအောင်ဒင်တစ်ယောက် သူ့အခန်းက ဆင်းလာလျှင် ခက်မာ သူ့ခြေသံကိုမှတ်မိအောင် အလွတ်ကျက်ထားခဲ့သည်။

"ဟဲ့....ဒီတိုက်မှာနေသူတွေ နည်းနည်းလဲ လူလိုသိတတ်ကြဦးနော်၊ ညက ဘယ်သူ နောက်ဆုံးရောက်သလဲ၊ တံခါးသော့မခတ်ထားဘူး၊ နင်တို့လင် သူခိုးတွေကို လမ်းခင်းပေးနေတာလား၊ နင်တို့အခန်းနဲ့ပဲ ပြီးမှာမဟုတ်ဘူး၊ ငါတို့ပါ အမှုတွဲထဲပါနေမယ်ဟေ့....ငါသိလို့ကတော့ ကိုင်တုတ်မှာနော်"

စောစောလမ်းထလျှောက်တတ်၍ အစောဆုံး တိုက်အောက်ဆင်းသူက ဦးအောင်ဒင်မှလွဲ၍ အခြားသူမရှိ။ အများစု အိပ်ကောင်းနေချိန် သူ့အသံပြကြီးနှင့် အားလုံး နိုးကုန်ကြမှာ သေချာသည်။ ခက်မာပင် လန့်နိုးသွားသည်။ သူ့စကားကြောင့် ခက်မာတစ်ယောက်တည်း "ခစ်...ခစ်...ခစ်" နှင့် ရယ်မိသေးသည်။ ရယ်တာလည်း မပြောနှင့်။ ညက ဆယ့်တစ်နာရီထိုးမှ ပြန်ရောက်တော့ တံခါးက မပိတ်ရသေး။ အမှန်တော့ တိုက်စည်းကမ်းအရ နောက်ဆုံးရောက်သူက တံခါးသော့ခတ်ရမည်။ ဖြစ်ချင်တော့ ခက်မာက နောက်ဆုံးလူဆိုပေမယ့် သော့မေ့ကျန်နေခဲ့၍ အခက်တွေ့ရသည်။ မတတ်နိုင်ပေ။ တံခါးကို အသာလေး ဆွဲထားပြီး ဒေါက်မြင့်ဖိနပ်ကို ချွတ်ကိုင်ကာ လှေခါးမှ အသာအယာခြေဖော့တက်ခဲ့ရသည်။

လက်သည်မပေါ်သောအခါ ဦးအောင်ဒင် ပေါက်ကွဲပြီပေါ့။ ရယ်ရသည်။ ခက်မာက ခေမှမခေတာ။ ဘရိန်းပြေးသူပဲ။ ခက်မာ တစ်ယောက်တည်းနေတာကို မည်သူမှမသိရလေအောင် ဖိနပ်ငါးရံလောက်ကို တံခါးဝရှေ့မှာ အမြဲချထားသည်။ အပြင်ထွက်ခါနီးအချိန်၌ အခန်းတွေကို လှေ့လာပြီး တစ်ရံပြီးတစ်ရံ အိမ်ထဲဆွဲသွင်းထားလိုက်သည်။ ခက်မာပြန်ရောက်လာလျှင်လည်း တစ်ရံချင်းပြန်ထုတ်ထားသည်။

ခက်မာ အိမ်မှာရှိနေစဉ် တီဗွီဖွင့်လျှင် ဖွင့်၊ မဖွင့်လျှင် သီချင်းဖွင့်ထားသည်။ နောက်တစ်ခုက အပြင်မှာ သူငယ်ချင်းတွေနှင့် စကားပြောကြ၊ ငြင်းကြ၊ ခုန်ကြသည့် စကားသံအားလုံးကို ဖုန်းနှင့်အသံဖမ်းယူထားသည်။ အဲဒီအသံတွေကိုလည်း အိမ်ထဲမှာ တကယ်ပြောနေဟန်ပုံစံဖြင့် ဖွင့်ထားတတ်သည်။ မသိလျှင် အခန်းဖော်အချင်းချင်း စကားပြောနေကြသည်ပေါ့။ ဒီခေတ်က အိုင်ဒီယာတွေ အလျှာလိုက်၊ အကာန့်လိုက် လှစ်ခနဲပြေးနေနိုင်မှ တန်ကာကျမည်။

"မိန်းမတွေ...မနက်ဖြန် ငါ့အိမ်လာခဲ့ကြ၊ မာလာရှမ်းကော ဒီလိမှာကျွေးမယ်.. ဘယ်လိုလဲ"

"ဟေး...."

ဒီလို အစစ်အမှန်တွေသုံးပြီး သူတို့ကို အိမ်ခေါ်ပြီး စည်းရုံးရေးနှင့် ယုံကြည်မှုကို တည်ဆောက်ရသေးသည်။ ပတ်ဝန်းကျင်ကို ခက်မာက အလှည့်၊ အကွေ့များသုံးပြီး မြင်သာထင်သာရှိအောင် လုပ်ပြရသည်။ ခက်မာကို မမဆင့်ပြောထားဖူးသည့် စကားတစ်ခွန်းရှိသည်။

"ဒီမှာမှတ်ထား...လူဆိုတာ ကိုယ်အမှားတစ်ခုခု လုပ်ထားတာရှိရင် တင်းတင်း နေလို့မရဘူး၊ မျက်နှာပိုချိုရတယ်၊ ပြောရရင် ချစ်စရာကောင်းအောင် ပိုနေရတယ်၊ ဒါမှ ကိုယ့်ကိုချစ်ပြီး အပြစ်မမြင်တော့ဘူးပေါ့" တဲ့လေ....လှလိုက်တဲ့ ဒိုင်ယာလော့ခ်။

ဒီနေ့....ခက်မာအိမ် လူစည်တဲ့နေ့။

သင်းတို့အားလုံး စားဖို့ဆို အစောကြီး ရောက်လာကြသည်။ ခက်မာဖြင့် အိပ်

ရာထဲ ဖိမ်လုပ်၍ကောင်းတုန်း။

"ထဟာ...ခက်မာ၊ ဒီမှာ ချေိပ် ပေါင်းနဲ့ လက်ဖက်ရည်ပါဆယ်ထုပ်လဲ ဝယ်လာတယ်၊ နင့် မာလာရှမ်းကောက မှာရဦးမှာလေ၊ ဘယ်အချိန်မှ စားရမှာလဲ"

ကောင်မတွေက သောင်းကျန်းနေပုံများ။ သီချင်းဖွင့်ပြီး ကလိုက်ကြသေးသည်။

"ဒေါက်...ဒေါက်...ဒေါက်"

ခက်မာ သိနေသည်။ တံခါးခေါက်ပြီး စပ်စုတော့မည်ဆိုတာ...။

"မင်္ဂလာပါ အန်ကယ်"

ဦးအောင်ခင်ပဲလေ။ တံခါးဖွင့်သည်နှင့် သူ့မျက်လုံးက အခန်းတွင်းသို့ မျက်လုံးကျွတ်ထွက်မတတ် စူးစမ်းလျက်.....

"ခြော်...ဘာရယ်မဟုတ်ပါဘူး၊ အောက်ဆင်းမလို့ သီချင်းသံကြားတာနဲ့လေ...၊ ခါတိုင်း သမီးအခန်းက တိတ်ဆိတ်နေတာကများတယ်၊ ဒီနေ့ကတော့ အသံတွေက စိုပြေနေလိုက်တာ၊ အန်ကယ်တောင် လန်းသွားတယ်"

မိန်းကလေးတစ်သိုက်ကတော့ စကပ်အတို၊ ဘောင်းဘီအတိုနှင့်။ အင်္ကျီက လက်ကြိုးတစ်ချောင်း၊ ရွှေရင် မလုံ့တလုံဆိုတော့ ဦးအောင်ခင်တစ်ယောက် မျက်စိကျွတ်ထွက်မတတ် ကြည့်တာကလည်း မဆန်းပါပေ။

"ပိတ်ရက်မို့ လူစုံနေတာ၊ ပျော်ပြီးလွတ်သွားကြတယ်၊ ဆောရီးပါနော်...အန်ကယ်၊ ဒါနဲ့ အန်ကယ့်ကို ပေးရဦးမယ်၊ တွေ့မှပေးတာ မဟုတ်ပါဘူး၊ သမီးလဲ အန်ကယ့်အခန်းကို တက်ပြီးပို့မလို့ပါပဲ၊ အိမ်မှာ လုပ်စားကြတာလေ...မာလာရှမ်းကောပါ အန်ကယ်"

ပြောရင်း ခက်မာက ပန်းကန်ထဲ အသင့်ထည့်ထားသော ဒီလီနှင့်မှာထားသော မာလာရှမ်းကောကို ကမ်းပေးလိုက်သည်။ ဦးအောင်ခင်က မျက်နှာကြီးက ချိုလို့....စားရက်ကြို၊ မှတ်ဆိတ်ပျားစွဲသွားပြီမဟုတ်လား။ မျက်စိလည်း အစာကျွေးလိုက်ရ၊ မာလာရှမ်းကောပါ စားရတော့မှာကိုးလေ။

"တတ်လဲတတ်နိုင်တဲ့ ခက်မာ"

"ဒီလိုပဲ သွေးရတာပေါ့ကွာ...သူက အော်ချက်လေ"

"သူ့ကို ငါသိနေသလိုပဲ.....ဒါကြောင့် ရှောင်လိုက်တာ"

စုနှင်းပွင့်စကားကြောင့် အားလုံး အထာသိသိမို့ ဝိုင်းရယ်လိုက်ကြသည်။

"ဟား....ဟား...ဟား...ဟား....."

◆ ◆ ◆ ◆ ◆



ခက်မာတစ်ယောက် ဖိနပ်အပေါ်းကို အဆင်သင့်စီးထားသည်။ တံခါးလော့ခ်ကိုလည်း ဖွင့်ထားလိုက်သည်။ ပြီးတော့ တံခါးဝမှာ ရယ်ဒီကပ်ရပ်နေသည်။ အပေါ်ထပ်က တံခါးဖွင့်သံ၊ လှေခါးပေါ် တစ်ထစ်ချင်းခြေချသံတို့ကို အလွတ်ကျက်ထားသော ခြေသံအရ ဦးအောင်ခင်ပဲဖြစ်သည်။

ဦးအောင်ခင်သည် ခက်မာ အခန်းရှေ့က ကျော်ဖြတ်ပြီး နောက်လှေခါးတစ်ကွေ့ ဆင်းသံကို ကြားနေရသည်၊ ခက်မာ နားထောင်ရင်း တံခါးကို အသံမကြားအောင်ဖွင့်ပြီး ခြေသံလုံလုံဖြင့် ဦးအောင်ခင်နောက်က ခပ်ခွာခွာလိုက်သွားခဲ့သည်။

ကွမ်းက တမြုံ့မြုံ့ဝါးရင်း ဦးအောင်ခင်သည် သုံးလွှာလှေခါးကွေ့အရောက် ပါးစပ်ထဲက ကွမ်းတံတွေးကို ပျစ်ခနဲထွေးထုတ်လိုက်သည်။ ဤနေရာတွင် ကွမ်းတံတွေးက မြင့်တက်နေသည်။ ဒီကွမ်းတံတွေးကိစ္စကိုလည်း ဦးအောင်ခင်ကိုယ်တိုင် သူ့ကိုယ်ပိုင်အသံလော်ဖြင့် အာပြခဲ့ဖူးသည် မဟုတ်ပါလား။

"ကြည့်စမ်းပါဦး....ကိုယ့်ကွမ်းတံတွေးကို အားမနာ လျှာမကျိုး ထွေးထားလိုက်တာများ ရွံစရာ။ ရန်ကုန်မြို့ကြီးသားမပီသလိုက်တာ။ မြို့တော်စည်ပင်ခွန် လာကောက်ရင်တော့ ဟိုရှေ့ဒီရှေ့နဲ့။ တိုက်ခန်းသာယာသန့်ရှင်းမှ ရပ်ကွက်သာယာလှပမယ်။ ရပ်ကွက်သာယာမှ မြို့တော်သာယာလှပမယ်။ မြို့တော်တစ်ခွင် သာယာလှပဖို့ အမှိုက်မပစ်ကြပါနဲ့ဆိုတာ မကြားဖူးဘူးလား။ တကယ့်လူတွေပဲ"

ဦးအောင်ခင်က စကားကြီး စကားကျယ်ပြောပြီး လူတွင်ကျယ်လုပ်နေတာကို ခက်မာ နားကလောနေတာကြာလှပြီ။ သူ့ကွမ်းစားတတ်တာ ခက်မာသိနေသည်။ လက်တွေ့ အမိအရ မြင်တွေ့ချင်သည်။ အသံကျယ်လောင်စွာ ပြောတတ်လွန်း၍ လူတွေက ဖက်ပြိုင်မပြောချင်တာကို သူ့သြဇာညောင်းနေသလိုမျိုး ထင်နေပုံရသည်။ ဦးအောင်ခင် ကွမ်းတံတွေးထွေးတာကို မြင်တွေ့သူအချို့ရှိနေသော်လည်း စကားနည်းရန်စဲ မသိဟန်ဆောင်နေကြတာကိုလည်း အဟုတ်ကြီးမှတ်နေသည်။

ခက်မာက သူ့အကျင့်ကို ကြားပြီးကတည်းက သူ့ကို အင်မတန်ချုတ်ချင်နေခဲ့သည်။ ခက်မာဆိုတာက လူကျွတ်မလေး။ အခုတော့....အခွင့်သာလေပြီ။ ဦးအောင်ခင် ပါးစပ်က ပျစ်ခနဲထွေးလိုက်သည့် ကွမ်းတံတွေးကို ခက်မာ လှေခါးအပေါ်ဆင့်က သိသိသာသာ တွေ့လိုက်ရပြီပဲ...ဒီတော့...

"ဟယ်...အန်ကယ်ဦးအောင်ဒင်ပါလား...သမီးက တခြားသူမှတ်ပြီး အော်တော့မလို့....အခုတော့ ဘရိတ်အုပ်လိုက်ရပြီ၊ ဘယ်လိုလုပ်ရပါ့မလဲဟင်....အန်ကယ်"

ခက်မာစကားကြောင့် မျက်နှာမည်းခနဲဖြစ်သွားကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသော ဦးအောင်ဒင်ကို ခက်မာကပဲ...

"အို....အန်ကယ်က အခုမှ တစ်ခါထွေးဖြစ်တာမဟုတ်လား၊ တိုက်အောက်ရောက်ဖို့လဲ လိုသေးတာလေ၊ လူကြီးဆိုတော့ ဘယ်ငုံထားနိုင်ပါ့မလဲ၊ မဟုတ်ဘူးလား အန်ကယ်...နော့"

ခက်မာပြောလိုက်တော့ ဦးအောင်ဒင် နေသာထိုင်သာရှိသွားပုံရသည်။ မချိမချဉ် မျက်နှာပေးဖြင့်...

"ဒါကြောင့် သမီးကို အန်ကယ်က သဘောကျနေတာ"

"ရှင်"

ခက်မာ အလန့်တကြား ဖြစ်သွားသည်။

"ဟိုလေ...ဟို...အခြားမဟုတ်ပါဘူး၊ အမြင်ရှင်သန်တာကို သဘောကျတယ်လို့ ပြောတာပါ၊ ပိစ်နော်....ပိစ်..."

"အိုကေ"

ပြန်လည်ရွှန်းဝေလာသော ဦးအောင်ဒင်ကို....

"အိုကေပါ...အန်ကယ်"

ခက်မာက အပေါ်စီးက နိုင်ကွက်၊ ချက်ကောင်းရထားတာ သိသွားသည့် ဦးအောင်ဒင် လေကျယ်တာတွေ လျော့ကျသွားပါပေါ့လား၊ လူဆိုတာ ဒီလိုပါလားဆိုတာ ခက်မာ သိခဲ့ရပြန်ပြီ။

◆ ◆ ◆ ◆ ◆

အမေ နေမကောင်းဖြစ်နေသတဲ့။ ဆေးရုံတက်ရန် ငွေလိုသည်။ ခက်မာ အုံးစားပြီ။ ဒီရက်တွေမှာ ခက်မာ ငွေကြပ်နေသည်။ ဟိုကောင်မတွေဆီက ခဏဆွဲရင်တော့ အဆင်ပြေနိုင်သည်။ ခက်မာတို့ အလုပ်ကလဲ ပုံမှန်ဝင်ငွေမရှိတော့ အခက်သား။ အဖေမရှိသည့်နောက်ပိုင်း အဖေ့နေရာကို မုခုံးပြောင်းလွှဲယူခဲ့ရသည်။ မောင်လေးက မူလတန်းကျောင်းသားမို့ ကျောင်းစရိတ်က သိပ်မကုန်၍သာ တော်သေးသည်။ သို့သော် အမေက ကျန်းမာရေးမကောင်းတော့ ခက်မာပို့သမျှ အမေ့ဆေးဖိုးသာ ဖြစ်နေရသည်။ သမင်းမွေးရင်း ကျားစားရင်းဆိုသလိုပါပဲ။ မည်သို့ပင်ဖြစ်စေကာမူ အမေ....ခက်မာတို့မောင်နှမ နှစ်ယောက်အတွက် အသက်ရှင်နေပေးပါ။ ခက်မာ ဖြစ်သည့်နည်းဖြင့် ငွေရှာမှာပါ အမေ။

ခက်မာ ရှစ်တန်းအောင်သောနေ့မှာ အဖေဆုံးသည်။ နည်းပါးသည့် ပညာ အရည်အချင်း ခက်မာက မိသားစုကို မည်သို့ စောင့်ရှောက်ရပါ့မလဲ။ ခေါင်းမီးတောက်ခဲ့ရသည်။ အရင်းအနှီးကလည်း ခြူးတစ်ပြားမှ မရှိသောအခါ သောကလှိုင်းတွေက ပင်လယ်ဝေခဲ့ရသည်။

မိုင်ငါးဆယ်သာသာဝေးသော ရန်ကုန်မြို့တော်သို့ ခက်မာ တက်လာသည်။ ကားပေါ်၌ ချစ်စုဆိုသူနှင့် မိတ်ဆွေဖြစ်ရာမှ အခုလက်ရှိအလုပ်ကို အတူတွဲလုပ်ခဲ့သည်။ အစကတော့ သူတို့နှင့် အတူနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခက်မာတစ်ဦးတည်း နေလိုက်သည်။

မည်သို့ဖြစ်စေကာမူ ခက်မာ အမေတို့ကို ငွေပို့နိုင်ခဲ့သည်။ အမေတို့ အဆင်ပြေသည်ဟု ကြားရုံနှင့် ခက်မာ လျှောက်လှမ်းခဲ့ရသောဘဝကို ကျေနပ်ပါသည်။ အခုတော့ အမေ အရေးပေါ်ငွေလိုသည်။ ခက်မာ မဖြစ်ဖြစ်သည့်နည်းဖြင့် ငွေရှာရမည်။

တိုက်တိုက်ဆိုင်ဆိုင် ကဗျာမိုး ဖုန်းဆက်လာသည်။

"ဟိတ်...ခက်မာ...နင်တော့ ထောပြီဆရာ"

"ကဗျာ...နင်ကလည်း အရင်းမရှိ အဖျားမရှိနဲ့ ဘာကြီးလဲဟ"

"ဘာရမလဲ ခက်မာရ...ဒီည နင်အော်ဒါရတယ်၊ အော်ဒါတင်တဲ့သူက ထောတယ်တဲ့၊ ပြီးတော့ သူက လူချွေးတယ် သိလား၊ အသားကဖြူရမယ်၊ ဆလင်းဘော်ဒီနဲ့ ရုပ်ကချောရမယ်၊ ငယ်ရမယ်တဲ့၊ အပြုအစုလဲ ကောင်းရမယ်တဲ့၊ ငါတို့ထဲမှာ ဒီအချက်နဲ့ပြည့်စုံသူဆိုတော့ နင်တစ်ယောက်ပဲ ရှိတာလေ၊ ဒေ့ဗ်စ်က နင့်ကို ဆက်ခိုင်းလိုက်တာ၊ သူ့အကြိုက်ဆိုတော့ ကြေးကမြင့်မှာနော်"

"အမလေးဟယ်...သူက ကြီးကျယ်နေလိုက်တာ၊ ဘယ်လိုလူမျိုးလို့လဲ"

"မိန်းမက လေဖြတ်ထားတာ ၂နှစ်လောက်ရှိပြီး သူက ရာထူးကြီးကြီးနဲ့ ပင်စင်ယူထားတာတဲ့၊ သားသမီးသုံးယောက်ရှိတာ အားလုံး နိုင်ငံခြားမှာ၊ ငွေပို့တာ တအောကြီးပဲ၊ ထောဘဲ...ဘဲထောဟ၊ အပီသာ ကိုင်လိုက်ပေတော့ ခက်မာရေ...သူ့နာမည်လဲ မှတ်ထားဦးနော်၊ ဦးအောင်ဒင်တဲ့၊ ည ၇ နာရီအရောက်"

ကဗျာမိုးကတော့ ပြောချင်တာပြောပြီး ဖုန်းချက်ချင်းချသွားခဲ့ပြီ။ ခက်မာ နှုတ်ကတော့.....

"ဟိုက်...အကျိုးနည်းပါပေါ့လား"

ဦးအောင်ဒင်ဆိုပါလား...ခက်မာနှင့်မှ ဆုံရတတ်သည်။ ခက်မာ ဘယ်လိုရင်ဆိုင်ရပါ့....။

အင်းလေ....ဥဏ်နီ၊ ဥဏ်နက်၊ ဥဏ်ပြာ၊ ဥဏ်ဝါတွေ အစွမ်းကုန်ထုတ်သုံးဖို့ ခေါင်းရှင်းသွားအောင် ခေါင်းလျှော်ဖို့ ဖြူတီပါလာ ပြေးလိုက်ဦးမှ......။

**မေဖွန့်အေး**

City MAGAZINE



ဒေါက်တာ ကောင်းစံ

# ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာ

ယနေ့အချိန်အခါတွင် လမ်းမပေါ်မှာ အုပ်စုဖွဲ့ကာ သွားလာနေကြသော ခွေးများစွာရှိနေပါသည်။ ခွေးပေါက်ကလေးများကို မိခင်နို့တိုက်ကျွေးနေသော ခွေးသားအုပ်မကြီးများကိုလည်း မြင်တွေ့နေရပါသည်။ ၎င်းခွေးများတွင် ကာကွယ်ဆေးထိုးထားခြင်း မရှိကြပါ။ အိမ်ပိုင်ခြံများတွင် အလှမွေးထားသော ခွေးများမှာလည်း ရာခိုင်နှုန်းအပြည့် ထိုးထားမည်မဟုတ်ပါ။ ကာကွယ်ဆေးထိုးထားသော်လည်း ဆေးမအောင်သော ခွေးများလည်းရှိနိုင်ပါသည်။ ထိုခွေးများ၏ ကိုက်ခြင်း၊ ကုတ်ခြစ်ခြင်း ခံရသောသူများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားနိုင်ပါသည်။ ခွေးရူးပြန်ရောဂါသည် ကာကွယ်ဆေးသာရှိပြီး ကုသရန်ဆေး မရှိပါ။ ထို့ကြောင့် ခွေးကိုက်ခံရသူတိုင်း ကာကွယ်ဆေးကို အချိန်မီအမြန်ထိုးရပါမည်။





### (၁) ခွေးရူးပြန်ရောဂါဆိုသည်မှာ

ခွေးရူးပြန်ရောဂါသည် နို့တိုက်သတ္တဝါများဖြစ်သည့် ခွေး၊ လင်းနို့၊ လင်းဆွဲ၊ ကြောင်၊ ကြွက်၊ မြင်း၊ မျောက်နှင့် နွား စသည်တို့ကြောင့် ဖြစ်တတ်ပါသည်။ သို့ရာတွင် ခွေးတွင် ၈၀ ရာခိုင်နှုန်း ဖြစ်တတ်သောကြောင့် ခွေးရူးပြန်ရောဂါဟူ၍ ခေါ်ဆိုကြပါသည်။

### (၂) ခွေးရူးပြန်ရောဂါကူးစက်ခြင်း

ခွေးရူးပြန်ရောဂါပိုးသည် Lyssa Virus ဖြစ်ပါသည်။ သေနတ်ကျည်ဆန်နှင့်တူပြီး အရွယ်အားဖြင့် ၁၈၀ နာနိုမီတာနှင့် ၇၅ နာနိုမီတာခန့်ရှိပါသည်။ ၎င်းရောဂါပိုးသည် ခွေး၊ ကြောင် စသည်တို့၏တံတွေးတွင် ပါရှိတတ်ပါသည်။ လင်းနို့၊ လင်းဆွဲများ၏ တံတွေးထဲတွင်လည်း ပါရှိပါသည်။ တံတွေးတွင်ပါရှိသော ဗိုင်းရပ်စ်ပိုးများသည် တိရစ္ဆာန်များအချင်းချင်း ထိတွေ့ဆက်ဆံမှုကြောင့် ရောဂါကူးစက်ပြီး ရောက်ရှိသွားကြပါသည်။ လူများသည် တိရစ္ဆာန်များနှင့် နီးစပ်မှုရှိသောကြောင့် လူများသို့ ကူးစက်ပြန့်ပွားသွားပါသည်။


ခွေးရူးပြန်ရောဂါသည် ခွေး၊ ကြောင် စသည်တို့ အကိုက်ခံရခြင်း၊ ကုတ်ခြစ်ခြင်း၊ အနာ၊ မျက်စိ၊ ပါးစပ်ကို လျှာနှင့်လျက်ခြင်းခံရခြင်းကြောင့် ကူးစက်ပြန့်ပွားသွားတတ်ပါသည်။ ခွေးကိုက်ခံရသော၊ ကြောင်ကုတ်ခံရသောသူများတွင် ကာကွယ်ဆေးကို ထိရောက်စွာမထိုးထားပါက ခွေးရူးရောဂါပိုးသည် ကိုက်ခံရသော၊ ကုတ်ခံရသောနေရာများမှ အာရုံကြောအတိုင်း ဦးနှောက်သို့ ရောက်ရှိသွားပါသည်။ ဦးနှောက်ရောင်ပြီး ပြင်းထန်စွာခံစားရနိုင်ပါသည်။ နောက်ဆုံးတွင် အသက်ရှူရပ်ကာ သေဆုံးသွားနိုင်ပါသည်။

### (၃) ခွေးရူးလက္ခဏာများ

အချို့သော ခွေးများသည် ခွေးရူးရောဂါပိုး သယ်ဆောင်ထားသော်လည်း လက္ခဏာမပြဘဲ ရှိတတ်ပါသည်။ ခွေးရူးလက္ခဏာများကို နှစ်မျိုးခွဲခြားထားပါသည်။ ကြမ်းတမ်းသော ခွေးရူး(Furious Rabies)နှင့် လေဖြတ် သို့မဟုတ် အကြောခွေးရူး (Dump Rabies) တို့ ဖြစ်ပါသည်။

ကြမ်းတမ်းသော ခွေးရူးလက္ခဏာများစွာ ရှိပါသည်။ ၎င်းတို့မှာ ခွေး၏ အနေအထိုင် အမူအရာများ ဦးစွာပြောင်းလဲလာခြင်း၊





The Infection Cycle

**ခွေးရူးပြန်ရောဂါပိုးသည် Lyssa Virus ဖြစ်ပါသည်။ သေနတ်ကျည်ဆန်နှင့်တူပြီး အရွယ်အားဖြင့် ၁၈၀ နာနိုမီတာနှင့် ၇၅ နာနိုမီတာခန့်ရှိပါသည်။ ၎င်းရောဂါပိုးသည် ခွေး၊ ကြောင် စသည်တို့၏တံတွေးတွင် ပါရှိတတ်ပါသည်။ လင်းနို့၊ လင်းဆွဲများ၏ တံတွေးထဲတွင်လည်း ပါရှိပါသည်။**

ရည်ရွယ်ချက်မရှိဘဲ အကြောင်းမဲ့စွာ ပြေးလွှားနေခြင်း၊ မနက်မိုးလင်းမှ ညမိုးချုပ်သည်အထိ တစ်နေကုန်ဟောင်နေခြင်း၊ ဟောင်သံမှာလည်း ပုံမှန်မဟုတ်ဘဲ အက်သံပါလာခြင်း၊ ဖိနပ်၊ အဝတ်အစားနှင့် သံထည်ပစ္စည်း စသည်တို့ကို ဒေါသအပြည့်နှင့် ထူးဆန်းစွာကိုက်နေတတ်ခြင်း၊ ကျွေးမွေးပြုစုနေသောသူ သို့မဟုတ် သခင်၏ ပြောစကားများကို နားမထောင်ဘဲနေလာခြင်း၊ အစားအစာများကို မစားသောက်ဘဲ ရန်လိုနေတတ်ခြင်း၊ ပါးစပ်တွင် အမြှုပ်တစီစီနှင့် သွားရည်များကျနေခြင်းနှင့် ခွေးကောင်းများသည် ခွေးရူး၏အနားကို မကပ်ရဲဘဲ ခွေးရူးနောက်မှ လိုက်ဟောင်တတ်ခြင်းများဖြစ်ပါသည်။

လေဖြတ် သို့မဟုတ် အကြောခွေးရူးလက္ခဏာများမှာ မှောင်ပြီး တိတ်ဆိတ်သောနေရာများတွင် ငြိမ်သက်စွာအိပ်နေတတ်ခြင်း၊ သွားရည်များ တွဲလောင်းကျပြီး ပါးစပ်အဟောင်းသားဖြစ်နေခြင်းနှင့် ကြွက်သားများ မသန်မာမှုကြောင့် ယိုင်တီးယိုင်တိုင် သွားလာနေတတ်ခြင်းတို့ ဖြစ်ပါသည်။

### (၄) ခွေးရူးပြန်ရောဂါဖြစ်တတ်သော အချိန်ကာလ

ခွေးရူးပြန်ရောဂါဖြစ်တတ်သော အချိန်ကာလသည် ခွေးကိုက်ခံရသည့်နေရာနှင့် ဦးနှောက်အနီးအဝေးပေါ်တွင် မူတည်ပါ

သည်။ ဦးခေါင်းနှင့် မျက်နှာသည် ဦးနှောက်နှင့်နီးခြင်းကြောင့် ရောဂါအဖြစ်မြန်တတ်ပါသည်။ ခြေထောက်သည် ဦးနှောက်နှင့် ဝေးခြင်းကြောင့် ရောက်ဖြစ်ချိန် အနည်းငယ်ကြာတတ်ပါသည်။ ရောဂါဖြစ်ပွားချိန်သည် ပျမ်းမျှအားဖြင့် ၅ ရက်မှ ၃ လအတွင်း ဖြစ်ပါသည်။ အချို့သောသူများတွင် ၆ နှစ်အထိ ကြာတတ်ပါသည်။


### (၅) ခွေးရူးပြန်ရောဂါပိုး ရောက်ရှိနိုင်သောနေရာများ

ခွေးရူးပြန်ရောဂါပိုးသည် ဦးနှောက်နှင့် အာရုံကြောသို့ ရောက်ရှိနိုင်ပါသည်။ ခွေးရူးပြန်ရောဂါပိုးသည် အာရုံကြောများမှ တစ်ဆင့်သာ ခန္ဓာကိုယ်တစ်နေရာမှတစ်နေရာသို့ သွားပါသည်။ မျက်ကြည်လွှာ၊ အဆုတ်၊ နှလုံး၊ အသည်းနှင့် ကျောက်ကပ် စသည့် ခန္ဓာကိုယ်ရှိအင်္ဂါများသို့လည်း အာရုံကြောမှတစ်ဆင့် ရောက်ရှိသွားနိုင်ပါသည်။

### (၆) လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပါက ခံစားရသော လက္ခဏာများ

လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပါက ခံစားရသော လက္ခဏာများသည် ခွေးရူးရောဂါပိုး ဦးနှောက်သို့ရောက်ရှိမှုပေါ်တွင် မူတည်၍ အဆင့်ငါးဆင့် ခွဲခြားသတ်မှတ်ထားပါသည်။

ပထမအဆင့်သည် ရောဂါအစပျိုးချိန်ဖြစ်ပါသည်။ ခွေးကိုက်ခံရသည့်နေရာနှင့် ဦးနှောက်တည်ရှိမှု အနီးအဝေးပေါ်တွင် မူတည်ပါသည်။ ခွေးရူးပြန်လက္ခဏာများမပေါ်မီ ၂ရက်မှ ၃ ရက် အလိုတွင် ခွေးကိုက်ခံရသည့်ဒဏ်ရာ သို့မဟုတ် အနာသည် ယားယံလာခြင်းနှင့် ရှစ်ရှစ်ဖြစ်လာခြင်းများ ခံစားရနိုင်ပါသည်။ ရောဂါအစပျိုးချိန်သည် အစောဆုံး ၄ ရက်ခန့် ကြာတတ်ပါသည်။




ဒုတိယအဆင့်သည် ခွေးရူးပြန်ရောဂါ၏ စောစောပိုင်း လက္ခဏာများပေါ်လာသည့်အဆင့် ဖြစ်ပါသည်။ ရောဂါလက္ခဏာသည် ၃ ရက်၊ ၄ ရက်မှ တစ်ပတ်ခန့်ထိကြာတတ်ပါသည်။ ကိုယ်အပူချိန်တက်လာခြင်း၊ ချမ်းတုန်ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အားအင်ကုန်ခမ်းနုံးချိခြင်းနှင့် ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့်တုပ်ကွေးရောဂါကဲ့သို့ လက္ခဏာများဖြစ်ပေါ်တတ်ပါသည်။

တတိယအဆင့်သည် ဦးနှောက်နှင့် အာရုံကြောလက္ခဏာများ ပေါ်လာသည့်အဆင့်ဖြစ်ပါသည်။ စောစောပိုင်းတွင်ဖြစ်သော ရောဂါလက္ခဏာများသည် ပိုမိုဆိုးရွားလာပါသည်။ ကိုယ်အပူချိန်တက် အဖျားကြီးခြင်း၊ ရန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ မျက်လုံးများ ဂနာမငြိမ်ဖြစ်လာခြင်း၊ တံတွေးမျိုချမရနိုင်ဘဲ အမြဲတမ်း တံတွေးထွေးနေတတ်ခြင်းနှင့် ရေသောက်ရန်ကြောက်ခြင်း စသည့် လက္ခဏာများ ခံစားရနိုင်ပါသည်။

စတုတ္ထအဆင့်သည် နောက်ဆုံးလက္ခဏာများ ပေါ်လာသော အဆင့်ဖြစ်ပါသည်။ လက္ခဏာများမှာ ပါးစပ်တွင် အမြှုပ်





တစီစီထလာခြင်း၊ တက်တတ်ခြင်း၊ ကြွက်သားများ တောင့်တင်းလာခြင်း၊ အစားအစာမစားခြင်းနှင့် သတိမေ့မျောသွားတတ်ခြင်းတို့ ဖြစ်ပါသည်။

ပဥ္စမအဆင့်သည် အလွန်ဆိုးဝါးသော အဆင့်ဖြစ်ပါသည်။ လက္ခဏာများမှာ လှုပ်ရှားမှုအားလုံး တဖြည်းဖြည်းငြိမ်သက်လာခြင်း၊ မျက်လုံးသည် တဖြည်းဖြည်းမှေးမှိန်ကာ အားပျော့လာခြင်း၊ ဦးနှောက်ရောင်ရမ်းမှု ပိုမိုဆိုးရွားလာခြင်း၊ အသက်ရှူရပ်ခြင်းနှင့် နှလုံးခုန်ရပ်ကာ သေဆုံးခြင်းတို့ဖြစ်ပါသည်။

**(ဂ) ခွေးကိုက်ခံရပါက ဆောင်ရွက်ရမည့်အချက်များ**

ခွေးကိုက်ခံရပါက အနာကို ရှေးဦးသူနာပြုစုနည်းဖြင့် သန့်ရှင်းစေခြင်း (First Aid Wound Care)၊ ကာကွယ်ဆေးထိုးပေးခြင်း (Vaccination)နှင့် အနာကို ပုံမှန်ဂရုစိုက်ထိန်းသိမ်းခြင်း (General Wound Care)များကို လျင်မြန်စွာဆောင်ရွက်ရပါမည်။


ရှေးဦးသူနာပြုစုနည်းဖြင့် ခွေးကိုက်ခံရသည့်ဒဏ်ရာ သို့မဟုတ် အနာကိုသန့်ရှင်းအောင် ဆောင်ရွက်ရပါမည်။ ခွေး၏ တံတွေးတွင် ခွေးရူးရောဂါပိုးများ ပါလာနိုင်သောကြောင့် ခွေးရူးရောဂါပိုးများ အနာမှ များများနှင့် မြန်မြန်ထွက်သွားစေရန်အတွက် အနာကို ၁၅ မိနစ်ခန့် ရေများများနှင့် ဆေးကြောရပါမည်။ အနာပေါက်များထဲသို့ ရေများများဖြင့် ထိုးဆေးနိုင်ပါက ပို၍ကောင်းပါသည်။ ထို့နောက် အနာကို ဆပ်ပြာနှင့် ထပ်မံဆေးကြောပြီး ခြောက်အောင်သုတ်ရပါမည်။ အရက်ပြန် သို့မဟုတ် စပ်တီဒင်း (Septidine) ဆေးရည်တစ်ခုခုဖြင့် ထပ်မံသုတ်လိမ်းရပါမည်။ အနာကို မချုပ်ရပါ။ လေလုံအောင် တင်းကျပ်သောပတ်တီး သို့မဟုတ် ပလာစတာဖြင့် မကပ်ရပါ။ ဖုန်မဝင်စေရန် ပိတ်ပါးနှင့် ဖုံးအုပ်ထားပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ လျင်မြန်စွာပို့ဆောင်ကုသရပါမည်။

အနာကိုဆေးထည့်ပြီးပါက ကာကွယ်ဆေးထိုးခြင်းကို ပြုလုပ်ပေးရပါမည်။ ကိုက်သည့်ခွေးအခြေအနေနှင့် ခွေးကိုက်သည့်

ပဥ္စမအဆင့်သည် အလွန်ဆိုးဝါးသောအဆင့်ဖြစ်ပါသည်။
လက္ခဏာများမှာ လှုပ်ရှားမှုအားလုံး တဖြည်းဖြည်း
ငြိမ်သက်လာခြင်း၊ မျက်လုံးသည် တဖြည်းဖြည်းမှေးမှိန်ကာ
အားပျော့လာခြင်း၊ ဦးနှောက်ရောင်ရမ်းမှု ပိုမိုဆိုးရွားလာခြင်း၊
အသက်ရှူရပ်ခြင်းနှင့် နှလုံးခုန်ရပ်ကာ
သေဆုံးခြင်းတို့ဖြစ်ပါသည်။

နေရာပေါ်မူတည်ပြီး ကာကွယ်ဆေးထိုးပေးရပါမည်။ ပုံမှန်ကာကွယ်ဆေးနှင့် အရေးပေါ်ကာကွယ်ဆေးတစ်မျိုးသော်လည်းကောင်း၊ ဆေးနှစ်မျိုးလုံးသော်လည်းကောင်း ထိုးရပါမည်။

ပုံမှန်ကာကွယ်ဆေးဆိုသည်မှာ ခွေး၏ တံတွေးမှရရှိသော ပိုးပင်ဖြစ်ပါသည်။ ၎င်းပိုးကို Vero Cell ဟုခေါ်သော အစိမ်းရောင်မျောက်၏ ကျောက်ကပ်အသားစတွင် မွေးမြူရပါသည်။ အချိန်အတိုင်းအတာတစ်ခုရောက်ပါက ၎င်းပိုးများကို သန့်စင်ယူပြီး မိုးရေ သို့မဟုတ် ဆားရေဖြင့်ရောပြီး ခန္ဓာကိုယ်အတွင်း ထိုးပေးပါက ခွေးရူးပြန်ကာကွယ်ဆေးဖြစ်လာပါသည်။ ပုံမှန်ကာကွယ်ဆေး (Active Immunization) ဖြစ်သည့်အလျောက် ကာကွယ်



ဆေးထိုးပြီး ခန္ဓာကိုယ်အတွင်း၌ ခုခံမှုအားကို ထုတ်လုပ်ယူရသောကြောင့် ၁၄ ရက်ကြာပါသည်။ ၎င်းကာကွယ်ဆေးသည် တစ်နှစ်အထိ ကာကွယ်မှုပေးနိုင်ပါသည်။ လက်မောင်းနှင့် ပေါင်တို့တွင် ထိုးရသောဆေးဖြစ်ပါသည်။ ခွေးမကိုက်ခင် ကြိုတင်ထိုးထားလိုသူများ၊ ခွေးကိုက်ပြီး ခွေးရူးလက္ခဏာမပေါ်သေးသည့်အထိ ထိုးရသော ခွေးရူးကာကွယ်ဆေးဖြစ်ပါသည်။


အရေးပေါ်ကာကွယ်ဆေး (Passive Immunization) ဆိုသည်မှာ အဆင်သင့်ထုတ်လုပ်ထားသော (Ready Made Antibody) ခွေးရူးပြန်ခုခံမှုအားတစ်ခုဖြစ်ပါသည်။ ပုံမှန်ကာကွယ်ဆေးကို မြင်းတွင်ထိုးပေးပြီး မြင်း၏သွေးမှရရှိသော ခုခံမှုအားကို အရန်သင့်သုံးနိုင်အောင် ထုတ်လုပ်ထားပါသည်။ အရေးပေါ်ကာကွယ်ဆေးကို ခန္ဓာကိုယ်အပေါ်ပိုင်း သို့မဟုတ် ဦးနှောက်နှင့်နီးရာ ခေါင်း၊ မျက်နှာ စသည်တို့တွင် ခွေးကိုက်ခံရလျှင်ဖြစ်စေ၊ အမှန်တကယ် ခွေးရူးကိုက်ခံရလျှင်ဖြစ်စေ၊ အနာပတ်လည်နှင့် အောက်ခြေကိုပါ လုံလုံလောက်လောက်ထိုးရပါမည်။ အကယ်၍ ဆေးရည်ပိုနေပါက တင်ပါးတွင်ထိုးရပါမည်။

ကာကွယ်ဆေးထိုးပေးပြီးပါက အနာကို ပုံမှန်ဂရုစိုက်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ရပါမည်။ ခွေးကိုက်အနာကို အခြားသော အနာများကုသသကဲ့သို့ လိုအပ်သော ဆေးဝါးနှင့် ထိုးဆေးများကို ထပ်မံလုပ်ဆောင်ပေးရပါမည်။ အနာကျက်ရန် ပိုးသတ်ဆေးပေးရပါမည်။ မေးခိုင်ကာကွယ်ဆေး (ATT) နှင့် မေးခိုင်ရောဂါ အဆိပ်ပြေဆေး (ATS) ကို ထိုးပေးရပါမည်။ အနာအတွက် လိုအပ်ပါက အကိုက်အခဲပျောက်ဆေး၊ အရောင်ကျဆေးများ ပေးရပါမည်။ နေ့စဉ် အနာကို သန့်စင်ပြီး ပိတ်ပါးဖြင့်ဖုံးအုပ်ထားရပါမည်။

**(ဂ) ကာကွယ်ဆေးများထိုးရန်**
**ဒဏ်ရာအဆင့် ခွဲခြားသတ်မှတ်ခြင်း**

ဒဏ်ရာကို ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ ပထမအဆင့်သည် တိရစ္ဆာန်များနှင့် ထိတွေ့ရုံသာထိခြင်းနှင့် အကောင်းပကတိ အရေပြားပေါ်သို့ လျှာဖြင့်လျက်ခံရခြင်းဖြစ်ပါသည်။ ၎င်းအဆင့်တွင် ခွေးရူးမဟုတ်ကြောင်း သေချာပါက ကာကွယ်ဆေးထိုးရန် မလိုအပ်ပါ။ သို့ရာတွင် သံသယရှိပါက ကာကွယ်ဆေးထိုးနိုင်ပါသည်။

ဒုတိယအဆင့်သည် ခွေး သို့မဟုတ် ကြောင်ရူးနှင့် သံသယရှိသော တိရစ္ဆာန်များနှင့်ထိတွေ့ပြီး သွေးထွက်ခြင်းမရှိသော ပွန်းပဲ့ရာများ၊ ခွေးကိုက်မခံရသော်လည်း ငုံခဲခံရခြင်းနှင့် အပေါ်ယံကုတ်ခြစ်ဒဏ်ရာများ ရရှိခြင်းဖြစ်ပါသည်။ ၎င်းအဆင့်တွင် ကာကွယ်ဆေး (Vaccine) ကို အမြန်ထိုးရပါမည်။ ကာကွယ်ဆေးထိုးနေစဉ် ခွေး၊ ကြောင် စသည်တို့ မရူးကြောင်း သေချာစွာသိရှိပါက ဆေး







ထိုးခြင်းကို ရပ်နိုင်ပါသည်။

တတိယအဆင့်သည် အနာကို လျှာဖြင့်လျက်ခံရခြင်း၊ ပေါက်ပြဲဒဏ်ရာများ၊ သွေးထွက်အောင် ကိုက်ခဲခံရခြင်း၊ အထူးသဖြင့် ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ပခုံး စသည့်နေရာတွင် အကိုက်ခံရခြင်း၊ လင်းနို့ သို့မဟုတ် လင်းဆွဲနှင့် ထိတွေ့ခြင်းဖြစ်ပါသည်။ ၎င်းအဆင့်တွင် ကာကွယ်ဆေးကို အမြန်ဆုံးထိုးရပါမည်။ ကာကွယ်ဆေးထိုးနေစဉ် ခွေး၊ ကြောင် စသည်တို့ မရူးကြောင်း သေချာစွာသိရှိပါက ဆေးထိုးခြင်းကို ရပ်နိုင်ပါသည်။

### (၉) ကာကွယ်ဆေးထိုးနည်း

ကာကွယ်ဆေးထိုးနည်း နှစ်နည်းရှိပါသည်။ အရေပြားဆေးထိုးနည်း (Intradermal Method)နှင့် အသားဆေးထိုးနည်း (Intramuscular Method)ဖြစ်ပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးရာတွင် D 0, D 3, D 7, D 28 အတိုင်း ထိုးကြပါသည်။ D 0 ဆိုသည်မှာ ဆေးစတင်ထိုးသည့်နေ့ကို ဆိုလိုပါသည်။ D 3 သည် သုံးရက်မြောက်၊ D 7 သည် ၇ ရက်မြောက်နှင့် D 28 သည် ၂၈ ရက်မြောက်ဖြစ်ပါသည်။ အရေပြားဆေးထိုးနည်းဖြင့် ထိုးနိုင်ပါသည်။ အသားဆေးထိုးလိုပါက D 0, D 3, D 7, D 14 နှင့် D 28 ရက်များတွင် ထိုးရပါမည်။

### (၁၀) အိမ်မွေးခွေး၊ ကြောင် စသည်တို့မှ ခွေးရူးပြန်ပိုး မကူးစက်ရန် ဆောင်ရွက်ခြင်း

ကာကွယ်ဆေးကို ခြောက်ပတ်တွင် တစ်ကြိမ်၊ ခြောက်လတွင် တစ်ကြိမ် ပုံမှန် နှစ်နှစ်လျှင် တစ်ကြိမ်မှီထိုးသွားရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးပြီးပါကလည်း အပြင်မှ ခွေး၊ ကြောင်များနှင့် ထိတွေ့မှုမရှိအောင် ကာကွယ်ပေးရပါမည်။ မိမိ၏ခွေး ပြုမူနေထိုင်ပုံ ပြောင်းလဲလာခြင်း ရှိ မရှိကို သတိထားကြည့်ရန် လိုအပ်ပါသည်။

### (၁၁) ခွေးမကိုက်မီ ကြိုတင်ကာကွယ်ဆေးထိုးခြင်း

တိရစ္ဆာန်ကို ကိုင်တွယ်ရသော ဝန်ထမ်းများ၊ ဆရာဝန်များ နှင့် သားသတ်သူများအနေဖြင့် ကြိုတင်ကာကွယ်ဆေးထိုးထားရပါမည်။ ခွေးမကိုက်မီ ကြိုတင်ကာကွယ်ဆေးထိုးခြင်းသည် ခွေးကိုက်ပြီးမှ ကာကွယ်ဆေးထိုးခြင်းထက် ပို၍ကောင်းပါသည်။ ခွေးကိုက်ခံရပါက ကာကွယ်ဆေးကြိုထိုးထားခြင်းကြောင့် ကိုယ်ခန္ဓာတွင် ခွေးရူးပိုးကို တိုက်ဖျက်ပေးသော Antidody ရှိနှင့်ပြီးဖြစ်သောကြောင့် အရေးပေါ်ကာကွယ်ဆေးထိုးရန် မလိုအပ်တော့ပါ။


### (၁၂) ခွေးကိုက်မခံရအောင်နေထိုင်ခြင်း

အိမ်မွေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးထားခြင်းသည် အန္တရာယ်ကင်းပါသည်။ လမ်းဘေးခွေးဖြစ်ပါက ဝေးဝေးရှောင်သွားရပါမည်။ ခွေး၊ ကြောင် စသည့်သတ္တဝါများကို စခြင်း၊ ရန်စခြင်း မပြုလုပ်သင့်ပါ။ တုတ်နှင့် ခဲများဖြင့် ပစ်ပေါက်ခြင်းကို ရှောင်ကြဉ်ရပါမည်။ ခွေးကို စူးစိုက်စွာမကြည့်ရပါ။ ခွေးအနားတွင် ဖြတ်ပြေးခြင်းကို မပြုလုပ်သင့်ပါ။ ခွေးပေါက်စကလေးများ မွေးထားသောနေရာကိုသွားပါက ခွေးမကြီးကကိုက်တတ်၍ မသွားသင့်ပါ။ ခွေးအနားကပ်လာပါက မလှုပ်မယှက်ဘဲ ငြိမ်ငြိမ်လေးရပ်နေခြင်းကို ပြုလုပ်ရပါမည်။

### (၁၃) အကြံပြုချက်

“ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်” ဆိုသည့်စကားအတိုင်း ခွေးကိုက်ခံရခြင်း၊ ကြောင်ကုတ်ခံရခြင်း မဖြစ်အောင် နေထိုင်ရပါမည်။ ခွေးကိုက်ခံရတိုင်း ခွေးရူးကာကွယ်ဆေးကို ချက်ချင်းထိုးသင့်ပါသည်။ စောနိုင်သမျှ စောစောထိုးနိုင်လျှင် ပို၍စိတ်ချရပါသည်။ ချက်ချင်းမထိုးနိုင်ပါက ထိုးနိုင်သည့်အချိန်တွင် အမြန်ဆုံးထိုးသင့်ပါသည်။ ခွေးရူးပြန်လက္ခဏာ မပေါ်သေးသမျှ ထိုးနိုင်ပါသည်။ ကုသရန်ဆေးမရှိခြင်းကြောင့် ခွေးရူးပြန်ရောဂါလက္ခဏာများပေါ်လာမှ ကာကွယ်ဆေးထိုးခြင်းသည် အကျိုးမရှိပါ။ ဧကန်သေဆုံးနိုင်၍ မပေါ့ဆသင့်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာ ကောင်းစံ








# အညာနေပူ၊ လေပူ၊ မြေပူပူတွင် အနုပညာပန်းဖြူဖြူလေးများ နိုက်ခဲ့ကြသူ (၂)ဦး

အောင်စွမ်း

### မြင်ကွင်း(၁)

မွန်းတည့်ချိန်ဖြစ်၍လားမသိ။ အညာနွေသည် ဆူးဆူးရဲရဲ မှုပြင်းလှသည် ၊ လေတိုက်သော်လည်း လေကလေပူကြီးဖြစ်၍နေသည်။ အညာဒေသဖြစ်၍ မိုးရေချိုချိုကို ကောင်းစွာမသောက်သုံးရသဖြင့် သစ်ပင်ကြီးငယ်တို့က စိမ်းစိမ်းစိုစိုမရှိလှ၊ မြင်ကွင်းက သွေ့ခြောက်လွန်းလှသည်။

ထိုသို့သော နေပူ၊ လေပူ၊ မြေပူပူတွင်၊ သွေ့ခြောက်သော အပူတောကြီးအောက်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် စက်ဘီးကိုယ်စီဖြင့် ဂီတစာဆိုမှူးဦးလေးခန့်၏ အိမ်သို့ ဗိုလ်ချုပ်လမ်း(မြင်းမူလမ်း)အတိုင်း ချီတက်သွားကြသည်။

အကြောင်းရင်းကား မုံရွာမြို့ ကျက်သရေဆောင် ဆုတောင်းပြည့်ဘုရားကြီး၏ တော်သလင်းလ ဆွမ်းလုံးပွဲတော်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုက ဒသမတန်း ကိုယ်စားပြု ဒိုးပတ်ပြိုင်ပွဲဝင်ရန်အတွက် အကြံဉာဏ်များသွားရောက်ရယူရန်ဖြစ်သည်။

ဦးလေးခန့်၏သား ကိုမျိုးတင့်၊ ကိုမျိုးမင်းတို့နှင့် ကျွန်တော်တို့မှာ ငယ်ပေါင်းရောင်းရင်းများဖြစ်သည်။ တစ်ဆင့်တက်၍ပြောရသော် သောလုံးကန်ဖော်ကန်ဖက်များလည်းဖြစ်ကြသည်။ ထို့ထက်ပိုကဲ၍ပြောရသော် ကျောင်းပြေးဖော်၊ ကျောင်းပြေးဖက်များလည်း ဖြစ်ကြသည်။ သို့ဖြစ်ရကား သူတို့မိသားစုနှင့် ကျွန်တော်တို့တတွေ ရင်းချာမှုသည် အထူးပြောစရာမရှိတော့ ။ ထိုနေ့က ကျွန်တော်တို့ တွေ့လိုသော ဦးလေးခန့်ကို

၎င်း၏ နေအိမ်၌ ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့လိုက်ရသည်။

ဆရာခန့်သည် ဂီတသဘင်ပညာရှင်ဖြစ်သည်။ အနုပညာမျိုးရိုးရှိသူဖြစ်သည်။ ဆရာခန့်၏ အစ်ကိုကြီးဖြစ်သူ ဦးလှသိန်းမှာ နိုင်ငံကျော်မွှေကာထိကတစ်ဦးဖြစ်သည်။ လယ်တီဆရာတော်ကြီး၏ ခန်းဝင်တပည့်တစ်ဦးဖြစ်ရကား ၊ လယ်တီသာသနာတော်ကို တစ်နိုင်ငံလုံး ပေဖြာသွားအောင်၊ တရားစည်ကြီး မြည်ဟီးသွားအောင် ဆောင်ကျဉ်းပေးခဲ့သူတစ်ဦးဖြစ်ရကား ဆိုဖွယ်ရာမရှိတော့။

နောက်အစ်ကိုတော်တစ်ဦးမှာ စန်းမြဝတီ ဦးဘသက်ဖြစ်သည်။ ဆရာကြီး ဦးဘသက်သည် ဒွေးချိုး၊ လေးချိုး၊ တေးထပ် အရေးကောင်းသူဖြစ်သည်။ ဆရာကြီးရေးဖွဲ့ထားသော ဒွေးချိုး၊ လေးချိုး၊ တေးထပ်တစ်ပုဒ်ကို အမည်သာ ဖော်ပြမထားပါက စလေဦးပုညလော ။၊ အချုပ်တန်း ဆရာဖေလော၊ မောင်းထောင် ဦးကျော်လှလောဟူ၍ ထင်မှတ်မှားစရာပင်။ ထိုမျှအထိ ဒွေးချိုး၊ လေးချိုး တေးထပ်အရေးကောင်းသူဖြစ်သည်။ ၎င်းပြင် ဆရာကြီးသည် ထုတီသြဘာမင်္ဂလာအရေးကောင်းသူလည်းဖြစ်သည်။ မှတ်မိနေသေးသည်။ ပွင့်ဖြိုးတန်လျှင် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာဦးပွ၏သား သရုပ်ဆောင်မင်းသားမောင်သန်းဝင်းနှင့် ဒေါက်တာဝင်းမင်းသန်းတို့၏ မင်္ဂလာဆောင်တွင် ထုတီမင်္ဂလာသြဘာစာ



ဆရာဦးလေးခန့်သည် မုံရွာတောင်လက်မှ
""လယ်ဖင်"" ရွာသားဖြစ်သည်။ ရေမရောသည့်
အညာသားစစ်စစ်ကြီးဖြစ်သည်။
အကျိုးပေးကောင်း၍ထင့် ၊ အခြားအခြားသော
အညာသားများကဲ့သို့ အညာ၏
အဆီပြန်သောမျက်နှာပေးလည်းမရှိ။
ဦးအောင်ဖေယျတို့လို......

ဖတ်ကြားရန်အတွက် ဆရာကြီးဦးဘသက်အားတာဝန်ယူစေသည်။ ဆရာကြီးက အချိန်မီရေးပေးပြီး ရန်ကုန်ပြန်မည့်လူကြုံဖြစ်သူ ကျွန်တော်နှင့် အမီပေးလိုက်သည်။ ကျွန်တော်က ရန်ကုန်သို့ ရောက်ရောက်ခြင်း ကားငှား၍ မင်္ဂလာသတို့သား ကိုသန်းဝင်းတို့နေအိမ်သို့ အရောက်ပို့ပေးလိုက်သည်။ ပြုံးပျော်နေသည့် ကိုသန်းဝင်း၏ မျက်နှာကြီးကို ယခုတိုင် မြင်ယောင်နေမိသည်။

ဆရာဦးလေးခန့်သည် မုံရွာတောင်လက်မှ "လယ်ဖင်" ရွာသားဖြစ်သည်။ ရေမရောသည့် အညာသားစစ်စစ်ကြီးဖြစ်သည်။ အကျိုးပေးကောင်း၍ထင့် ၊ အခြားအခြားသော အညာသားများကဲ့သို့ အညာ၏ အဆီပြန်သောမျက်နှာပေးလည်းမရှိ။ ဦးအောင်ဖေယျတို့လို လူညိုထွားကြီးမျိုးလည်းမဟုတ်။ ဖြူဖြူဝင်းဝင်း အရပ်ပျပ်ပျပ်နှင့် လူပုံချောကြီးဖြစ်သည်။ ဆံပင်ကို တိုတိုသာ ညှပ်ထားလေ့ရှိသည်။ ပုခုံးပေါ်တွင် အညာတဘက်လေး တင်ထားလေ့ရှိသည်။

မျက်လုံးမျက်ဖန်ကောင်းခြင်း ၊ ဝီယဝါစာ ချိုသာသော စကားကိုပြောတတ်ခြင်း၊ တစ်ဖက်လူအနေခက်အောင် ဂါရဝတရား၊ နိဝါတတရားထားကာ ဆက်ဆံလေ့ရှိသူဖြစ်ခြင်းကြောင့် ရန်သူမရှိ၊ မိတ်ဆွေသာရှိသူဖြစ်သည်။

နောက်ပိုင်းတွင် မိသားစုလိုက် အောက်ပြည်အောက်ရွာဖြစ်သည့် မြို့တော်ရန်ကုန်သို့ အနုပညာစိတ်တစ်ခုတည်းနှင့် ပြောင်းရွှေ့သွားခဲ့ရာ ကျွန်တော်တို့အားလုံး ဆရာကြီးတို့ မိသားစုအတွက် ရင်မောခဲ့ကြသည်။ သားသမီးတွေ တစ်လှေကြီးနှင့် ဘဝရေစီးကြောင်းတွင် မနားမနေကူးခတ်နေကြောင်း ကြားသိနေရသည်။ သို့ဖြစ်သော်ငြားလည်း စိတ်ပျက်ညည်းညူခြင်းစကားကို

အလျဉ်းမဆို၊ လောကဓံနှင့် မိတ်ဆွေဖွဲ့ထားလေသလားဟုပင် မှတ်ယူရသည်။ ဒုက္ခအကြီးအသေးဟူသမျှကို ပြက်ရယ်ပြုနိုင်စွမ်းရှိသူအဖြစ် အံ့သြစဖွယ်တွေ့ရှိလိုက်ရသည်။ (စကားချပ်)

ထိုနေ့က ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ဆရာခန့်

ထံလာရင်းကိစ္စကို တင်ပြသည်။ ဆရာက ကျွန်တော်တို့တင်ပြချက်ကိုကောင်းစွာနားထောင်သည်။ ထို့နောက် သူ၏ထရိတ်မတ်ဖြစ်သော ရွှင်မြူးတက်ကြွသော မျက်နှာပေးဖြင့် ရေးပေးမည်ဖြစ်ကြောင်း၊ မင်းပရိသတ်ကြိုက်လောက်သည့် ပြောင်မြောက်သော စကားလုံးများဖြင့် တန်ဆာဆင်ပေးမည်ဖြစ်ကြောင်း၊ ထို့နောက် ပြုပြင်ရေး သံချပ်များဖြင့် ကလနားသတ်ပေးမည်ဖြစ်ကြောင်း တက်တက်ကြွကြွဆွေးနွေးပါသည်။ ဆရာခင့်က ကျွန်တော်တို့ ပြိုင်ပွဲဝင် ဒိုးပတ်အဖွဲ့ ကောင်းမွန်လှပစွာ ပြိုင်ပွဲဝင်နိုင်ရန်အတွက် သေချာကျနစွာ ပုံဖော်ပေးမည့်သူဖြစ်ကြောင်း ကျွန်တော်တို့ယုံကြည်ခဲ့ပါသည်။ ထိုနေ့က ဆွေးနွေးပွဲမှာ အသက်ဝင်လှသည်။ အနုပညာပေးဝေသူ ဆရာခင့်ရော၊ အနုပညာဆက်ခံသူ ကျွန်တော်တို့ သူငယ်ချင်းတစ်စုပါ ရွှင်မြူးတက်ကြွနေကြသည်။

ထိုစဉ် မည်သူက ဖီးလစ်ရေဒီယိုကြီးကို ဖွင့်လိုက်သည်မသိ။ ရေဒီယိုမှ "ရွှေတိဂုံစေတီအနောက်ဘက်မုခ်ဖွင့်ပွဲ" သီချင်းလာသည်နှင့် ကြုံကြိုက်နေသည်။ ထိုသီချင်းကို ကိုလိုနီခေတ်တွင် ထင်ရှားခဲ့သော တေးပြုစာဆို နန်းတော်ရှေ့ဆရာတင်က ရေးဖွဲ့ခဲ့ပြီး၊ အငြိမ့်မင်းသမီး မစိန်ဆင်ကြီးက သီဆိုခဲ့ခြင်းဖြစ်သည်။

သီချင်းသံကြားသည်နှင့် ဆရာခင့်၏မျက်နှာသည် ဆွေးဆွေးမြွေမြွေဖြစ်သွားလေသည်။ တက်တက်ကြွကြွပြောဆို ဆွေးနွေးနေသော စကားသံကလည်း ရုတ်ခြည်းရပ်တန့်သွားသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် "သာဓုများ အမှားပါသွားပါလိမ့်"ဟူသော တွေးဆချက်ဖြင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်မိကြသည်။ ဆရာခင့်သည် အတိတ်သို့ ချက်ခြင်းရောက်သွားပုံရသည်။ ပစ္စုပ္ပန်နှင့် မျက်ခြည်ပြတ်သွားပုံရသည်။ သီချင်းသံဆုံးသွားတော့မှ ဆရာခင့်က ထိုစဉ်ကာလ ၁၉၅၅–၁၉၅၆ ခုနှစ်တစ်ဝိုက်လောက်က နောင်တွင် တစ်ခေတ်တွင် တစ်ယောက်ဟုဆိုရလောက်အောင် နာမည်ကျော်ကြားလာမည့် အဆိုတော်၊ ရုပ်ရှင်မင်းသား ၊ စာရေးဆရာ၊ ဒါရိုက်တာ၊ စန္ဒာမဂ္ဂဇင်းတိုက်ပိုင်ရှင် (ဦး) ဝင်းဦးနှင့် သူတို့နှစ်ယောက်တစခရီးလမ်းတွင် မမျှော်လင့်ဘဲ တိုးမိ၊ တိုက်မိ၊ မိတ်ဆွေဖြစ်ခဲ့ကြသည်များကို တလွမ်းတဆွေးပြောကြားပါတော့သည်။

## မြင်ကွင်း(၂)

တင်ပြခွင့်ပြုစေလိုပါသည်။

၁၉၅၅–၁၉၅၆ ခုနှစ်တဝိုက်လောက်က မုံရွာသည် မုံရွာခရိုင်မဟုတ်သေး။ အောက်ချင်းတွင်းခရိုင် အမည်နှင့်သာ ရှိသေးသည်။ ထိုစဉ်ကာလက မုံရွာတောင်ဘက် ရေပိုးစားကန်တဝိုက်တွင်



မှောင်ရီပြိုးလာသည်နှင့် ဖားပြုတွေကသောင်းကျန်းသည်။ ချင်းတွင်းမြစ်၏အနောက်ဘက် ပုလဲနယ် ၊ ယင်းမာပင်နယ်ဘက်များတွင် ဗကပနှင့် အလံနီတို့က မင်းမူနေကြသည်။ မြို့ပေါ်တွင် ရဲဘော်ဖြူများက ဥဒဟိုဝင်ထွက်နေကြသည်။

ထိုသို့သော အနေအထားတွင် ဗိုလ်လှမြင့်(ဝင်းဦး)က မုံရွာမြို့၏အရှေ့ဘက် "ဇလုတ်ရွာ"တွင် အခြေစိုက်ထားသော ခလရ(၁၅)တွင် လုံခြုံရေးတာဝန်ကျနေသည်။

ဗိုလ်လှမြင့်(ဝင်းဦး) မုံရွာနယ်တွင် တာဝန်ကျနေစဉ်ကာလအတွင်း မြန်မာနိုင်ငံရေးသမိုင်းတွင် ဒုတိယအကြိမ်ကျင်းပသော အထွေထွေရွေးကောက်ပွဲကြီးနှင့်တိုးနေသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း တပ်မတော်သားများသည်(၂၇–၄–၁၉၅၆)ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ မည်သည့်ပါတီဘက်ကမျှမပါကြရန် ၊ ကင်းကင်းရှင်းရှင်းနေထိုင်ကြရန် တပ်ရင်းတပ်ဖွဲ့များသို့ အမိန့်ထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲတွင် ဦးနု ဦးဆောင်သော "ဖဆပလ" အဖွဲ့ကြီးက မဲပေါင်း (၁၇၄၃၈၁၆) ရရှိပြီး အနိုင်ရရှိခဲ့သည်။ သို့ဖြစ်၍

မုံရွာမဲဆန္ဒနယ်မှ အနိုင်ရအမတ်မင်းများက အရပ်အငြိမ့်ဖြင့် မဲဆန္ဒရှင်ပြည်သူများအား ကပြဖျော်ဖြေစေခဲ့သည်။

အရပ်ဇာတ်ဟုဆိုသော်လည်း မင်းသမီးများက "စိန်သောင်း" ဇာတ်အဖွဲ့ကဖြစ်သည်။ လူရွှင်တော်များက စိန်အောင်သန်း ဇာတ်အဖွဲ့ကဖြစ်သည်။ မင်းသားကတော့ ဇမ္ဗူတစ်ခွင်တွင်မရှိ၊ လူမြင်ရင်သိလောက်သည့် နာမည်ကျော်အရပ်မင်းသား အဘဦးလေးခန့်ဖြစ်သည်။

မင်းသားအဝတ်အစားနှင့်ထွက်လာသော အဘဦးလေးခန့်သည် မီးရောင်အောက်တွင် နဂိုရှိပြီး အသားအရေထက် ပိုမိုဖြူဝင်းနေသည်။ ထိုညက အဘဦးလေးခန့်နှင့် စိန်အောင်သန်း ဇာတ်မှလူရွှင်တော်များသည် ပွဲကြည့်ပရိသတ်နှင့် လမိုးကပ်လျက်



ရှိပေသည်။ ပရိတ်သတ်၏ ရယ်သံများသည် တဝေါဝေါနှင့် ပတ်တုတ်၍ပင်မရတော့။ စိန်သောင်းဇာတ်အဖွဲ့မှ မင်းသမီးလေးများသည် ဆရာခန့်၏လက်ရာ ကဗျာလွှတ်အကနှင့် ပွဲတောင်းခံနေရသည်။

ပွဲပြီးသောအခါ အနိုင်ရ ဖဆပလအမတ်မင်းတို့က အဘဦးလေးခန့်တို့ အဖွဲ့အား ဗိုလ်ချုပ်လမ်း(မြင်းမူလမ်း)ပေါ်ရှိ "စိန်လီ" စားတော်ဆက်တွင် ယမကာဖြင့် ဧည့်ခံကြသည်။

ဗိုက်ကလည်းကောင်း၊ ယမကာကလည်းကောင်း ၊ အမြည်းတွေကလည်း ကောင်းလှသည့်အတွက် အဘဦးလေးခန့်တစ်ယောက် သူ့ရာမြစ်ပြင်ကျယ်တွင် အလျားလိုက်ကူးခတ်နေတော့သည်။

တာဝန်ရှိသူများက အိမ်လိုက်ပို့ပေးမည်ဟုပြောသော်လည်း မရ။ မူးမူးနှင့် ဇာတ်သီချင်းတွေ၊ ခေတ်ဟောင်းသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုတော့သည်။ ခုနစ်သံချီဆိုခြင်းဖြစ်၍ ကြာတော့မောလာသည်။ မောလာတော့ ရေတောင်းသောက်သည်။ အမောပြေလာသောအခါတွင် သီချင်းဆိုပြန်သည်။ ဤအနေအထားကို တာဝန်အရရောက်ရှိနေသော ဗိုလ်လှမြင့်(ဝင်းဦး)က ဂဃနဏသိရှိထားပုံမရသည့်အတွက် ယင်းဇာတ်ရှုးအား အချုပ်ထဲထည့်ထားရန် လုံခြုံရေးတာဝန်ယူထားသော သူ၏ရဲဘော်များအား အမိန့်ပေးလိုက်သည်။

ရဲဘော်လေးများက သူတို့ဆရာ ဗိုလ်လှမြင့်(ဝင်းဦး)၏ အမိန့်အတိုင်းပင် အဘဦးလေးခန့်အား တပ်အချုပ်ထဲသို့ ပို့လိုက်သည်။ အဘဦးလေးခန့်သည် အချုပ်ထဲရောက်နေသော်လည်း ကမ္ဘာသစ်တစ်ခုကိုရောက်နေသလားဟုပင် ထင်မှတ်နေပုံရသည်။

ထုံးစံအတိုင်းပင် ဆရာမြို့မငြိမ်း၊ ဆရာရွှေပြည်အေး၊ နန်းတော်ရှေ့ဆရာတင် ၊ ဆရာရွှေတိုင်ညွန့်တို့၏ ရှားပါးခေတ်ဟောင်းသီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုသည်။ မောလာတော့ နားသည်။ အမောပြေလာသောအခါ ဆက်ဆိုပြန်သည်။

ဤတွင် တစ်ဖက်ခန်းရှိ ဗိုလ်လှမြင့်(ဝင်းဦး)သည် ခေတ်ဟောင်းသီချင်းတွေကို ခုနစ်သံချီဖြင့် မရပ်မနားဆိုနေသူပုဂ္ဂိုလ်အား သိရှိလိုလာသည်။ စိတ်အနှောင့်အယှက်ရှိသော်ငြားလည်း စိတ်ဝင်စားသွားပုံရသည်။ အချုပ်ခန်းထဲမှပုဂ္ဂိုလ်ဆိုနေသော သီချင်းများသည် တော်ရုံ၊ တန်ရုံ အဆိုပညာရှင်ကြီးများပင်လျှင် လက်လှမ်းမီနိုင်မည်မထင်။ စည်းကျ ၊ ဝါးကျ ဆိုနေခြင်းဖြစ်သည်။ လျှာဖျားမှဆိုခြင်းမဟုတ်၊ ရင်ထဲမှဆိုနေခြင်းဖြစ်သည်။ မိမိမှာ ဖခင်ဖြစ်သူ ခေတ်ဟောင်းအဆိုတော်ကြီး ချစ်ဒုက္ခ ဦးဘညွန့်၏ သားဖြစ်သည်ကတကြောင်း ၊ ရုံဖန်ရံခါတွင် ဖခင်ကြီး၏ ဖိတ်ကြားချက်အရ မြန်မာညွန့် ဦးချစ်မောင်တို့၊ ဒေါ်အောင်ကြည်တို့၊ ဒေါ်စောမြအေးကြည်တို့လာရောက်ပြီး ဆိုကြ၊ တီးကြ၍တစ်ကြောင်း မြန်မာ့ဂီတနှင့် မစိမ်းခဲ့ပါ။

ထိုနေ့က ဗိုလ်လှမြင့်(ဝင်းဦး)ရှေ့မှောက်ရောက်နေသော အဘဦးလေးခန့်သည် Morning Pap မလုပ်ရသေးသဖြင့် ရီဝေနေပုံရသည်။ လျှာလေးအာလေးဖြစ်နေသည်။ ယမန်နေ့ညက

ဗိုလ်လှမြင့်(ဝင်းဦး)သည်
ခေတ်ဟောင်းသီချင်းတွေကို ခုနစ်သံချီဖြင့်
မရပ်မနားဆိုနေသူပုဂ္ဂိုလ်အား သိရှိလိုလာသည်။
စိတ်အနှောင့်အယှက်ရှိသော်ငြားလည်း
စိတ်ဝင်စားသွားပုံရသည်။
အချုပ်ခန်းထဲမှပုဂ္ဂိုလ်ဆိုနေသော သီချင်းများသည်
တော်ရုံ၊ တန်ရုံ အဆိုပညာရှင်ကြီးများပင်လျှင်
လက်လှမ်းမီနိုင်မည်မထင်။

ပြဇာတ်ကစဉ်ကလိမ်းခြယ်ထားသော ပေါင်ဒါများ၊ မိတ်ကပ်များက သူ၏မျက်နှာတွင် အတန်အသင့် ကျန်ရှိနေသေးသည်။

### မြင်ကွင်း(၃)

**ဗိုလ်လှမြင့်(ဝင်းဦး)** – ခင်ဗျားဘယ်သူလဲ။

**ခန့်** – ကျွန်တော် ကိုလေးဖန်ပါ။ ကျွန်တော့်အစ်ကိုကြီးက နိုင်ငံကျော် ဓမ္မကထိကဦးလှသိန်းပါ။ နောက်အစ်ကိုကြီးတစ်ယောက်မှာ စန်းမြဝတီဦးဘာသက်ဖြစ်ပါတယ်။

**ဗိုလ်လှမြင့်(ဝင်းဦး)** – ခင်ဗျား ဘာလုပ်သလဲ။

**ခန့်** – ကျွန်တော်က အနုပညာသမားပါ ၊ ပြဇာတ်ဒါရိုက်တာပါ၊ သီချင်းလည်းရေးတယ် ၊ သီချင်းလည်းဆိုပါတယ်။

**ဗိုလ်လှမြင့်(ဝင်းဦး)** – အခုရော ဘာသီချင်းလဲ။

**ခန့်** – ခုသီချင်းက ကိုလိုနီခေတ်ကထင်ရှားခဲ့တဲ့ ခေတ်ဟောင်း တေးသီချင်းတစ်ပုဒ်ပါ။ တေးပြုစာဆိုက နန်းတော်ရှေ့ဆရာတင်ဖြစ်ပါတယ်။ အဆိုတော်က အငြိမ့်မင်းသမီး မစိန်ဆင့် ဖြစ်ပါတယ်။

**ဗိုလ်လှမြင့်(ဝင်းဦး)** – "တေးပြုစာဆို နန်းတော်ရှေ့ဆရာတင်ဟာ အငြိမ့်သီချင်းအပါအဝင် တေးသီချင်းများစွာကို မှတ်တမ်းတင် ရေးဖွဲ့လေ့ရှိသူတစ်ဦးဖြစ်တယ်။ မိမိတို့ဖြတ်သန်းနေရသည့် ခေတ်မှာ ဝမ်းသာစရာ ၊ ဝမ်းနည်းစရာတို့ကို ကလောင်သွက်သွက်၊ လက်သွက်သွက်ဖြင့်ရေးဖွဲ့ကာ ပြည်သူတို့အား ခံစားစေသည့် တေးပြုစာဆိုအကျော်အမော်တစ်ဦးလည်းဖြစ်တယ်ဗျ"ဟူ၍ ၎င်းသဘောထားကို စစ်ဗိုလ်စစ်သားပီပီ ကွေ့ဝိုက်နေခြင်းမရှိ ဘွင်းဘွင်းကြီး ပြောချလိုက်သည်။

ဗိုလ်လှမြင့်(ဝင်းဦး)က ဆက်လက်၍ "အငြိမ့်သီချင်းက ခေတ်ကာလအခြေအနေနဲ့ ပတ်ဝန်းကျင်နဲ့ အချိန်အခါကိုလိုက်ပြီး လူတွေစိတ်ဝင်စားတဲ့အကြောင်းအရာ ဘာကိုမဆို ရေးလို့ဆိုလို့






ရပါတယ်" ။ ဒါ့အပြင် "အငြိမ့်သီချင်းတွေဟာ အချစ်ရေးလည်းရှိ၊ စစ်ရေးလည်းရှိ၊ နိုင်ငံရေးလည်းရှိ၊ လူမှုရေးလည်းရှိ၊ ယဉ်ကျေးမှုလည်းရှိဆိုသလို အရေးမျိုးစုံရှိနေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း" ၎င်း၏ သဘောထားကို ထပ်လောင်း၍ ပြောကြားလေသည်။

ဆက်လက်၍ ဗိုလ်လှမြင့်(ဝင်းဦး)က "ကျွန်တော်ကချည်း ပြောနေရတာ အားနာလိုက်တာဗျာ။ ဆရာခန့်ကလည်း ပြောဦးမှပေါ့၊ ဒါမှ ပြည့်စုံသွားမှာပေါ့"ဟု ပြုံးစစမျက်နှာပေးဖြင့် လမ်းဖွင့်ပေးသည်။

ဤတွင် ဆရာခန့်က မိမိရှေ့မှောက်ရောက်နေသော မျက်လုံးမျက်ဖန်ကောင်းကောင်း၊ လှုပုံချောချောစစ်ဗိုလ်လေးသည် အနုပညာမျိုးရိုးကလာသည့် စစ်ဗိုလ်ဖြစ်သည့်အပြင် ခံစားတတ်သောမျက်နှာ၊ ခံစားတတ်သောမျက်စိ၊ ခံစားတတ်သော နှလုံးသားရှိသူဖြစ်ကြောင်း ယုံယုံကြည်ကြည်မှတ်ချက်ချလိုက်သည်။ တစ်သက်ပန်လုံး ပေါင်းသင်းရမည့် မိတ်ဆွေအဖြစ် မှတ်ယူလိုက်လေတော့သည်။

သို့ဖြစ်ရကား ၎င်း၏သဘောထားကို မကွယ်မဝှက် ပြောကြားလေတော့သည်။

ဆရာခန့်က "ထိုစဉ်ကာလ ဗြိတိသျှအစိုးရသည် ရွှေတိဂုံအနောက်ကုန်းတော်တစ်ဝိုက်တွင် ခဲယမ်းမီးကျောက် လက်နက်တိုက် စသည်တို့ဖြင့် ခံတပ်လုပ်ထားရုံသာမက၊ ကုန်းတော်တစ်ခုလုံးကို ခံတပ်လုပ်၍ထားခဲ့လေရာ ဗုဒ္ဓဘာသာပြည်သူတို့က ရွှေတိဂုံစေတီတော်နှင့် ကုန်းတော်အဆောက်အဦအတွက် များစွာပူပန်ခဲ့ကြကြောင်း၊ စစ်ကြီးပြီးသည်နှင့်တပြိုင်နက် အစည်းအဝေးပြုလုပ်၍ ခဲယမ်းမီးကျောက်တိုက်ကို ရွှေ့ရန်နှင့် အနောက်ဘက် စောင်းတန်းမုခ်ဖွင့်ရန် တောင်းဆိုခဲ့ကြကြောင်း" တစ်ဖန် "ရွှေတိဂုံကုန်းတော်သည် ခံတပ်ဖြစ်၍နေခဲ့လျှင် စစ်ဖြစ်သောအခါ ရန်သူတို့သည် ထိုကုန်းတော်ကို တိုက်ခိုက်ခြင်းဖြင့် စေတီတော်ကြီးနှင့်ထက်ဝန်းကျင်အဆောက်အဦများပျက်စီးလိမ့်မည်။ ကုန်းတော်ရှိ ခံတပ်ကို ဖယ်






ရှားခြင်းဖြင့် ရန်သူတို့သည် စေတီတော်တည်ရှိရာကို ပစ်ခတ်လိမ့်မည်မဟုတ်ကြောင်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က မြန်မာပြည်အတွင်းဝန်ထံ တင်ပြခဲ့ကြကြောင်း၊ ဘဏ္ဍာတော်ထိန်းအဖွဲ့၏ တင်ပြလျှောက်ထား ပြောကြားသည့်အတိုင်း ငါးနှစ်ကြာလျှင် ခံတပ်နှင့် အနောက်ဘက်ဆောင်းတန်းမုခ်ကိုဖွင့်ရန် အခွင့်ပြုနိုင်ပါလိမ့်မည်" ဆိုသည့် ကတိကဝတ်ကို ရရှိခဲ့ကြောင်းတို့ကို ပြောကြားပါသည်။

ဆက်လက်၍ ဦးလေးခန့်က "အနောက်ဘက်မုခ်သည် ရွှေတိဂုံစေတီတော်ကြီး၏ အခန်းကဏ္ဍတွင် အလွန်ရေးပါသောဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ထိုဖြစ်ရပ်ကို အကြောင်းပြု၍ နန်းတော်ရှေ့ဆရာတင်၏ အာဘော်အတိုင်း ယဉ်ကျေးမှုဆိုင်ရာ အငြိမ့်သီချင်းအဖြစ် ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤအနောက်ဘက်မုခ်ဖွင့်ပွဲသီချင်းကို အပိုဒ်(၃)ပိုဒ်ဖြင့် ဖွဲ့နွဲ့ရေးသီခဲ့ပါကြောင်း၊ ပထမအပိုဒ်တွင်ပါဝင်သောအကြောင်းအရာမှာ ရောင်ခြည်တော် ခြောက်ပါးတို့နှင့်တကွ မြင့်မြတ်လှသည့် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးကိုတွေးဆ၍ ပူဇော်ကန်တော့လိုက်ပါဟု တိုက်တွန်းထားပါကြောင်းနှင့် ထိုအနောက်ဘက်မုခ်ဖွင့်ပွဲတွင် မြန်မာပြည်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူတို့သည် ဝမ်းမြောက်ဝမ်းသာ ဘုရားဖူးရန်ရောက်လာကြကြောင်း၊ ထိုဖွင့်ပွဲတွင် အငြိမ့်ပွဲသဘင်ပါဝင်ဟန်တူကြောင်းတို့ကို ဆရာနန်းတော်ရှေ့က ထည့်သွင်းသီကုံးဖွဲ့နွဲ့ပေးခဲ့ကြောင်း။ ဤသီချင်းတွင် နန်းတော်ရှေ့၏မူအတိုင်း ရေးစပ်သူနှင့် သီဆိုသူနှစ်ဦးစလုံး၏အမည်ကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။ ၎င်းပြင် နန်းတော်ရှေ့ဆရာတင်သည် ပါဠိစကားလုံးအသုံးအနှုန်းများကို ရေးဖွဲ့လေ့ရှိသည့်အတိုင်း "ပူဇာစနဲ့ ပူဇနေယျာ"နှင့် အစပြုထားသည်ကိုတွေ့ရမှာဖြစ်ကြောင်း။ ပါဠိစကားလုံးကို လိုအပ်သည့်နေရာတွင်သုံးသော်လည်း ခက်ခဲမှုမရှိကြောင်း။ အများသူငါ နားလည်သည့်အတိုင်း ရေးဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း။ လွယ်ကူသောအသုံးများဖြင့် ရေးဖွဲ့ထားရုံမက ရွှေတိဂုံစေတီကြီးနှင့် ဘုရားရှင်တို့၏ ကြည်ညိုဖွယ်ကောင်းသော ဂုဏ်တော်အဖွဲ့လည်းပါဝင်ကြောင်း။ ထိုဂုဏ်တော်ကို စိတ်အာရုံပြု၍ ပူဇော်ကန်တော့လိုက်ကြပါဟု တိုက်တွန်းလှုံ့ဆော်ထားကြောင်း၊ အနောက်ဘက်မုခ်ဖွင့်ပွဲတွင် ဗြိတိသျှအစိုးရ၏ စစ်ဘက်ခံတပ်အဖြစ်သုံးထားသောအခြေအနေမှ လွတ်လပ်သောအခြေအနေသို့ လွတ်မြောက်လာပုံကို သရုပ်ပါအောင် ဖွဲ့ဆိုထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း"

"သီချင်း၏အလယ်ပိုဒ်အကြောင်းအရာပိုင်းသည်လည်း ပထမပိုဒ်ကဲ့သို့ပင် ရွှေတိဂုံစေတီတော်ကြီး၏ ရောင်ခြည်တော်ထွန်းလင်းတောက်ပပုံ၊ တိုင်းကျော်ပြည်ကျော်ဖြစ်သည့် အနောက်ဘက်ဆောင်းတန်းကြီးဖွင့်လိုက်သည့်အတွက် အဖော်မစုံသူတို့အတွက် လွမ်းစရာဖြစ်ရပုံတို့ကို ရွေးချယ်၍ ဖွဲ့သီထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း"တို့ကို စိတ်ပါဝင်စားစွာဖြင့် အားပါးတရပြောကြားခဲ့ပါသည်။

ဗိုလ်လှမြင့်(ဝင်းဦး)ကလည်း သီချင်းအဆုံးပိုဒ်တွင် "ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းကို အရိပ်အမြွက်မျှ ထည့်သွင်းရေးဖွဲ့ထားသည်ကိုလည်းတွေ့ရှိရကြောင်း"နှင့် နန်းတော်ရှေ့ဆရာတင်သည် ဘုရားသမိုင်းကိုတင်ပြရာ၌ အကြောင်းအရာလေးနက်မှုထက်၊ အသံသဘော၏ လေးနက်မှုကို အဓိကထားသည်ကို တွေ့ရှိရကြောင်း"၊ "အော်" ကာရန်ကို ဆက်တိုက်သုံးထားသည်ကို တွေ့မြင်နိုင်မှာဖြစ်ကြောင်း"တို့ကို ထပ်လောင်း၍ပြောကြားပါသည်။

ဆရာခန့်က "နန်းတော်ရှေ့ဆရာတင်၏ ရွှေတိဂုံစေတီ

အနောက်ဘက်မုခ်ဖွင့်ပွဲတေးသီချင်း"ကို သုံးသပ်ကြည့်လျှင် ဆရာတင်သည် မျိုးချစ်စိတ်ဓာတ် ခုနှင့်ထည်နှင့်ရှိသူဖြစ်ကြောင်း၊ နယ်ချဲ့ကို မစင်ပုတ်ကဲ့သို့ ရွံမုန်းသူဖြစ်ကြောင်း၊ နယ်ချဲ့အစိုးရကို သရော်သည့်သီချင်းများလည်း ရေးဖွဲ့လေ့ရှိသူတစ်ဦးဖြစ်ကြောင်း၊ ယခုသီချင်းမှာလည်း စေတီတော်၏ဂုဏ်တော်၊ တန်ခိုးတော်များကို ရေးဖွဲ့ထားသည့်အပြင် နယ်ချဲ့အကြီးအကဲ (စစ်ရေးအရာရှိကြီး) ကပင် လာရောက်ဖူးမျှော်ရသည်တို့ကို ရေးဖွဲ့ထားသည့်အတွက် ရည်ရွယ်ချက်မှာမြင့်မားကြောင်း ၊ စေတီတော်ကြီး၏ဂုဏ်ကိုမြင့်ပြီး နယ်ချဲ့ကို ရှုံ့ချလိုခြင်းဖြစ်သည့်သဘောမျိုး ဖွဲ့ဆိုထားခြင်းဖြစ်ကြောင်း"ကို စိတ်အားထက်ထက်သန်သန်ဖြင့် ပြောကြားခဲ့ပါသည်။

**နိဂုံး**

ထိုနေ့က ဗိုလ်လှမြင့်(ဝင်းဦး)သည် အနုပညာစိတ်ကြီးမားသူ၊ အနုပညာရေစီးမြေခံရင့်သန်သူ ဆရာဦးလေးခန့်အပေါ် လေးစားကြည်ညိုစိတ်များ များပြားသွားသည်။ ချက်ချင်းပင် ရေမိုးချိုးအဝတ်အစားလဲစေသည်။ နေ့လယ်စာကျွေးမွေးခဲ့သည်။ စွမ်းနိုင်သမျှ ငွေစကြေးစအနည်းငယ်မျှထောက်ပံ့ပေးအပ်လိုက်သည်။

ထို့နောက် ဗိုလ်လှမြင့်(ဝင်းဦး)က ပြုံးစစမျက်နှာပေးဖြင့် ဆရာခန့်ရေ ၊ ကျွန်တော်ပါ အားလပ်ရက်များမှာ ယခုကဲ့သို့ တွေ့ဆုံ၍ အနုပညာစကားများကို အနုပညာစိတ်ထားများဖြင့် စကားပိုင်းဖွဲ့လိုပါကြောင်း၊ ရင်းနှီးမိတ်ဆွေအဖြစ် သတ်မှတ်ထားပါကြောင်းနှင့် ရန်ကုန်ရောက်လျှင်လည်း မိမိအိမ်သို့ ဆက်ဆက်ဝင်စေလိုကြောင်းများ ပြောကြားပြီး စကားဝိုင်းကို ကာလနားသတ်လိုက်ပါသည်။ ထို့နောက် တပ်ပိုင်ကားနှင့် ဆရာဦးလေးခန့်အား ၎င်း၏နေအိမ်အရောက်ပို့ဆောင်ပေးလိုက်လေသည်။



၁၉၆၁-၆၂ ခုနှစ်တဝိုက်လောက်တွင် ဗိုလ်လှမြင့်(ဝင်းဦး)သည် အသက်မွေးဝမ်းကျောင်းအလုပ်နှင့် ဝါသနာပါသည့်အလုပ်ထပ်တူမကျသည့်အတွက် တပ်မှထွက်လိုက်ပုံရသည်။ အနုပညာဝမ်းစာတွေ လျှံကျပြီး ဗိုလ်လှမြင့်၏ အနုပညာရေကာတာကြီး ကျိုးပေါက်သွားပုံရသည်။ ထို့နောက်တွင်ကား စိတ်ကူးပုံဖော်ထားသမျှကို ရုပ်ရှင်တွေအဖြစ် မြင်တွေ့လာရသည်။ ရုပ်ရှင်ရိုက်ရင်း သီချင်းဆိုသည်။ ဒါရိုက်တာလုပ်သည်။ စာရေးဆရာလုပ်သည်။ မိမိစိတ်ကူးပုံဖော်ထားသည့် အနုပညာပုံရိပ်များကို အငမ်းမရ အကောင်အထည်ဖော်တော့သည်။ ခေတ်ကာလ၏ ကောင်းဆိုးမွေကြောင့်လားမသိ။ "ဝင်းဦး" ဆိုသောအမည်နှင့် မြန်မာ့အနုပညာကောင်းကင်တွင် စိန်ကြယ်ပွင့်တစ်လုံးအလား တောက်ပခဲ့သည်။

အနုပညာရေစီးမြေခံကောင်းသည့်အရပ်တွင် အနုပညာစိတ်ကူးချိုချိုများကို နှစ်ပရိဿဒကြာမြင့်စွာ သောက်သုံးလိုက်ရသဖြင့် အဘဦးလေးခန့်သည်လည်း ဂီတစာဆို မုံရွာကိုလေးခန့်ဟူ၍ ရုပ်ရှင်သရုပ်ဆောင် ကိုဝင်းဦးနှင့် မရှေးမနှောင်းမှာပင် အနုပညာလောက၌ ထွန်းလင်းလာခဲ့ပါသည်။ မောင်မှူးပြဇာတ်၊ တံခါးမှူးဒွာရပြဇာတ်၊ ဗေဇ္ဇုပထလှည်းသားငါးရာပြဇာတ်တို့သည် ဦးလေးခန့်၏ အသရေကိုဝင်းပစေခဲ့သည့် လက်ရာမွန်များဖြစ်ပါသည်။ နောက်ပိုင်းတွင် ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခ၏ ရုပ်ရှင်ကားများတွင် ဇာတ်ဝင်တေးမြောက်များစွာ ရေးဖွဲ့ခဲ့ခြင်းဖြင့် အနုပညာလောကတွင် နေရာတစ်နေရာ အခိုင်အမာရရှိခဲ့သည်။

ထိုပုဂ္ဂိုလ်ကျော်ကြီး(၂)ဦးသည် ရင်းနှီးမိတ်ဆွေထက် ကျော်လွန်၍ ယမကာမိတ်ဆွေများလည်း ဖြစ်သွားကြပါသည်။ ကိုဝင်းဦးသည် အူမကြီးကင်ဆာဖြင့် ၁၉၈၈ ခု၊ ဒီဇင်ဘာလ (၁၄)ရက်တွင် ကွယ်လွန်ခြင်း၏ကမ္ဘာတစ်ဖက်သို့ ရောက်ရှိသွားပါသည်။ ကာလများစွာမကြာလိုက်ပါ။ ၎င်း၏မိတ်ဆွေကြီး ဦးလေးခန့်ကိုလည်း ကိုဝင်းဦးက အပြီးအပိုင်ခေါ်ဆောင်သွားပါသည်။

ကမ္ဘာသစ်တွင် ဆရာတို့(၂)ဦးသည် အနုပညာပန်းဖြူဖြူလေးများကို ပျိုးထောင်ပေးရင်း သီချင်းကောင်းတွေ၊ သီချင်းဟောင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုနေကြမည်ဟု ထင်မြင်မိပါသည်။ သီချင်းကောင်း၊ သီချင်းဟောင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ်လည်း အရသာခံစားနေကြမည်ဟုလည်း ယုံကြည်မိပါသည်။

**အောင်စွမ်း**

**(ဆရာဂျမ်းတို့၊ ဆရာစွမ်းတို့၏ မုံရွာသားများနှင့် စပ်လျဉ်း၍ ရယ်ရယ်မောမောနှင့် ပြောကြားချက်များအပေါ် ခံစားရေးဖွဲ့ပါသည်။**



# လူကုန်ကူးမှုတိုက်ဖျက်ဖို့
# ပူးပေါင်းပါဝင်ကြပါစို့

❒ လောကတစ်ခွင်၊ လူ့ရပ်တွင်
ကျင်လည်တစ်ခေတ်။

❒ လူကိုလူချင်း၊ အချင်းချင်း
ကိုယ်ချင်းစာနာကြ။

❒ မေတ္တာတရား၊ လွှမ်းခြုံထား
ပွားများချမ်းသာရ။

❒ သက်မွေးပညာ၊ စီးပွားရှာ
သမ္မာအာဇီဝ။

❒ လိမ်လည်လှည့်ဖြား၊ မာယာများ
ယုံစားသူဒုက္ခ။

❒ ငွေကိုမြင်ခိုက်၊ သည်းခြေကြိုက်
မိုက်လိုက်လူ့ဗာလ။

❒ ပန်းကောင်းပန်းမျိုး၊ အညွှန့်ချိုး
ဆိုးလှသည့်ဘဝ။

❒ လူကောင်းဝယ်ဖြစ်၊ ကျွန်စနစ်
အမြစ်တော်လှန်ကြ။

❒ နိုင်ငံအတွက်၊ စိမ်ချက်
တိုက်ဖျက်ပါဝင်ကြ။

(လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့)

မောင်လွမ်းရည်(ရွှေတောင်)

# ဒိုင်အောက်ဇင်အန္တရာယ်နှင့် စွန့်ပစ်အမှိုက်ပြဿနာ




ဒေါက်တာဟန်ဝိုးမင်း

## ဒိုင်အောက်ဇင်ဆိုတာဘာလဲ

ဒိုင်အောက်ဇင် (Dioxin) ဆိုသည်မှာ ကလိုရင်းဒြပ်ပေါင်းများပါဝင်သော ဓာတုပစ္စည်းအမျိုးအစားတစ်မျိုးဖြစ်သည်။ ၎င်းတွင်– Polychlorinated Dibernzodioxins (PCpDs), Polychloririated Dibenzofurans (PCDFs) နှင့် Polychlorinated Biphenyls (PCBs) တို့ပါဝင်သည်။

## ဒိုင်အောက်ဇင် ဘယ်က ထွက်လဲ

အထက်ပါ ဒိုင်အောက်ဇင်ဒြပ်ပေါင်း ၃ မျိုးအနက် PCDDS ESihf PCDFs တို့သည် ပတ်ဝန်းကျင်ထဲတွင်လည်း သဘာဝအလျောက် အနည်းငယ်တွေ့ရတတ်သည်။ သို့သော် အများစုမှာ စက်မှုလုပ်ငန်းများ၏ ဘေးထွက်ပစ္စည်းများကို မီးရှို့စွန့်ထုတ်လိုက်ရာမှ အဓိကထွက်လာခြင်းဖြစ်သည်။ PCBs အမျိုးအစားမှာမူ သဘာဝအလျောက်ရှိနေသည့် ပစ္စည်းမျိုးမဟုတ်ဘဲ ကမ္ဘာအနှံ့ရှိ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အမှိုက်မီးရှို့စက်ရုံများက အမှိုက်များကို မီးရှို့ခြင်းတို့မှလည်း ထွက်လာတတ်သည်။ ဒိုင်အောက်ဇင်ဒြပ်ပေါင်းများသည် ကြာရှည်တည်တံ့နိုင်သည့် အော်ဂင်းနစ် ညစ်ညမ်းပစ္စည်းမျိုး Persistent Organic Pollutants (POP)ဖြစ်သည်။ ၎င်းတို့သည် ထုတ်လုပ်ထွက်ရှိရာနေရာမှ အဝေးသို့ ပျံ့နှံ့ရောက်ရှိပြီး လူတို့၏ အစားအစာ စိုက်ပျိုးထုတ်လုပ်ရာ ကွင်းဆက်လမ်းကြောင်းသို့ရောက်ရှိကာ ဒီဝပေါင်းစပ်မှုဖြင့် စုစည်းစိမ့်ဝင်သွားသည်။ ယင်းညစ်ညမ်းအစားအစာများကို စားသုံးမိခြင်းဖြင့် လူတို့ထံသို့ ရောက်ရှိစေသည်။ ပိုမိုပြင်းအားများသည့် ထိတွေ့မှုမျိုးကို လုပ်ငန်းခွင်အတွင်း၌တွေ့ရသည်။

## ဒိုင်အောက်ဇင် ထုတ်လွှတ်ရာ ပင်ရင်းများ

### (၁) စက်မှုလုပ်ငန်းကြီးများ

PCDDs နှင့် PCDFs အမျိုးအစားများသည် စက်မှုထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၏ ဘေးထွက်ပစ္စည်းများအနေနှင့် ထွက်ရှိသည်။ အန္တရာယ်ရှိ



စွန့်ပစ်ပစ္စည်းများကို မီးရှို့ရန်ပြုလုပ်ထားသော ဘိလပ်မြေမီးဖိုကြီးများ၊ ကလိုရင်းအစွန်းချွတ်အမှုန့်များ၊ အပူပေးသတ္တုစက်မှုလုပ်ငန်းများနှင့် ပိုးသတ်ဆေးထုတ်လုပ်မှု လုပ်ငန်းများကနေ ထွက်ရှိပါသည်။ PCBs အမျိုးအစားများကို ထရန်စဖော်မာများ၊ လျှပ်သိုပစ္စည်းများ (Capacitors)တွင် လျှပ်ကာအရည် (Insulating fluid)အဖြစ် အသုံးပြုရန် ယခင်ကထုတ်လုပ်ခဲ့ကြသည်။ ဟိုက်ဒရောလစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးဆီများ၊ ချောဆီများတွင်လည်း အသုံးပြုသည်။ စီးပွားဖြစ်ထုတ်ကုန်ဖြစ်သည့် PCBs ဒြပ်ပေါင်းများတွင် PCDFs မှာ အမြဲပါဝင်နေသည့် ညစ်ညမ်းဒြပ်ပေါင်းဖြစ်သည်။

**(၂) သဘာဝဖြစ်ရပ်ကြီးများ**

မီးတောင်ပေါက်ခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝဖြစ်ရပ်များဆီကလည်း ထွက်လာပါသည်။

**(၃) ညစ်ညမ်းပတ်ဝန်းကျင်အတွင်းရှိ အစားအစာများ**

သဘာဝအနေဖြင့် လေထုထဲရှိ ဒိုင်အောက်စင်ပမာဏမှာ အလွန်နည်းပါသည်။ ရေထဲတွင်လည်း ပျော်ဝင်နိုင်မှုနည်းသဖြင့် သဘာဝအတိုင်းဆိုလျှင် ဒိုင်အောက်စင်ပါဝင်မှု အလွန်နည်းသည်။ သို့သော် စွမ်းရည်နိမ့် အမှိုက်မီးရှို့စက်များ၊ စက်မှုစွန့်ပစ်အေးထွက်ပစ္စည်းများနှင့် အမှိုက်ပုံ အနီးနားတဝိုက်ဒေသရှိ လေထု၊ မြေထု၊ ရေထုများထဲတွင်မှု ဒိုင်အောက်စင်ပမာဏ အလွန်မြင့်မားနေတတ်သည်။ ယင်းတို့မှတစ်ဆင့် လူတို့စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်လမ်းကြောင်းထဲသို့ဇီဝပေါင်းစပ်မှုဖြင့် ပါဝင်စုစည်းသွားသည်။ ကလိုရင်းပါဝင်မှုမြင့်လေလေ ပတ်ဝန်းကျင်တွင် ကြာရှည်တည်တံ့လေဖြစ်ပြီး ဇီဝဖြစ်စဉ်ထဲ ပိုမိုစုစည်းဝင်ရောက်နိုင်လေဖြစ်သည်။ ဒိုင်အောက်စင်မှာ အဆီဓာတ်များအတွင်း ပျော်ဝင်နိုင်မှု မြင့်မားသဖြင့် နို့ထွက်ပစ္စည်းများ၊ အသားငါးများနှင့် အခွံမာပင်လယ်သတ္တဝါများ (ပုဇွန်၊ ဂဏန်း)ထဲသို့ ပိုမိုပေါင်းစပ်ဝင်ရောက်သွားသည်။ ၎င်းတို့ကို စားသုံးမိသူ၏ ခန္ဓာကိုယ်ထဲတွင် နှစ်ကာလကြာမြင့်စွာ ဆက်လက်တည်ရှိနိုင်သည်။ လူ့ခန္ဓာကိုယ်အတွင်း ဒိုင်အောက်စင်ဒြပ်ပေါင်းများ၏ ထက်ဝက်သက်တမ်း(Half life) မှာ (၇)နှစ်ကျော်ကြာမြင့်သည်။ ဆိုလိုသည်မှာ ခန္ဓာကိုယ်ထဲရှိ ဒိုင်အောက်စင်ပမာဏ တစ်ဝက်ပျက်စီးဖို့ပင် အချိန်ကာလအားဖြင့် (၇) နှစ်ကျော်ကြာပါသည်။

> **စွမ်းရည်နိမ့် အမှိုက်မီးရှို့စက်များ၊**
> **စက်မှုစွန့်ပစ်အေးထွက်ပစ္စည်းများနှင့်**
> **အမှိုက်ပုံ အနီးနားတဝိုက်ဒေသရှိ**
> **လေထု၊ မြေထု၊ ရေထုများထဲတွင်မှု**
> **ဒိုင်အောက်စင်ပမာဏ**
> **အလွန်မြင့်မားနေ တတ်သည်။**
> **ယင်းတို့မှတစ်ဆင့်......**

**(၄) စွန့်ပစ်အမှိုက်များ**

အမှိုက်များတွင် အိမ်တွင်းစွန့်ပစ်အမှိုက်များ၊ စက်မှုထွက်ကုန်အမှိုက်များနှင့် ကျန်းမာရေးဌာနများက စွန့်ပစ်အမှိုက်များပါဝင်သည်။ ယင်းစွန့်ပစ်အမှိုက်များကို အမှိုက်မီးရှို့စက်ကြီးများဖြင့် မီးရှို့ရာက အမှိုက်တွင်းရှိ အော်ဂင်းနစ်ပစ္စည်းများ(ကာဗွန်အခြေပြု ဖွဲ့စည်းထားသော သက်ရှိသက်မဲ့များသည် ကလိုရင်းဓာတ်ငွေ့နှင့်




လောင်ကျွမ်းဓာတ်ပြုရာက ဒိုင်အောက်စင်ဒြပ်ပေါင်းများကို ထွက်ရှိလာစေသည်။ ဟောလိုဂျင်အုပ်စုဝင် တခြားဓာတ်ငွေ့များနှင့် လောင်ကျွမ်းပါကလည်း ဒိုင်အောက်စင် ထွက်ရှိပါသည်။

**လူသားတို့အပေါ် အကျိုးသက်ရောက်မှုများ**

ဒိုင်အောက်စင် ဒြပ်ပေါင်းများထိတွေ့မိပါက လူသားတို့တွင် အောက်ပါဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

- အရေပြားကို ထိခိုက်စေသည်။ ကြမ်းတမ်းဖြတ်ထစေသည်။
- မျိုးပွားမှု၊ ဖွံ့ဖြိုးမှုတို့ကို ထိခိုက်စေသည်။
- ဦးနှောက်အာရုံကြောဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။
- ကိုယ်ခံစွမ်းအားကို အဆိပ်အတောက်ဖြစ်စေသည်။
- သိုင်းရွိုက်ဟိုမုန်းရောဂါ ဖြစ်စေသည်။
- အသည်းကို ထိခိုက်စေသည်။
- သွားများဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။

- ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေသည်။
- အမျိုးသားများ၏ မျိုးပွားနိုင်စွမ်း ဖွံ့ဖြိုးမှုကို အဓိကထိခိုက်စေသည်
- နို့စို့ကလေးအရွယ်များတွင် ထိခိုက်မှုပို၍မြင့်မားသည်။

## နိုင်ငံတကာသဘောတူညီမှုစာချုပ်

ယခုအခါ စတော့ဟုမ်း (Stockholm Convention) နိုင်ငံတကာညီလာခံက PCBs ဒြပ်ပေါင်းများထုတ်နေခြင်းကို တားမြစ်ထားပြီး ဖြစ်သော်လည်း လျှပ်စစ်ပစ္စည်း စွန့်ပစ်အမှိုက်များ၊ သတ္တုတွင်းအသုံးပြုထွက်ကုန်များနှင့် ဓာတုစက်ရုံတို့က အမြောက်အမြားစွန့်ထုတ်လိုက်သော အမှိုက်များမှ PCBs ဒြပ်ပေါင်းများ ထွက်လာနေဆဲဖြစ်သည်။

၂၀၂၅ ခုနှစ်ကစတင်၍ ကမ္ဘာအနှံ့ အသုံးပြုမှုရပ်နားခြင်းအဆင့်ကို အကောင်အထည်ဖော်ရန်နှင့် ၂၀၂၈ တွင် ပတ်ဝန်းကျင်ထဲတွင် PCBs အပြီးသတ်ကွယ်ပျောက်စေရန် ရည်မှန်းထားသော်လည်း ၂၀၁၉ အချက်အလက်များအရ (၁၇) ရာခိုင်နှုန်းသာ လျော့နည်းသေးကြောင်းတွေ့ရှိရသဖြင့် ရည်မှန်းချက်သို့ရောက်ရှိရန် အလှမ်းဝေးနေပါသေးသည်။ သို့ဖြစ်၍ ဒိုင်အောက်စင်ဒြပ်ပေါင်းများ လူတို့နှင့် ထိတွေ့မှုလျော့ချနိုင်ရန်၊ အထူးသဖြင့် ကလေးငယ်များနှင့် မထိတွေ့မိစေရေး အတွက် စတော့ဟုမ်းနိုင်ငံတကာသဘောတူစာချုပ်အတိုင်း ပြည်သူ့ကျန်းမာရေးစည်းကမ်းဥပဒေများ ပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်ဖို့ လိုပါသည်။

မီးရှို့မှုအမျိုးမျိုးကနေ ဒိုင်အောက်စင်ထွက်ရှိမှုပမာဏကို ခွဲခြားသိရှိနိုင်ရန်အတွက် အမှိုက်များကို မည်သည့်အပူချိန်ဖြင့် မီးရှို့ရမည်ကို လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ သတ်မှတ်ထားရှိသည်။ လောင်ကျွမ်းအပူချိန် ၈၅၀ ဒီဂရီမှ ၁၁၉၀ ဒီဂရီ စင်တီဂရိတ်ထိ အသုံးပြုနိုင်သော အမှိုက်မီးရှို့စက်ကြီးများတွင် အထူးပြုလုပ်ထားသော ဓာတ်ငွေ့စစ်ထုတ် ကိရိယာများကိုပါ တပ်ဆင်သုံးစွဲရပါသည်။ သို့မှသာ နိုင်ငံတကာက ခွင့်ပြုသတ်မှတ်ထားသော စွန့်ထုတ်ဓာတ်ငွေ့များဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီဖြစ်ပေမည်။

## နိုင်ငံတကာအမှိုက်မီးရှို့စက်ကြီးများအခြေအနေ

ယခုအခါ အမှိုက်ပြဿနာမှာ နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုဖြစ်နေသည်။ တိုးတက်ပြီး နိုင်ငံကြီးများတွင်ပင် အမှိုက်မီးရှို့စက်ရုံကြီးများသည် အကြီးအကျယ်အရှုံးပေါ်နေကြသည်။ အဓိကအကြောင်းရင်းမှာ စက်ရုံတွင်တပ်ဆင်ရသည့် ဘေးအန္တရာယ်ရှိဓာတ်ငွေ့စစ်ထုတ်ကိရိယာများ(Gas filter)၏ ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့်ဖြစ်သည်။ ယင်းကိရိယာများကို သက်တမ်းအလိုက် မကြာခဏ အသစ်လဲလှယ်တပ်ဆင်ဖို့ လိုအပ်သဖြင့် စရိတ်ကြီးခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိဉာဏ်မြင့်လာခြင်းက စက်မှုလုပ်ငန်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စံချိန်စံညွှန်းများနှင့်အညီ တိုးတက်ပြုပြင်ရန်လိုအပ်လာသဖြင့် စရိတ်ပိုကြီးလာသည်။ သို့ဖြစ်၍ တချို့နိုင်ငံများက အမှိုက်များကို တတိယကမ္ဘာနိုင်ငံများသို့ တင်ပို့သည့်နည်းလမ်းကို ရွေးချယ်လာကြသည်။ မိမိတို့ထက် အဆများစွာကျယ်ဝန်းသော





ကနေဒါနိုင်ငံသည်ပင်လျှင် ၎င်းတို့၏ အမှိုက်များကို ကွန်တိန်နာတင် သင်္ဘောကြီးများဖြင့် တတိယကမ္ဘာနိုင်ငံများသို့ တင်ပို့ကာ စွန့်ပစ်နေကြသည်။

တချို့နိုင်ငံတွင်မူ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေစည်းမျဉ်းစည်းကမ်းများ တင်းကျပ်လာမှုကြောင့် ခေတ်မမီတော့သည့် အမှိုက်မီးရှို့စက်ကြီးများကို ဖျက်သိမ်းပြီး အဆင့်မြင့်စက်ကြီးများဖြင့် အစားထိုးအသုံးပြုဖို့လိုအပ်လာသည်။ ဤတွင် ယင်းတို့၏ စက်ရုံအဟောင်းကြီးများကို ရနိုင်သလောက် ငွေပြန်ဖော်နိုင်အောင် တတိယကမ္ဘာနိုင်ငံများသို့ ပြန်လည်ရောင်းချလာသည်။ တတိယကမ္ဘာနိုင်ငံများကလည်း အလွယ်တကူ ဝယ်ယူနိုင်စေရန် ယင်းတို့တည်ထောင်ထားသော နိုင်ငံငယ်များ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ သို့မဟုတ် ဘဏ်များကတစ်ဆင့် ချေးငွေအထောက်အပံ့ပုံစံမျိုးဖြင့် ချေးယူကာ ဝယ်ယူစေကြောင်း တွေ့ရှိရသည်။

## မြို့တော်ရန်ကုန်နှင့် စွန့်ပစ်အမှိုက်ပြဿနာ

တစ်နှစ်ပြီးတစ်နှစ် လူဦးရေများလာနေပြီး လူနေဧရိယာကျယ်လာနေသော ရန်ကုန်မြို့အတွက် စွန့်ပစ်အမှိုက်များထားရှိရန် မြေနေရာမှာ တဖြည်းဖြည်းနှင့် မလုံလောက်တော့ပါ။အမှိုက်မီးရှို့စက်ရုံ အသုံးပြုခြင်းသည်သာ ရွေးချယ်စရာဖြစ်နေသည်။ တန်ဖိုးကြီး ဓာတ်ငွေ့စစ်ကိရိယာများကိုလည်း ပုံမှန်တပ်ဆင်လဲလှယ်နိုင်ရန် လိုအပ်သည့် ဘဏ္ဍာရေးအခက်အခဲမှာ အဓိကစိန်ခေါ်မှုဖြစ်နေသည်။ လုပ်ငန်းသဘာဝမှာလည်း အစိုးရတိုင်းက အရှုံးခံဆောင်ရွက်ပေးရသည့် အနုတ်ပြ Negative Extenality. လုပ်ငန်းမျိုးဖြစ်သည်။ ထို့အပြင် နုနယ်သော ဒီမိုကရေစီနိုင်ငံဖြစ်နေ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ၏ ဟာကွက်များ၊ အားနည်းချက်များကို အခွင့်ကောင်းယူမည့်နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းကြီးများက အသင့်စောင့်ချောင်းလျက်ရှိနေသည်။ မိမိတို့ နိုးနိုးကြားကြားရှိနေမှ တော်ရုံကျမည်။ မူဝါဒချမှတ်သူများ၊ စီးပွားရေးပညာရှင်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဥပဒေပညာရှင်များအားလုံး အစုံအလင်ရှုထောင့်အမျိုးမျိုးဖြင့် သုံးသပ်ကာ နိုင်ငံအတွက် အသင့်လျော်ဆုံးကို အတူတကွ ရွေးချယ်ဆုံးဖြတ်ခြင်းဖြင့် မြို့တော်ရန်ကုန်၏ အနာဂတ်သာယာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြပါစို့...

**ဒေါက်တာဟန်စိုးမင်း**

ရည်ညွှန်း

(1) Exposure to dioxins and dioxin-like substances: A Major Public Health Concern (2019 revision,WHO)


(2) Trashed Documentary (2019 HD) (https://youtu.be/vgQUInEjVH4)



တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေလျက် အနီးဆုံးကုက္ကိုပင်ခြေရင်း၌ မှီလှဲလိုက်သည်။ စစ်တောင်းမြစ်ရေစီးသံသည် တဝေါဝေါဖြင့် မနှစ်မြို့ချင်စရာ။ မြစ်ပြင်ကို ဖြတ်တိုက်လာသော လေသည် ဇောက်ထိုးကာရောက်၏။ သူ့ကိုယ်ပေါ်တွင် စပ်ဖျင်းဖျင်း။ အောက်တိုဘာ မိုးငွေ့နှင့် ရောနေလျက်မှ ရင်ကိုမအေးမြနိုင်။ သူ့မျက်လုံးသည် မှေးစင်းလာတော့ ခေါင်းကိုခါယမ်းကာ ဇက်ကိုလှည့်ပတ်ချိုးပစ်ရသည်။ စိတ်လွတ်ကိုယ်လွတ်သာဆိုလျှင် ဤနေရာ၌ ကွေး၍ လိပ်၍ အိပ်ပျော်သွားမှာသေချာသည်။ မိုးသေး တစ်မေးမျှ ငိုက်မျဉ်းသွား၍ မဖြစ်ပါ။ သူ့ကျောင်းမှ ပညာရေးသင်တန်းသားများဖြင့် အပူတပြင်း လုပ်အားပေးနေရသည်။ စစ်တောင်းမြစ် ရှာတန်းရှည်ရှာ

# အိုင်ကန်ချောင်းမြစ်တို့သည်

## မိုးကျော်စိုး (မကွေး)



တာဆောင်ကျိုးတော့မည်။ ဖိမ့်ပေါက်များသည် ဟိုနား ဒီနား ရေတွက်၍ပင်မနိုင်။ ထိုဖိမ့်ပေါက်များကို သဲအိတ်များဖြင့် ပတ်ကာထားရာမှ လျှံကျလာသောရေသည် တာရိုးတစ်လျှောက် တချို့အိမ်များ၌ ဒူးထိ လုလု မြုပ်ပြီ။

"လုပ်ပါဟ လုပ်၊ အားထည့်ပြီး လုပ်ကြပါဦး သားတို့ရေ၊ မြစ်ရေက တရိပ်ရိပ် တက်လာပြီ၊ ဒီတာကျိုးလို့ကတော့ ဒီနားက တစ်နံတစ်လျား စပါးခင်းတွေ ပစ်ရပေါ့။ လူနေအိမ် ကျွဲနွား ပစ်ရပေါ့"

တပည့်များအား နှိုးဆော်တိုက်တွန်းရင်း ညကလည်း ကောင်းကောင်းမအိပ်ရ။ သင်တန်းသားအင်အား ၁၅၀ ဦးစီဖြင့် စစ်ကြောင်း နှစ်ကြောင်း အလှည့်ကျ။ ပညာရေးနည်းပြများ၏ အတန်းလိုက်အုပ်ချုပ်မှု၊ နည်းပြအရာရှိများ အနီးကပ်ကြီးကြပ်မှု၊ ကွပ်ကဲမှုအနည်းဆုံးဖြင့် သေရေး ရှင်ရေး တမျှ။

"ဆရာကြီးက နားနားနေနေ နေပါဗျာ၊ ဦးစီးဦးဆောင်ပဲ အားပေးစည်းရုံးကောင်းမို့ လိုက်သွားလိုက်ပါ၊ ကျွန်တော်တိုင်းက ကာနယ်ကြီးကို စောင့်ကြိုပြီးရင် လိုက်လာခဲ့မယ်"

မိမိကျောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် အားကိုးတကြီး စီစဉ်ထည့်လွှတ်လိုက်တော့ သူ မငြင်းသာ။

ယခု အနီးဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သောအခါ ခပ်လှမ်းလှမ်း၌ ရေသန့်ဗူးများ အချိုရည်များနှင့် ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများကို စီတန်းထမ်းလာသော အရပ်သားများကို မြင်သည်။ သူ့ဗိုက်ထဲ၌ ဟာတာတာ။

မိမိကျောင်းမှ ထမင်းဗူးများ လိုက်ပို့မည့် စားရိပ်သာကော်မတီဝင်များကို မတွေ့မိသေး။ မနက်က သူထွက်လာတော့ သမီးဖျော်ပေးသော ကော်ဖီတစ်ခွက်နှင့် သားချပေးသော ထမင်းကြော်လေး ငါးဇွန်းကို စားခဲ့မိသေးသည်။ ဘယ်ခံမှာလဲ။ ပီနံအိတ်များတွင် မြေခိုင်ခဲများထည့်ပိုး၍ သယ်နေသော တပည့်များအား မနေနိုင် မထိုင်နိုင်ဝင်ကူအားဖြည့်မိတော့ သောက်ထားစားထားတာတွေ ဘယ်ရောက်သွားသည်မသိ။ ရွာထဲမှ စက်ဘီးငှား၍ သူ့ကျောင်းသို့ ပြန်နင်းပြေးလျှင်တော့ အသွားအပြန် အလွန်ဆုံးကြာမှ နာရီဝက်ပေါ့ဟု သိနှင့်နေသား။ သို့သော် ထမင်းတစ်လုတ်တစ်ဆုပ်အတွက် တပည့်များကို မျက်စိအောက်မှ အပျောက်မခံနိုင်။ ပစ်မထားရက်။ သူ့ရဲဘော်များ လုပ်အားနှင့် အလုပ်ခွင်သည်မမျှ။ ပြီးတော့ အတိုင်းအတာမရှိ၊ အရေးပေါ်လျှင် ပေါ်သလို ဟိုလုပ်ကွက် အင်အားဖြည့်၊ ဒီတပ်စုတပ်စိပ်မှ ထုတ်နုတ်။ လုပ်အားနှင့် တာဝန်ထိန်းညှိရသည်မှာ မလွယ်ကူ။ ထိုအချိန်တွင်.....

"ဟာ...ဆရာ ဦးမိုးသွေး ကျောင်းဆရာ၊ စာရေးဆရာကြီးလည်း မီးဘေးကယ်ဆယ်ရေးလည်း မနေရ။ ရေဘေးဆိုတော့ စာသင်ခန်းကို ပစ်၊ တပည့်တွေနဲ့ ပြေးလာရပြီပေါ့။ သောက်ပါဦး"

အချိုရည်ဗူးကမ်းသည်ကို ကျေးဇူးရှင်ဖူးအသေးပဲပေးပါ ပြောလိုက်သည်။

**ရွာထဲမှ စက်ဘီးငှား၍ သူ့ကျောင်းသို့ ပြန်နင်းပြေးလျှင်တော့ အသွားအပြန် အလွန်ဆုံးကြာမှ နာရီဝက်ပေါ့ဟု သိနှင့်နေသား။ သို့သော် ထမင်းတစ်လုတ်တစ်ဆုပ်အတွက် တပည့်များကို မျက်စိအောက်မှ အပျောက်မခံနိုင်။ ပစ်မထားရက်။**

သူ့ကိုနှုတ်ဆက်သည့်လူငယ်ကို သူ ချက်ချင်း မမှတ်မိ။ ဘယ်မှာများ တရင်းတနှီးဆက်ဆံခဲ့ဖူးပါလိမ့်။ စဉ်းစားမရ။

"ဟော့...ညီလေးတို့ မရသူမရှိစေနဲ့နော်"

အတူပါလာသော လုပ်အားပေးများကို ထိုလူငယ်က လှမ်းအော်သတိပေးရင်း

"ဆရာရဲ့ နောက်ဆုံးထွက်တဲ့ အခွင့်သာ၍စာအုပ်ကို ဖေ့ဘုတ်မှာ တင်ထားတာတောင်ငှ၊ ထွန်းစာပေဆိုလို့ သွားရှာသေးတယ် မတွေ့ခဲ့ဘူး။ အရင်ထွက်တဲ့ ကဗျာစာအုပ် အနှုားမညီသော ကြိုဂံ တစ်နဲ့ နှစ်ရော၊ ဆရာ ဝယ်ယူအားပေးထားတယ်နော်။ ကြုံရင် အမှတ်တရလက်မှတ်ထိုးပေးပါဦး။ ရေးဗျာ ရေးနိုင်တုန်း၊ စပါးပေါ်ရင် ကျွန်တော့်ရွာ စာကြည့်တိုက်ကို ဝယ်လှူရဦးမယ်"

သူ ပြုံးနေလိုက်သည်။ သူ့စာဖတ်ပရိတ်သတ်တစ်ဦးပဲ ဖြစ်လိမ့်မည်။ သမ္မတကြီး ဦးသိန်းစိန်လက်ထက် ဖုန်း Sim card များ ဈေးနှုန်းချိုသာစွာ ကိုင်တွယ်ခွင့်ရခဲ့သည်။ Online မှာ Facebook အလွယ်တကူ ဖွင့်၍ရသောအခါ ပွင့်လင်းမြင်သာလွတ်လပ်စွာဖြင့် ရသစာပေသက်သက်ရေးသားခဲ့သည်။ ထို့နောက် စံတော်ချိန်နေ့စဉ် သတင်းစာမှစတင်၍ ဂျာနယ်၊ မဂ္ဂဇင်းများသို့ ခပ်မြန်မြန် ထိုးဖောက်နိုင်ခဲ့သည်။ ယခု လေးငါးနှစ်အတွင်း ကဗျာများစွာ ဝတ္ထုတို ၁၀၀ ကျော်နှင့် စုစည်းမှုစာအုပ် ငါးအုပ်ထုတ်ဝေနိုင်ခဲ့ပြီ။ သူ့ခွန် သူ့အား သူ့ကြိုးစားမှုကို မြတ်မြတ်နိုးနိုး အသိအမှတ်ပြုနေတာပဲ။ ထိုသို့တွေးမိဆဲ ခဏ၌....

"ဆရာ ဖေ့ဘုတ်ပေါ်မှာ သတိထားစောင့်ဖတ်တယ်။ ထွက်ပြီးသမျှ စာအုပ်မှာလည်း မတွေ့မိဘူး။ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်၊ ဆင်ရွာရေဘေးကယ်ဆယ်ရေးတုန်းက ကိုဖိုးထူးအကြောင်း ရေးစမ်းပါဗျ"

ကျောချမှ ဓားပြမှန်း မိုးသွေး သိတော့သည်။

"အို အငယ်၊ မင်းနာမည် အဲ ဦးဖိုးထူးရဲ့ မြေးနော် မင်းတော်တော်ဆိုးခဲ့တဲ့ကလေး"

အပြစ်ဆိုလျက် အရယ်သွေးမိသည်။ ထိုအခါ ကျွန်တော် အခုလည်း ရှိကြီးခိုးပါရဲ့ဗျာ၊ အနူးအညွတ် တောင်းပန်ပါတယ်ဟု ထိုင်၍ကန်တော့လုခမန်း စကားတင်ဆိုသည်။ ထိုစဉ်က ကိစ္စကို သူ ဘယ်လို မေ့ဖျောက်နိုင်မှာလဲ။ ထိုကလေးပဲ ဆိုရှယ်မီဒီယာ လူမှုကွန်ယက်ဖေ့ဘုတ်တွင် ပို့စ်တင်ခဲ့သည်။ အရှေ့ဆင်ရွာ၊ စစ်တောင်းမြစ်လယ်သောင်ပေါ်၌ အသက်ကယ်ဆယ်စောင့်ရှောက်ရမည့်ရွာသားအား တပ်မတော်မှ ဆရာကြီး တစ်ဦးသည် ဤသို့ဤနှယ်မညာမတာ ရိုက်နှက်ဟု မေ့လဲနေသော ဦးဖိုးထူးနှင့်အတူ မိုးသွေး၏ ဓာတ်ပုံများကိုလည်း လေးငါးပုံထက်မနည်း ဖြန့်ဝေခဲ့သည်။ ထိုအကြောင်းကို သူ ဘယ်လိုလုပ်ချက်ချင်းသိနိုင်မှာလဲ။ သူ့ကျောင်းနှင့်ကပ်လျက် အမှတ် () စစ်မြေပြင် ဆေးတပ်ရင်းသို့ အရေးပေါ်လူနာအဖြစ် ဦးဖိုးထူးအားပို့ဆောင်ပြီး၍ မိမိကျောင်းလိုင်းခန်းသို့ပြန်ရောက်မှ သူ့သားက ပြသည်။ အမိအရရိုက်ထားသော သူလက်ရွယ်နေသည့်

ခေတ်ပုံတွင် ရှုံ့မဲ့မဲ့ ဦးဖိုးထူး၏ခေတ်ပုံကို မြင်ရတော့ ဒေါသထောင်းခနဲ ဖြစ်ခဲ့သည်။ ထိုသတင်းအရင်းအမြစ်ကို သေချာမသိသောလူအများ စိတ်အနှောင့်အယှက် ဖြစ်စရာ။ တလွဲအတွေးမှားဖြင့် တပ်မတော်ပုံရိပ်ကို ထိခိုက်စေမည်။


အမှန်က ထိုကလေးကိုယ်တိုင် စက်တပ်ယာဉ်ဖြင့်လာ၍ သူ့ကိုပြောပြခဲ့သည်။

"ဆရာ၊ ဆရာ မြစ်လယ်ခေါင်မှာ ရွာသားတစ်ယောက် အော်ဟစ်အကူအညီတောင်းနေတယ်"

သို့ဖြစ်၍ ထိုလူငယ်မောင်းနှင်လာသော စက်လှေဖြင့် မိုးသွေးနှင့် ရဲဘော်နှစ်ဦး လိုက်ပါသွားခဲ့၏။ တာဝန်ခံအရာရှိက ဆရာကြီး မိုးသွေး စိတ်ချမယ်နော်။ ကိုယ့်ရဲဘော်တွေကိုလည်း စောင့်ရှောက်ဦးဟု မှာလိုက်သေးသည်။ စစ်တောင်း မြစ်လယ်သို့ သူတို့ရောက်သွားသောအခါ သောင်ကတုံးကို မမြင်။ တဲစုစု ကိုယ်ထည်များကိုမျှ လုံးလုံးလျားလျား မမြင်။ လူသူလေးပါးကိုလည်း မမြင်၊ မြုပ်လုလု အဆောက်အဦးအနီးသို့ သူတို့စက်လှေကပ်သွားမှ လူတစ်ယောက်ကို မြင်ရသည်။ ထို့နောက် ဟာ ဘကြီးဖိုးထူး၊ ကျွန်တော် ဘကြီးဗျဟု လူငယ်သည် အားရဝမ်းသာ အသိပေးသည်။

တွေ့ရသော အိမ်ကြီးတွင် ခေါင်းမိုးကြဲဖက်သက်ငယ်များသည် ကျိုးတိုးကျဲတဲ။ အဘိုးအိုသည် မည်သို့သောအသံမျှမပြု။ ဦးကြီး စက်လှေပေါ်ကို အမြန်လာခဲ့ပါ။ တက်လိုက်ပါဟု သူစ၍ခေါ်လျှင် သူနှင့်ပါလာသူများကလည်း တစ်ယောက်တစ်ခွန်း ဝိုင်းခေါ်၊ ဝိုင်း၍အားပေးကြသည်။ ခေါင်တန်းကို ရှိသမျှအားအင်စုစည်း၍ ဖက်တွယ်ထားသည်။ ထိုလူကြီး ကိုယ်၊ ထိုလူကြီး၏ လက်များသည် တစိုးတစိမျှမလှုပ်။ သို့သော် ခေါင်းကို တွင်တွင်ခါယမ်းနေသည်။ သူ စက်လှေပေါ်တွင် လမ်းလျှောက်၍ ဦးဖိုးထူးအနီးသို့ကပ်သွားတော့ ငါမလိုက်ဘူး၊ ငါမလိုက်ဘူးဟု အုံ့သြလေသံဖြင့် အသံထွက်လာသည်။ ဘာလဲဟ ဒီလူကြီး ရူးများသွားပြီလားဟု ဆုပ်ကိုင်ထားသော ခေါင်တန်းမှလက်များကို ဖြေတော့ ငါ့အိမ်နဲ့ငါ့ပစ္စည်းတွေ ငါ့ပစ္စည်းတွေမထားခဲ့ဘူးဟုငြင်းနေခဲ့သည်။ ဦးဖိုးထူး၏ အသံသည် မိုးသွေးကြားရုံ လေသံမျှ။ ထိုခဏ စက်လှေသည် ရေစီးအရှိန်ဖြင့် မျောသွားသည်။ လူကြီးက ဘယ်လိုမျှပြောဆိုစည်းရုံး၍မရ။ အတော့်ကိုပေတီးပေစုတ်။ ရေပါသေလျှင် သေပါ့စေဆိုသည့် လူစားမျိုး။

မြစ်ရေသည် တိုးလာသည်မှာ ရိပ်ခနဲ၊ ရိပ်ခနဲ။ ငါ ဘာလုပ်ရင် ကောင်းမလဲဟုစဉ်းစားမိသည့်အချိန်တွင် သူ့လက်သည် ထိုလူကြီး၏ဖက်ပိုးကို ခပ်ဆတ်ဆတ် အုပ်လိုက်မိ၏။ ခွေယိုင်လျက် မေ့လဲသွားသော လူကြီးကို လက်တစ်ဖက်က ဖွေ့ထိန်းထားရင်း ကျန်လက်တစ်ဖက်က ထုပ်တန်းကို ဖမ်းဆုပ်ထားရသည်။ စက်လှေပေါ်မှ လူငယ်က ဟော့ စစ်သားကြီး ကျွန်တော့်ဘကြီးကို ဘာလုပ်တာလဲဟု လှမ်းအော်ပေးသည်။ အရေးမပါလိုက်တာဟု ရှင်းမပြဘဲ နှုတ်ပိတ်နေမိခဲ့သည်မှာ သူ့အမှား။ ထိုလူငယ်စက်လှေသံ ရေတိုးသံတို့ဖြင့် သဲသဲကွဲကွဲ မကြားခဲ့ပါဘဲလျက် ထင်ရာမြင်ရာလုပ်ခဲ့တော့ အတော့်ကို ခေါင်းနားပန်းကြီးခဲ့ရသည်။ အွန်လိုင်းစာမျက်နှာပေါ်မှာ အမှန်းစကားများ။ နောက်တော့လည်း ဘယ်လိုကဘယ်လို အဖြစ်မှန်ကို ကျိုးကြောင်းဆင်ခြင်



မိခဲ့သလဲမသိ။ သူ့ကျောင်းသို့ ရောက်လာပြီး ပျာပျာသလဲ တောင်းပန်ခဲ့သည်။ ရပ်ရေးရွာရေး အမိအဖများနှင့် သူ့ကျောင်းအုပ်ကြီးတို့လည်း စိတ်မကောင်း၊ ဝမ်းနည်းစကားဆို၊ ဆုံးမစကားပြောကြရသည်။ တချို့ကိစ္စများက ပြန်လည်ဖြေရှင်း၍ ထုတ်ဖော်မှ ပိုမိုရှုပ်ထွေးကာ နှလုံးနာ သွေးပျက်စရာ ဖြစ်စေတတ်သည်မဟုတ်လား။ မိုးသွေး ပြုံးလျက်ခွင့်လွှတ်ခဲ့ပါသည်။

"ဘယ်လိုလဲ ပြန်ပြောပြပါဦးဗျ ကျွန်တော်တို့ဖာတ်လမ်း"

ထိုခဏ "ဆရာကြီးလုပ်ပါဦးဗျ၊ လိုက်ပြောပေးပါဦး ဒီရွာကလူတွေ ခက်ပါတယ်"ဟု ရေကြီးသုတ်ပျာ သတင်းပို့သော အသံလာရာကိုကြည့်သည်။ ဆင္ဆမတန်းသင်တန်းမှတပည့်အရင်းခေါက်ခေါက်။

"ဟော့ ထွန်းထွန်း ဘာဖြစ်လို့လဲ ငါလာပြီ"

ထိုင်ရာမှ ထရပ်ရင်း ကဲ အငယ်နောက်မှဟု အလျင်စလို နှုတ်ဆက်သည်။

"ဟာဗျာ ဘာဖြစ်ကြတာလဲ ကျွန်တော်လည်းလိုက်မယ် ဆရာ"

"ကဲ အငယ် အငယ့်သဘော"

သူ နောက်လှည့်ပြောနေရင်း ဦးအောင် ထွက်လိုက်သည်။ ပြီးမှ တပည့်ဖြစ်သူ ထွန်းထွန်းကို အကျိုးအကြောင်းမေးရသည်။ ဒီကောင်က လူပုစိတ်တို၊ စိတ်က လက်တစ်ဆစ်ရယ်ဟု ပြုံးမိသည်။

"ငါ့ကိုလည်း သေချာရေရာအောင်ပြောစမ်းပါဦး ဆရာထွန်းထွန်းရယ်"

တပည့်ကို စချင်နောက်ချင်စိတ်က သူ့ဆီမှာ သာသာထိုးထိုး။ တပ်မတော်ကြည်း ရေ လေ မြန်မာ့သိုင်းပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ် ဂုဏ်ထူးဆောင်နိုင်သောကြောင့် တပ်ကြပ်အဆင့် တိုးမြှင့်ခံခဲ့ရသည်ဆိုပဲ။ သူနှင့် မာနယ်ပဗလာဒေသ၊ ဗုဒ္ဓစခန်းမှာတွေ့တုန်းက ဒုတပ်ကြပ် ပုပုမွေး

နွေး။ စစ်ဆင်ရေး၌ ထူးချွန်နိုင်ခွင့် မရှိကြတော့သော်လည်း လေ့ကျင့်ရေးဖြင့် တပ်တည်ဆောက်ရေး တာဝန်ကြီးများကို တာဝန်စွမ်းသမျှ ကိုယ်စီကိုယ်င ထမ်းဆောင်နေကြသည်မှာ ဂုဏ်ယူချီးမွမ်းချင်စရာ။

"ကျွန်တော်တို့က သူတို့ရပ်ရွာ ပြည်သူလူထု အကျိုးစီးပွား ပျက်စီးဆုံးရှုံးမှာ စိုးရိမ်လွန်းလို့ နေ့မအိပ် ညမအိပ် အပင်ပန်းအဆင်းရဲခံနေတာ ကျောင်းသင်ခန်းစာတွေတောင် အတော်နောက်ကျနေပြီ။ ဆရာကြီး ခပ်မြန်မြန်ပြန်သင်ပေးနော်။ အသက်က တဖြည်းဖြည်းရလာ၊ ဟိုအရေး ဒီအရေး ခေါင်းထဲမှာ ရှုပ်နေတာပဲ။ လူငယ် လူရွယ်ကလေးတွေကို မီအောင်မနည်းလိုက်မှတ်နေရတယ် ဆရာကြီးရေ။ ဒါတောင် ကိုယ့်ဆရာတွေ အားကိုးရှိလို့ မရှင်းမလင်းတာရှိရင် ချက်ချင်းမေး၊ ကြုံတိုင်းမေးမို့ ဒီခေါင်းထဲရောက်ရတာ ဒီခေတ်စာတွေက လွယ်တာ မဟုတ်ဘူး"

"အေးပါ မိကျောင်းမင်းသားရယ်၊ ကျောင်းစာက ကျောင်းရောက်မှ ဆွေးနွေးတာပေါ့။ အခု ငါမေးတာလဲ ဖြေတော်မူစမ်းပါဦး"

သူ နှစ်သိမ့်သော်လည်း မှုန်ကုတ်ကုတ် ထွန်းထွန်း၏မျက်နှာသည် ပြောင်းလဲနူးညံ့၍ မလာ။

"စောစောက ပြောတယ်လေ သူတို့ဒုက္ခရောက် ရေဘေးသင့်မှာ စိုးရိမ်လို့ အားတိုက်အင်တိုက် ကူညီနေတာကို ရေတွေ ပေါက်ကျနေတဲ့ အနီးဆုံး စိမ့်ပေါက်နေရာက လူနေအိမ်တွေက မြေပိုင်ရှင်တွေက သူတို့မြေကြီးကို အတူးမခံ၊ အယူမခံကြဘူး။ ဗွက်ထတယ်၊ ရေဝပ်တယ်နဲ့ ပွစိပွစိ လုပ်နေကြလို့ ကျွန်တော်တို့ အဝေးကြီး အဝေးကြီး မြေသွားတူး၊ မြေသယ်နေရတယ် ဆရာကြီး"

"ဟေ...အဲ့လို အသိခေါက်ခက် အဝင်နက်တယ်။ ပြောရဆိုရ လက်ပေါက်ကပ်နေကြတယ်ပေါ့"

"ဟုတ်ပါ ကျွန်တော်တော့ စိတ်ကုန်တယ်။ လုပ်ရကိုင်ရတာမပင်ပန်းဘူး."

"အေးပါ ရွာသားတွေကို ပြောရတာ အရေးမကြီးဘူး။ လူကြီးတွေရောက်လာမှ လုပ်ငန်းမပြနိုင်မှ ပြဿနာ။ အရေးပေါ်အချိန်မို့ ငါတို့စာသင်ချိန်တွေ ဖြုတ်၊ လုပ်အားပေးတာ ငြိုငြင်စရာဖြစ်မယ် လာလာ"

ထိုအချိန်၌ သူနောက်က ကပ်လိုက်လာသောအရပ်သားလူငယ်မှဝင်ပြောသည်။

"ဒီလူတွေကလည်း ခက်တယ်။ အများအကျိုးအတွက် ကိုယ်ခြံမြေထဲက မြေတစ်ထွာတစ်မိုက်ကို သိတတ် နမြောနေကြတာ။ တာကြီးကျိုးကျမှ ပျက်စီးမှာ ကြိုတင်မျှော်မတွေးကြဘူး။ ပစ်ထားလိုက်ဗျာ"

"မလုပ်ပါနဲ့ဟ စိတ်လျှော့စိတ်လျှော့ အငယ်"

သူ တစ်ခွန်းပြန်ပြောဖြစ်သည်။

"ဟုတ်တယ်ဗျာ အဲ့ဒါကြောင့် ဒီဘက်ခေတ် လမ်းဖောက်မယ်၊ တံတားဆောက်မယ်နဲ့ စီမံကိန်းအသစ် လုပ်မယ်ကိုင်မယ်ဆိုရင် နင်လားငါလားကိုအကောင်အထည်မဖော်နိုင်ကြဘူး။ အဲ့သလို တစ်ကိုယ်ကောင်းဆန်၊ အတ္တကြီးတဲ့သူက များ၊ မတော်လောဘ တက်သူကတက်နဲ့ မညီမညွတ်နဲ့ စိတ်ဓာတ်တွေ ခြစားရုံမကဘူး အောက်တန်းပါကျနေကြတာ။ ဘယ်ဟာလေး စစ၊ ဘယ်ဘက်ကပဲ ခြေဦးလှည့်



လှည့် လမ်းပေါ်ထွက် လက်ကလေးက မြှောက်ချင်တာန်း။ ဘယ်လိုဟာတွေမှန်းကို မသိပါဘူး။ ပြောတော့ ပြောင်းလဲဖို့တာန်ပြီ၊ ပြောင်းလဲဖို့ စဉ်းစားသင့်ပြီနဲ့"

"ဟုတ်တယ် အငယ်ရဲ့ လူတစ်ဦးချင်းစီက စိတ်အရင်းခံတွေ ပြောင်းလဲတိုးတက် မလာဘဲ၊ စိတ်ဓာတ်တွေမြင့်မား၊ အထက်တန်းကျမနေဘဲနဲ့တော့ ဘယ်ခေတ် ဘယ်စနစ် ဘယ်မင်းပြောင်းပြောင်း ဖွံ့ဖြိုးစည်ပင်လာဖို့ လမ်းမမြင် ကမ်းမမြင်ပါပဲကွာ ဟုတ်တယ်မဟုတ်လား"

ကုန်းအတက် ကမူတွင် လူငယ်က ခေါင်းညိတ်သည်။ ထိုခဏ လေတစ်ချက်အဝှေ့၌ မိုးငွေ့ကို ခံစားရသည်။စစ်တောင်းမြစ်ရေစီးသံသည် အရှိန်လျော့သွားလေသလား ထင်မှတ်မိသည်။

"ဟာ ဗိုလ်လေး ဟိုမှာ ကျွန်တော်တို့ ကျောင်းအုပ်ကြီးကိုယ်တိုင် ပေါက်ပြားကြီးတစ်လက်နဲ့ တွယ်နေပါ့လား။ ဟား..ဟား..ဟား..ဟား..ဟား..ဟား.. ကျောင်းအုပ်ကြီးဘေးနားက ထိုင်နေတဲ့လူ၊ အဲ့ဒီခြံပိုင်ရှင်ပဲ ခြောက်မရ ချော့မရနဲ့ စောစောကအတော့်ကို ပြောရဆိုရ ခက်ခဲခဲ့တာ"

သူ ပြုံးလိုက်မိသည်။ အဲ့ဒါ အဟောအပြောကောင်း၊ စည်းရုံးရေးသမားကောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးသမား ပညာရေးကျောင်း၊ ကျောင်းအုပ်ကြီးနဲ့တွေ့တော့ ငြိမ်ကုတ်သွားတာပဲလေဟု မိုးသွေး မပြောလိုက်ရ။ ထွန်းထွန်းသည် တာပေါင်ပေါ်မှ ပြေးဆင်းသွားသည်။ လျင်မြန်အေးမြသော စစ်တောင်းရေကိုလွမ်းသည်။ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲပါစေ နားပြီဆိုလျှင် အချင်းချင်း စနောက်ကျီစယ် ပြုံးပျော်နေကြသော တပည့်တို့၏ ရယ်မောသံများကိုလွမ်းသည်။

"ဆရာကြီး ဒီတစ်ရက်တော့ နားပါဦး၊ ကြာလာရင် လဲသွားလိမ့်မယ်။ ကျောင်းမှာလည်း တခြားအုပ်ချုပ်မှုကိစ္စ

တွေ ရှိနေသေးတာပဲ နားပါဟု ကျောင်းအုပ်ကြီး ပြန်လွှတ်၍သာ လူက ကျောင်းမှာ။ သူ့စိတ်က စစ်တောင်းမြစ်အနီးအပါးမှ တပည့်တွေကို စိတ်မချ။ တပည့်များနှင့် နေရသည်ကို ပျော်သည်။ ပို၍ စိတ်ပျို့နကိုယ်လက်ပေါ့ပါးသည်ဟု မှတ်၏။

သူ ရဲဘော်ဘဝစခဲ့သော မိခင်တပ်ရင်းမှ တပ်ရင်းမှူး၏ စကားသည် နားထဲမှ မထွက်။ အမှန်က နိုင်ငံချစ်စိတ်ဆိုတာ တကယ့်လက်တွေ့ဘဝကလာတာကွ မိုးသွေးရဲ့။ ရှေ့တန်းစစ်ဆင်ရေးမှာပဲဖြစ်ဖြစ်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းခွင်တွေမှာပဲ ဖြစ်ဖြစ် ရေကုန်ရေခမ်း လုပ်ကြဆင်နွဲကြရပြီဆိုရင်ဟာ ငါ့လူ ငါ့တပည့် နာမကျန်းလို့ မဖြစ်ဘူး။

ကျကျန်ဆုံးရှုံးသွားလို့ မဖြစ်ဘူး။ သူ့ကို ငါကာကွယ်စောင့်ရှောက်ရမယ်။ သူကမှ ငါ့အန္တရာယ် အသက်ပေးမယ်စောင့်ရှောက်မယ်လို့ သိရင်းခံစားရင်း ရဲဘော်စိတ်....နောက်တစ်စစ...တိုးလို့ ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက်....ဟု နားဦးသံမှိုထက်စွဲခဲ့၏။ ပြီးတော့ အလံကိုင်ကျမ်းကိုင်၊ သစ္စာဆို စစ်သားဖြစ်လာပြီးမှ ဘယ်တော့မှ တာဝန်ကျေတယ်မရှိဘူး။ မျက်စိနှစ်လုံးမှိတ်၊ ခန္ဓာမြေကျမှပဲ ကိုယ်နဲ့စိတ်လွှတ်မယ်။ အခုတော့ ဘယ်နေရာက ခရာသံကြားကြား စစ်သားဟောင်းကြီးတွေလည်း ခေါင်းထောင်ကြည့်တာပဲဟုနားရည်ဝခဲ့သည်။ မဟုတ်လို့လား။

သူ မနက်ကတော့ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသေးသည်။ ဒီနေ့ ဗုဒ္ဓဟူးနေ့ သတင်းဘာထူးလဲ ဖေ့ဘုတ်ဖွင့်ကြည့်မိသည်။ အမှန်က စံတော်ချိန်နေ့စဉ်နှင့် မြန်မာတိုင်းမ်နေ့စဉ်သတင်းစာ အချပ်ပိုစာပေ အနုပညာကဏ္ဍမှာ သူ့စာမူတစ်ခုခုပါလာလိမ့်မိုးနိုးမျှော်မိခဲ့သည်။ မဖြစ်နိုင်ပါ။ ဤရက်မျိုးတွင် တစ်ယောက်ယောက်က အသိပေးအကြောင်းကြားသော ဖုန်းသံဖြင့် သူ အိပ်ရာထနေကြ။ ယခုတော့ သူ ခေါင်းရှုပ်ထွေးနောက်ကျိလျက် မိသားစုနှင့် ရယ်ပွဲဖွဲ့မိခဲ့သေးသည်။

ကြည့်စမ်းပါဦး၊ မဖြစ်သင့်တာ။ သတင်းထူး သတင်းဦး ပေ့ချ်တစ်ခုတွင် တောင်ငူမြို့ ၊ ရွာတန်းရှည် ရေအေးကယ်ဆယ်ရေး၌ လုပ်အားပေးရဲဘော်များ စားသောက်နေကြသည်မှာ ပျော်ပျော်ရွှင်ရွှင်၊ ရယ်ရယ်မောမောဟု ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြခဲ့သည်။ ဟောဗျာ ဒီလောက်ပင်ပန်းဆင်းရဲနေတာ စားချိန်သောက်ချိန်လေးမှာလည်း သောကဝေ၊ ဒုက္ခတွေ့နေသူတွေကို စာနာသနားသောအားဖြင့် ငိုယိုဝမ်းနည်းနေရမလိုလို။ လူတွေက အတော့်ကို ဆိုးညစ်နေကြပါလား။

"စကားထဲ ထည့်ပြောမနေစမ်းပါနဲ့ မောင်ရယ် အဲ့သလို ဆန်ကုန်မြေလေး၊ ကပျက်ယပျက် လုပ်နေသူတွေကလည်း ရှိနေဦးမှာပဲ"

ဟုတ်ပါပြီ၊ ဟုတ်ပါပြီ မိန်းမရယ်ဟု ချစ်စနိုးဖြင့် စသည့်ခဏ...

"ဟော့ တို့အဖေကြီးရဲ့ ကဗျာတစ်ပုဒ် မြဝတီသတင်းစာမှာပါတယ်။ ဖေကြီး မသိသေးဘူးလား"

သူ မျက်မှောင်ကျုတ်မိသည်။ ထို့နောက် သမီးကို ခေါင်းယမ်းပြမိပြီးမှ ကဗျာခေါင်းစဉ်ကို မှတ်မိသွားသည်။

သိပ်သေချာသည်။ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များအတွက် ရည်ညွှန်းရေးဖွဲ့ခဲ့သော ကဗျာ။

"အိုင် ကန် ချောင်း မြစ်တို့သည်..."

"တို့ အဖေကြီးတော်တယ် ကဗျာ ရွတ်ပြ"

သားနှင့်သမီးက တစ်ပြိုင်တည်း ပွဲတောင်းသည့်အခါ သူ ဇနီးသည်၏ မျက်နှာကို ဖျတ်ခနဲကြည့်မိသည်။

ဝမ်းသာကြည်နူးစိတ်၊ ရှက်ရွံ့စိတ်ဖြင့် ရင်လှိုက်ခနဲခုန်သည်။ ဖိုးဆိုချင် ဖိုးရွတ်ချင်ကြီး လုပ်ပါ လုပ်ပါဟု အားပေးလိုက်တော့ ပို၍ပြည့်စုံလျက် ခွန်အားရှိသော မနက်ခင်းလေး လှပစွာပွင့်ဝေလာ၏။

**"အိုင် ကန် ချောင်း မြစ်တို့သည်.."**

တိုင်းနှင့်ပြည်နယ် ဖယ်သွေမရ သမိုင်းနဲ့
တည်တယ် ကြယ်တွေက အပွင့်တူ လွှင့်ထူး
လို့ တစ်ဆုပ်ကြဲ တစ်အုပ်တည်းက တစ်ပုဒ်
တည်းကဗျာ။
တို့ရဲ့ အထွတ်အမြတ်တေးကဗျာ ရွတ်ဖတ်
တွေးကာ အပြစ်လွဲ မနေဘဲ စစ်ပွဲတွေ သိမ်း
ကြုံးရပ်လို့ အစိမ်းဆုံးဓာတ်တွေ ရင်အခုန်
သစ်နဲ့ ပင်လုံအဖြစ်က အသွင်ဆန်းလာ
တို့ သင်ခန်းစာ ။
အခုတော့ ....
ရာစုသစ် ပင်လုံမှာ
ကဗျာနုမျစ်လို့ အယဉ်စုံပါတော့
မြင့်ရှုံသာ အပ်သော် ဝရဇိန်မျိုးနဲ့
တပ်မတော်ဆိုတာ အိမ်ဖိုးနဲ့ အသက်စောင့်
တတ်တယ်
တစ်ဖက်တောင့်မတ်ဖို့ရယ် ထိန်းလွှမ်းတွေး
မကွဲ့
ငြိမ်းချမ်းရေးရဲ့ အရသာ
အလှရှာလို့ ကုံးသီဖြစ်။
ကုံးသီမိတာပဲ
အပြုံးအစီအရီရှိတယ်
ကချင်မှရှမ်းအဆုံး
ပန်းတစ်ကုံးလို
ကာရန်တွေဆွတ်တတ်ရေးစေ
လွတ်လပ်ရေး အမွေ
စည်းလုံးခြင်းအားအင်ဟော့
ကြားရင်စေ့လို့ အညွှန့်တည်လာ
အခွန့်ရှည်ကဗျာ အိုင်ကန်ချောင်းမြစ်နဲ့
(တို့တတွေရဲ့....)
နိုင်ငံ ကောင်းသစ်။


မိုးကျော်စိုး(မကွေး)


# ကိုစော | မထင်ဝင် |

# မေတ္တာကျွမ်းဝင်သော မြစ်ဆိုင်းငလေး

"ကဲ တပည့်တို့ ဒီဇင်ဘာလကုန်တော့မယ်။ ကျောင်းလခ မသွင်းရသေးတဲ့သူတွေ အမြန်သွားသွင်းကြနော်။ ဒီနှစ် နောက်ဆုံး (၃)လစာကို မဖြစ်မနေသွင်းရမယ်ဆိုတာ မနေ့ကလည်း ဆရာမှာလိုက်သေးတယ်နော်။ ခုလည်းတစ်ခါထပ်ပြီး သတိပေးတာ"လို့ တပည့်များကို ပြောရင်း ကြွေးကျန်စာရင်းကိုကြည့်လိုက်တော့ သတိုးစည်သူ တစ်ယောက်ကျန်နေတာတွေ့လိုက်ရ၏။

သတိုးစည်သူက အဖေမရှိ အမေ မုဆိုးမ၏သား၊ သူ့အမေ မုဆိုးမက ဟင်းသီးဟင်းရွက်လည်ရောင်းပြီး အသက်မွေးဝမ်းကြောင်းပြုကာ သားဖြစ်သူ ကျောင်းစရိတ်ရရှိနိုင်ရန်အတွက် ပင်ပန်းကြီးစွာ လုပ်ကိုင်နေသည်ကို ကျွန်တော်သိပါတယ်။





ညနေကျောင်းဆင်းလျှင်ဆင်းခြင်း ရုံးခန်းဘက်ကိုရောက်တော့ အလုပ်ရှုပ်နေတဲ့ စာရေးကြီးကိုတွေ့၍ သတိုးစည်သူအတွက် ကျောင်းလခစိုက်သွင်းလိုက်တယ်။

ပြီးလျှင် ကျောင်းလခဖြတ်ပိုင်းလေးယူပြီး အိမ်ကိုလမ်းလျှောက်ပြန်လာခဲ့ရင်းအာရုံထဲမှာ

တစ်ချိန်က ကျေးဇူးရှင်ဖြစ်သူ ကျွန်တော့်ဆရာ၏ ရုပ်သွင်သဏ္ဌာန်ကို ထင်းထင်းကြီး မြင်ယောင်မိပါတော့တယ်။

○ ○ ○ ○ ○

"ဟော့ မောင်စော၊ ဒီသင်ခန်းစာတွေပြီးရင် ငါ့အဆောင်မှာ ထမင်းချက်နိုင့်ကွာ၊ ငါ လှည်းတန်းဈေးကဟင်းဝယ်လာခဲ့မယ်"

"ဟုတ်ကဲ့ဆရာ"

တကယ်တော့ ကျွန်တော်နဲ့ဆရာက ဒီလုပ်သားများကောလိပ်တက်၊ ဒီပထဝီဘာသာကို ယူခဲ့လို့သာ တွေ့ဆုံခဲ့ရတာပါ။ ဒီလုပ်သားများကောလိပ်နဲ့ ပထဝီဘာသာရပ်ကြောင့်သာ ဆရာ့ဘဝထဲကို ကျွန်တော်ရောက်ခဲ့သလို ကျွန်တော့်ဘဝကိုလည်း ဆရာဝင်ရောက်လာခဲ့တာပဲ။ ကျွန်တော် ဒသမတန်းအောင်တဲ့အကြောင်းတရားနဲ့ အရေးအခင်းတစ်ခုကြောင့် ပိတ်ထားရာကနေ ပြန်လည်ဖွင့်လှစ်လိုက်တဲ့လုပ်သားများကောလိပ်တို့ရဲ့ အကြောင်းတရားများကြောင့် ကျွန်တော် ကောလိပ်ကျောင်းသားတစ်ယောက်ဖြစ်လာရတာပါ။

ကျွန်တော် ကောလိပ်ကျောင်းသားဘဝအစကလည်း ဒိုရမလို၊ ရယ်ရမလို အဖြစ်မျိုးတွေနဲ့ တွေ့ကြုံခံစားခဲ့ရပါသေးတယ်။ ကျွန်တော်က ဝိဇ္ဇာဘာသာတွဲ စိတ်ကြိုက်မြန်မာစာနဲ့ ဒသမတန်းအောင်တာကြောင့် တက္ကသိုလ်ဝင်ခွင့်တင်တဲ့အခါ ပထဝီ၊ မြန်မာစာ၊ သမိုင်း အစဉ်လိုက်ဦးစားပေး ရေးတင်ခဲ့ပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနကနေ တက္ကသိုလ်/ ကောလိပ်ဝင်ခွင့်များ ထုတ်ပြန်သောအချိန်မှာ ကျွန်တော်လည်း လိပ်ခုံးခန်းမနားက (ပြည်လမ်းဘေး) အဆင့်မြင့်ပညာဦးစီးဌာနအောက်မှာ ကြေညာထားတဲ့ ဝင်ခွင့်ရစာရင်းများကိုကြည့်ရာ ကျွန်တော်လျှောက်ထားတဲ့ ဘာသာရပ်တွဲစာမျက်နှာတွေမှာ အမည်မတွေ့ရတော့ ကျွန်တော်တော်တော် စိတ်ပျက်အားငယ်မိသွားတယ်။ နောက် သူငယ်ချင်း လှထွန်းမှာလိုက်တာ သတိပြန်ရပြီး သူလည်း သိပ္ပံတွဲ ဘာဘာသာရလည်း ကြည့်ပေးပါအုံး မှာလိုက်တာကြောင့် သိပ္ပံတွဲဝင်ခွင့်စာရင်းတွေကို ပြေးကြည့်လိုက်တယ်။ ရူပဗေဒဘာသာတွဲစာရင်း ပထမစာမျက်နှာကြည့်မတွေ့၊ ဒုတိယစာမျက်နှာကြည့်မတွေ့၊ တတိယစာမျက်နှာရောက်မှ သူငယ်ချင်း ငမိုက်သားက အမှတ်စဉ်(၅၀)မှာ တွေ့ပါလေရောဗျာ။ ဒါနဲ့ စာမျက်နှာအဆုံးထိအောင် လျှောက်ဖတ်ကြည့်လိုက်မှ ခေါင်းဆင်နင်းတဲ့အဖြစ်မျိုး ခံစားလိုက်ရတယ်ဗျာ၊ အမှတ်စဉ်(၅၈) မှာ ကျွန်တော့်အမည်၊ ခုံအမှတ်၊ ဖခင်အမည်တွေ လုံးဝမလွဲပါ။ ကျွန်တော်က ဝိဇ္ဇာနဲ့ ဒသမတန်းအောင် ဝိဇ္ဇာတွဲလျှောက်ထား၊ ခုတော့ သိပ္ပံတွဲထဲက ရူပဗေဒဘာသာတွဲနဲ့ ကောလိပ်တက်ဖို့ စာရင်းထွက်နေ၊ ဒုက္ခတော့ရောက်ပြီလေ။ မင်းသားလေးကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေမိပါတယ်။

> **"အမှတ်စဉ်(၅၈) မှာ ကျွန်တော့်အမည်၊ ခုံအမှတ်၊ ဖခင်အမည်တွေ လုံးဝမလွဲပါ။ ကျွန်တော်က ဝိဇ္ဇာနဲ့ ဒသမတန်းအောင် ဝိဇ္ဇာတွဲလျှောက်ထား၊ ခုတော့ သိပ္ပံတွဲထဲက ရူပဗေဒဘာသာတွဲနဲ့ ကောလိပ်တက်ဖို့ စာရင်းထွက်နေ၊ ဒုက္ခတော့ရောက်ပြီလေ။ မင်းသားလေးကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေမိပါတယ်။"**

ကံဆိုးတဲ့ကျွန်တော် ကံကောင်းချင်တော့ ရုံးပေါ်ကဆင်းလာတဲ့ လွယ်အိတ်အနီလွယ်၊ လည်ကတုံးနဲ့ တိုက်ပုံနဲ့ မျက်မှန်ကတပ်ထားသေး၊ နဖူးပြောင်ပြီး အရပ်မနိမ့်မမြင့်ခန့်ညားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ပါတယ်။ ကျွန်တော်လည်း မပြေးရုံအက်ရှင်လေးနဲ့ အရောက်သွားပြီး ရင်ဝက ဘဝင်မကျတဲ့ ကျွန်တော့်ဖြစ်စဉ်လေးကို တင်ပြလိုက်တဲ့အခါ အဲဒီဆရာက...

"ဟော့–ဒီလိုဖြစ်နေတာလား၊ ကိစ္စမရှိဘူးကွာ ဒီလိုလုပ် ဒီကနေ နံပါတ်(၈)စီး၊ ဗိုလ်တထောင်ဘုရားလမ်းမှာဆင်း၊ လုပ်သားများကောလိပ်ကြီး တွေ့လိမ့်မယ်၊ အဲဒီမှာ ရုံးခန်းကိုမေးပြီး ကျောင်းအုပ်ကြီးကို အကျိုးအကြောင်းရှင်းပြလိုက်ရင် အားလုံးပြေလည်သွားမှာပါ။ ဘာမှစိတ်မပူနဲ့၊ သွားသာသွားပါတပည့်ရာ"ဟု ပြောတာကြောင့် ကျွန်တော်လည်း လမ်းတစ်ဖက်ကိုကူး၊ (၈)ကားစီး၊ ဗိုလ်တထောင်ဘုရားလမ်းဆင်း၊ လုပ်သားများကောလိပ်ကျောင်းကိုရောက် ကျောင်းအုပ်ကြီး ရုံးခန်းကိုမေးကာ ဝင်ရောက်တွေ့ဆုံခွင့်တောင်း၊ အကျိုးအကြောင်းများ စီကာစဉ်ကာ ပွင့်လင်းမြင်သာစွာရှင်းပြလိုက်တော့ ဆရာကြီးက ပြုံးပြုံးကြီးနှင့်ကြည့်ကာ....

"ဘာမှ မပူပါနဲ့ တပည့်ရာ၊ အားလုံးအဆင်ပြေအောင် ဆရာကြီးစီစဉ်ပေးမယ်၊ စိတ်အေးအေးထား"ဟု ပြောရင်း သူ့ရုံးအုပ်ကြီးထင်ရဲ့ လှမ်းခေါ်ကာ–

"ကိုတင်အောင် ဒီကျောင်းသားက ဝိဇ္ဇာဘာသာတွဲ လျှောက်တာ၊ ဝင်ခွင့်က ရူပဗေဒထဲပါနေလို့ အဲ့ဒါ သူယူချင်တဲ့ ပထဝီဘာသာထဲ စာရင်းပြောင်းပေးပြီး လိုအပ်တဲ့ပုံစံတွေ ဖြည့်နိုင်းလိုက်ပါကွာ၊ ကဲ––ကဲ တပည့် သူနဲ့လိုက်သွားနော်"ဆိုတာကြောင့် ကျွန်တော့်ရင်ဝက မတင်မကျအပူလုံးကြီး ဒုံးဒုံးကျသွားပါတော့တယ်။

တကယ်တော့ လုပ်သားများကောလိပ်ဟာ ရန်ကုန် မြို့မှာရှိတဲ့ အလုပ်ရှင်ထဲရောက်နေတဲ့ ဒသမတန်းအောင်ဝန်ထမ်းများ အလုပ်ချိန်ပြင်ပမှာ တက္ကသိုလ်ပညာရပ်တွေကို ဆရာ၊ ဆရာမများနဲ့ နေ့စဉ်မပြတ် အတန်းတက်ရင်း၊ ရင်းနှီးခင်မင် ပညာသင်ကြားနိုင်အောင်နဲ့ ဝန်ထမ်းဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝတွေကို တွေ့ထိခံစားရင်း၊ ရင်းနှီးချစ်ခင်သော မိတ်ဆွေသူငယ်ချင်းတိုးပွားအောင် စတဲ့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်ထားတဲ့ကျောင်းလို့ ထင်ပါတယ်။ စာတွေအတူသင်၊ လက်တွေ့သင်ခန်းစာတွေ အတူဆင်းရင်း ဆရာတပည့်၊ ကျောင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးရုံသာမက သံယောဇဉ်တွေပါ ရစ်နှောင်ခဲ့ကြပါတယ်။ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာယာစွာနဲ့ ပရိဘောဂစုံလင်စွာနဲ့ စာသင်ကြားရတာကြောင့် ကျောင်းအလှူရှင်ကြီးကိုလည်း အထူးပဲကျေးဇူးတင်မိပါတယ်။

ကျွန်တော်တို့ကျောင်းက ဗိုလ်တထောင်မှာ ကျွန်တော်တို့ အတန်းတက်ရတာက ပညာရေးတက္ကသိုလ်နောက်ဘက်က အဆောင်တွေမှာ ပထမနှစ်နဲ့ ဒုတိယနှစ်ထိပေါ့။ နောက်နှစ်တွေကျတော့ ရန်ကုန်တက္ကသိုလ်ထဲက ရာမညဆောင်မှာ တက်ရတာလေ။

ကျွန်တော်တို့ ပထဝီဝင်ကျောင်းသားများက စနေနေ့တိုင်း ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနနဲ့ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ မြေတိုင်းပညာ လက်တွေ့သင်ခန်းစာတွေတိုင်းတာ၊ တွက်ချက်၊ ပုံထုတ်၊ ပုံဆွဲတွေ အပတ်စဉ်သင်ကြားရပါတယ်။ ဒီနေ့လည်း စာသင်ကြားနေတုန်း ဆရာ ကျွန်တော့်ကိုမှာခဲ့တဲ့အတိုင်း သင်ခန်းစာပြီးတာနှင့် လှည်းတန်းဘက် ထွက်သွားခဲ့ပါတယ်။ နောက် တက္ကသိုလ်ဆရာများအဆောင်က ဆရာ့အခန်းဆီသို့သွားကာ ထမင်းချက်နေခဲ့တယ်။



ဆရာပြန်ရောက်လာပြီး နှစ်ဦးသား ထမင်းလက်ဆုံစားနေရင်း.....

"ဟေ့ကောင်. .မင်းမိန်းမယူအုံးမှာလား"

"ကျွန်တော်က အရေးမကြီးပါဘူးဆရာရယ်၊ ဆရာကသာ ဆရာမ ခဏခဏလာနေတာ၊ အားနာဖို့ကောင်းပါတယ်နော်"ဟု လှမ်းနောက်လိုက်သည်။

ထိုအခါ ဆရာက...

"မင်းကလည်းကွာ သူ့ကိစ္စနဲ့သူလာတာပါ။ ငါမိန်းမ မယူချင်သေးပါဘူး၊ သူက ငါ့ထက် အသက်ကြီးတယ်ကွ၊ ထားပါတော့ကွာ၊ ငါအပြင်သွားလိုက်အုံးမယ်၊ မင်းမပြန်သေးဘူး မဟုတ်လား"

"ကျွန်တော် ညနေမှပဲ ပြန်မယ်ဆရာ"

"အေး...အေး"

စားသောက်ပြီး ခဏနားပြီးနောက် ဆရာ အဝတ်အစားလဲ၊ လွယ်အိတ်လွယ် ဦးထုပ်ဆောင်းပြီး....

"ငါ အပြင်သွားအုံးမယ်၊ မင်း ဒီညမပြန်နဲ့ကွာ၊ နားနားနေနေနဲ့ စာဖတ်ပေါ့ကွာ၊ ငါ့ကို ည ၁၁ နာရီခွဲလောက် ထုံးစံအတိုင်း ဝင်းလက်ဖက်ရည်ဆိုင်မှာ လာစောင့်ကွာ၊ ငါသွားပြီ"

"ဟုတ်"ဟု ဆရာ့ကို ပြန်ပြောလိုက်ပါတယ်။

ဆရာအပြင်သွားသောအခါ ကျွန်တော်လည်း စာအုပ်စင်မှ ရူပပထဝီဝင်စာအုပ်တစ်အုပ်ကိုယူပြီး ဖတ်နေလိုက်တယ်။

○ ○ ○ ○ ○

ဆရာနဲ့ကျွန်တော် ဆုံစည်းမှုကလည်း အဆန်းသား၊ ကျွန်တော်ဝင်ခွင့် အောင်စာရင်းသွားကြည့်တုန်းက အဆောင့်မြင့်ပညာရုံးကနေ ဆင်းလာတဲ့၊ လွယ်အိတ်နဲ့၊ မျက်မှန်နဲ့ လည်ကတုံး၊ တိုက်ပုံ စတိုင်အပြည့် ခန့်ညားလှတဲ့လူကြီး၊ ကျွန်တော့်အခက်အခဲကို ကူညီလမ်းညွှန်ပေးတဲ့ လူကြီး၊ သူလမ်းညွှန်တဲ့အတိုင်း သွားရောက်လုပ်ဆောင်လိုက်လို့ အားလုံးအဆင်ပြေသွားခဲ့ရတာပါ။ အခု... အဲဒီလူကြီးက ကျွန်တော်တို့ ပထဝီဌာနက ကျွန်တော်တို့ လုပ်သားများကောလိပ်ရဲ့ ပထဝီသင်တဲ့ ဆရာဖြစ်နေတဲ့အပြင် ကျွန်တော်နဲ့ ဆရာတပည့်အရင်းအခြာလို ဖြစ်ခဲ့ရပါတယ်။ ဆရာအမည်က ဆရာဦးဝင်းတဲ့၊ ဆရာ၊ ဆရာမတွေကတော့ ဆရာ့ကို မောင်ဝင်းတဲ့၊

ရှယ်တူတွေကတော့ ကိုဝင်းတဲ့၊ ဆရာ့အမေကတော့ သားကြီး၊ အဝင်းတဲ့၊ ကျွန်တော်တို့ကတော့ ဆရာ၊ ဆရာဦးဝင်းရှယ်လို့ ခေါ်ဝေါ်သမုတ်ခဲ့ကြတယ်။ လူပျိုကြီးဆိုတော့ တက္ကသိုလ်ဆရာများအဆောင်မှာနေတယ်။ အခန်းက မကျဉ်းမကျယ်ဆိုတော့ ကျွန်တော်တို့ အိပ်လို့လဲဆန့်ပါတယ်။ ဆရာ့အခန်းမှာ ကျွန်တော်ပဲ အအိပ်များခဲ့တယ်။

ဆရာ ရုန်းကန်လှုပ်ရှားနေတာတွေက ဆရာ့အမေ၊ ဆရာ့ညီနဲ့ ဆရာ့တပည့်တွေ အတွက်ပဲဖြစ်တယ်။ ဆရာက ဆေးတက္ကသိုလ်(၁)မှာ တက်နေသော ပညာရေးလုပ်သားတစ်ဦး၏ သားဖြစ်သူ မောင်ခင်မောင်ဌေးအတွက်လည်း ကျောင်းလခ၊ စာအုပ်ဖိုးတွေ အမြဲထောက်ပံ့နေသေးတယ်။

ကျွန်တော့်ကိုလည်း အပတ်စဉ် မုန့်ဖိုးပေးတယ်။ လက်တွေ့သင်ခန်းစာလုပ်တိုင်း ကျွန်တော်တို့အဖွဲ့ကို လက်ဖက်ရည် တိုက်တယ်။ အတန်းထဲ ဆရာ့ဘာသာမှာ အမှတ်အများဆုံးရသောသူကိုလည်း အမြဲဆုချလေ့ရှိတယ်။ ဆရာက အဲသည်လိုဆရာမျိုးဖြစ်တယ်။ ဆရာကိုယ်တိုင်ကျတော့ အပိုမသုံးဘဲ မဖြစ်မနေ လိုအပ်မှဝယ်တယ်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများက ဆရာ့ကို ကန်တော့သည့် ပုဆိုး၊ အင်္ကျီကအစ ကျွန်တော့်ကိုပေးတယ်။

ထို့ကြောင့် ဆရာ အလုပ်လုပ်နေတာ ဘာခံစားချင်လို့လဲဟု တောင် ကျွန်တော်မေးချင်စိတ်ပေါက်မိတယ်။ သို့သော် ကျွန်တော် မမေးဖြစ်ခဲ့ပေ။

စနေနေ့ တစ်ရက်မှာတော့ လက်တွေ့သင်ခန်းစာတွေအပြီး ဆရာလည်း အချိန်ရသေးတယ်ဆိုတော့ ကျွန်တော်တို့အဖွဲ့ကို ဦးချစ်ဆိုင်မှာ လက်ဖက်ရည်လိုက်တိုက်တယ်။ ကျွန်တော်တို့အဖွဲ့ကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ အားပေးလိုက်ကြတယ်။ ဆရာက–

"မောင်စောရေ ဒီနေ့ပြန်မှာလား"

"မပြန်ဘူးဆရာ၊ ဆရာ့အခန်းမှာအိပ်မှာ"

"အေး..ကောင်းတယ် မင်းလှည်းတန်းဈေးသွား အမဲသားဝယ်၊ သေသေးတုံးပြီးရင် ဘယ်လိုကြော်ရမလဲဆိုရင် ထုံးစံအတိုင်းပေါ့ကွာ၊ ညဦးနက်အစာပြေစားဖို့လည်းဝယ်ထားအုံး၊ ဝင်း လက်ဖက်ရည်ဆိုင်ကို ၁၁–နာရီခွဲအရောက်လာ။ ရော့ဈေးဖိုး"ဟု ပြောပြောဆိုဆို ထသွားပါတော့တယ်။

ဆရာသွားတော့ သိန်းမြင့်က–

"ဟော့ကောင် လက်ဖက်ရည်ဖိုးပေးရင်းနဲ့ ဆရာပြောသွားတဲ့ ထုံးစံအတိုင်းဆိုတာ..."

ကျွန်တော်က လက်ကာပြလိုက်ပြီး ဒီလိုပါကွာ..

"တို့နှစ်ယောက် အမဲသားဝယ်ကြော်ကြော်၊ ချက်ချက် အမဲ



သားတုံး ရေဆေးပြီးတာနဲ့ ဆားနဲ့ ငါးပေးထားတဲ့ အာဓိရမ်လေးနဲ့ အမဲသားတုံးတွေကို လက်နဲ့ဆုပ်ဆုပ်ပြီးအသားထဲကို အရက်စိမ့်ဝင်အောင် နယ်ရတယ်၊ ပြီးရင် ဇလုံထဲထည့်နှပ်ထားရတယ်။ နာရီဝက်လောက်ကြာမှ ကြော်ရင်ကြော်၊ ချက်ရင်ချက်ပေါ့။ အဲဒီလိုချက်ဖို့ပြောတာပါကွာ"လို့ အားလုံးကိုရှင်းပြလိုက်ပြီး လက်ဖက်ရည်ဝိုင်းလက်စသိမ်းကာ ကျွန်တော်လည်း လှည်းတန်းဈေးကို ထွက်ခဲ့ပါတယ်။

○ ○ ○ ○ ○

ဆရာ့တပည့်နှစ်ယောက်အတွက် ချက်ပြုတ်ပြီးတော့ ရေချိုးအဝတ်အစားလဲကာ ဗိုက်ဆာတာနဲ့ ကိတ်မုန့်စားရင်း ကျောင်းစာလေ့ကျင့်ခန်း လုပ်နေခဲ့ပါတယ်။ အချိန်ကလည်း ကုန်တာမြန်လိုက်တာလို့ စိတ်ထဲမှာတွေးရင်း ဆရာ့ကိုကြိုဖို့ လှည်းတန်းဘက် ထွက်လာခဲ့ပါတယ်။ ခဏကြာတော့ ဆရာရောက်လာပြီး–

"ဟော့ မောင်စောလာ၊ စီးပွားရေးတက္ကသိုလ်ဘက် သွားကြမယ်"

"ဆရာ အချိန်က"

ကျွန်တော်တောင် စကားမဆုံးဘူး ဆရာကလက်ကာပြတာကြောင့် နှစ်ယောက်သား ပြည်လမ်းအတိုင်းလျှောက်လာပြီး Eco ဘက်ကိုဝင်၊ ဘွဲ့နှင်းသဘင်ရှေ့ရောက်တော့မှ–

"မင်းကို အရေးသာရှိရှိ လမ်းလျှောက်ဖို့ခေါ်လာတာကွ"ဆိုပြီး

**"ကဲ..လာ ဒီအဓိပတိလမ်းအတိုင်း ဆက်လျှောက်မယ်၊ အင်းယားကန်က တိုက်ခတ်လာတဲ့ လေနုအေးလေးက တင်ပါးကို လာတိုးလို့ အေးစိမ့်သွားတဲ့ အရသာက ဘာနဲ့မှမလဲနိုင်ဘူးကွ၊ မင်းသေချာခံစားကြည့် အရသာရှိမှရှိကွ...."**

ပုဆိုးခါးတောင်းကျိုက်လိုက်တာ လရောင်အောက်မှာ ညိုညိုမဲမဲ တင်ပါးနှစ်လုံးက အထင်းသားပေါ်လို့၊ ပေါ်ဆို ခါးတောင်းကျိုက်ပုံက ပုဆိုးစကို သေးနိုင်သမျှသေးအောင် လိမ်ကျစ်ကာ တင်ပါးနှစ်ခုကြားညှပ်ပြီး ခါးတောင်းကျိုက်ထားတာလေ။

"ဟေ့...မင်းလည်း ခါးတောင်းကျိုက်လေကွာ" ဆိုတာကြောင့် ကျွန်တော်လည်း ဆရာလို တင်ပါးနှစ်လုံးပေါ်အောင် ကျိုက်လိုက်တယ်။

"ကဲ..လာ ဒီအဓိပတိလမ်းအတိုင်း ဆက်လျှောက်မယ်၊ အင်းယားကန်က တိုက်ခတ်လာတဲ့ လေနုအေးလေးက တင်ပါးကို လာတိုးလို့ အေးစိမ့်သွားတဲ့ အရသာက ဘာနဲ့မှမလဲနိုင်ဘူးကွ၊ မင်းသေချာခံစားကြည့် အရသာရှိမှရှိကွ"

ဆရာပြောတဲ့အတိုင်း ဆောင်းကာလတိုက်တဲ့ လေနုအေးက အကာအကွယ်မရှိတဲ့ တင်ပါးတွေကို တိုက်ရိုက်ရိုက်ခတ် ကလူကျီစယ်လိုက်တဲ့အချိန် တစ်ကိုယ်လုံးချမ်းစိမ့်စိမ့်နဲ့ ရွှေအသည်းဗဟိုမှာ ရေခဲလိုအေးစိမ့်သွားတဲ့ အရသာကိုတော့ဖြင့် ဘာနဲ့မှ မလဲနိုင်တော့ပါ။ လကလည်း ဒီဇင်ဘာလ အချိန်က ည ၁၁-၁၂ နာရီ အင်းယားကန်က မြောက်ဘက်မှာ၊ လေက အင်းယားကန်ဘက်က တိုက်ခတ်လာတာ၊ အဲဒီလေက အကာအကွယ်မဲ့နေတဲ့ တင်ပါးပြင်နုနုလေးကို ကလူကျီစယ်လိုက်တဲ့အခါမှာတော့ ရင်ထဲ၊ အသည်းထဲမှာ စိမ့်စိမ့်သွားလိုက်တာ ပြောမပြတတ်အောင်ပါပဲဗျာ။

○ ○ ○ ○ ○

ကျွန်တော်တို့ ဒုတိယနှစ် စာမေးပွဲဖြေအပြီးမှာ ပထဝီဝင်မိသားစု ဆရာ၊ ဆရာမများနဲ့ ကျောင်းသူ၊ ကျောင်းသားများအားလုံး မင်္ဂလာဒုံမြို့နယ် သာခုကန်ဘုရားဖူးရင်း ပျော်ပွဲစားထွက်ခဲ့ကြတယ်။ ဌာနမှူး ဆရာမကြီးက ၇ မိုင်မှာနေတာ။ ကျွန်တော်တို့က ရာမညဆောင်ရှေ့က စထွက်မှာဆိုတော့ ဆရာမကြီးက ကျွန်တော့်ကို "မောင်စော...ကားတွေ ပြည်လမ်းအတိုင်းလာမှာလား၊ လာရင် ဆရာမကြီး ၇ မိုင်ကစောင့်မယ်၊ သေချာအောင်မေးထား၊ ဆရာမကြီးဆီ ဖုန်းပြန်ဆက်"လို့ ကျွန်တော့်ကိုပြောလို့ ကျွန်တော်လဲ လှည်းတန်းမီးပွိုင့်က ယာဉ်ထိန်းတပ်ကြပ်ကြီးတစ်ယောက်ကို မေးမြန်းစုံစမ်းပြီး "ဆရာမကြီးခင်ဗျ၊ ကျွန်တော်တို့ဘတ်စ်ကားတွေ ပြည်လမ်းက သွားလို့မရပါဘူး"လို့ စုံစမ်းရတဲ့အတိုင်း ပြောပြလိုက်တယ်။ သွားမယ့်မနက်မှာ ဆရာမကြီးလဲ ရာမညဆောင်ရှေ့ အရောက် လာစီးရတယ်။ အားလုံးစုံလို့ ကားတွေစထွက်ပြီဆိုကတည်းက ကျွန်တော့်မျက်နှာ ဆီးရွက်လောက်ဖြစ်သွားတယ်။ မျက်နှာကြီးနီမြန်းပြီး ခေါင်းမဖော်တဲ့ ရှောင်ကုတ်နေတယ်။ ကားက စထွက်ကတည်းက ပြည်လမ်းအတိုင်း ဘယ်မှမကွေ့ဘဲ ထွက်ခဲ့တာကိုး။ မကြာပါဘူး....

"မောင်စော....."

"ခင်ဗျာ...ဆရာမကြီး"

"အင်း...မင်းက ယာဉ်ပဲထိန်းတာတဲ့ပြီး၊ ယာဉ်လမ်းကြောင်းမသိတဲ့ ယာဉ်ထိန်းကို မေးခဲ့တာဖြစ်မယ်ထင်တယ်...နော်..."

ကျွန်တော်လဲ ထစ်ထစ်ငေါ့ငေါ့နဲ့ "ဟုတ်...ဟုတ်" ဟု ပြန်ပြောမိတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ကားက ပြည်လမ်းက မောင်းကတည်းက ဆရာမကြီးတော့ ငါ့ကို အပြစ်တင်၊ ကြိမ်းမောင်းတော့မှာပဲလို့ ထင်ခဲ့တာ၊ ခုတော့ ဆရာမကြီးက အပြစ်မတင်ဘဲ ယာဉ်ထိန်းရဲ့အမှားကိုသာ ထောက်ပြပြောဆိုခဲ့တယ်။ ဒါကြောင့်



ဆရာ့ဂုဏ်နဲ့ပြည့်စုံနေတဲ့ ဆရာမကြီးပါလားလို့ တွေးမိပါတယ်။

○ ○ ○ ○ ○

တတိယနှစ် စာမေးပွဲဖြေအပြီးမှာတော့ ကျွန်တော်တို့ ပထဝီဝင် ကျောင်းသားများ Term Paper တင်ဖို့အတွက် မိတ္ထီလာနဲ့ မလှိုင်မြို့နယ်တွေဆီကို ကွင်းဆင်းကြရတယ်။ ရထားတွဲတစ်တွဲနဲ့ တစ်ဝက်ငှားရမ်းပြီး မိတ္ထီလာထိ ရထားစီးရပါတယ်။ ခရီးမထွက်ခင် အဖွဲ့တွေဖွဲ့ကြတော့ ကျွန်တော်တို့အချစ်ဆုံး ငါးယောက်နဲ့ မိန်းကလေးလေးယောက်က တစ်ဖွဲ့ပေါ့။ ရထားပေါ်မှာလဲ ဆရာမကြီးနဲ့စေးရာကို ရွေးထိုင်မပေမယ့် ဆရာတွေက ထိပ်နှစ်ဖက်မှာ ပိတ်ပြီး နေရာယူထားကြတော့ ကျွန်တော်တို့လည်း မလွတ်လပ်တူးပေါ့။ ဒါပေမဲ့ ရထားတစ်တွဲလုံး ပျော်ပျော်ပါးပါးနဲ့ စကားလက်ဆုံကြရင်း ရန်ကုန်ကနေ ထွက်ခွာလာခဲ့ကြတယ်။

"ရေရမယ်....ရေရမယ်"ဆိုတဲ့ အသံတွေကြားတော့ ဒါ ပျဉ်းမနားဘူတာဆိုတာ သိရတယ်။ အချိန်ကလဲကျ၊ နေရာကလဲရောက်၊ ရေသယ်ချာတိတ်ကို တိုးတိုးလေးကပ်မှာလိုက်တယ်။ ရေသယ်လေးလဲ အပြေးအလွှားလေး ဆောင်ရွက်ပေးလိုက်တော့ အဆင်ပြေသွားတယ်။ ထိုင်ခုံတွေကြားမှာ ဒိုင်လျှိုလေးဆွဲမယ်လို့ အစီအစဉ်ဆွဲနေတုန်း ဆရာဦးဝင်းရောက်လာပြီး.....

"ဟေ့...မောင်စောရေ၊ ငါ ပျင်းလို့ကွာ၊ မင်းတို့နဲ့အတူ လာထိုင်မယ်ကွာ"လို့ ပြောပြောဆိုဆိုနဲ့ ကျွန်တော်တို့ခုံမှာ လာထိုင်ပါလေရော။ ကျွန်တော်တို့အားလုံးလည်း အီးမှန်တဲ့မျက်နှာတွေနဲ့ မရှိသွားဖြဲနဲ့ ဆရာ့ကိုကြိုဆိုလိုက်ရတာပေါ့။ ဒါပေမဲ့ ဆရာက...

"မင်းတို့အကြံအစည် လှုပ်ရှားတာတွေ ငါအားလုံးသိတယ်၊ ဆရာမကြီး အမိန့်ထုတ်ထားတယ်လေ၊ ဆရာမကြီးစကားကို နားထောင်ရမှာပေါ့၊ မင်းတို့ပစ္စည်းက အနံ့အသက်ကလဲမကောင်း၊ ဖွင့်လိုက်တာနဲ့ တစ်တွဲလုံး အနံ့တွေထောင်းခနဲထနေမှာ၊ တော်တော်ညံ့တဲ့ ငါ့တပည့်တွေပဲ၊ အနံ့သင်းသင်းလေး၊ အကောင်းစားလေးတွေ ဒိုင်လျှိုဝယ်လာပြီး မှိဝဲရတယ်ကွ၊ Main က ကျောင်းသားတွေက မင်းတို့ထက်သာတယ်၊ ပေး....မင်းတို့ဟာ..."ဆိုပြီး ပြူတင်းပေါက်ကနေ လွှင့်ပစ်လိုက်ပါရော။ နမျောလိုက်ပါဘိ ဆရာရယ်လို့သာ တမ်းတလိုက်မိတယ်။ ဆရာက ကျွန်တော်တို့ကို အပြစ်လဲ မပြောဘူး၊ ဆူလဲမဆူဘူး၊ ဟန်မပျက် ကျွန်တော်တို့ခုံကနေ ထသွားပါတယ်။ အဲဒီအချိန်မှာပဲ စောပီတာအန်းက "ဟော့...ဆရာပြောသွားတာကြားတယ်နော်၊ ပစ္စည်းကောင်းလေးနဲ့ အနံ့လေးမွှေးနေရင် မှိဝဲလို့ရတဲ့သဘောပေါ့၊ အိမ်ရွှေမပျက်၊ အာသာပြေပေါ့ကွာ၊ ကဲ....ဟောဒီမှာကြည့်"ဆိုပြီး သူ့ရေဗူးထဲထည့်လာတဲ့ ရက်ဒ်လေဘယ်လ်ကို ထုတ်ပြပါလေရော။ အားလုံးလဲ လှိုက်လှိုက်လှဲလှဲကြိုဆိုဂုဏ်ပြုလိုက်ရင်း တစ်ယောက်တစ်လှည့် တစ်ငုံစီငုံကာ အဲဒီညအတွက် နေသာထိုင်သာရှိခဲ့ကြတယ်။

ရထားက သာစည်ကို နံနက်လင်းတော့ ဆိုက်ရောက်ပြီး ကျွန်တော်တို့တွဲကို ကျောက်ပန်းတောင်း၊ မြင်းခြံရထားနဲ့ ချိတ်ဆက်ကာ မိတ္ထီလာကို ဆက်လက်ထွက်ခွာရတယ်။ မိတ္ထီလာကျတော့ မိတ္ထီလာကန်ဘေးက အထက(၁) မှာ တည်းရတယ်။ စားသောက်ရေးကိုတော့ ရွှေအုန်းပင်ထမင်းဆိုင်မှာ နေ့၊ ညစာအပြီးမှာစားကြပါတယ်။ နောက်မနက်မှာ အဖွဲ့လိုက် မိတ္ထီလာ သ/မ အသင်းက ကားတွေနဲ့ မလှိုင်မြို့နယ်ကို ချီတက်ကြတယ်။ ကျွန်တော်တို့အဖွဲ့က ငါးကျွန်းကန်(အနောက်)ရွာဘက်မှာ ကွင်းဆင်းရပါတယ်။

ကျွန်တော်က ရန်ကုန်ကတည်းက စီစဉ်လာတဲ့ စာအုပ်ပေါင်းစုံ ဆာလာအိတ်နှစ်အိတ်စာ သယ်လာခဲ့တာကြောင့် အဲဒီရွာစာကြည့်တိုက်ကို လှူဒါန်းနိုင်ခဲ့ပါတယ်။ ရွာသားတွေက ကျေးဇူးတွေတင်ရင်း ဝမ်းသာပီတိဖြစ်ကြရပါတယ်။ စာအုပ်လှူဒါန်းပွဲပြီးတော့ ကျွန်တော်တို့အဖွဲ့နဲ့ လိုက်ပါကူညီပေးမှာက ရွာသားကိုစိန်မြင့်ပါ။ ကိုစိန်မြင့်က ရွာအကြောင်း၊ လယ်အကြောင်း၊ ယာအကြောင်းတွေကို လမ်းတစ်လျှောက် ရှင်းလင်းပြောပြရင်း လယ်ကွင်းတွေဆီ ရောက်ခဲ့ရပါတယ်။ အဲဒီအချိန် ကိုမောင်မောင်ငြိမ်းက...



"ဦးမြင့်သိန်း...ခင်ဗျားက ဒီရွာမှာနေတာကြာပြီလား"

"ဒီရွာမှာပဲ မွေးတာပါဗျာ"

"ဟာဗျာ....ဒါတောင် ကျွန်တော့်ကိုမသိဘူးလားဗျာ"

"ဗျာ...ခင်ဗျားလဲ ဒီရွာသားလား"

"ကျွန်တော်က ပေ့တောကပါ"

"ဟား....ဟား...တော်တော်နောက်တဲ့လူဗျာ"လို့ ဦးမြင့်သိန်းက ရယ်ကာမောကာ ပြောလိုက်ပါတယ်။

တစ်ခါ သိန်းမြင့်က "ကိုငြိမ်းက တကယ်နောက်တာပဲ၊ ကျွန်တော်နဲ့မှ နီးတာဗျ"

"ဟင်...ခင်ဗျားက ဘယ်ဇာတိလဲ"လို့ ကိုမြင့်သိန်းကမေးတော့....

"ပြည်ဘက်ကလေ" ဆိုတော့ ဝိုင်းရယ်ကြတယ်။

သိန်းမြင့်က "မင်းတို့က ဘာရယ်တာလဲ၊ ငါတို့က မြေချင်းဆက်နေတာကွ"လို့ ခပ်တည်တည်ပြောလိုက်ပါသေးတယ်။ အဲဒီအချိန် ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် ဆရာဦးတင့်ဆွေရောက်လာပြီး....

"ဟေ့..ဟေ့...နောက်တာတွေ တော်ကြတော့၊ မင်းတို့အဖွဲ့နဲ့တွေ့မှ ဒီရွာသား စိတ်ညစ်နေပြီလားမသိဘူး"

"စိတ်မညစ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော်လည်း ပျော်တတ်တဲ့သူပါ"လို့ ကိုမြင့်သိန်းက ပြန်ပြောလိုက်ပါတယ်။

နောက်...လယ်တွေ၊ ယာတွေရဲ့ ပုံစံမျိုးစုံ တိုင်းတာတွက်ချက်တာတွေ၊ မြေအမျိုးအစားတွေ၊ စိုက်ပျိုးတဲ့သီးနှံတွေ၊ ဒီဒေသရာသီဥတုအခြေအနေတွေကို လေ့လာမှတ်သား၊ ဆွေးနွေးကြရင်း တစ်နေ့တာကုန်ဆုံးကာ အပြန်စုရပ်မရောက်ခင် ကိုမြင့်သိန်းက...

"ဟေ့...မင်းတို့ရေဗူးတွေ ထားခဲ့လေ၊ အစ်ကို မနက်ဖြန်အတွက် ရေတွေဖြည့်ထားလိုက်မယ်၊ မင်းတို့ သယ်ရသက်သာတာပေါ့"လို့ပြောရင်း...ကျွန်တော့်အနားကပ်ကာ...

"ဟေ့...မင်းတို့ကြိုက်တဲ့ အရက်တော့ မရှိဘူး၊ ထန်းရည်ထည့်ပေးထားမယ်"လို့ တိုးတိုးလေးနဲ့ အလွန်နားဝင်ချိုတဲ့စကားလေး ကြားလိုက်ရတော့ ကျွန်တော် ထခုန်ချင်လောက်အောင် ပျော်ခဲ့မိတယ်။

အဖွဲ့တွေစုံလို့ မြေလမ်းကနေ ကားတွေပြန်အလာ၊ ရှေ့ကကားက ရှိုင်ကြီးထဲကျသွားပြီး ဖရိန်နဲ့လမ်းနဲ့ထိကာ မောင်းမရဖြစ်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကားဆရာတစ်ယောက်က ဆရာမကြီးကို သတိပေးလိုက်လို့ ကျွန်တော်တို့အဖွဲ့က ကိုးဖွဲ့ဖြစ်နေကာ ဒီဒေသရဲ့အယူအဆနဲ့ မကိုက်ညီတာကြောင့် မောင်ကျောက်ခဲတို့ကို တစ်ဖွဲ့ဆိုပြီး ကားပေါ်ပစ်တင်ကာ အားလုံး အဖွဲ့ ၁၀ ဖွဲ့လို့ သတ်

"

မင်းတို့ ထမင်းချိုင့်တွေ ငါစစ်မယ်၊ ဘယ်သူ ဝက်သားဟင်း ထည့်လာလဲ မှန်မှန်ပြော၊ ကျန်နေသေးရင် တောင်းပန်ပါတယ်ဆိုပြီး စွန့်ပစ်လိုက်နော်၊ ဒီဒေသက ဝက်သားသယ်လို့မရဘူး၊ ရန်ကုန်ကမထွက်ခင်ကတည်းက မှာထားတာကို သယ်ဖြစ်အောင် သယ်လာကြသေးတယ်....

"

မှတ်လိုက်ရပါတယ်။ ဒါ့အပြင် ဆရာဦးဝင်းက....

"မင်းတို့ ထမင်းချိုင့်တွေ ငါစစ်မယ်၊ ဘယ်သူ ဝက်သားဟင်း ထည့်လာလဲ မှန်မှန်ပြော၊ ကျန်နေသေးရင် တောင်းပန်ပါတယ်ဆိုပြီး စွန့်ပစ်လိုက်နော်၊ ဒီဒေသက ဝက်သားသယ်လို့မရဘူး၊ ရန်ကုန်ကမထွက်ခင်ကတည်းက မှာထားတာကို သယ်ဖြစ်အောင် သယ်လာကြသေးတယ်၊ ဟို...ချိုင့်က ဘယ်သူ့ချိုင့်လဲ၊ သွားစွန့်ပစ်၊ တိုးတိုး...နင်နော် ဆရာတို့သေချာမှာရဲ့သားနဲ့"

လို့ ပြောဆိုပြီးနောက် ထွန်စက်တစ်စီးနဲ့ ကားကို ဆွဲတင်ကာ ဆက်လက်ထွက်ခွာရင်း မိတ္ထီလာကို ည ၈ နာရီမှ ပြန်ရောက်ခဲ့ပါတယ်။

နောက်နေ့မှာတော့ မနေ့ကနေရာကိုပဲ ထပ်လာပြီး အပြီးသတ် လေ့လာမှတ်သားရပါတယ်။ ကျွန်တော်တို့ရောက်တာနဲ့ ကိုမြင့်သိန်းက ပြုံးပြုံးကြီးကြိုဆိုလျက်...

"လာ...လာ...ကျောင်းသားတွေ၊ မင်းတို့ရေဗူးတွေလာယူ" ဆိုလိုတော့ သူငယ်ချင်းအားလုံးသွားယူပြီး ခါးပတ်ထဲထည့်ပတ်ထားလိုက်တယ်။

အဲဒီနောက် လယ်ကွင်းတွေ၊ ယာတွေ၊ စိုက်ခင်းတွေကို လေ့လာမှတ်သားခဲ့ပြီး အရိပ်ကောင်းကောင်းမှာ ခဏနားချိန်မှာတော့ ဆရာဦးဝင်းတို့အဖွဲ့ပါ ရောက်လာပြီး.."ဟေ့...မောင်စော၊ ဆရာ မောလာတယ်ကွာ၊ ဆရာ့ကို ရေလေးတိုက်ပါဦးကွာ"ဆိုလိုက်တာကြောင့် ကျွန်တော်လည်း ဆရာ့ထံ အပြေးအလွှားသွားပြီး ရေဗူးကိုကမ်းပေးလိုက်ပါတယ်။ ဆရာလဲ ရေဗူးအမြန်ဖွင့်ပြီး မော့သောက်လိုက်ရင်း.....

"ထွီး....ထွီး....ဟေ့ကောင် မောင်စော၊ မင်းရေက ဘာတွေလဲဟ၊ ဟာကွာ ဒီကောင်လေ..ငါ့ကို"ဆိုပြီး ဆက်မပြောတော့ဘဲ "ဝေါ.....ဝေါ့"ပဲ လုပ်နေတာကို တွေ့ရတော့ ကျွန်တော်လည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိဖြစ်နေချိန်၊ ကျန်သူငယ်

ချင်းတွေကလည်း သူတို့ရေဗူးတွေ အသီးသီးဖွင့်ကြည့်လိုက်တော့ အားလုံး ထန်းရေထည့်ပေးထားတာကို သိရတော့တယ်။ ဒီကိစ္စကို ကိုမြင့်သိန်းနဲ့ ကျွန်တော်ပဲသိတာ။ ကျွန်တော် ဘယ်သူ့ကိုမှ ပြောမထားခဲ့။ ခုတော့ ကျွန်တော် သက်သေလက်လွတ်ဖြစ်လို့ ပြဿနာတက်ရပြီလေ။ ကျွန်တော်တို့အားလုံးရဲ့ အကြည့်ကတော့ ကိုမြင့်သိန်းဆီသို့သာ။ ကိုမြင့်သိန်း ဆရာ့ကို တောင်းပန်တဲ့အကြည့်နဲ့ ကြည့်ရင်း.......

"ကျွန်တော်က ကျောင်းသားတွေကို ကျွန်တော်တို့ဒေသထွက် ပင်ကျထန်းရည်စစ်စစ်ကလေး သောက်စေချင်လို့ ကျွန်တော့်အစ်ကို ထန်းတက်သမားကို မနက်စောစောထပြီး ထန်းတက်ခိုင်း၊ တစ်ညလုံး တစ်စက်တစ်စက်ကျနေတဲ့ ထန်းရည်စစ်စစ်ကလေးကို တကူးတက သူတို့ရေဗူးထဲ ထည့်ပေးခဲ့တာပါ၊ သူတို့တောင်းဆိုတာ မဟုတ်ပါဘူး၊ သူတို့အမှား မဟုတ်ပါဘူး"လို့ တောင်းပန်စကား ဆိုလိုက်ပါတယ်။

ဆရာလည်း ကိုမြင့်သိန်းစကား၊ ကိုမြင့်သိန်းလေသံ၊ ကိုမြင့်သိန်းရဲ့ စေတနာနဲ့ ရှစ်ခင်ရင်းနှီးမှု အမူအရာကြောင့် ချက်ချင်းပဲ..."ဟုတ်ပါပြီ ကိုမြင့်သိန်းရယ်၊ ခင်ဗျား ဘယ်လိုပြောပေး၊ ပြောပေး ကျုပ်ကတော့ ဒီကောင်တွေကို စိတ်ဆိုးတယ်ဗျာ၊ ဘာကြောင့်စိတ်ဆိုးတာလဲ သိလား၊ ကျုပ်မသောက်ခင်ကတည်းက ထန်းရည်ပါဆရာလို့ပြောရင် ဒီလောက်ကောင်းတဲ့ထန်းရည်ကို ကျုပ် အလောတကြီး ဘယ်သောက်မလဲ၊ ထန်းရည်အရသာကို နှုတ်ခမ်းပေါ်တင်



ခိမ်ခံသောက်မှာပေါ့ဗျာ ကိုမြင့်သိန်းရယ်....ဟား....ဟား..."

ဆရာက ပြောလဲပြော၊ ရယ်လဲရယ်တာကြောင့် ကျွန်တော်တို့အားလုံးလဲ ချက်နှာပျက် အားငယ်စိတ်တွေပျောက်ပြီး ဆရာ့ကို ပြေးပြီးဝိုင်းဖက်မိပါတော့တယ်။

တကယ်တမ်းကျတော့ ဆရာ့အကြောင်း၊ ဆရာ့စိတ်၊ ဆရာ့အပြုအမူကို ကျွန်တော်အသိဆုံးပါ။ ရေဆာဆာနဲ့ အားရပါးရ မော့သောက်လိုက်တဲ့အချိန် ဆရာ့မျက်နှာအမူအရာက တကယ့်ကို စိတ်ထိခိုက်သွားတာပါ။ ဒါပေမဲ့ ဆရာက ဆရာဆိုတော့ အချိန်အခါ၊ အခြေအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့စကား၊ အကောင်းဆုံးအမူအရာနဲ့ စိတ်ဆိုးဟန်၊ ဒေါသဟန်တွေ လုံးဝကင်းရှင်းစွာနဲ့ ကိုမြင့်သိန်းအပါအဝင် တပည့်အားလုံးရဲ့ စိတ်သောကတွေကို အကောင်းဆုံးပြေပျောက်သွားအောင် ဆရာစွမ်းဆောင်နိုင်ခဲ့ပါတယ်။ လေးစားမိပါတယ်ဆရာ။ ကျွန်တော်တို့ နောင်ကို ဒီလိုအမှားမျိုးမဖြစ်အောင် စောင့်ထိန်းသွားပါ့မယ်လို့ ကျွန်တော့်စိတ်ထဲက ဆရာ့ကို ဦးညွတ်တောင်းပန်မိပါတယ်။ ဆရာက အဲဒီလို ဆရာမျိုးပါ။

○ ○ ○ ○ ○

ဆရာနှင့်ကျွန်တော်၏ သံယောဇဉ်က ကျွန်တော် လုပ်သားများကောလိပ် စတက်သည့်နှစ်မှ နောက်ဆုံးအချိန်ထိ ကျွန်တော့်အပေါ် တပည့်လို၊ ညီငယ်လို ပြုစုစောင့်ရှောက်ခဲ့ပြီး ကြီးမားသောသံယောဇဉ်များနဲ့ ဖွဲ့နှောင်ခဲ့ပါတယ်။ နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးပြီးချင်း ကျွန်တော်အိမ်ထောင်ပြုတော့မည့်အကြောင်း ပြောသောအခါ–

"မင်းအိမ်ထောင်ပြုတာတော့ ဟုတ်ပါပြီ၊ ငွေဘယ်လောက်စုဆောင်းထားလဲ"ဟု မေး၏။

"ကျွန်တော့်မှာ နည်းနည်းပါးပါးတော့ ရှိပါတယ်ဆရာ"

"ဟ..မင်းက ဒီငွေနည်းနည်းပါးပါးနဲ့ အိမ်ထောင်ပြုမယ်ဟုတ်လား"ဟု ဆရာက တအံ့တသြနှင့်ပြောပါတယ်။

"ဖြစ်ပါ့မလားမောင်စောရယ်၊ ဘယ်နေ့လောက် မှန်းထားလဲ"

"သုံးလလောက်တော့ လိုပါသေးတယ်ဆရာ၊ စာမေးပွဲပြီးမှပါ။ ရန်ကုန်မှာက ကျွန်တော့်ဆွေမျိုး သိပ်မရှိပါဘူး၊ ရုံးရယ်၊ ကျောင်းရယ်က မိတ်ဆွေတွေနဲ့ အမျိုးသမီးဘက်က သူ့အစ်မနဲ့ မိတ်ဆွေအနည်းငယ်ပဲ ရှိပါတယ်ဆရာ။ ညှော်ခံပွဲလေးကိုတော့ သူ့အစ်မအိမ်မှာပဲ လုပ်မှာပါ"

"အေးပေါ့ကွာ အားလုံးအဆင်ပြေမှာပါ၊ ရက်နီးရင် ငါ့ကို

သတိပေးအုံး"

"ဟုတ်ကဲ့ဆရာ"

ဆရာတပည့်နှစ်ယောက် တိုင်ပင်ပြောဆိုပြီးနောက် ဆရာလည်း စာသင်ရန် ထွက်သွားတော့သည်။

○ ○ ○ ○ ○

အဲသည်နောက်မှာတော့ ကျွန်တော်လည်း မင်္ဂလာဆောင်ကိစ္စတွေ လိုက်လုပ်နေရ၍ ဆရာ့ဆီကို မရောက်ဖြစ်ခဲ့ပေ။

မင်္ဂလာဆောင်ရမည့်ရက် သေချာသတ်မှတ်ပြီးတော့မှ ဆရာ့ကို ပြောပြလိုက်သောအခါ–

"အေး...ကောင်းတယ်ကွာမောင်စော၊ ဟို မြန်မာ–အင်္ဂလိပ်အဘိဓာန်စာအုပ်ကိုဖွင့်လိုက်၊ အဲဒီအထဲမှာ မင်းလာရင်ပေးဖို့ ငါ့ငွေသုံးထောင် ညှပ်ထားတယ်။ မင်္ဂလာဆောင်အတွက် လိုအပ်တာတွေဝယ်ပေါ့ကွာ၊ ငါ့ကို ဘာမှ ပြန်မပြောနဲ့ဟုတ်လား"လို့ ပြောပြီး ဆရာအပြင်ထွက်သွားပါတယ်။

ကျွန်တော်လည်း ငွေသုံးထောင်ကိုကိုင်ပြီး မျက်ဝန်းမှာ မျက်ရည်တွေစို့လာမိတယ်။ တကယ်တော့ ကျွန်တော်မင်္ဂလာဆောင်ရန်အတွက် ငွေမလောက်မငြဖြစ်နေ၍ ဆရာ့အား အကူအညီတောင်းရန် လာခဲ့ရာ ကျွန်တော့်ကို ဆရာက အရင်ထောက်ပံ့နေသည့်အတွက် ဆရာ့မေတ္တာ၊ ဆရာ့သဘောထားနှင့် ဆရာ့ကျေးဇူးတရားတွေဟာ ကျွန်တော့်မိဘများနှင့် ထပ်တူထပ်မျှပါလားဟု စဉ်းစားမိတယ်။

"ဪ...ဆရာရယ်"ဟုသာ တအံ့တသြ ရေရွတ်မိလိုက်ပါတော့တယ်။

နောက်(၃)ရက်ခန့်ကြာသောအခါ ဆရာတစ်ယောက် ဖျားရာမှ နှလုံးရောဂါပြန်ထလာတယ်။ ဆရာက ဝ၍ လမ်းသွားရင်းပေါင်များပွတ်တိုက်မှုကြောင့် ပွန်းပြီးအနာများဖြစ်လာတယ်။ ကျွန်တော်လည်း ဆရာ့အနားမှာနေပြီး ဆေးခန်းပို့ ဆေးတိုက်နှင့် အနာများဖြစ်နေတဲ့ အကြီအကြားတွေအားလုံးကို ဖန်ရည်ဆေးကာ ဆေးထည့်ပေးခြင်း လုပ်ပေးပါတယ်။ ဆရာ့အမေနှင့် ညီတို့ထံကိုလည်း ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်။ ခုလို ဆရာ့အားပြုစုခွင့်ရတော့လည်း ကိုယ့်မိဘကို ပြုစုနေရသလို ခံစားမိပါတယ်။ ဆရာ့အမေနှင့် ညီဖြစ်သူ ရောက်လာတဲ့အချိန်မှာတော့ ဆရာတော်တော်သက်သာနေပါပြီ။

"ကျေးဇူးတင်ပါတယ်ကလေးရယ်၊ မင်းသာအနားမှာမရှိရင် ငါ့သားကြီးတော့ဒုက္ခပဲ၊ ပြုစုပေးမယ့်သူမရှိဖြစ်နေမှာ၊ ကလေးကို ကျေးဇူးတင်ပါတယ်ကွယ်"

> **"ကျွန်တော်လည်း ငွေသုံးထောင်ကိုကိုင်ပြီး**
> **မျက်ဝန်းမှာ မျက်ရည်တွေစို့လာမိတယ်။ တကယ်တော့**
> **ကျွန်တော်မင်္ဂလာဆောင်ရန်အတွက် ငွေမလောက်မငြဖြစ်နေ၍**
> **ဆရာ့အား အကူအညီတောင်းရန်လာခဲ့ရာ**
> **ကျွန်တော့်ကို ဆရာက အရင်ထောက်ပံ့နေသည့်အတွက်..."**

ထိုအခါ ဆရာက

"အမေ...အမေ့သား မောင်စောက မိန်းမယူတော့မှာ"

"ဟေ...ဟုတ်လား၊ ဒါပေါ့ကွယ် အချိန်တန် အရွယ်ရောက်တော့လည်း ယူရမှာပေါ့၊ သားလေးက စိတ်ကောင်းရှိတော့ ဇနီးကောင်းနဲ့ပဲရမယ်ဆိုတာ အမေတွက်မိပါတယ်ကွယ်။ မိန်းမယူပြီးရင်လည်း မင်းဆရာဆီကို မကြာခဏလာပါကွယ်နော်သား"

"ဟုတ်ကဲ့ပါအမေကြီး ကျွန်တော်လာမှာပါ"

"အေးကွယ် ကျေးဇူးတင်ပါတယ်"

"ကဲ...အမေလည်းနောက်တစ်ရက်နေပြီးပြန်တော့၊ သားလည်း တော်တော်သက်သာနေပါပြီ၊ အိမ်အလုပ်တွေရှိသေးတယ်မဟုတ်လား အမေ"

"အေးပါ အမေပြန်ပါ့မယ်။ သားကြီးသာ ကျန်းမာရေးကို ဂရုစိုက်နော်၊ အလုပ်လည်းသိပ်လောဘကြီးမနေနဲ့"

ဆရာတို့မိသားစုတွေ့ဆုံတုန်း၊ အလွမ်းသယ်နေကြ မှာနေကြတာတွေအစုံပါပဲ။ ကျွန်တော်လည်း ခဏပြန်ဦးမယ်ဆိုပြီး ဆရာ့အဆောင်မှ ထွက်လာခဲ့တယ်။ အမေကြီးနှင့် ဆရာ့ညီလည်း နောက်တစ်ရက်တွင် ပြန်သွားကြပါတယ်။

○ ○ ○ ○ ○

စနေတစ်ရက်မှာ လက်တွေ့သင်ခန်းစာအပြီး ဆရာ့အခန်းကို ကျွန်တော်ပြန်အရောက် ဆရာလည်းနောက်ကရောက်လာပြီး–

"မောင်စော လှည်းတန်းမှာကြေးအိုးသွားဝယ်ကွာ"ဟု ပြောတာကြောင့်။

'ဟုတ်ကဲ့ ဆရာ'ဟုပြောပြီး လှည်းတန်းဘက်အမြန်သွားကာ ကြေးအိုးနှစ်ပွဲဝယ်၊ ဆရာတပည့်နှစ်ယောက် ကြေးအိုးသောက်ရင်း စကားပြောဖြစ်ကြတယ်။

"မင်းမင်္ဂလာဆောင်မယ့်နေ့က ဘယ်နေ့လဲ"

**"စာအိတ်ကို လှမ်းယူကာ သူငယ်ချင်းများနှင့်အတူ ဖောက်လိုက်တော့ စာအိတ်ထဲ၌ ငွေလည်းမတွေ့ရ စာလည်းမပါဘဲ ပြေစာဖြတ်ပိုင်းလေးတစ်ရွက်သာ တွေ့လိုက်ရ၍ အားလုံးအံ့သြသွားကြတယ်။ အံ့သြမှုအဖြစ်ဆုံးက ကျွန်တော်ပါ။ ထိုဖြတ်ပိုင်းလေးကိုကြည့်ပြီး....."**

"ဧပြီ ၁၂ ရက်နေ့ပါဆရာ"

"အေး...အေး...ရော့ မင်းဆန္ဒရှိရင် ဒီပုဆိုးဝတ်ပေါ့ကွာ"ဟု ဆိုကာ အပြာရင့်ရောင် ရခိုင်ပုဆိုးတစ်ထည်ကိုလှမ်းပေးတယ်။

ဆရာက မည်သည့်အရာမဆို ပေးလျှင်ယူမှကြိုက်သည့် အတွက် ကျွန်တော်လှမ်းယူလိုက်တယ်။

"ဆရာရယ် ကျေးဇူးတင်လိုက်တာ၊ ကျွန်တော်တို့မှာ ရှိတဲ့ ငွေနဲ့ ဆရာပေးလိုက်တဲ့ငွေကိုပေါင်းပြီး မင်္ဂလာပွဲအတွက် စီစဉ် လိုက်လို့ ကျွန်တော့်အတွက် ပုဆိုးဝယ်ဖို့ မလုံမလောက်ဖြစ်နေတာကို ဆရာများသိနေလို့လားဆရာရယ်" ဟု စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ရေရွတ်ရင်း ရင်ဖိုမိတယ်။

ကျွန်တော်အတိုင်းမသိဝမ်းသာရင်း မျက်ရည်လည်မိ၍ ဆရာ မမြင်အောင် မျက်ရည်စကို ထိန်းခဲ့တယ်။

"မင်းတို့အစ်မအိမ်က ဘယ်မှာလဲ"

"စမ်းချောင်းမှာပါဆရာ၊ ညစာစားပွဲလေးပါ။ မနက်(၇) နာရီ ကနေ နေ့လယ်(၁၂)နာရီထိပါဆရာ"

"အေးကွာ လာရမှာပေါ့"

"ကျွန်တော်ရုံးကခွင့်ယူထားတယ်ဆရာ"

"အေးပါ မင်းမှာအချိန်နဲ့အမျှ အလုပ်တွေရှိနေမယ်ဆိုတာ ငါသိပါတယ်ကွာ၊ အချိန်အားရင်ငါ့ဆီဝင်လာခဲ့ပေါ့"

"ဟုတ်ကဲ့ဆရာ"ဟုပြောပြီး ဆရာ့အခန်းမှထွက်လာခဲ့ပါ တော့တယ်။

○ ○ ○ ○ ○

မင်္ဂလာညစာစားပွဲလေးကျင်းပချိန်မှာ ဆရာ့ကိုကျွန်တော် မျှော် မိတယ်။ သူငယ်ချင်းများကလည်း 'တပည့်အရင်းကြီးမင်္ဂလာ ဆောင်ပဲ၊ ဆရာလာမှာပါကွာ'ဟုအားပေးကြတယ်။ကျွန်တော် လည်း ဆရာအရောက်လာလိမ့်မည်ဟု တထစ်ချယုံကြည်မိတယ်။

ညစာစားပွဲစကတည်းက ဟိုနှုတ်ဆက်၊ သည်နှုတ်ဆက်နှင့် ၁၁ နာရီသာထိုးသွားတယ်။ ဆရာကပေါ်မလာဘဲ ဆေးကျောင်း တက်နေသော မောင်ခင်မောင်ဌေး ရောက်လာပြီး–

"အစ်ကို...ဆရာ မအားလို့ ကျွန်တော့်ကို လွှတ်လိုက်တယ်။ ဆရာက ပါမောက္ခတွေနဲ့တွေ့နေရတယ်"ဟုပြောတယ်။

"အေးပါကွာ...ဘယ်တတ်နိုင်မလဲ၊ ကဲ..မင်း လက်ဖက် ရည်သောက်၊ မုန့်လည်းစားကွာ... ကျေးဇူးတင်ပါတယ် ခင်မောင် ဌေးရယ်"ဟု ပြောနေရသော်လည်း ရင်ထဲမှာ ဟာတာတာ ဖြစ်နေမိ တယ်။ ခင်မောင်ဌေးကို ညစာစကားပြောရင်း ခဏနေတော့ ခင် မောင်ဌေး ပြန်သွားတယ်။ အဲဒီနောက် သူငယ်ချင်းများနဲ့ ပစ္စည်း ပစ္စယများ သိမ်းဆည်းရှင်းလင်းပြီးလို့ စကားဝိုင်းဖွဲ့နေတုန်း–

"အစ်ကိုရေ ဒီမှာ ဆရာ့လက်ဖွဲ့စာအိတ်ကလေး.."ဟု ဇနီးကပြောလာတဲ့အခါ....

"ပေး...ပေး...အစ်ကို့ကိုပေး"ဟုပြော၍ စာအိတ်ကို လှမ်းယူ ကာ သူငယ်ချင်းများနှင့်အတူ ဖောက်လိုက်တော့ စာအိတ်ထဲ၌ ငွေလည်းမတွေ့ရ စာလည်းမပါဘဲ ပြေစာဖြတ်ပိုင်းလေးတစ်ရွက် သာ တွေ့လိုက်ရ၍ အားလုံးအံ့သြသွားကြတယ်။ အံ့သြမှုအဖြစ် ဆုံးက ကျွန်တော်ပါ။ ထိုဖြတ်ပိုင်းလေးကိုကြည့်ပြီး ရင်ထဲမှာ မချိ တင်ကဲ ဖြစ်ခဲ့ရတယ်။

"မင်းနဲ့ဆရာ့ရဲ့ သံယောဇဉ်ကတော့ စာဖွဲ့လို့တောင် မကုန် နိုင်ဘူး ထင်ပါတယ်ကွာ"ဟု သူငယ်ချင်းများကပြောကြတယ်။





ကျွန်တော်လည်း ဖြတ်ပိုင်းလေးကိုကိုင်ပြီး ဇနီးကိုပြလိုက်ရာ ပါးစပ်ကလေးဟပြီး လက်ကလေးနဲ့ အမြန်ပိတ်မိအောင် ဇနီးသည် လည်း အံ့ဩသွားခဲ့တယ်။ ဒီဖြတ်ပိုင်းကလေးက ကျွန်တော့်ရဲ့ တစ်နှစ်စာ ကျောင်းလခဖြတ်ပိုင်းလေးပါ။ ကျွန်တော် ကျောင်းလခ တွေ မသွင်းထားတော့ အောင်စာရင်းထဲမှာ ကျွန်တော့်အမည်မပါ ဘူး။ ကျွန်တော်အောင်မှာ ဆရာသိတယ်။ အာကြောင့်ဆိုတာ ဆရာကသိထားလို့ ကျွန်တော်မသိအောင် ကျောင်းလခတွေသွင်း ထားတာ။ ကျွန်တော် အံ့ဩသွားအောင် လက်ဖွဲ့ရင်း အသိပေးခဲ့ တဲ့ ဖြတ်ပိုင်းလေးပေါ့။

○ ○ ○ ○ ○

ဧည့်ခံပွဲပြီးကတည်းက ဆရာ့ဆီကိုမရောက်ဖြစ်သော ရက် တွေ တော်တော်ကြာခဲ့တယ်။ ဆရာကလည်း အဆက်အသွယ် မလုပ်၍ နေထိုင်မှုကိစ္စတွေ ဆောင်ရွက်ပြီးမှ ဆရာ့ဆီ ရောက် တော့တယ်။

"မောင်စော....လာကွာ၊ အဆင်ပြေရဲ့လား အခုဘယ်မှာ နေလဲ"

"အဆင်ပြေပါတယ်ဆရာ စော်ဘွားကြီးကုန်း၊ အာလိန်ငါး ဆင့် ဘုရားရှေ့မှာ ငှားနေပါတယ်"

"အေး..အဆင်ပြေတယ်ဆိုရင် ကောင်းပါတယ်။ ငါလည်း မကြာခင် ရာထူးတိုးနဲ့ ပုသိမ်ကိုပြောင်းရမယ်။ မင်းကိုငါပြောခဲ့ တာတွေ မမေ့နဲ့ပေါ့ကွာနော်၊ မင်းငါ့ပစ္စည်းတွေကူသိမ်းပေးအုံး၊ ငါ မင်းနဲ့အဆက်အသွယ်အမြဲရှိနေမှာပါ"

"ဟုတ်ကဲ့ဆရာ...စာအုပ်တွေထည့်ဖို့ ကျွန်တော်အိတ်တွေ ယူလာခဲ့မယ်"

"အေး ကောင်းတယ်၊ အခုတော့ နာမည်ကြီး အောင်သုခ မြန်မာထမင်းဆိုင်မှာ ထမင်းသွားစားကြမယ် လာကွာ"ဟုဆိုပြီး နှစ်ယောက်သား တက္ကသိုလ်ဆရာများအဆောင်မှ ထွက်လာခဲ့ကြ တယ်။

○ ○ ○ ○ ○

"ဆရာကိုပုသိမ်သင်္ဘောဆိပ်လိုက်ပို့တဲ့နေ့က ဆရာ လက်ပြ နှုတ်ဆက်ခဲ့ပုံလေးကို ယခုချိန်ထိ ကျွန်တော်မမေ့လို့မရပါဘူး ဆရာရယ်။ ကျွန်တော်ရန်ကုန်ရောက်လာပြီး မြန်ရာဟာင်းကောင်း ခင်ရာဆွေမျိုးဆိုတဲ့ စကားပုံလေးအတိုင်း နေခဲ့ရာမှ ဆရာနဲ့ ကျွန်တော်ရဲ့ တွေ့ဆုံမှုက ဆွေမျိုးမက ညီအစ်ကိုမောင်နှမ ထက် ကျော်ပြီး သားအဖမေတ္တာမျိုးနဲ့ နှောင်ဖွဲ့မိခဲ့တယ် ဆရာရယ်"ဟု ရင်ထဲမှာ ဆို့နင့်စွာတွေးမိရင်း ဆရာလက်ပြနှုတ်ဆက်ထွက်ခွာမှုကို မျက်စိတစ်ဆုံးကြည့်ကာ သင်္ဘောဆိပ်ဇောတံတားပေါ်မှာ တွေဝေ ငေးမောစွာ ရပ်နေမိပါတော့တယ်။

ဆရာပုသိမ်ပြောင်းပြီး ရန်ကုန်ကိုအလုပ်ကိစ္စနဲ့ မကြာခဏ ရောက်လာတိုင်း ကျွန်တော်နဲ့ အမြဲဆုံတွေ့ရပါတယ်။ ကျွန်တော့် ဇနီးက အင်းစိန်မြို့နယ် အလယ်တန်းကျောင်းမှာ မူလတန်းပြ လုပ်ခဲ့သလို၊ ကျွန်တော်လည်း ကျောင်းဆရာဖြစ်ချင်တာနဲ့ မင်္ဂလာဒုံ မြို့နယ် အထက်တန်းကျောင်းတစ်ကျောင်းမှာ မူလတန်းပြဆရာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ဇနီးမောင်နှံ လုပ်ငန်းခွင်သို့ ရောက်သွားသော်လည်း ဆရာနှင့်တော့ အဆက် အသွယ် မပြတ်ခဲ့ပါ။

○ ○ ○ ○ ○

ရက်၊ လ၊ နှစ်တွေ များစွာဖြတ်သန်းခဲ့ပြီးနောက်ပိုင်း ဆရာ လည်း ရန်ကုန်ကို သိပ်မရောက်ဖြစ်တော့ပေ။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးလည်း အလယ်တန်းပြများအဖြစ် ရာထူးတိုးပြီး မင်္ဂလာဒုံမြို့နယ်၊ အထက်တန်းကျောင်းတွင် အတူတူ တာဝန်ကျ ခဲ့ပါတယ်။ အေးချမ်းလှသော ဆောင်းကာလ၏ တစ်ရက်မှာတော့ ကျွန်တော့်တာဝရဲ့ မီးရှူးတိုင်၊ နိုနားရာ အရိပ်အာဝါသကြီးဖြစ်သော ကျေးဇူးရှင်ဆရာတစ်ယောက် သူချစ်သောအမေ၊ ညီနှင့်တပည့် များကို အပြီးတိုင်စွန့်ခွာသွားပြီဆိုသော ဖုန်းသတင်းရလိုက်ချိန်မှာ

ကျွန်တော်စိတ်နှင့်ခန္ဓာကင်းကွာသွားသလို ခံစားလိုက်ရပါတယ်။

မျက်ဝန်းမှာ မျက်ရည်တွေဆို့လာပြီး မျက်ရည်များ– တဖြိုင်ဖြိုင်ကျလောက်အောင် ငိုပစ်ချင်သော်လည်း တပည့်များရှေ့မှာဖြစ်နေသည့်အတွက် ကြိတ်မှိတ်ပြီး ထိန်းနေခဲ့ရတယ်။

"ခြေ၁ိ...ဆရာရယ်၊ ကျွန်တော်နဲ့ နောက်ဆုံးတွေ့ဆုံခွင့်လေးတောင် မရလိုက်ပါလားဆရာရယ်၊ ကျွန်တော့်ကို ဆရာဆုံးမခဲ့တာတွေ တစ်သက်မမေ့ပါဘူးဆရာ၊ ဆရာပြောခဲ့တဲ့ ခေါင်းဆောင်ကောင်းဖြစ်ချင်ရင် နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားရမယ်။ အလုပ်ကို ရိုးသားစွာနဲ့ ကြိုးစားရမယ်။ အသိဉာဏ်ကောင်းတွေရအောင် စာများများဖတ်ရမယ်။ စာကိုကြေညက်အောင် ဖတ်ရမယ်။ စာမကြေတာက အစာမကြေတာထက်ဆိုးတယ်။ အကြောင်းအကျိုး အကောင်းအဆိုးကို ခွဖန်ပိုင်းခြားနိုင်ရမယ်။ ယောနိသော မနသိကာရတဲ့။ သင့်တင့်လျောက်ပတ်စွာ နေထိုင်၊ ပြောဆိုကျင့်ကြံရမယ်ဆိုတဲ့ စကားတွေကို ကျွန်တော်မြေ၀ယ်မကျလိုက်နာပါ့မယ်ဆရာ"

ဆရာ အခု ကျွန်တော် ဆရာတစ်ယောက်ဖြစ်နေပြီလေ။ ဆရာ့ကို မမီတောင် ဆရာ့တပည့်ပီသအောင်နေပြပါ့မယ်ဆရာ။ မှတ်မိသေးတယ်ဆရာ။ ကျွန်တော့်မင်္ဂလာဆောင်မှာ ဆရာလက်ဖွဲ့ခဲ့တဲ့ ဖြတ်ပိုင်းလေးလေ။ ကျွန်တော့် ကျောင်းလခသွင်းစရာ ငွေမရှိလို့ မသွင်းတဲ့အတွက် အောင်စာရင်းထုတ်မပေးဘူးလေ။ သူငယ်ချင်းတွေက ကျွန်တော့်နာမည်မပါလို့ ဟိုမေး၊ သည်မေးဆိုတော့ ကျွန်တော်လည်း ရှက်တာနဲ့ ဘာမှပြန်မဖြေခဲ့ဘူး။ အဲဒီဖြတ်ပိုင်းလေးဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးဆိုတာကို ကျွန်တော့်ထက် ဆရာကပိုသိပါတယ်။



> **"ခေါင်းဆောင်ကောင်းဖြစ်ချင်ရင်**
> **နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားရမယ်။**
> **အလုပ်ကို ရိုးသားစွာနဲ့ ကြိုးစားရမယ်။**
> **အသိဉာဏ်ကောင်းတွေရအောင်**
> **စာများများဖတ်ရမယ်။"**

ဆရာဆီက လက်ဖွဲ့ဖြတ်ပိုင်းလေးနဲ့မှ ကျွန်တော် အောင်စာရင်း ကြည့်ခွင့်ရခဲ့တယ်။ ဘွဲ့ထောက်ခံချက်ရခဲ့တယ်။ ဒါ့အပြင် ဘွဲ့တက်ယူခွင့်ရခဲ့သလို ကျွန်တော်ဖြစ်ချင်ခဲ့တဲ့ ကျောင်းဆရာအလုပ်ကိုလည်း လျှောက်ခွင့်ရခဲ့ပါတယ်။ ကျွန်တော် အောက်တန်းစာရေးဘဝကနေ အလယ်တန်းပြဆရာဘဝကိုရောက်အောင် ဆောင်ကြဉ်းပေးတာ ဆရာလက်ဖွဲ့တဲ့ ဖြတ်ပိုင်းလေးက အမြုတေပါပဲ ဆရာရယ်။ ကျွန်တော့်ဘဝရဲ့ လိုအပ်ချက်တွေကို ဆရာအမြဲလိုက်ဖြည့်ပေးခဲ့တာ ကျွန်တော်သိပါတယ်ဆရာ။

ခုတော့ ကျွန်တော်ချစ်သော၊ ကျွန်တော်တန်ဖိုးထားသော ကျွန်တော့်ရဲ့ကျေးဇူးရှင်ဖြစ်သော မိဘသဖွယ်ချစ်ခင်ရသော ဆရာတစ်ယောက် ဆရာချစ်သောအမေ၊ ညီနှင့် တပည့်များအားလုံးကို အပြီးတိုင် ကျောခိုင်းထွက်သွားပြီလား ဆရာ။

မိဘ၊ ညီအစ်ကိုမောင်နှမနဲ့ တပည့်များအပေါ် ပတ်ဝန်းကျင်အပေါ်မှာ စိတ်ကောင်းစိတ်မြတ်၊ အကျင့်ကောင်း အကျင့်မြတ်တွေ ထားခဲ့တာကြောင့် ဆရာကောင်းရာသုဂတိဘုံကို ရောက်မှာပါလို့ ကျွန်တော်တစ်ထစ်ချ ယုံကြည်ပါတယ်ဆရာ။

"သားတာဝန်လည်းကျေ၊ အစ်ကိုကြီး တာဝန်လည်း ကျေ၊ ဆရာ့တာဝန်လည်းကျေသော ဆရာ့ကို အမြဲထာဝရ သတိရနေပါတယ်ဆရာရယ်"လို့ အတွေးအာရုံတွေ တရိပ်ရိပ် တက်လာသကဲ့သို့ ရေမြင်ကွင်းတွေဆီက ဆောင်းညနေခင်း၏ နှင်းမှုန်တွေ၊ လေပြေလေညင်းတွေက ကျွန်တော့်ကို ထွေးပွေ့လိုက်တော့မှပဲ အတွေးရေယာဉ်ကြောပြတ်သွားပါတော့တယ်။

"အင်း...အိမ်ရောက်ရင် သားမောင်သန့်စင်ကို ဒီဖြတ်ပိုင်းလေး သတိုးစည်သူတို့အိမ် သွားပေးခိုင်းပြီး မနက်ဖြန် ကျောင်းတက်ဖို့ မှာလိုက်တော့မယ်"ဟု တွေးရင်း ၊ အိမ်ဘက်ဆီသို့ ဆက်လျှောက်ခဲ့မိတော့တယ်။

ကိုစော(ပထဝီဝင်)

သင့်လိုအပ်ချက်များနှင့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် အသင့်ရှိသော City FM

(၂၄)နာရီ (၇)ရက်ပါတ်လုံး နားသောတဆင်နိုင်ရန် ထုတ်လွှင့်ပေးလျှက်ရှိသော City FM

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးများအထိ
နားသောတဆင်နိုင်သော City FM

CITY FM
Radio Station

88.0 MHz

မြို့တော်သူမြို့တော်သားများ အပန်းပြေရွှင်လန်းဖို့
City FM ကိုနားဆင်စို့